7Day Daily သတင်းစာ ဝိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၆ မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်

ဂ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
http://www.7daynewsjournal.com

အတွဲ(၁၂)၊ အမှတ်(၄၆)  ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည်  ၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက် ၊ ဗုဒ္ဓဟူး ၊ (ဇန်နဝါရီ ၂၂ ၊ ၂၀၁၄)

# ၂၀၁၄ သန်းခေါင်စာရင်းနှင့် မကျေလည်သေးသည့် မျိုးနွယ်စု ပြဿနာ

**နန်းအောင်၊ရန်မျိုးနိုင်၊ထွန်းခိုင်**

မကြာမီရက်ပိုင်းအတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားများအဖို့ အကျပ်ရိုက်နိုင်လောက်သည့် မေးခွန်းတစ်ခုကို ဖြေကြားရတော့မည်ဖြစ်သည်။

မေးခွန်းက "သင်မည်သည့်လူမျိုးဖြစ်သနည်း"ပင်ဖြစ်သည်။

လာမည့်မတ်လ ၃၀ ရက်မှ စတင်ပြီး နှစ်ပတ်ကြာကောက်ယူမည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းတွင် အထက်ပါမေးခွန်းကိုဖြေကြရမည်ဖြစ်သည်။

အချပ်ပို II »



ဇန်နဝါရီ ဒုတိယပတ်အတွင်းက ချင်းပြည်နယ်သို့သွားရောက်ခဲ့သည့်ဒေါ်အောင်ဆန်းစုကြည်ကို ကြိုဆိုနေကြသည့် ချင်းရိုးရာဝတ်စုံပြည့်ဝတ်ဆင်ထားသော တိုင်းရင်းသူလေးများ

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## ရင်းနှီးမြှုပ်နှံမှုများနောက် အလုပ်နေရာပါမလာ

**ပြည်သိမ်း၊ အေးမြတ်သူ**

ဦးသိန်းစိန်အစိုးရလက်ထက်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တစ်နှစ်ထက်တစ်နှစ်အားကောင်းလာသည်။ သို့သော် နိုင်ငံသားများမှာ အောက်ခြေလုပ်ငန်းများတွင် အလုပ်အကိုင်ရရှိမှု အခွင့်အလမ်းလွန်စွာနည်းပါးနေသေးသည်။

အချပ်ပို III »

## လက်နှစ်ဖက်မဲ့ ရေကူးချန်ပီယံ

**ဥက္ကာကိုကို၊ ချစ်ဝိုင်း**

လက်နှစ်ဖက်မရှိသည့် ကိုအောင်ငြိမ်းဦးတစ်ယောက် ရေကူးကန်ထိပ်မှ သတ်မှတ်နေရာတွင် အသင့်ပြင်လိုက်ချိန်မှာတော့ အားကစားရုံတစ်ခုလုံး လက်ခုပ်သံနှင့် အော်ဟစ်အားပေးသံများ ဆူညံပွက်လောရိုက်သွားသည်။ ရေကူးကန်ထောင့်တစ်နေရာမှာ စုဝေးနေသော မြန်မာအသင်းနှင့် ပွဲကြည့်စင်ပေါ်မှ ပရိသတ်တို့ အားပေးသံများဖြစ်သည်။

စာမျက်နှာ ၅ »



## အဆုံးစီရင်နှုန်းမြင့်တက်လာသည့် မြန်မာနိုင်ငံ

**အောင်သစ်လွင်**

မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်မှ ၂၀၁၃အထိ သုံးနှစ်အတွင်း မိမိကိုယ်ကိုယ် အဆုံးစီရင်ခြင်းမျိုးဖြင့် လူလောကကို နှုတ်ဆက်သွားသူများမှာ တစ်နှစ်ပြီးတစ်နှစ် မြင့်တက်လာနေပြီး စာရင်းအရ သုံးနှစ်အတွင်း စုစုပေါင်း ၃,၅၀၀ နီးပါးရှိသည်။

လေ့လာချက်များအရ နည်းမျိုးစုံ အသုံးပြု၍ မိမိကိုယ်ကိုယ် အဆုံးစီရင်ကာ မိသားစုနှင့် လူမှုပတ်ဝန်းကျင်ကို နှုတ်ဆက်ထားရစ်ခဲ့သူများတွင် အသက်(၂၅)နှစ်မှ(၄၀)ကြား အမျိုးသားဦးရေမှာ အများဆုံးဖြစ်နေသည်။

စာမျက်နှာ ၁၈ »

## ဗိုလ်ဗထူးအိမ်ရာနှင့် တိုက်ခန်းအိပ်မက် မက်သူများ

**မိုးညို**

ရန်ကုန်မြို့တော်ရှိကုမ္ပဏီ၊ ရုံးခန်း၊ ဆိုက်ကားဂိတ်၊ ကားဂိတ်မကျန် ယခုရက်ပိုင်းအတွင်း အဓိကဆွေးနွေးနေသည့် ခေါင်းစဉ်မှာ ဗိုလ်ဗထူးအိမ်ရာလျှောက်လွှာကိစ္စပင်ဖြစ်သည်။

အချပ်ပို IV »



7 DAY NEWS JOURNAL
Vol.12, No.46 • JANUARY 22 , 2014

# အရောင်မပြယ်သေးသည့် အစိမ်းရင့်ရင့်

**သီဟ**

မြန်မာ့နိုင်ငံရေးအခန်းကဏ္ဍတွင် တပ်မတော် ပါဝင်ပတ်သက်နေခြင်းမှာ အရပ်သားအစိုးရလက်ထက်သုံးနှစ်ကျော်လာသည့်တိုင် ဒီမိုကရေစီအမှန်တကယ်လိုလားသူတို့ကြား မေးခွန်းထုတ်စရာအဖြစ်ရှိနေဆဲပင်ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခြေခံမူများအခန်းတွင် "နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်မှ ပါဝင်ထမ်းဆောင်နိုင်ရေးကို အစဉ်တစိုက်ဦးတည်သည်" ဟု အတိအလင်းပါရှိနေခြင်းက လက်ရှိလျှောက်လှမ်းနေသည့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီလမ်းကြောင်းကို တပ်မတော်က လမ်းပြနေသယောင်ပင်။

ပြီးခဲ့သည့် နှစ်ကုန်ပိုင်းက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရှေ့တောင်တိုင်းစစ်ဌာနချုပ်တစ်နေရာတွင် တပ်မိသားစုများနှင့်တွေ့ဆုံရာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍတွင် တပ်မတော်ပါဝင်နေရခြင်းမှာလည်း နိုင်ငံရေးတည်ငြိမ်မှုရင့်ကျက်စေရန်၊ ပြည်သူပြည်သားများ၏ ဒီမိုကရေစီကျင့်စဉ်များ၊ ဥပဒေနှင့်အညီ ကျင့်ကြံနေထိုင်ခြင်းများအတွက် ဝိုင်းဝန်းထိန်းသိမ်းရန်ဖြစ်သည်ဟု ပြောကြားခဲ့ရာ ယခုနှစ်ပိုင်းများအတွင်း ကာချုပ်က တပ်မတော်၏ အခန်းကဏ္ဍတဖြည်းဖြည်းနောက်ဆုတ်သွားမည်ဟု ပြောကြားခဲ့သည်များနှင့် ကွဲလွဲနေသည်ကို တွေ့ရသည်။

ထိုသို့ပြောခြင်းသည် လက်ရှိဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကာလတိုင် နိုင်ငံသားများနှင့် အရပ်သားနိုင်ငံရေးသမားများအပေါ်တွင် ယုံကြည်မှုကင်းမဲ့နေသေးကြောင်း ဖော်ပြရာရောက်နေသည်။ အရပ်သားနိုင်ငံရေးသမားများအပေါ်တွင် ယုံကြည်မှုအားနည်းနေသေးသမျှ နိုင်ငံရေးတွင် တပ်ကပါဝင်ပတ်သက်နေဦးမည်ဖြစ်ပြီး တပ်ကနိုင်ငံရေးအပေါ် ဩဇာဆက်လက်လွှမ်းမိုးခဲ့သည့် နှစ် ၅၀ ကာလအတွင်း အဘက်ဘက်တွင် နိုင်ငံနောက်ကျကျန်ခဲ့သည်မှာ သမိုင်းသက်သေပင်ဖြစ်သည်။ ထို့ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံရေးတွင် တပ်ကပါဝင်စွက်ဖက်ခြင်းမပြုရန်မှာ အင်န်အယ်လ်ဒီ၏ မူဝါဒဖြစ်ပြီး နိုင်ငံရေးတွင်ပါဝင်စွက်ဖက်ခြင်းမပြုရန် တစ်နည်းမရပါက နောက်တစ်နည်းဖြင့်လုပ်ဆောင်သွားမည်ဟု ကရင်ပြည်နယ်ဟောပြောပွဲတစ်ခုတွင် ပြောကြားသွားခဲ့သည်။



*(၆၈)နှစ်မြောက်တပ်မတော်နေ့အခမ်းအနားတွင်တွေ့ရသည့် ကာကွယ်ရေးဦးစီးချုပ်*
ဓာတ်ပုံ-ငြိမ်းချမ်းနိုင်/အီးပီအေ

"တပ်မတော်အနေနဲ့ အရပ်သားနိုင်ငံရေးသမားတွေအပေါ် ယုံကြည်မှု အားနည်းနေတာကတော့ အမှန်ပါ။ ယုံကြည်မှုတည်ဆောက်ဖို့ဆိုရင် တွေ့ဆုံဆွေးနွေးရေးက အရေးကြီးတာပါ"ဟု နိုင်ငံရေးလေ့လာသုံးသပ်သူ ဒေါက်တာရန်မျိုးသိမ်းက ပြောသည်။

ခေတ်အဆက်ဆက်ဖြတ်သန်းလာခဲ့သည့် အခြေအနေများအရ မြန်မာ့တပ်မတော်သည် မြန်မာ့နိုင်ငံရေးသမားများ၏ နိုင်ငံရေးဦးဆောင်နိုင်မှုစွမ်းအားအပေါ် ယုံကြည်မှုရေချိန်နိမ့်ကျနေသေးသည်ဆိုသည်မှာတော့ ငြင်းနိုင်ဖွယ်မရှိပေ။

မြန်မာ့နိုင်ငံရေး၏ ခက်ခဲရှုပ်ထွေးသော အခြေအနေသည် စစ်တပ်၏ ပြုပြင်ပြောင်းလဲရေးဖြစ်ပြီး တိုင်းပြည်ကို နှစ်ပေါင်း ၅၀ နီးပါး အုပ်ချုပ်ခဲ့သည့် မြန်မာ့စစ်တပ်သည် ယနေ့အချိန်အထိ အာဏာကို ကိုင်စွဲထားဖွယ်ရှိနေသည်ဟု အရှေ့တောင်အာရှဆိုင်ရာ ဗြိတိန်နိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးဟူဂိုဆွိုင်းက ပြီးခဲ့သည့် သီတင်းပတ်တွင် ပြောကြားခဲ့သည်။

အလားတူပင် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များကြားတွင် ရွေးကောက်ခံမဟုတ်၊ မဲဆန္ဒနယ် လက်ကိုင်လည်းမရှိသည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ နေရာယူနေခြင်းက ဒီမိုကရေစီသရုပ်ပျက်ဖြစ်သည်ဟု နိုင်ငံရေးလေ့လာသူများက သုံးသပ်နေကြသည်။

နိုင်ငံသားများကို ဒီမိုကရေစီကျင့်စဉ်နှင့်အညီ နေထိုင်ရန်ဝိုင်းဝန်းထိန်းသိမ်းပေးမည့် တပ်မတော်သည် ဒီမိုကရေစီနည်းလမ်းမကျသည့် တပ်မတော်သားကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်း လွှတ်တော်တွင်းရှိနေခြင်းက ရှေ့နောက်မညီပင်ဖြစ်သည်ဟု တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီးဟောင်း သူရဦးတင်ဦးက ပြောသည်။

စာမျက်နှာ ၁၉ »



7DAY NEWS JOURNAL
Vol.12, No.46 • JANUARY 22 , 2014

# ယခုဘဏ္ဍာနှစ်တွင် မိုဘိုင်ဖုန်းလိုင်းလေးသန်းတိုးချဲ့ရန်လျာထားသော်လည်း အခက်အခဲကြောင့် တစ်သန်းခန့်သာတိုးချဲ့နိုင်မည်

**နိုင်လင်းအောင်**

**ရန်ကုန်၊ ဇန်နဝါရီ-၂၀**

မိုဘိုင်းဖုန်းလိုင်းအရေအတွက်လေးသန်းကို ယခုဘဏ္ဍာနှစ်အတွင်း တိုးချဲ့သွားရန် လျာထားသော်လည်း အခက်အခဲအချို့ကြောင့် လိုင်းအရေအတွက်တစ်သန်းသာတိုးချဲ့နိုင်ပြီး ကျန်သည့်လိုင်းများကိုလာမည့်ဘဏ္ဍာနှစ်မှသာဆက်လက်တိုးချဲ့သွားမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းရရှိသည်။

"ဒီဘဏ္ဍာနှစ်ထဲမှာပဲ ပြီးအောင်တော့ ကြိုးစားပြီးလုပ်နေတာပဲ။ ဒါပေမဲ့ ဘတ်ဂျက်ကိုရအောင်လည်း လုပ်နေရသလိုအခက်အခဲအချို့လည်း ရှိတဲ့အတွက် အခုလိုဖြစ်သွားတာပါ။ ကျန်တဲ့လိုင်းအရေအတွက်ကိုလာမယ့်ဘဏ္ဍာနှစ်အတွင်းမှာထပ်ပြီးတော့ တိုးချဲ့ပေးသွားပါမယ်"ဟု မြန်မာ့ဆက်သွယ်ရေးမှ မိုဘိုင်းအင်ဂျင်နီယာချုပ် ဦးခင်မောင်ထွန်းကပြောသည်။

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနသည်လာမည့်၂၀၁၄-၁၅ ဘဏ္ဍာနှစ်တွင် မိုဘိုင်းဖုန်းလိုင်းအရေအတွက်ငါးသန်းတိုးချဲ့သွားရန်လျာထားပြီး ယခုဘဏ္ဍာနှစ်မှတိုးချဲ့သွားမည်ဖြစ်ကာ ကျန်ရှိနေသေးသည် မိုဘိုင်းဖုန်းလိုင်းအရေအတွက် သုံးသန်းကိုလည်းဆက်လက်တိုးချဲ့သွားမည်ဖြစ်၍ လာမည့်ဘဏ္ဍာနှစ်တွင် တိုးချဲ့မည့်မိုဘိုင်းဖုန်းလိုင်းအရေအတွက်မှာ ရှစ်သန်းရှိသွားမည်ဖြစ် သည်။

"ဆက်သွယ်ရေးက ဆင်းမ်ကတ်တွေလည်းရောင်းနေတယ်။ ဖုန်းပြောခတွေကလည်း ပိုက်ဆံတွေရနေတယ်။ အဲဒါတွေကနေတိုးချဲ့လို့ရနိုင်တာပဲဆိုပြီး လူအများစုက ပြောနေကြတယ်။ မြန်မာ့ဆက်သွယ်ရေးကနေ ရတဲ့ငွေတွေကို နိုင်ငံတော်ဘဏ္ဍာထဲမှာ ထည့်သွင်းပြီးမှ ဘတ်ဂျက်အနေနဲ့ ပြန်ပြီး တောင်းရတဲ့အတွက် အခုလိုအနည်းငယ်ကြန့်ကြာသွားတာပါ"ဟု ဦးခင်မောင်ထွန်းကဆက်လက်ပြောသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ပြီးခဲ့သည့်အောက်တိုဘာလကုန်တွင် ထုတ်ပြန်သည့် စာရင်းဇယားများအရ တယ်လီဖုန်း ၂၂၉,၇၄၁ လိုင်းရှိပြီး မိုဘိုင်ဖုန်းလိုင်း ၁,၄၃၅,၂၅၀ လိုင်းချထားပေးပြီးဖြစ်ကြောင်း သိရသည်။ မိုဘိုင်းဖုန်းများတွင် CDMA 800 MHz ၅၈၃,၇၅၀ ၊ GSM ဖုန်း ၄၈၅၁၀၀၀၊ WCDMA ၂၈,၀၀၀၊ MC Well ၅၀,၀၀၀ ချထားပေးခဲ့ကြောင်း သတင်းရရှိသည်။






ထိုင်းနိုင်ငံ ပတ္တရားမြို့သို့ သွားရောက် ရိုက်ကူးခဲ့သော Enat Beauty Face 2014 Calendar ကို ပါဝင်ရိုက်ကူးခဲ့သူ Model လေးများ အား Enat မှ Calendar ပေးအပ်ပွဲအခမ်းအနားကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလ (၃)ရက်နေ့က Mega Lifesciences ရုံး တည်ရှိရာ ယုနီဗာဆယ် အဆောက်အဦး၊ အမှတ် ၁-အေ/၇၊ ရွှေပင် လုံ အိမ်ရာ၊ ဘုရင့်နောင်လမ်း၊ အကွက် ၂၇၊ မြောက်ဒဂုံမြို့နယ်၌ ကျင်းပပြုလုပ်ခဲ့ကြောင်းသတင်းရရှိပါသည်။ Enat (သင့်ရဲ့သဘာဝ အလှဖန်တီးရှင်) မှအဆိုပါ Model လေးများအား ၂၀၁၃ ခုနှစ် ဇူလိုင်လမှ စတင်၍ Enat Beauty face ပြိုင်ပွဲ ပြုလုပ်ပြီး ရှာဖွေခဲ့ပါတယ်။ July လမှ Oct လ အထိ လတိုင်း Top Model ၁၀ ယောက် ရရှိခဲ့ပြီး Enat Myanmar Face book တွင်လည်း Volting များလုပ်၍ ရွေးချယ်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ် အောက်တိုဘာလ မှာ ရန်ကုန် နှင့် မန္တလေးမြို့၌ မတင်မိုးလွင်၏ စီစဉ်ကြီးကြပ်မှုဖြင့် နောက်ဆုံးပိတ်ရွေးချယ်ပွဲကို ကျင်းပခဲ့ပါသည်။ နောက်ဆုံးမှာတော့ Model ၁၂ယောက်ဟာ ထိုင်းနိုင်ငံ ပတ္တရားမြို့သို့ သွားရောက်ခွင့် ရရှိခဲ့ကြပါသည်။ ဒီနေ့ အခမ်းအနားမှ မြင်တွေ့ရတဲ့ Model ၁၂ ရောက်ဟာ အထူး ရင်ခုန် စိတ်လှုပ်ရှားစွာဖြင့် သူတို့ရဲ့ Calendar စာမျက်နှာတွေကို ပြင်သစ် ဓာတ်ပုံဆရာ Mr. Joakim ဖြင့်ရိုက်ကူးခဲ့ကြပုံကို ရှင်းပြပေးခဲ့ပါသည်။

Enat ရဲ့ 2014 Calendar ဟာ လှပသေသပ်စွာဖြင့် ထွက်လာခဲ့ပါပြီ၊ ပါဝင်ရိုက်ကူးခဲ့ သူ မိန်းမချောလေးများနှင့် ပတ္တရားမြို့ ရဲ့ နာမည်ကျော်ရှုခင်း အလှအပတို့ဟာ အလွန် ကို လိုက်ဖက်လှပါတယ်။ စာဖတ်သူတို့ရဲ့ အိမ်တိုင်း အိမ်တိုင်းမှာ မရှိမဖြစ် ချိတ်ဆွဲသင့်တဲ့ 2014 Calendar လေးပဲဖြစ်ပါတယ်။

ယခု 2014 ခုနှစ်တွင်လည်း 2015 Calendar အတွက် Enat Beauty Face 2015 ပြိုင်ပွဲကို လာမည့် April လမှ စတင်၍ပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိပါသည်။ ထို့အပြင် ဇန်နဝါရီလ တစ်လလုံး အထူးအစီ အစဉ်အဖြစ် Enat ဆေးတစ်ဗူး ဝယ်ယူသူတိုင်း Enat Calendar တစ်ခု လက်ဆောင်ပေးမည် ဖြစ်ကြောင်း သိရပါသည်။






Enat (Natural Vitamin E) ကို အစဉ်တစိုက် ဝယ်ယူ သောက်သုံးလျှက်ရှိသော Customers များအတွက် 2014 တစ်နှစ်လုံး အထူးအစီအစဉ်များဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သတင်းကောင်း ရရှိခဲ့ပါသည်။









*လင်းလဲ့ထက်ချို ၊ ၊ သမီးတို့ဒီ Calendar ကို ပတ္တရားမှာ သွားရောက်ရိုက်ကူးခဲ့တာ အရမ်းကို ပျော်ရွှင်ခဲ့ ပါတယ်။ ဓာတ်ပုံဆရာက နိုင်ငံခြားသားဖြစ်တဲ့ အတွက် သူလိုချင်တဲ့ ပုံကို ကိုယ်က လိုက်လုပ်မပေးနိုင်မှာကို စိတ်ပူပြီး ဓာတ်ပုံ ကိုရိုက်ခဲ့ရပါတယ်။ Mega မှ တာဝန်ရှိတဲ့သူတွေကလည်း အထူးဂရုစိုက် စောင့်ရှောက်ပေးခဲ့တဲ့အတွက် ကျေးဇူးတင်မိပါတယ်။ အခု Calendar ထွက် လာတဲ့ အချိန် မှလည်း July လမှာ ဖော်ပြခွင့်ရတဲ့ အတွက် အတိုင်းမသိ ဝမ်းသာပါတယ်။ ဘာလို့လဲဆိုတော့ သမီးရဲ့ မွေးလ ဖြစ်နေလို့ပါပဲ။*













Life
7 DAY NEWS JOURNAL
Vol.12, No.46 • JANUARY 22 , 2014

# မီးအိမ်ရှင် အိပ်မက်



ချင်းပြည်နယ်ရှိ မူလတန်းလွန်ကျောင်းတစ်ကျောင်း၏ ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနား

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

အိဖြူလွင်

တောင်ခြေရွာတစ်ရွာတွင် ကျင်းပနေသည့် မူလတန်းလွန်ကျောင်းဖွင့်ပွဲ အခမ်းအနားတစ်ခုဖြစ်သည်။ ထိုအခမ်းအနားတွင် အသက်(၃၀)အရွယ် လူငယ်တစ်ဦးက မိုးပေါ်ပျံတက်သွားသည့် မိုးပျံပူဖောင်းများကို စိတ်ဝင်တစား ဓာတ်ပုံရိုက်နေသည်။

ဘေးနားမှ ကျောင်းအုပ်ဆရာကြီးက "အဲဒါကျွန်တော်တို့ဆီက တစ်ဦးတည်းသော ဗမာကျောင်းဆရာပဲ" ဟု ဆိုသည်။ နှင်းနှင့်ဖုန်မှုန့်တို့ဖြင့် ခပ်ညစ်ညစ် အဝတ်အစားများနှင့် ထိုလူငယ်ကို တွေ့ရသည်မှာ ကျောင်းအုပ်ဆရာကြီးစကားနှင့် ဆက်စပ်ကြည့်ရန် ခပ်ခက်ခက်။

"ဒီနေရာတွေက လမ်းပန်းဆက်သွယ်ရေး ခက်တယ်လေ။ ဒါကြောင့် မြေပြန့်က ဆရာတွေတော့ သိပ်မရှိဘူး။ စစ်ကိုင်းတိုင်းဘက်က ဆရာတွေလောက်ပဲရှိတယ်" ဟု တောင်တန်းထူထပ်သော ဒေသ၏ အလယ်တန်းကျောင်းအုပ်ကြီးက ၎င်းတို့ဒေသတွင် လာရောက်တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများတွင် မြေပြန့်ဒေသမှ လာသူများ နည်းပါးပုံကို ပြောသည်။

ချင်းတောင်တန်းတွင် ရှားရှားပါးပါး ဗမာလူမျိုး ကျောင်းဆရာဖြစ်နေသည့် ကိုကျော်ဇင်ဦးသည် စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်မှ လာရောက်၍ ချင်းပြည်နယ်တီးတိန်မြို့နယ်ရှိ အနီးဆုံးမြို့မှ ၃၈ မိုင်ဝေးသော တွီးဖြဲရွာတွင် အလယ်တန်းပြဆရာအဖြစ် တာဝန်ထမ်းဆောင်နေခြင်းဖြစ်သည်။

ကျောင်းဆရာမျိုးရိုးမှ လာခဲ့ပြီး ကိုယ်တိုင်လည်း ဆရာတစ်ယောက်ဖြစ်ရန် ရည်မှန်းချက်ရှိခဲ့သည့် ဆရာဦးကျော်ဇင်ဦးက သူ၏ပညာရေးဝန်ထမ်းတစ်ယောက်ဘဝကို တောင်ထူထပ်သော ချင်းပြည်နယ်တွင် စတင်ရမည်ဟုတော့ မမျှော်မှန်းခဲ့ဟု ဆိုသည်။

"ကျွန်တော် တာဝန်ကျတဲ့နေရာကို Google Earth ကနေရှာကြည့်တာ ရှာလို့မရဘူးဗျ။ ဒီလိုနဲ့ စာသင်ခန်းထဲကို ပထမဆုံးစဝင်တဲ့နေ့ကတော့ တော်တော်ရယ်စရာကောင်းပါတယ်။ ကျွန်တော်ပြောတာ သူတို့ နားမလည်ဘူးဗျ။ သူတို့ပြောတာလည်း ကျွန်တော်နားမလည်ဘူးလေ။ ဒီလိုနဲ့ပဲ လေးနှစ်ရှိလာခဲ့တာ" ဟု ကိုကျော်ဇင်ဦးက သူ၏ ပထမဆုံးချင်းတောင်တန်း၏ ဆရာဘဝ အတွေ့အကြုံကို ပြန်ပြောင်းပြောပြသည်။

ငယ်စဉ်ကတည်းက ကျောင်းဆရာတစ်ဦးအနေဖြင့် တာဝန်ထမ်းဆောင်ရန် ရည်ရွယ်ချက်ရှိခဲ့သော သူ့အတွက် အမျိုးသားစာပေဆုရ အိပ်မက် အလွမ်းနှင့် ကြိုးကြာတောင်ပံခတ်သံများ ဝတ္ထုထဲမှ ချင်းပြည်နယ်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် စေတနာကျောင်းဆရာ၊ စေတနာဆရာဝန်ဇာတ်ကောင်များကို အားကျမိသော်လည်း တကယ့်လက်တွေ့ဘဝတွင်မူ စိတ်ကူးထဲကအတိုင်း ဖြစ်ရန်မလွယ်ဟု သူက ဝမ်းနည်းစွာဖြင့် ပြောသည်။

ချင်းပြည်နယ်သည် မြန်မာနိုင်ငံ၏ ပြည်နယ်နှင့်တိုင်းများအနက် လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး ဖွံ့ဖြိုးမှုအနိမ့်ကျဆုံး ပြည်နယ်ဖြစ်နေသကဲ့သို့ ဘာသာ၊ စကား၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ မတူညီမှုကြောင့် မြေပြန့်ဒေသမှ ဆရာများလာရောက်တာဝန်ထမ်းဆောင်ရန် ခက်ခဲနေခြင်းဖြစ်သည်။

ချင်းတောင်တန်း၏ သင်္ကေတကျောက်စာတိုင်၊ ခေါင်ရည်အိုး၊ ဆန်ဖွပ် မောင်းထောင်းသံများသည် ဝေသီမြင့်မားသော တောင်တန်းများနှင့် ခွဲခြားမရဘဲ တစ်နိုင်ငံလုံးရှိ မည်သည့်ဒေသနှင့်မှမတူသည့်ရေခဲသည့်လမ်းများ၊ တောင်ထွတ်များသည် သဘာဝ၏ နက်ရှိုင်းသော အလှအပများ စုဝေးရာဖြစ်သကဲ့သို့ မြေပြန့်ဒေသက လူတို့ ဖန်တီးထားသော ယဉ်ကျေးမှုအစဉ်အလာများ၊ ပြောင်းလဲနေသော သဘာဝများနှင့်လည်း ဆန့်ကျင်ဘက်ဖြစ်နေပေသည်။

အညာအရပ်ဟု ခေါ်နိုင်သည့် မြေပြန့်ဒေသမှလာရောက်သည့် ဆရာကိုကျော်ဇင်ဦးအတွက် ချင်းတောင်တန်းတွင် ပထမဆုံးကြုံတွေ့ရသည်မှာ ဘာသာစကားအခက်အခဲဖြစ်ပြီး ရာသီဥတု၊ လမ်းပန်းဆက်သွယ်ရေး၊ အစားအသောက် အခက်အခဲများအပြင် အကြီးမားဆုံးကွာခြားချက်အဖြစ် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကလည်း သူ့အတွက် အခက်အခဲများဖြစ်ခဲ့သည်။

သူနေထိုင်ရာ တွီးဖြဲရွာတွင် တစ်ဦးတည်းသော ဗမာလူမျိုးဖြစ်သည့် သူ့အတွက် နေ့စဉ်စားသောက်မှုဘဝ အဆင်ပြေရန် ကျောင်းဆင်းပြီးချိန်တွင် ဟင်းစားရှာထွက်ရသေးသည်။

တွီးဖြဲကျေးရွာတွင် အိမ်ခြေ ၉၀ ကျော်ရှိပြီး ကျောင်းသားစုစုပေါင်း ၂၀၂ ယောက်ရှိသည့် အလယ်တန်းကျောင်းခွဲတစ်ကျောင်းရှိသည်။ သူကငါးတန်းမှ ခုနစ်တန်းအထိ ကျောင်းသားများကို စာသင်သည်။

ကျောင်းမှာ သူတစ်ယောက်တည်း ဗမာစကားပြောပြီး စာသင်သည့် ဆရာရှိသည်။ ထို့အတွက် ဗမာစာကို သေချာနားမလည်ဘဲ သင်နေရသည့် ကျောင်းသားများသည် စာကို ဖတ်တတ်ရုံမျှသာရှိပြီး အလုံးစုံနားလည်မှုရှိ၊ မရှိ အပေါ်မှာတော့ သူက သံသယရှိနေသည်။

ယခုစာသင်နှစ်တွင် သူငယ်တန်းမှ ကိုးတန်းထိ အတန်းတိုင်းကို မအောင်မနေရစနစ်မှ လေးတန်းနှင့် ရှစ်တန်းများကို အစိုးရစစ်ပုံစံ ပြောင်းလိုက်ပြီဖြစ်သည့်အတွက် ကျောင်းသားများ၏ အောင်ချက်သည်လည်း ကျလာနိုင်ဖွယ်ရှိသည်ဟု သူထင်နေသည်။

သူငယ်စဉ်က ဖတ်ခဲ့သော စာအုပ်တွေအရ ချင်းတောင်တန်းတွင် တာဝန်ထမ်းဆောင်ချိန်တွင် ချင်းတောင်တန်းမှ မီးအိမ်ရှင်ဆရာလေးလို ကိုယ့်ကိုယ်ကိုယ် ကယ်တင်ရှင်ကြီးဟု ထင်မှတ်မိသော်လည်း လုံးဝကွဲပြားခြားနားနေပြီး ပြောင်းလဲရန် ခက်သည့် ပတ်ဝန်းကျင်တွင် အသားတကျနေထိုင်ရန်အတွက်မူ သူ၏ အထီးကျန်မှု၊ အဆင်မပြေမှု ခံစားချက်များနှင့် အပြိုင်ဖြစ်နေသည်ဟု သူက ဆိုသည်။

သူ့ကဲ့သို့ မြေပြန့်ဒေသမှ လာသည့် ဝန်ထမ်းများကို တစ်ယောက်တည်း တာဝန်မချဘဲ အနည်းဆုံးတစ်နေရာတွင် နှစ်ယောက်လောက်သာရှိမည်ဆိုလျှင် အထီးကျန်မှု ခံစားချက်များ လျော့နည်းနိုင်သလို၊ ဘာသာစကား အဆင်ပြေရန်ကလည်း မြေပြန့်မှလာမည့် ကျောင်းဆရာများအတွက်ရော၊ တောင်တန်းဒေသရှိကျောင်းသားများအတွက်ပါ အဆင်ပြေနိုင်မည်ဟု ကိုကျော်ဇင်ဦးက ယုံကြည်နေသည်။

စာမျက်နှာ (၆)သို့

7 DAY NEWS JOURNAL
Vol.12, No.46 • JANUARY 22 , 2014

စာမျက်နှာ (၅)မှ

## မီးအိမ်ရှင် အိပ်မက်

“လေးနှစ်ဆိုတဲ့ အချိန်တွင်းမှာ ဘာလုပ်ပေးနိုင်ပြီလဲလို့ ပြန်ကြည့်ရင် မနှစ်ကစပြီး ဘောလုံးကွင်းတစ်ကွင်း လုပ်နိုင်ခဲ့တယ်။ ဒီနေရာက တောင်စောင်းဒေသဆိုတော့ ဘောလုံးကွင်းတစ်ကွင်းဖြစ်ဖို့ခက်တယ်လေ။ နောက် ကျောင်းသားတွေကို စာများများဖတ်ဖြစ်အောင် လုပ်ပေးနေတယ်။ စာကြည့်တိုက်ကြီးတစ်ခု မလုပ်နိုင်တောင် တတ်နိုင်တာလေးတော့ လုပ်ပေးချင်တယ်။ ကျွန်တော် ဒီလောက်နဲ့တော့ အရှုံးမပေးချင်ဘူးဗျာ။ လာပြီးမှတော့ နာမည်တစ်ခုကျန်ခဲ့စေချင်တယ်” ရာသီဥတုကြောင့် ကျန်းမာရေးပြဿနာများကို ခံစားနေရသည့်တိုင် သူ့အနေဖြင့် ဒီဒေသမှ ထွက်ခွာရန် ရည်ရွယ်ချက်မရှိပုံကို ပြောပြသည်။

ချင်းပြည်နယ်ကဲ့သို့ ဝေးလံသောဒေသများတွင် တာဝန်ထမ်းဆောင်သည့်ဝန်ထမ်းများအတွက် လစာနှင့်ညီမျှသော ထပ်ဆောင်းစရိတ်ကို ခံစားခွင့်ပြုထားသော်လည်း လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုနှင့်စရိတ်ကြီးမားမှုကြောင့် သူသည် နေရပ်သို့တစ်နှစ်မှတစ်ခါသာ ပြန်နိုင်သည်။

ချင်းပြည်နယ်ရှိ ကားလမ်းအများစုမှာ နွေရာသီ၌သာကောင်းစွာအသုံးပြုနိုင်ပြီး မိုးတွင်းတွင် တောင်ပြိုမှုများကြောင့် အသွားအလာသိပ်မရှိပေ။ ထို့ပြင် ကျေးရွာအများစုမှာ တောင်စောင်းများ၌ တည်ထားခြင်းဖြစ်သဖြင့် တစ်ရွာနှင့်တစ်ရွာ သွားရာတွင် ဆိုင်ကယ်လမ်းမရှိပါက ခြေထောက်ကိုသာ အားကိုးရသည်။

တောင်ပေါ်တွင်သာ ရွာတည်ကြသည့် ချင်းပြည်နယ်၌ ကျောင်းသားဦးရေစုစုပေါင်း တစ်သိန်းနှစ်သောင်းကျော်ရှိပြီး ပညာရေးဝန်ထမ်း အရေအတွက်သည် ခုနစ်ထောင့်ခုနစ်ရာရှိသည့်အတွက် ကျောင်းသားနှင့်ဆရာအချိုးမှာ(၁၈း၁)ဟုပြောနိုင်သော်လည်း တကယ်တမ်းလက်တွေ့တွင်မူ စာရင်းထဲကနှင့် ကွာခြားသည်ဟု ဖလမ်းမြို့နယ် နှစ်ခြင်းခရစ်ယာန်အဖွဲ့မှ ဖွံ့ဖြိုးရေးတာဝန်ခံ ကိုထောင်ဘီးက ဆိုသည်။

“ရွာမှာတာဝန်ကျတဲ့သူတွေက မြို့ပေါ်က အရာရှိနဲ့ပေါင်းပြီး ရွာကိုမသွားဘဲ မြို့မှာနေနေတာတွေရှိတယ်။ ချင်းပြည်နယ်ရဲ့ ပညာရေးကို တကယ်တိုးတက်စေချင်ရင်တော့ ဒေသခံဆရာတွေကပဲ စေတနာအပြည့်နဲ့ လုပ်ပေးဖို့လိုတယ်။ တခြားကလာတဲ့ လူတွေအတွက်တော့ ဘာသာစကားမတူတာတစ်ခုတည်းနဲ့တင် အဆင်မပြေဘူး” ဟု ကိုထောင်ဘီးက သူ့ယူဆချက်ကို ပြောသည်။

အလယ်တန်းပြဆရာတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်နေသည့် ကိုကျော်ဇင်ဦးက သူ၏ပထမဆုံးတာဝန်ကျသည့်နေရာသည် ချင်းတောင်တန်းဖြစ်သည့် အတွက် အခြားဒေသများသို့ပြောင်းရွှေ့ရန် မည်သည့်အခါကမှ မကြိုးစားခဲ့သလို နောင်လည်းကြိုးစားမည်မဟုတ်ဟု သူ့ခံယူချက်ကို ပြောသည်။

မှိုင်းညို့နေသည့် တောင်တန်းပေါ်မှ ပြောင်းလဲရေးသမားကျောင်းဆရာက “အခုလည်း ရန်ကုန်က ဘွဲ့ရလာတဲ့ ဒေသခံတစ်ယောက်နဲ့ ပေါင်းပြီး စိုက်ပျိုးရေးစနစ်ကို ရွှေ့ပြောင်းတောင်ယာအစားပေါ့ ခေတ်မီစိုက်ပျိုးရေးစနစ်ဖြစ်အောင် လုပ်ဖို့ရှိတယ်။ လောလောဆယ်ကျွန်တော့်နေ့စဉ်ဘဝက ကျောင်းသားတွေပဲပေါ့။ ကလေးတွေနဲ့ စလိုက်နောက်လိုက်နဲ့ပဲပျော်အောင်နေနေပါတယ်”ဟု ဆိုသည်။

ချင်းတောင်တန်းသည် မဖွံ့ဖြိုးသေးပါ။ ဖွံ့ဖြိုးရန်အတွက် ဒေသခံများကအားကြိုးမာန်တက်လုပ်ဆောင်နေသလို ကိုကျော်ဇင်ဦးကဲ့သို့ ဇာတ်ကောင်ဆန်သော ကျောင်းဆရာများလည်း မရှိမဖြစ်လိုအပ်နေဦးမည်သာဖြစ်ပါသည်။




## ပါပရာ ကိုင်းသီးဆီပြန်

သရေစာအဖြစ်ကြော်စားတဲ့ ပါပရာကို ဝိုက်ဖီက ခရမ်းချဉ်သီး၊ ကြက်ဥနဲ့ချက်ထားတာပါ။

ပါပရာချောင်းအနည်းငယ်၊ ကိုင်းခရမ်းချဉ်သီးသုံးလုံး၊ ကြက်ဥ တစ်လုံးပဲလိုပါတယ်။

ပထမဆုံးပါပရာကို ပုံမှန်ကြော်စားနေကျအတိုင်းကြော်ပြီး ဆီစစ်ထားပါ။ ပြီးရင် ကိုင်းခရမ်းချဉ်သီးကို ဆီပြန်အောင်မွှေပြီး လိပ်သွားတဲ့အခါ သေချာခေါက်ထားတဲ့ကြက်ဥကို ထည့်မွှေပါမယ်။ ပြီးရင် အရသာမှုန့်ထည့်ပါ။ နံ့အောင်မွှေပြီးရင်တော့ ခုနဆီစစ်ထားတဲ့ ပါပရာကြော်ကို ထည့်မွှေလိုက်ရုံပါပဲ။




သင့် လုပ် ငန်း အ တွက် အ ကောင်း ဆုံး လမ်း ညွှန်
YOUR INDUSTRY DIRECTORY
မြန်မာ့သတင်းနှင့်ဆက်သွယ်ရေး နည်းပညာလမ်းညွှန်
Myanmar
Information and Communication Technology DIRECTORY
2014-15 အတွက်
သင့်လုပ်ငန်းများ နေရာယူနိုင်ပါပြီ။
www.myanmaritdirectory.com
• Fast growing sector in Myanmar • Over 6,200 listings in 67 categories
• Key influential organisations in the sector • Information on latest development in sector
• Detailed contact information
Yangon
373254 , 245358 (Ext: 810-819)
Email - ydg.adv@gmail.com
09 - 44800 1654 09 - 44800 1658
09 - 44800 1655 09 - 44800 1663
Mandalay
02 64508, 02 69956,
02 65943, 02 68272
Email - mdg.adv@gmail.com

# လက်နှစ်ဖက်မဲ့ ရေကူးချန်ပီယံ

ဥက္ကာကိုကို၊ ချစ်ဝိုင်း

လက်နှစ်ဖက်မရှိသည့် ကိုအောင်ငြိမ်းဦးတစ်ယောက် ရေကူးကန်ထိပ်မှ သတ်မှတ်နေရာတွင် အသင့်ပြင်လိုက်ချိန်မှာတော့ အားကစားရုံတစ်ခုလုံး လက်ခုပ်သံနှင့် အော်ဟစ်အားပေးသံများ ဆူညံပွက်လောရိုက်သွားသည်။ ရေကူးကန်ထောင့်တစ်နေရာမှာ စုဝေးနေသော မြန်မာအသင်းနှင့် ပွဲကြည့်စင်ပေါ်မှ ပရိသတ်တို့ အားပေးသံများဖြစ်သည်။

"အောင်ငြိမ်းဦး" ဟူသည့် အမည်ကို အော်ဟစ်လျက်အားပေးနေသူများမှာ အများစုက ဗိုးချဲပေါ်တွင်ဖြစ်ပြီး မတ်တတ်ရပ်နေသူတချို့ကတော့ ခြေလက်တစ်ခုခု မသန်စွမ်းသူများဖြစ်ကြသည်။

အသက် (၂၆)နှစ်အရွယ်ကို အောင်ငြိမ်းဦးမှာ လက်နှစ်ဖက်လုံး မရှိ။ သို့သော် သူ့မှာစိတ်ဓာတ်နှင့် ယုံကြည်ချက်ရှိသည်။ အခြားနိုင်ငံမှ မသန်စွမ်းသူများနှင့် ယှဉ်ပြိုင်ရာတွင် မြန်မာနိုင်ငံမှ မသန်စွမ်းအဖွဲ့များအနေဖြင့် နည်းစနစ်ပိုင်းဆိုင်ရာ အားနည်းချက်များစွာ ရှိခဲ့သော်လည်း ကိုအောင်ငြိမ်းဦးက ရေကူးအားကစားပြိုင်ပွဲကို လက်နှစ်ဖက်မရှိဘဲ ခြေထောက်ဖြင့် အားပြုကူးခတ်ပြီး မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ရယူ၍ နိုင်ငံ့ဂုဏ်ဆောင်ပေးခဲ့သည်။

မုံရွာသား အောင်ငြိမ်းဦးက ငယ်စဉ်ကပင် မိခင်ဖြစ်သူ ဆုံးပါးသွားသည့်အတွက် မန္တလေးမှ ဘုန်းတော်ကြီးတစ်ပါးက စောင့်ရှောက်ထားခဲ့သူဖြစ်သည်။ အရွယ်ရလာသည့်အခါ မန္တလေးရှိ မိဘမဲ့ကလေးကျောင်းသို့ရောက်ရှိခဲ့သည်။

ကျောင်းအုပ်ဆရာမကြီး ပြောစကားနှင့် စည်းကမ်းများကို မလိုက်နာဘဲ ကျောင်းမှထွက်ပြေးကာ ဘူတာတွင်နေထိုင်ခဲ့သည်။ ထိုအချိန်ထိ(၁၅)နှစ်အရွယ်အောင်ငြိမ်းဦးမှာ သန်သန်မာမာဖြစ်သည်။ ဘူတာတွင် ခြေသလုံးအိမ်တိုင်နေထိုင်ရင်း မီးရထားတွဲများပေါ် ကျင်လည်ကျက်စားခဲ့သည်။

တစ်နေ့တွင် အမြန်ရထားတစ်စီးနောက် ပြေးလိုက်ရင်း ရထားပေါ်ရောက်နှင့်နေသည့်သူငယ်ချင်းတစ်ဦးက အောင်ငြိမ်းဦးကို ရထားပေါ်တက်မည်အထင်ဖြင့် အကျီစလှမ်းဆွဲလိုက်သည်။ ရထားတွဲခြေနင်းခုံပေါ်ရောက်ရှိသွားသော်လည်း ကိုင်စရာတန်းမရှိသည့်အတွက် အရှိန်မထိန်းနိုင်ဖြစ်ကာ ရထားပေါ်မှ ခြေချော်ပြုတ်ကျခဲ့သည်။

ကံအကြောင်းမလှစွာပင် ထိုနေ့က အောင်ငြိမ်းဦးလက်နှစ်ဖက် ရထားဘီးအောက်တွင် ကျန်ရစ်ခဲ့ပါသည်။ ဘူတာအနီးရှိနေသည့် ကုန်သည်အချို့က အောင်ငြိမ်းဦးကိုဆေးရုံသို့ပို့ဆောင်သော်လည်း ဆေးရုံမှဆရာဝန်များက လူနာရှင်မရှိလျှင် တက်ရောက်ခွင့်မပြုဟု ဆိုသည့်အတွက် သူနှင့်သိသည့် မိဘမဲ့ကလေးအချို့က ကျောင်းအုပ်ဆရာမကြီးထံဖုန်းဆက်ပေးခဲ့သည်။ဆရာမကြီးက သတင်းကြားကြားချင်း ဆေးရုံသို့ရောက်လာပြီး ဆရာဝန်များကို အပြစ်တင်ခဲ့သည်။ ဆရာမကြီးပေးသည့်အသက်နှင့် ရှင်သန်ခဲ့ရသည့် အောင်ငြိမ်းဦးက မိဘမဲ့ကျောင်းမှာပင် ဆက်လက်နေထိုင်ခဲ့သည်။



ရွှေတံဆိပ်ဆုရှင် ကိုအောင်ငြိမ်းဦး

ဓာတ်ပုံ - ဥက္ကာကိုကို

စာမျက်နှာ (၁၄)သို့






7DAY NEWS JOURNAL
Vol.12, No.46 • JANUARY 22 , 2014

# နေရာအခက်အခဲက ကိုယ်ပိုင်ကျောင်းများကို ဝန်ထုပ်ဝန်ပိုးဖြစ်စေ

ဇော်မျိုးလှိုင်



*အထက(၁)ဒဂုံကျောင်းသား၊ကျောင်းသူများ*

ဓာတ်ပုံ - ဂျေမောင်မောင် (အမရပူရ)

ကိုယ်ပိုင်အထက်တန်းကျောင်းများသည် သက်တမ်း ၂နှစ်နှင့် အထက်ရှိလာပြီဖြစ်သော်လည်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခက်အခဲပြဿနာများနှင့် ရင်ဆိုင်နေရဆဲဖြစ်ကြောင်း ကိုယ်ပိုင်ကျောင်းဖွင့်လှစ်ထားသူများကဆိုသည်။

ထို့အပြင် ကိုယ်ပိုင်ကျောင်းအများစုရှိရာ ရန်ကုန်မြို့တွင် ယင်းကျောင်းများကို လုပ်ငန်းလိုင်စင်သက်တမ်း တစ်နှစ်နှင့် ၂နှစ်သာ ခွင့်ပြုသည်ကလည်း ပြဿနာဖြစ်နေကြောင်း ၎င်းတို့က ဆိုသည်။

ရန်ကုန်မြို့တွင် ကိုယ်ပိုင်ကျောင်းတစ်ကျောင်းဖွင့်လှစ်လိုပါကငွေကြေးကုန်ကျအလွန်များပြားခြင်း၊ မြေနေရာငှားရမ်းခမြင့်မားခြင်း၊ တက်ရောက်မည့်ကျောင်းသား၊ ကျောင်းသူနည်းပါးခြင်းနှင့် အတွေ့အကြုံရှိဆရာ၊ ဆရာမများကို ခန့်အပ်ရန် ရှားပါးခြင်းအစရှိသည့် အခက်အခဲများကို တွေ့ကြုံရနိုင်ကြောင်း ကိုယ်ပိုင်ကျောင်းတည်ထောင်ထားသူတစ်ဦးကပြောသည်။

"ကိုယ်ပိုင်ကျောင်းတွေအနေနဲ့ အခုလောလောဆယ်မှာ အရင်းအနှီးသိပ်များတယ်။ ဥပမာ multi media room တစ်ခုတည်းကို သိန်းလေး ငါးဆယ်လောက် သုံးရတာရှိတယ်။ စဖွင့်မယ့် ကိုယ်ပိုင်ကျောင်းတွေအနေနဲ့ ရုန်းကန်ရတာ တော်တော်လေး ပင်ပန်းပါတယ်။ ဆရာမတို့လည်း ၂နှစ်ကာလ အတွင်းမှာ တော်တော်လေး ရုန်းကန်ခဲ့ရတာဆိုတော့ ရင်းနှီးမြှုပ်နှံ ခဲ့ရတာတွေ အများကြီးရှိတယ်" ဟု အင်းစိန်ကြို့ကုန်းရှိ ဦးသန်းစိန်(သချာ)ကိုယ်ပိုင်အထက်တန်းကျောင်းမှ ဆရာမဒေါ်ဇင်နီမြင့် ကပြောပြသည်။

ပညာရေးဝန်ကြီးဌာနက ၂၀၁၀-၁၁ ပညာသင်နှစ်မှစတင်၍ ကိုယ်ပိုင်ကျောင်းများကို စမ်းသပ်ကာလတစ်နှစ်သက်တမ်း၊ ယာယီကာလ ၂နှစ်သက်တမ်းနှင့် ပုံမှန်ကာလ ငါးနှစ်သက်တမ်း အသီးသီးခွင့်ပြုခဲ့သည်။

လက်ရှိတွင်ရန်ကုန်မြို့အတွင်းရှိ ကိုယ်ပိုင်ကျောင်းများကို လိုင်စင် ၂နှစ်သက်တမ်းနှင့် စမ်းသပ်တစ်နှစ်သက်တမ်းသာ ခွင့်ပြုပေးထားသည်။

"အဓိကကတော့ နေရာထိုင်ခင်းပြဿနာဖြစ်လိမ့်မယ်။ တချို့က တိုက်ခန်းလောက်လေးတွေနဲ့ လုပ်တဲ့အခါကျတော့ သတ်မှတ်တဲ့ စံချိန်၊ စံညွှန်းမမီဘူးလေ။ မြေနေရာအကျယ်အဝန်းလည်းပါတာပေါ့။ သင်ကြားရေးကတော့ သူတို့လည်း ဖြည့်ဆည်းလို့ရတာပဲ"ဟု ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုတင်ကပြောကြားထားသည်။

"အရင်တုန်းကလိုတရားမဝင်ပေါ့။ နည်းမျိုးစုံနဲ့ အထက်တန်းကျောင်းတွေမှာ ခေါ်ချိန်ယူ၊ ကျောင်းသားအင်အားစာရင်းပြ အဲဒီလိုမျိုးသင်ရတဲ့အနေအထားကနေ အခုလိုပွင့်ပွင့်လင်းလင်း မိဘတွေနဲ့ ပိုပြီးရွေးချယ်ခွင့်များလာတယ်"ဟု မြောက်ဥက္ကလာပရှိ ACA ပညာ့ရိပ်ငြိမ်မှ အကြံပေးပညာရှင်ဦးစန်းဝင်းကပြောသည်။

ပုဂ္ဂလိကကျောင်းဖွင့်ခွင့်ရရှိရေးအတွက် လိုအပ်ချက်များမှာ မူလတန်းအတွက် မြေငါးကေ၊ အလယ်တန်းအတွက် မြေခုနစ်ကေ၊ အထက်တန်းအတွက် မြေဆယ်ကေရှိရမည်ဖြစ်ပြီး ယင်းမြေနေရာတွင် အားကစားကွင်း၊ Multimedia Classroom ၊ စာကြည့်တိုက်၊ ဓာတ်ခွဲခန်း၊ ဘာသာစကားသင်ကြားရေးဌာနတို့ကို မိမိအစီအစဉ်ဖြင့် တည်ဆောက်သွားရမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည်။

စာသင်နှစ် တစ်နှစ်စတင်လသည်နှင့် အစိုးရကျောင်းများကို တက်ရောက်မည့်ကျောင်းသားများနှင့် ကိုယ်ပိုင်ကျောင်းများကို တက်ရောက်မည့်ကျောင်းသားနှစ်ပိုင်းခွဲထားနိုင်သည်။

ကိုယ်ပိုင်ကျောင်းတက်ရောက်လျှင် ပေးရမည့်ကျောင်းလခမှာ အစိုးရကျောင်းလခထက်များသောကြောင့် မတက်ရောက်နိုင်သည့်ကျောင်းသားများပြားသည်။ အဆိုပါကျောင်းလခကိုကိုယ်ပိုင်ကျောင်းများမှ ကျောင်းအလိုက် တစ်နှစ်စာနှင့် တစ်လချင်းပေးသွင်းရသည်။ ကိုယ်ပိုင်ကျောင်းသို့ တက်ရောက်လျှင် ကျောင်းအမျိုးအစားအလိုက် အလယ်တန်းကျောင်းအတွက် အနည်းဆုံးနှစ်သောင်းခွဲမှ သုံးသောင်းခွဲ၊ ကိုးတန်းကျောင်းလမှာ သုံးသောင်းခွဲမှ လေးသောင်းခွဲနှင့် တက္ကသိုလ်ဝင်တန်းကျောင်းလခမှာ ငါးသောင်းမှ ငါးသောင်းခွဲအထိရှိသည်။

"သယ်ယူပို့ဆောင်ရေး၊ Multimedia Room, Science Lab ၊ ဆေးခန်း၊ ကစားကွင်းတို့ ဒါတွေက အစ ကျွန်တော်တို့က ဝန်ဆောင်မှုပေးရတယ်။ ဆရာ၊ ဆရာမတွေနဲ့ စုဖွဲ့တာဖြစ်တဲ့အတွက် ကျွန်တော်တို့ သက်ဆိုင်ရာကျောင်းအလိုက် သတ်မှတ်တဲ့ဝန်ဆောင်စရိတ်ကတော့ ရှိနေမှာပဲလေ"ဟု မြောက်ဥက္ကလာပရှိ ACA ပညာရိပ်ငြိမ်မှ အကြံပေးပညာရှင်ဦးစန်းဝင်းကပြောသည်။

အစိုးရကျောင်းများတွင် တက်ရောက်လျှင် အများစုမှာ အလွတ်ကျက်ဖြေဆိုရခြင်း၊ Science Lab အတွက် စာတွေ့သာ သင်ကြားပေးခြင်း၊ ဆရာအင်အားမလုံလောက်ခြင်းစသည်တို့ကြောင့် ကျောင်းသားမိဘများမှာ ကိုယ်ပိုင်ကျောင်းများသို့ ကလေးများပို့ရန် စဉ်းစားသည်ကိုတွေ့ရသည်။

"ကိုယ်ပိုင်ကျောင်းမှာက Science ဆိုလည်း တကယ်လက်တွေ့သင်ရတယ်။ အစ်မတုန်းက စာတွေ့ပဲသင်ခဲ့ရတာ။ ကျွန်မသမီးလေးဆို ဒီနှစ်အစိုးရကျောင်းမှာ ခုနစ်တန်းတက်ရမှာကို Risk ယူပြီးတော့ ဒီကျောင်းမှာ Grade 5 က စထားတယ်။ ဝန်ထမ်းတစ်ယောက်အနေနဲ့ ကိုယ့်သားသမီးကို ဒီလိုကျောင်းမှာထားဖို့ဆိုတာ တော်တော်လေးကို ကြိုးစားရပါတယ်" ဟု ကိုယ်ပိုင်ကျောင်းတစ်ခုတွင် ကျောင်းအပ်နှံထားသည့် ကျောင်းသားမိဘတစ်ဦးကပြောသည်။

ကိုယ်ပိုင်ကျောင်းများသည် နေ့ကျောင်းနှင့်ဘော်ဒါကို တစ်ပါတည်းတွဲထားလေ့ရှိပြီး ကိုးတန်း၊ ဆယ်တန်းကို အဓိကအားထားသင်ကြားပေးပြီး တက္ကသိုလ်ဝင်တန်းအောင်ချက်အတွက် အလေးထားကြောင်း သိရသည်။

"ဇန်နဝါရီဆိုသင်ရိုးကပြီးသွားပြီ ။အဲဒီအချိန်မှာ ကျောင်းသားတွေကို သုံးစားခွဲထားတယ်။ အရမ်းအားနည်းတဲ့ကလေးတွေကို ပထမဦးစားပေးအနေနဲ့ သီးသန့်အောင်မှတ်အတွက်ကိုပဲ ဦးစားပေးသင်ပေးရတယ်။ အလယ်အလတ်နဲ့ Special ကလေးတွေကိုတော့ ဂုဏ်ထူးအတွက်အဓိကထားသင်ပေးတယ်"ဟု ဆရာမဒေါ်ဇင်နီမြင့်ကပြောပြသည်။

ရန်ကုန်မြို့တွင် ကိုယ်ပိုင်အထက်တန်းကျောင်းများအတွက် အဓိကရင်ဆိုင်ဖြေရှင်းရသည့် ပြဿနာမှာ မြေနေရာငှားရမ်းခဖြစ်ကြောင်း ကိုယ်ပိုင်အထက်တန်းကျောင်းတည်ထောင်သူအများစုကပြောသည်။

"နိုင်ငံတစ်ခုမှာ တိုးတက်စေချင်ရင် ပညာရေးကဏ္ဍမှာလုပ်မယ့်လူတွေကို နိုင်ငံတော်အခန်းကဏ္ဍအနေနဲ့လည်း အခုလိုမြေငှားပေးမယ်ဆိုရင်တော့ ကိုယ်ပိုင်ကျောင်းဖွင့်ချင်တဲ့ဆရာ၊ ဆရာမတွေလည်း အပြိုင်အဆိုင်လုပ်နိုင်လာမယ်။ နောက်တစ်ခုက ကိုယ်ပိုင်ကျောင်းပဲဖွင့်ဖွင့်၊ အစိုးရကျောင်းပဲဖွင့်ဖွင့် ကလေးတွေကစားဖို့ ကစားကွင်းလည်းရှိမယ်ဆိုရင် ပိုပြီးအဆင်ပြေလာမယ်" ဟု ဆရာမဒေါ်ဇင်နီမြင့်ကပြောသည်။

ပုဂ္ဂလိက အထက်တန်းကျောင်း(သို့) ကိုယ်ပိုင်အထက်တန်းကျောင်းဥပဒေကို ပြည်ထောင်စုလွှတ်တော်တွင် ၂၀၁၁ ဒီဇင်ဘာ ၂ ရက်တွင် သတ်မှတ်ပြဋ္ဌာန်းခဲ့သည်။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် မှတ်ပုံတင်များစတင်ချထားပေးခဲ့ပြီး စုစုပေါင်း ကိုယ်ပိုင်ကျောင်း ၁၅၀ ကျော်ရှိပြီဖြစ်သည်။


## အ . ထ . က (၂) ဒဂုံ (မြို့မ) ကျောင်းသား ၊ ကျောင်းသူဟောင်းများ ၏ (၂၅) ကြိမ်မြောက် ငွေရတု အာစရိယပူဇော်ပွဲ

နှစ်စဉ်ကျင်းပမြဲဖြစ်သော အ.ထ.က(၂)ဒဂုံ (မြို့မ) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၂၅)ကြိမ်မြောက်အာစရိယပူဇော်ပွဲအား ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်၊ နံနက် ၉နာရီ မှ ၁၂ နာရီထိ အ.ထ.က (၂) ဒဂုံ ဦးဘလွင် ခန်းမ တွင်ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းသား၊ကျောင်းသူ ဟောင်းများတက်ရောက်နိုင်ပါရန်နှင့်အလှူငွေများထည့်ဝင်လှူဒါန်းနိုင်ပါရန် အောက်ပါကျောင်းသား၊ ကျောင်းသူများထံသို့ ဆက်သွယ်နိုင်ပါသည်။

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ဒေါက်တာဆွေလှ | (၁၉၇၉) - | ၀၉-၅၀၀၁၃၀၀ | ကိုဝင်းအောင် | (၁၉၈၇) - | ၀၉-၇၃၀၉၀၁၂၅ | မခင်ဆွေမွန်အောင် | (၂၀၀၄) - | ၀၉-၅၀၄၂၀၉၁ |
| ကိုအောင်မိုးသိန်း | (၁၉၇၉) - | ၀၉-၅၀၇၀၃၄၂ | မမြမြကြွယ် | (၁၉၈၈) - | ၀၉-၅၁၅၄၈၂၆ | ကိုဝေဖြိုး | (၂၀၀၆) - | ၀၉-၅၁၈၈၇၁၇ |
| မဆွေမျိုးမြင့် | (၁၉၈၀) - | ၀၁-၅၇၇၄၀၉ | ကိုဗညား | (၁၉၉၀) - | ၀၉-၄၃၁၃၀၇၇၈ | မယုမွန်မြင့် | (၂၀၀၇) - | ၀၁-၃၈၃၇၃၇ |
| ကိုမြင့်ထွေး | (၁၉၈၁) - | ၀၉-၄၃၁၅၀၂၉၆ | မစပါယ်ဖြူလွင် | (၁၉၉၁) - | ၀၉-၅၁၉၅၂၂၃ | ကိုနန္ဒအောင် | (၂၀၀၈) - | ၀၉-၅၀၄၄၀၆၄ |
| မစာဆို | (၁၉၈၄) - | ၀၉-၅၀၈၇၀၄၄ | ကိုအောင်လင်းမြင့် | (၁၉၉၃) - | ၀၉-၅၁၈၉၁၃၂ | မကြည်ဖြူ | (၂၀၀၉) - | ၀၉-၇၃၁၂၂၇၉၄ |
| မချောစုဝင်း | (၁၉၈၅) - | ၀၉-၇၃၂၁၂၁၄၇ | ကိုစိန်မင်း | (၁၉၉၄) - | ၀၉-၇၃၀၇၇၃၀၇ | မထူးသစ်လွင်မော် | (၂၀၁၁) - | ၀၉-၇၃၀၆၉၉၁၉ |
| မစပါယ် | (၁၉၈၅) - | ၀၁-၂၂၄၇၄၄ | ကိုဝါဆို | (၁၉၉၄) - | ၀၉-၇၃၀၄၀၃၅၄ | ကိုရဲသီဟမင်း | (၂၀၁၂) - | ၀၉-၄၂၀၀၁၂၇၂၈ |
| မနေဇာဇော်လွင် | (၁၉၈၅) - | ၀၉-၅၄၀၁၃၄၃ | ကိုစိုင်းနေမျိုးဝမ်း | (၁၉၉၆) - | ၀၉-၈၆၁၃၂၁၇ | ကိုဟန်သီဟ | (၂၀၁၃) - | ၀၉-၃၁၁၂၀၁၅၂ |
| မသန္တာစိုး | (၁၉၈၅) - | ၀၉-၅၁၃၂၂၀၂ | ကိုကျော်မင်းဟန် | (၁၉၉၉) - | ၀၉-၇၃၁၆၀၉၃၆ | ကိုမင်းရန်ပိုင်ဟိန်း | (၂၀၁၃) - | ၀၉-၄၅၀၀၃၈၃၅၁ |
| ကိုသီဟလွင် | (၁၉၈၅) - | ၀၉-၅၁၅၃၂၈၀ | ကိုတင်မောင်မောင်ထွန်း | (၂၀၀၀) - | ၀၉-၅၀၅၆၉၉၈ | | | |
| မခင်မိုးလွင် | (၁၉၈၆) - | ၀၉-၅၁၅၈၁၃၅၂ | မခင်ဝတ်ရည်ဦး | (၂၀၀၂) - | ၀၉-၇၃၀၀၅၇၃၃ | | | |

# Health

7DAY NEWS JOURNAL

Vol.12, No.46 • JANUARY 22 , 2014


## သကြားဓာတ်မပါသောအချိုရည်များ ခန္ဓာကိုယ်ဝိတ်ကျလိုသူများကို အထောက်အကူမပြုဟုဆို

**ဘယ်လ်တီမော၊ ဇန်နဝါရီ-၁၇**

သကြားဓာတ်မပါသောအချိုရည်(ဒိုင်းယက်ဆော်ဒါ)များကို သောက်သည့်အဝလွန်သူများသည် သကြားဓာတ်ပါသောအချိုရည်များသောက်သူများထက် အစားအစာကယ်လိုရီများများပိုစားမိသောကြောင့် ဒိုင်းယက်ဆော်ဒါသည် ခန္ဓာကိုယ်အလေးချိန်ကျလိုသူများကို အထောက်အကူမပြုဟု အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။



အမေရိကန်ပြည်သူ့ကျန်းမာရေးဌာန ဂျွန်ဟော့ကင်းသည် ဘလွန်းမ်ဘာ့ဂ်ကျောင်းမှ သုတေသနပညာရှင်များ၏ ၁၉၉၉ မှ ၂၀၁၀ ပြည့်နှစ်အမျိုးသား ကျန်းမာရေးနှင့် အာဟာရစစ်ဆေးခြင်းစစ်တမ်းမှ အချက်အလက်များကိုအသုံးပြု၍ ဒိုင်းယက် (Diet) အချိုရည်သောက်ခြင်း၊ကယ်လိုရီစားသုံးခြင်းနှင့် ခန္ဓာကိုယ်အလေးချိန်တို့ကိုလေ့လာခဲ့ကြသည်။

၁၉၆၅ ခုနှစ်မှ ယနေ့အချိန်အထိ အမေရိကန်နိုင်ငံတွင် ဒိုင်းယက်ဆော်ဒါသောက်သူ ၂၀ ရာခိုင်နှုန်းရှိသည်ကို သုတေသနပညာရှင်များလေ့လာတွေ့ရှိခဲ့ပြီး ယင်းဒိုင်းယက်ဆော်ဒါသောက်သူများသည် သာမန်အချိုရည်သောက်သူများထက် ခန္ဓာကိုယ်အလေးချိန်အချိုးအစားပိုမိုမြင့်မားပြီး ကယ်လိုရီများသောမုန့်ပဲသရေစာနှင့် အစားအစာများကိုပိုမိုစားသုံးသည်ဟု သုတေသနပညာရှင်များကတွေ့ရှိခဲ့သည်။

ဒိုင်းယက်ဆော်ဒါများတွင်ပါဝင်သော အချိုဓာတ်သည် ဦးနှောက်တွင်းရှိ reward center များကို ပို၍နိုးထစေပြီး အစာစားလိုစိတ်ကိုဖြစ်ပေါ်စေသည်။ ဒိုင်းယက်ဆော်ဒါ သောက်သူများသည် ယင်းအချိုရည်များမှမရရှိသည့်သကြားဓာတ်ကို အခြားသော အစားအစာများမှရရှိရန်ကြိုးစားရာမှ ကယ်လိုရီများပိုမိုစားသုံးမိ၍ ခန္ဓာကိုယ်အလေးချိန်ချရာတွင် အနှောင့်အယှက်ဖြစ်စေသည်ဟု သုတေသနပညာရှင်များကပြောကြားသည်။

"ဒီလေ့လာချက်ရဲ့ရလဒ်ကဘာအကြံပြုလဲဆိုရင် ခန္ဓာကိုယ်အလေးချိန်ကျလိုသူတွေ၊ အလေးချိန်ထိန်းထားလိုသူတွေအနေနဲ့ သူတို့စားမယ့်အစားအစာတွေထဲမှာပါတဲ့ဓာတ်တွေကိုသေသေချာချာဂရုစိုက်လေ့လာကြည့်ဖို့လိုပါတယ်"ဟု သုတေသနခေါင်းဆောင်ဆာရာဘလိတ်ချ်က ပြောကြားသည်။

"ဒိုင်းယက်ဆော်ဒါက လူကိုဝစေတာမဟုတ်ဘူး။ ကယ်လိုရီတွေအများကြီးစားမိတာက လူတွေကိုဝလာစေတာပါ"ဟု အဝလွန်ခြင်းကာကွယ်တားဆီးရေးနှင့်ကုသရေးကိုသုတေသနပြုနေသောဒေါက်တာခရစ်အော့နာက ပြောကြားသည်။

—*Ref: UPI*

## အာရှပစိဖိတ်မျိုးဆက်ပွားနှင့် လိင်ကျန်းမာရေး ရပိုင်ခွင့်များဆိုင်ရာ ညီလာခံ မြန်မာ အိမ်ရှင်အဖြစ်ကျင်းပမည်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဇန်နဝါရီ-၁၈**

၂၀၁၆ တွင် အာရှ-ပစိဖိတ်မျိုးဆက်ပွားနှင့် လိင်ကျန်းမာရေးရပိုင်ခွင့်များဆိုင်ရာညီလာခံကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံ ဆောင်ရွက်မည်ဖြစ်ကြောင်းသတင်းရရှိသည်။

ဇန်နဝါရီ ၂၁ ရက်မှ ၂၄ ရက်အထိ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင်ကျင်းပမည့်ခုနစ်ကြိမ်မြောက်ညီလာခံ၌ မြန်မာနိုင်ငံကအိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် သင်္ကေတကို လွှဲပြောင်းရယူမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ဒီညီလာခံက လိင်နဲ့မျိုးဆက်ပွားဆိုင်ရာ လုပ်ငန်းတွေလုပ်ကိုင်နေတဲ့လောကမှာတော့ အရမ်းကိုကြီးမားတဲ့ညီလာခံတစ်ခုပါ"ဟု မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုအပြည်ပြည်ဆိုင်ရာလူမှုရေးအဖွဲ့တစ်ခုမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထိုညီလာခံသည်အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများ အနေဖြင့်လိင်ပိုင်းဆိုင်ရာအခွင့် အရေးများအား လေးစားမှု၊ ကာကွယ်ပေးမှုများ ပိုမိုသိရှိဆောင်ရွက်လာနိုင်ရန်၊ အာရှ-ပစိဖိတ်ဒေသတွင်းနိုင်ငံများ၏ အမျိုးမျိုးကွဲပြားသော လူမှုအဖွဲ့အစည်းများအချင်းချင်း လုပ်ငန်းဆိုင်ရာဗဟုသုတနှင့်အတွေ့အကြုံများဝေမျှနိုင်ရန်၊ အစိုးရမျိုးဆက်ပွား၊ လိင်ကျန်းမာရေးနှင့် ရပိုင်ခွင့်များကို အခိုင်အမာ လေးစားလိုက်နာကာကွယ်ပေးရန်တို့ကို တွန်းအားပေးရန်စသည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရသည်။

ညီလာခံတွင်ဆွေးနွေးပွဲများ၊ သုတေသနစာတမ်းဖတ်ကြားခြင်းများပါဝင်မည်ဖြစ်ကြောင်းသိရသည်။

အာရှ-ပစိဖိတ်မျိုးဆက်ပွားနှင့်လိင်ကျန်းမာရေးရပိုင်ခွင့်များဆိုင်ရာညီလာခံကို ၂ နှစ်တစ်ကြိမ်ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြီးခဲ့သည့်နှစ်က အင်ဒိုနီးရှားနိုင်ငံတွင်ကျင်းပခဲ့သည်။

## လာမည့် ဘဏ္ဍာရေးနှစ် ကျန်းမာရေးအသုံးစရိတ် ယခုနှစ်ထက် ၂၃ ရာခိုင်နှုန်းတိုးမြှင့်သုံးစွဲရန် လျာထား

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဇန်နဝါရီ - ၁၈**

လာမည့် ၂၀၁၄-၁၅ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးအသုံးစရိတ်ကို ၂၀၁၃-၁၄အသုံးစရိတ်ထက် ၂၃ရာခိုင်နှုန်းကျော် တိုးမြှင့်သုံးစွဲရန် လျာထားကြောင်း ကျန်းမာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာသိန်းသိန်းဌေးကပြောသည်။

ယခု၂၀၁၃-၁၄ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးဆိုင်ရာလုပ်ငန်းအရပ်ရပ်အတွက် ကျပ်ဘီလီယံ ၅၂၈ဒသမ ၅၇အသုံးပြုခဲ့ပြီး လာမည့်ဘဏ္ဍာရေးနှစ်တွင် ကျပ်ဘီလီယံ ၆၆၇ဒသ မ ၇၄အထိတိုးမြှင့်သုံးစွဲမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးက ဇန်နဝါရီ ၁၄ရက်က ကျင်းပခဲ့သည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ပြောကြားခဲ့သည်။

ယခင်အစိုးရလက်ထက်တွင် ကျန်းမာရေးအသုံးစရိတ်အား စုစုပေါင်းအသုံးစရိတ်၏ တစ်ရာခိုင်နှုန်းအောက်သာ အသုံးပြုခဲ့ပြီး ၂၀၀၈- ၀၉ခုနှစ်တွင် အသုံးပြုခဲ့သည့်ကျန်းမာရေး အသုံးစရိတ်မှာ လူဦးရေနှင့်အချိုးချမည်ဆိုပါက လူတစ်ဦးအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန် လျာထားသည့် ငွေကြေးတစ်နှစ်လျှင် နှစ်ဒေါ်လာသာရှိကြောင်း နိုင်ငံတကာမီဒီယာများတွင်ဖော်ပြကြသည်။

နိုင်ငံတကာတွင် ပြည်တွင်းကျန်းမာရေးကူညီထောက်ပံ့မှုများတိုးတက်နေသည့်အတွက် အခြားအာဆီယံနိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်လည်း နိုင်ငံ၏စုစုပေါင်းအသုံးစရိတ်တွင်ကျန်းမာရေးအသုံးစရိတ်ပါဝင်မှုရာခိုင်နှုန်းတိုးတက်လာမည်ကိုမျှော်မှန်းကြောင်း ဒုတိယဝန်ကြီးကပြောသည်။

အရပ်သားအစိုးရ တာဝန်ယူခဲ့သည့်နှစ်မှစတင်၍ ကျန်းမာရေးအသုံးစရိတ် နှစ်ရာခိုင်နှုန်းကျော်စတင်တိုးမြှင့်သုံးစွဲခဲ့ရာ ယခုနှစ်တွင် ထပ်မံတိုးမြှင့်လိုက်ခြင်းဖြစ်သည်။

ထို့အပြင် ကျန်းမာရေးဝန်ကြီးဌာနအပြင် အခြားဝန်ကြီးဌာန နိုင်ငံပိုင်အဖွဲ့အစည်းများ၏ ကျန်းမာရေးအသုံးစရိတ်ကို ၂၀၁၁-၁၂ ဘဏ္ဍာရေးနှစ်တွင် ၉၅ဒသမ ၉ဘီလီယံအသုံးပြုခဲ့ရာမှ ယခုနှစ်တွင် ကျပ် ၆၆၇ဒသမ ၃ ဘီလီယံအထိ သုံးစွဲမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ရန်ပုံငွေတိုးမြှင့်လိုက်သည့်အတွက် ဆေးရုံဆေးခန်းများ၊ ဆေးနှင့် ဆေးပစ္စည်းထောက်ပံ့ဖြန့်ဖြူးခြင်းများအပါအဝင်ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်သည်။




7 DAY NEWS JOURNAL
Vol.12, No.46 • JANUARY 22 , 2014

# လာမည့်ဘဏ္ဍာရေးနှစ်တွင် သူနာပြုနှင့် သားဖွား သင်တန်းကျောင်းများတိုးချဲ့ဖွင့်လှစ်မည်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၈**

ပြည်တွင်းရှိ သူနာပြုနှင့် သားဖွားဆရာ မလိုအပ်ချက်ကို ဖြည့်ဆည်းရန် လာမည့်ဘဏ္ဍာရေးနှစ်စီမံကိန်းတွင် သူနာပြုနှင့် သားဖွားသင်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်ရန် လျာထားကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှသတင်း ရရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး အတွင်း သူနာပြုသင်တန်း ကျောင်း တစ်ကျောင်းနှင့် သားဖွားသင်တန်းကျောင်းတစ်ကျောင်း၊ နေပြည်တော်ကောင်စီ နယ်မြေတွင် သူနာပြုသင်တန်းကျောင်း တစ်ကျောင်းနှင့် သားဖွားသင်တန်းကျောင်းတစ်ကျောင်းတို့ ဖွင့်လှစ်မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာဒေါ်သိန်းသိန်းဌေးကဇန်နဝါရီ၁၄ ရက်က ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ပြောကြားခဲ့သည်။

တိုင်းနှင့်ပြည်နယ်များတွင် သူနာပြုသင်တန်းကျောင်းများရှိသော်လည်း သားဖွားသင်တန်းကျောင်းများမှာ အရေအတွက်နည်းပါးနေသေးပြီး သားဖွားဆရာမအင်အားလည်းနည်းပါးနေသေးကြောင်း မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းမှ သိရသည်။

ပြည်တွင်းတွင် သားဖွားဆရာမတစ်သောင်းကျော်ရှိကာ သားဖွားဆရာမတစ်ဦးလျှင် လူဦးရေ လေးထောင်ကျော်အား ကျန်းမာရေးစောင့်ရှောက်မှုပေးနေရပြီး သားဖွားဆရာမလိုအပ်ချက်ကြောင့် အရန်သားဖွားဆရာမများကိုပါ ခန့်အပ်ထားကြောင်း ကျန်းမာရေးဦးစီးဌာန မိခင်နှင့်ကလေးဌာနမှသိရသည်။

ထိုသင်တန်းကျောင်းများအပြင် ၂၀၁၄-၁၅ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်ဆေးဝါးတက္ကသိုလ်၊ မန္တလေးသွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ မန္တလေးဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်နှင့် ဆေးဝါးတက္ကသိုလ်၊ မကွေးဆေးတက္ကသိုလ်များတွင်လည်းစာသင်ဆောင်များ တိုးချဲ့ဆောက်လုပ်ခြင်းနှင့် တောင်ကြီးဆေး တက္ကသိုလ်ဆောက်လုပ်ခြင်း တို့ကိုလည်း ဆက်လက် ဆောင်ရွက်မည်ဖြစ်သည်။

# ဒိန်းမတ်က မာရီစတုတ်အင်တာနေရှင်နယ် အဖွဲ့များအား ကန်ဒေါ်လာ ၁၆ သန်း လှူဒါန်း

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၈**

မြန်မာနိုင်ငံပါအဝင် တစ်ကမ္ဘာလုံးရှိ မာရီစတုတ်အင်တာနေရှင်နယ်အဖွဲ့များအား ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်ရန် ဒိန်းမတ်နိုင်ငံက အမေရိကန်ဒေါ်လာ ၁၆ သန်းကျော် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

ဒိန်းမတ်အစိုးရနိုင်ငံတကာ ဖွံ့ဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနက မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရန် လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ထိုဝန်ကြီးဌာနမှ ဝန်ကြီးနှင့်ဒိန်းမတ်အိမ်ရှေ့မင်းသမီး Mary Elizabethတို့သည် ဇန်နဝါရီ ၁၀ ရက်တွင်သုံးရက်ကြာ အလည်အပတ်ခရီးအဖြစ် မြန်မာနိုင်ငံကိုလာရောက်ခဲ့သည်။



ဓာတ်ပုံ - အေပီ

*ဒိန်းမတ်အိမ်ရှေ့မင်းသမီးနှင့် မာရီစတုတ်အင်တာနေရှင်နယ်(မြန်မာ)ဌာနေကိုယ်စားလှယ် ဒေါက်တာ စစ်နိုင်*

“ဒီဘက်ကို အချိုးကျဘယ်လောက်ရမလဲဆိုတော့ မသိသေးဘူး။ သေချာတာကတော့ သားဆက်ခြားလုပ်ငန်းတွေနဲ့ မိခင်နဲ့ကလေး လုပ်ငန်းတွေအတွက် ထောက်ပံ့ရရှိမယ်”ဟု မာရီစတုတ်အင်တာနေရှင်နယ်၏မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် ဒေါက်တာစစ်နိုင်ကပြောသည်။

ထိုလှူဒါန်းမှုမှာ ပြီးခဲ့သည့် တစ်ပတ်အတွင်း လှူဒါန်းခဲ့သည့် ပမာဏဖြစ်ပြီး ဖွံ့ဖြိုးပြီးနိုင်ငံများက တစ်ကမ္ဘာလုံးတွင် သားဆက်ခြားလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန် အကူအညီပေးမည့်ကတိကဝတ်၏တစ်စိတ်တစ်ဒေသအဖြစ် လှူဒါန်းမှုလည်းဖြစ်သည်။

မာရီစတုတ်အင်တာနေရှင်နယ်သည် နိုင်ငံပေါင်း ၄၀ ကျော်တွင် သားဆက်ခြားလုပ်ငန်းများ၊ မိခင်နှင့်ကလေး စောင့်ရှောက်မှုဆိုင်ရာလုပ်ငန်းများ၊ HIV/AIDS ကာကွယ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံတွင် မာရီစတုတ်မှ ဖွင့်လှစ်ထားသည့်ဆေးခန်းပေါင်း ၃၀ ကျော်ရှိနေသည်။

ဒိန်းမတ်အိမ်ရှေ့မင်းသမီးနှင့်အဖွဲ့သည် ရန်ကုန်မြို့ရှိ မာရီစတုတ်အင်တာနေရှင်နယ်မှ ဖွင့်လှစ်ထားသည့်ဆေးခန်းသို့ သွားရောက်ခဲ့သည့်အပြင် ပူးပေါင်းဆောင်ရွက်နေသော အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့်လည်း တွေ့ဆုံခဲ့ကြောင်းသိရသည်။

ထိုလှူဒါန်းမှုသည် တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာသော လိင်မှတစ်ဆင့်ကူးစက်သည့်ရောဂါများကို ကာကွယ်ရန်အပြင် ကိုယ်ဝန်ဖျက်ချခြင်းနှင့် ကလေးသူငယ် ကိုယ်ဝန်ဆောင်မှုများ လျှော့ချရေးလုပ်ငန်းများဆောင်ရွက်ရန်ကူညီခြင်းဖြစ်ကြောင်း ဒိန်းမတ်အစိုးရက ထုတ်ပြန်ခဲ့သည်။



Regional

7DAY NEWS JOURNAL

Vol.12, No.46 • JANUARY 22 , 2014

# ကျေးရွာ ၄၀၀ ကျော်အတွက် သစ်တောမြေဧက တစ်သိန်းနီးပါး ပယ်ဖျက်ပေးမည်

**သန်းထူး**

**နေပြည်တော်၊ ဇန်နဝါရီ၁၈**

ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများနှင့် သဘာဝနယ်မြေများအတွင်း နှစ်ကာလအတန်ကြာ ကျူးကျော်ဝင်ရောက်နေထိုင်ခဲ့သော ကျေးရွာ ၄၀၀ ကျော်အတွက် သစ်တောမြေဧက တစ်သိန်းနီးပါး ပယ်ဖျက်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ပြည်ထဲရေးအမည်ပေါက် ကျေးရွာ ၄၀၃ ရွာရှိ မြေဧက ၉၀,၀၀၀ ကျော်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်" ဟု ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က ဇန်နဝါရီ ၁၆ ရက်တွင် ကျင်းပသော အမျိုးသား လွှတ်တော်၌ ပြောကြားသည်။

အဆိုပါ ဝန်ကြီးဌာနသည် နှစ်ကာလအတန်ကြာ ကျူးကျော်ဝင်ရောက်လုပ်ကိုင်နေသည့် ရွာမြေ၊ လယ်မြေ၊ အများပိုင်၊ သာသနာပိုင်နှင့် ယာမြေများတွင် တရားဝင်နေထိုင်လုပ်ကိုင်ခွင့်ရရှိရေးအတွက် သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးမည်ဖြစ်သည်။

ထိုကဲ့သို့ ပယ်ဖျက်ပေးခြင်းဖြင့် လယ်မြေ၊ ယာမြေစသည်ဖြင့် တရားဝင် အမည်ပေါက် မှတ်ပုံတင်နိုင်မည်ဖြစ်ပြီး လယ်ယာမြေဥပဒေအရ ပေါင်နှံရောင်းဝယ်ပေးကမ်းခြင်းအပြင် ချေးငွေလည်း ခံစားနိုင်မည်ဖြစ်ကြောင်း ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကျေးလက်ဒေသနေပြည်သူများအတွက် သစ်တောမြေစွန့်လွှတ်ပေးခြင်းအပေါ် အကောင်းမြင်သူများရှိသော်လည်း ပျဉ်းမနားမြို့မှ အရာထမ်းတစ်ဦးကမူ ခွဲခြားမှုများရှိကြောင်း ပြောကြားသည်။အထက်ပါဝန်ကြီးဌာနသည် ၂၀၁၃ အတွင်းပြည်ထဲရေးအမည်ပေါက်ကျေးရွာ ၁,၁၀၀ ကျော်ရှိ မြေဧက သုံးသိန်းကို သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးခဲ့သည်။



*နေပြည်တော်အနီးတစ်ဝိုက်ရှိ မြေလွတ်မြေရိုင်းများကိုတွေ့ရစဉ်*

ဓာတ်ပုံ-သန်းထူး

# အိုးဝေဦးညိုမြ နှစ်တစ်ရာပြည့် အထိမ်းအမှတ် သတ်မှတ်ရက်ထက်စော၍ ကျင်းပမည်

**မျိုးမင်းဦး**

**မုံရွာ - ဇန်နဝါရီ ၁၉**

မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ အမြင့်မြို့ဟောင်းတွင် မွေးဖွားခဲ့သည့် စာရေးဆရာ၊ သတင်းစာဆရာ အိုးဝေဦးညိုမြ၏ နှစ်တစ်ရာပြည့် အထိမ်းအမှတ်ကို ဧပြီ ၁၀ ရက်တွင် ကျင်းပရန် စီစဉ်ထားသော်လည်း ဧပြီ ၈ ရက်သို့ ပြောင်းရွှေ့ကျင်းပမည် ဖြစ်ကြောင်း သတင်းရရှိသည်။

"အိုးဝေ ဦးညိုမြမွေးနေ့က ဧပြီ ၁၀ ရက်ဖြစ်တာကြောင့် အဲဒီနေ့မှာ ကျင်းပဖို့ စီစဉ်ခဲ့တာ။ အကြောင်းအမျိုးမျိုးကြောင့် ရာပြည့်ပွဲကိုသတ်မှတ်ရက်ထက် နှစ်ရက်စောပြီး ကျင်းပဖို့ သတ်မှတ်လိုက်ပါတယ်။ အိုးဝေဦးညိုမြရဲ့ ရုပ်တုဖွင့်ပွဲ၊ လွမ်းဆွတ်သတိရ ဆွမ်းကပ်လှူခြင်းနဲ့ စာပေဟောပြောပွဲတွေကို ဧပြီလ ၈ ရက်မှာ ကျင်းပဖို့ စီစဉ်ထားပါတယ်" ဟု အိုးဝေဦးညိုမြနှစ်တစ်ရာပြည့် ပွဲတော်ကျင်းပရေးကော်မတီ အဖွဲ့ဝင် ဦးငွေသိမ်းကပြောသည်။

"စာပေဟောပြောပွဲကို ဧပြီ ၇ ရက် ညပိုင်းမှာ မန္တလေးမြို့က စာရေးဆရာကြီးတွေဖြစ်တဲ့နေဝင်းမြင့်၊ ခင်ခင်ထူး၊ ကိုငြိမ်း(မန္တလေး)နဲ့ ညီပုလေးတို့က ဟောပြောမှာပါ။ ဧပြီလ ၈ ရက်အတွက် စာရေးဆရာချစ်ဦးညိုနဲ့ ညီမင်းညိုတို့ကိုတော့ ဖိတ်ကြားပြီးပြီ။ နောက်ထပ်စာရေးဆရာတစ်ယောက်ကို ထပ်ဖိတ်ဖို့ကြိုးစားနေဆဲဖြစ်ပါတယ်" ဟု စာပေဟောပြောပွဲဖြစ်မြောက်ရေး ကော်မတီ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ချောင်းဦးမြို့နယ် အမြင့်မြို့ဟောင်းရှိ ညိုမြတို့ရွာစာကြည့်တိုက်ကို ဇန်နဝါရီ လလယ်မှ စတင်၍ နှစ်တစ်ရာပြည့်ပွဲတော်ဖြစ်မြောက်ရေး ကော်မတီက ပြင်ဆင် ဆောင်ရွက်လျက်ရှိသည်။ အိုးဝေဦးညိုမြ ရုပ်တုနှင့် အတူ အမြင့်မြို့ဟောင်းတွင် ထင်ရှားကျော်ကြားသည့် သခင်လေးမောင်နှင့် ဦးကျော်သိန်း (အရီးတောင်း)တို့၏ ပုံတူရုပ်တုများကို ညိုမြတို့ရွာ စာကြည့်တိုက်ရှေ့တွင် ဂုဏ်ပြုထားရှိသွားမည် ဖြစ်သည်။ရာပြည့်ပွဲတော်အဖြစ် ဧပြီ ၇ ရက်နှင့် ၈ ရက်တွင် အိုးဝေဦးညိုမြ၏ သမိုင်းဓာတ်ပုံများ၊ လက်ရေးစာမူများကို ပြခန်းအဖြစ် ပြသမည် ဖြစ်ပြီး အိုးဝေဦးညိုမြ နှစ်တစ်ရာပြည့် အထိမ်းအမှတ် စာအုပ်တွင် ဖော်ပြပါရှိမည့် အမြို့မြို့အနယ်နယ်မှ စာရေးဆရာကြီးများ၏ လက်ရေးစာမူများကိုလည်း ပြခန်း ဖွင့်လှစ်ပြသရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဧပြီ ၈ ရက် နံနက်တွင် အိုးဝေဦးညိုမြအားရည်စူး၍ အမြင့်မြို့ဟောင်းရှိ နာယကဆရာတော်ကြီး(၁၁)ပါးအား ဆွမ်းကပ်လှူခြင်း၊ ရုပ်တုဖွင့်လှစ်ခြင်း၊ အိုးဝေဦးညိုမြ အထိမ်းအမှတ်အဖြစ် ပိုက်ကျော်ခြင်း ခတ်ပြိုင်ပွဲ၊ ယဉ်ကျေးလိမ္မာသင်တန်းနှင့် စာပေဟောပြောပွဲ အခမ်းအနားများ ကျင်းပမည်ဖြစ်သည်။



7DAY NEWS JOURNAL
Vol.12, No.46 • JANUARY 22 , 2014

# မြစ်ကြီးနားလေယာဉ်ကွင်း ပြင်ဆင်နေစဉ် တပ်မတော် လေယာဉ်ကွင်းကို အသုံးပြုမည်

**မရန်**

**မြစ်ကြီးနား၊ ဇန်နဝါရီ- ၁၈**

မြစ်ကြီးနား လေယာဉ်ကွင်း ပြင်ဆင်နေချိန်တွင်လေယာဉ်များအား နန်ပေါင် တပ်မတော် လေယာဉ်ကွင်း၌ ဆင်းသက်ခွင့်ပြုမည်ဖြစ်ကြောင်း ကချင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးရုံးမှ သတင်းရရှိသည်။

မြစ်ကြီးနား လေယာဉ်ကွင်းတွင် အကြီးစား လေယာဉ်များ ဆင်းသက်နိုင်ရန် ဇန်နဝါရီ ၂၈ ရက်မှစတင်ပြင်ဆင်နိုင်ရန် ရည်မှန်းထားပြီး လေယာဉ်ကွင်းပြင်ဆင်ချိန်တွင် လေယာဉ်များ နန်ပေါင်တပ်မတော်လေယာဉ်ကွင်းတွင်သာ ဆင်းသက်ရမည်ဖြစ်ကြောင်း လမ်းပန်းဆက်သွယ်ရေးဝန်ကြီးရုံးမှ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

လေယာဉ်ကွင်းပြင်ဆင်ရန် နိုင်ငံတော်သမ္မတထံမှလည်းတရားဝင်ခွင့်ပြုမိန့် ရထားပြီဖြစ်ပြီး ပြင်ဆင်ချိန် သုံးလကြာမြင့်မည် ဖြစ်ကြောင်း သိရသည်။

ပြင်ဆင်နေစဉ်ကာလအတွင်း ခရီးသွားပြည်သူများ အဆင်ပြေစေရန် လေယာဉ်ကွင်းကို လေးရက်ပိတ်၊ သုံးရက်ဖွင့် အစီအစဉ်ဖြင့် ပြုလုပ်သွားမည်ဖြစ်ပြီး ပိတ်ရက် လေးရက်တွင်လည်း လေယာဉ်အနည်းဆုံး နှစ်စီးပုံမှန်ဆင်းသက်နိုင်ရန် လေကြောင်းလိုင်းများနှင့် ညှိနှိုင်းဆောင်ရွက်နေကြောင်း ပြောသည်။

လေယာဉ်များ တပ်မတော်လေယာဉ်ကွင်းတွင်သာ ဆင်းသက်မည်ဖြစ်သော်လည်း တန်ပိုစစ်ဆေးရေးဂိတ်ကို မြစ်ကြီးနားလေယာဉ်ကွင်းတွင်သာ စစ်ဆေးကာ ထိုလေဆိပ်မှတစ်ဆင့် ကားဖြင့်သွားပြီး တပ်မတော်လေယာဉ်ကွင်းသို့ သွားရောက်စီးရမည်ဖြစ်သည်။

မြစ်ကြီးနားလေယာဉ်ကွင်းအား ၂၀၁၂ခုနှစ်ဒီဇင်ဘာနောက်ဆုံးထားပြင်ဆင်ပြီး ယခုအကြိမ်ပြင်ဆင်ပြီးပါက နိုင်ငံခြား လေယာဉ်အကြီးများလည်း ဆင်းသက်နိုင်တော့မည်ဖြစ်သည်။

မြစ်ကြီးနားလေဆိပ်သို့ မြန်မာ့လေကြောင်းလိုင်း၊ Air Bagan၊ Air KBZ၊ Asia Wings၊ Sunfar လေကြောင်းလိုင်းနှင့် Yangoon Air Way လေကြောင်းလိုင်းများ ပြေးဆွဲလျက်ရှိသည်။



မျောက်ငိုသီးများကို တမူးမြို့သို့ ဆိုင်ကယ်များနှင့် သယ်ဆောင်တင်ပို့စဉ် ဓာတ်ပုံ- ကိုစိုင်း

# ချင်းပြည်နယ်မှမျောက်ငိုသီးများ တမူးဈေးကွက်သို့ အများဆုံးဝင်

**ကိုစိုင်း**

**ကလေး၊ ဇန်နဝါရီ- ၁၉**

ချင်းပြည်နယ်မြောက်ပိုင်းနှင့်စစ်ကိုင်းတိုင်းဒေသကြီး ချင်းတွင်းမြစ်အထက်ပိုင်းဒေသများရှိမျောက်ငိုသီးများ အိန္ဒိယ- မြန်မာ နယ်စပ် တမူးမြို့သို့အများဆုံး ဝင်ရောက်လာပြီး နိုဝင်ဘာ နောက်ဆုံးပတ်မှစ၍ ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်နေကြောင်း သတင်းရရှိသည်။


"နန့်ဖာလုံ ဈေးမှာတော့ မျောက်ငိုသီးတွေ စတင် ဝင်ရောက်ရောင်းဝယ်နေပါပြီ။ အခုလောလောဆယ်တော့ ချင်းပြည်နယ်ဘက်ကမျောက်ငိုသီးတွေ အများဆုံးဝင်ရောက်နေပါတယ်။ စစ်ကိုင်းတိုင်း အထက်ပိုင်းက မျောက်ငိုသီးတွေကတော့ အနည်းအကျဉ်းပဲ ဝင်ရောက်လာပါသေးတယ်။ မနှစ်ကတော့ မျောက်ငိုသီးပင်တစ်ပင်ကို ပေါက်ဈေးနှစ်သိန်းကျော်တဲ့ အထိရှိခဲ့တယ်။ မျောက်ငိုသီးကို ကသည်း လူမျိုးတွေအများဆုံး စားကြတယ်" ဟု တမူးမြို့မှ မျောက်ငိုသီးရောင်းချသောဈေးသည်တစ်ဦးက ပြောကြားသည်။

မျောက်ငိုသီးပင်များအား ချင်းပြည်နယ်မြောက်ပိုင်းတောင်ပေါ်ဒေသများတွင် စီးပွားဖြစ်နှစ်ရှည်ပင်အဖြစ်အများဆုံးစိုက်ပျိုးလာကြပြီး မျောက်ငိုသီးပင်များ အသီးစတင်သော အချိန်အထိ အနည်းဆုံး ခုနစ်နှစ်ခန့်စိုက်ပျိုးကြသည်။

"ဝဥပင်တွေကြားမှာမျောက်ငိုပင်ကိုထည့်ပြီး စီးပွားဖြစ်စိုက်ပျိုးလာကြပါတယ်။ အရင်တုန်းကတော့ ပြောင်းဖူးနဲ့ အခြားအသီးအနှံတွေစိုက်ပျိုးကြပါတယ်။ အခုနောက်ပိုင်း ကလေးမြို့ဘက်ကကုန်သည်တွေချင်းတောင်ပေါ်က မျောက်ငိုသီးကိုအဝယ်များလာတဲ့အတွက်ရယ်၊ ဈေးကောင်းလည်းရတဲ့အတွက်ကြောင့် စိုက်ပျိုးကြသူတွေများလာတာပါ" ဟု တီးတိန်မြို့နယ်မှ တောင်ယာစိုက်တောင်သူတစ်ဦးက ပြောကြားသည်။

မျောက်ငိုသီး ၁၀ တောင့်ပါ တစ်တွဲလျှင် အိန္ဒိယရူပီးငွေ ၇၀၀ ကျော် ဈေးရှိပြီး မြန်မာငွေဖြင့်ဆိုပါက အသီးလှ၊ မလှအပေါ်မူတည်ကာ အနည်းဆုံး ကျပ် ၈၀၀၀ ကျော်မှ ကျပ်တစ်သောင်းကျော် အထိ ရောင်းချကြသည်။

ဒါန ဘုရားဖူးအဖွဲ့၏ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်
သံဝေဇနီယ နှင့် အဝိဇဟိတ ဗုဒ္ဓဌာနများ၊ နယူးဒေလီ ကမ္ဘာသမေ္မ အာဂရာ တပ်ချ်မဟာ နေရာများသို့ (၁၄ည / ၁၅ ရက်) ခရီးစဉ် 950 USD + ၅၀၀၀၀ိ/-
သံဝေဇနီယလေးဌာန နှင့် ဗုဒ္ဓဌာနများ ( ၇ည / ၈ရက် ) ခရီးစဉ် 850 USD + ၅၀၀၀၀ိ/-
(ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များ အပတ်စဉ်ပုံမှန် ထွက်ခွါနေပြီဖြစ်ပါ၍ အမြန်စာရင်းပေးသွင်းနိုင်ပါရန် နိုးဆော်အပ်ပါသည်။)
■ ဇန်နဝါရီ -၃၁ ■ ဖေဖေါ်ဝါရီ- ၉၊ ၁၆၊ ၂၃ ■ မတ်- ၂၊ ၉၊ ၁၆၊ ၂၃၊ ၃၀ ■ ဧပြီ - ၆၊ ၁၃
တပေါင်းလပြည့်နေ့ သက်သနဂိုရ် အစလစေတီတော် အထက်ဌာပနာပိတ်ပွဲအခမ်းအနား တက်ရောက်လိုသူများ မတ်လ (၉) ရက်ခရီးစဉ်ဖြင့် လိုက်ပါနိုင်ပါသည်။
ဒါနဘုရားဖူးအဖွဲ့ - အမှတ် (၂၅)၊ အခန်းအမှတ် (၃၀၃)၊ တတိယထပ်၊ ဓါတ်လှေခါးအမှတ်(၂)၊ ယုဇနစီးပွားရေးတာဝါ၊ ဓမ္မစေတီလမ်း၊ စမ်းချောင်း၊
ဖုန်း - 536348, 537707, 537708,09 500 1763, 09 501 3727, 09 7322 5849, 09 516 4664
မဇ္ဈိမဒေသသာသနာပြုအဖွဲ့ - အမှတ် (၁၃/က)၊ ငါးထပ်ကြီးဘုရားလမ်း၊ ပဟန်း၊ ရန်ကုန် • ဖုန်း - 545215, 545216, 555173
ပုဒ္ဓဝမ္ဗဒါနစေတနာရှင်များအဖွဲ့-ရွှေမြင်တင်ဦးညို- အမှတ် (၁၂)၊ မြို့ဒသစ် (၁)လမ်း၊ ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန် • ဖုန်း- 542236
မန္တလေးရုံးခွဲ-(၁၀၈-B)၊၆၂ လမ်း၊ ၂၈×၂၉ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး • ဖုန်း -09 402 64 8989, 09 5300305




ကျော်ကျော်နိုင်မိသားစု ကုမ္ပဏီလီမိတက်
**အောင်ချမ်းမြေ့**
**ဂျပန်စာ၊ စကား ကျွမ်းကျင်သင်တန်း**
**(JAPANESE LANGUAGE TRAINING CENTRE)**
အမှတ်(၂၄၉)(2B)၊ ဗားဂရာလမ်းမ၊ မြေနီကုန်း (တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၁-၅၀၄၇၅၀၊ ၀၁-၅၀၄၀၇၉၊ ၀၉-၅၁၅၉၈၇၀၊ ၀၉-၃၁၀၆၀၃၁၅
- ၁၁-၂-၂၀၁၄ ရက်မှ စတင်မည်။ လူဦးရေ(၃၅)ဦးသာ လက်ခံမည်။
- သင်ကြားနိုင်သည့်အချိန် (I) 09:00 AM to 04:00 PM (Break (1)hour)
- သင်တန်းကာလ (၄)လ၊ တစ်ပတ်(၅)ရက်သင်၊ တနင်္လာနေ့မှ သောကြာနေ့အထိ။
- ဂျပန်နိုင်ငံသို့ သွားရောက်အလုပ်လုပ်မည့်သူများအတွက် ဂျပန်စာ၊ စကား နာရီပေါင်း (၄၅၀)အထက် သင်ကြားပေးမည်။ ပြည်တွင်း/ပြည်ပ အလုပ်အကိုင်ရရှိရန် ဆက်သွယ်ပေးမည်။ ဘော်ဒါဆောင်ရှိသည်။ နိုင်ငံတကာ အဆင့်မီ Air-Con အခန်းများတွင် တစ်ယောက်ထိုင်ခုံများဖြင့် သင်ကြားသည်။
- ပြည်တွင်း/ပြည်ပ ဝါရင့်ကျွမ်းကျင်သူများမှ ဦးစီးသင်ကြားမည်။
- အသိအမှတ်ပြု အောင်လက်မှတ်ထုတ်ပေးမည်။
- "အောင်"ပြီး "ချမ်းမြေ့"မှု တွေ့ရှိဖို့ "အောင်ချမ်းမြေ့"ကို လာခဲ့ပါ။
- ဂျပန်နိုင်ငံသို့ သွားရောက်ကျောင်းတက်လိုသူများအတွက် ဂျပန်နိုင်ငံရှိ ကျောင်းများတွင် ကျောင်းအပ်လက်ခံ ဆောင်ရွက်ပေးသည်။

# စစ်တပ်နှင့်မြေယာအငြင်းပွားနေသည့်နေရာတွင် သေနတ်ပစ်လေ့ကျင့်၍ ရွာခံများ ထိတ်လန့်မှုသမ္မတနှင့် ကာချုပ်သို့ တိုင်ကြားမည်

**အေးမွန်ရာပြည့်**

**မန္တလေး၊ ဇန်နဝါရီ- ၁၈**

စစ်တပ်နှင့်မြေယာ ပိုင်ဆိုင်မှု အငြင်းပွားနေသည့် စိုက်ခင်းတစ်ခုအတွင်း စစ်တပ်တာဝန်ရှိသူများက တစ်စုံတစ်ရာအကြောင်းကြားခြင်းမရှိဘဲ သေနတ်ပစ်လေ့ကျင့်မှုများလာရောက် ပြုလုပ်ခဲ့သည့်အတွက် ကျေးရွာဒေသခံများထိတ်လန့်မှုများဖြစ်၍ နိုင်ငံတော်သမ္မတနှင့် တပ်မတော်တာဝန်ရှိသူများထံ တိုင်ကြားစာပို့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်အတွင်းရှိ ကျောက်ဖျာကျေးရွာမှ ငါးမိုင်ခန့်အကွာ ကြေးပြင်ကွင်းအမှတ် (OSS)ပေါ်ရှိ လွန်ခဲ့သည့်နှစ်ပေါင်းလေးဆယ်ခန့်ကတည်းက ဓားမဦးချစိုက်ပျိုးမှုများပြုလုပ်ခဲ့ရာ ကျေးရွာစိုက်ခင်းများ ပေါ်တွင် ဇန်နဝါရီ ၁၅ ရက် နေ့လယ်က အမှတ် (၁၃)အဆင့်မြင့်လေ့ကျင့်ရေးစခန်းကျောင်းမှ တပ်မတော်သားတစ်ရာကျော်ဝင်ရောက်လေ့ကျင့်မှုများပြုလုပ်ခဲ့သဖြင့် ရွာသူရွာသားများထိတ်လန့်ခဲ့သည့်အတွက် နိုင်ငံတော်သမ္မတကြီးအပါအဝင်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်စစ်ထောက်ချုပ်ရုံးများထံသို့ ဇန်နဝါရီ ၂၀ ရက်တွင် တိုင်ကြားစာပေးပို့သွားမည် ဖြစ်ကြောင်းဒေသခံ ဦးလှအောင်က ပြောသည်။

“လူတွေရှိနေတာကို သေနတ်တွေပစ်တာတစ်နာရီလောက်ကြာတယ်။ သူတို့သေနတ်ပစ်ကွင်းကလည်း ဒီဘက်မှာ မဟုတ်ဘူး။ အရင်က ဒီလိုလာပစ်တာမျိုးမရှိဘူး။ မြေလိုချင်ရင် ဒေသခံတွေနဲ့ ပြေလည်အောင်ညှိရမှာ။ သေနတ်ကိုင်ပြီးဒီလိုလုပ်တာ ကတော့ တောင်သူတွေကို စော်ကားတာပဲ”ဟု အထက်ပါပုဂ္ဂိုလ် ကပြောသည်။

ယခုကဲ့သို့ သေနတ်ပစ်လေ့ကျင့်ရေးဆင်းခြင်းမှာ အမှတ်(၁၃) အဆင့်မြင့် လေ့ကျင့်ရေးစခန်းကျောင်း၏ ပိုင်နက်မြေ အတွင်းတွင်သာလုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး လေ့ကျင့်ရေးလုပ်ငန်းများ လုပ်ဆောင်ရာလမ်းတစ်လျှောက်တွင်လည်း မည်သည့်ကျေးရွာမှ ရှိမနေကြောင်း၊ တချို့နေရာများတွင် ကျူးကျော်တဲများသာ ရှိနေခဲ့ကြောင်း ယင်းလေ့ကျင့်ရေးစခန်းကျောင်းမှ တာဝန်ရှိသူဒုတိယဗိုလ်မှူးကြီးဇော်ထွန်းက ပြောသည်။

# ဆံပင်အရှည်အကျွတ်ရောင်းဝယ်သူများ နာဂဒေသနှင့် ချင်းပြည်နယ်အထိ သွားရောက်ဝယ်ယူမှုများရှိလာ

**ကိုစိုင်း**

**ကလေး၊ ဇန်နဝါရီ- ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်းရှိ ဆံပင်အရှည်အကျွတ်ရောင်းဝယ်သူများသည် ပွင့်လင်းရာသီတွင် နာဂဒေသနှင့်ချင်းပြည်နယ်များအထိ ကိုယ်တိုင်သွားရောက် ဝယ်ယူမှုများရှိလာကြောင်း သတင်းရရှိသည်။



*ဆိုင်ကယ်ဖြင့် ခရီးဝေးနှင်ကာ ရောင်းဝယ်သူတစ်ဦး*

ဓာတ်ပုံ- ကိုစိုင်း

လွန်ခဲ့သော သုံးနှစ်ခန့်မှ စတင်၍ ကလေးမြို့နယ်အတွင်း ဆံပင်အရှည်အကျွတ်ရောင်းဝယ်သူပေါ်များလာသည်။ ယခင်က ဆိုင်ကယ်များဖြင့်မြို့နယ်အတွင်းရှိ ကျေးရွာများတွင်သာ သွားရောက်ဝယ်ယူကြသော်လည်း ယခုအခါ ရောင်းဝယ်သူပေါ်များလာပြီး နာဂတောင်တန်းဒေသ၊ ချင်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းမြို့များအထိ သွားရောက်ဝယ်ယူမှုရှိလာသည်။

“မိုးတွင်းကာလမှာ နားထားတဲ့ဆံပင်အရှည်၊ အကျွတ်ရောင်းဝယ်မှုတွေ အခုပွင့်လင်းရာသီကာလကစပြီး များလာပါပြီ။ မိုးတွင်းကတော့ လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် နားနေကြတာပါ။ အခုပွင့်လင်းရာသီမှာ လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းပြီဖြစ်တဲ့အတွက် ချင်းပြည်နယ်ဆိုရင်ကျေးရွာတွေအထိ ဆိုင်ကယ်နဲ့ဆင်းပြီးသွား ဝယ်နိုင်ကြတာမို့ အခုကစပြီး လုပ်ကိုင်နေကြပါပြီ”ဟု ကလေးမြို့ခံ ဆံပင်အရှည်၊ အကျွတ် အရောင်းအဝယ်ပြုလုပ်သူတစ်ဦးကပြောသည်။

ချင်းပြည်နယ်နှင့် နာဂဒေသများတွင် သွားရောက်ဝယ်ယူရရှိသော ဆံပင်အရှည်၊ အကျွတ်များကို တရုတ်နိုင်ငံက ဈေးကောင်းပေးဝယ်ယူလျက်ရှိသည်။ ယခုအခါ ဆံပင်အရှည်တစ်ပိဿာလျှင် ကျပ် သုံးသိန်းအထိပေးဝယ်နေကာ ဆံပင်အကျွတ်တစ်ပိဿာလျှင် ကျပ်တစ်သိန်းနှစ်သောင်းအထိဈေးရှိကြောင်း ဆံပင်အရောင်း အဝယ်ပြုလုပ်သောဒိုင်တစ်ဦးကပြောသည်။

“နာဂတောင်တန်းတွေဘက်ကျတော့ ဆံပင်အရောင်းအဝယ်လုပ်မယ်ဆိုရင်ဟိုမှာ အနည်းဆုံး ၁၀ ရက်လောက်တော့ သွားနေပြီး အရောင်းအဝယ်လုပ်ကြပါတယ်။သွားတဲ့ ရက်ကတော့ ဆံပင်ရ၊ မရပေါ်မူတည်ပြီး ကြာတတ်ပါ တယ်”ဟု နာဂတောင်တန်းဒေသတွင် ဆံပင်သွားရောက်ဝယ်ယူသူတစ်ဦးကပြောသည်။ ချင်းပြည်နယ်နှင့် နာဂတောင်တန်းဒေသသည် အိန္ဒိယနိုင်ငံမဏိပူရပြည်နယ်၊ မီဇိုရမ်းပြည်နယ်တို့နှင့် နယ်နိမိတ်ချင်းထိစပ်နေသောကြောင့် အိန္ဒိယနိုင်ငံမှ ဆံပင်များကို နာဂနှင့် ချင်းပြည်နယ်ကိုဖြတ်၍ တရုတ်နိုင်ငံသို့ တင်ပို့ကြသော်လည်းမြန်မာဆံပင်လောက်ဈေးကောင်းပေးဝယ်ယူခြင်းမရှိကြောင်း ဆံပင်ရောင်းဝယ်သူများကပြောသည်။

# (၆၆) နှစ်မြောက် ချင်းအမျိုးသားနေ့ အထိမ်းအမှတ် စာပေဟောပြောပွဲ ကျောက်ကွင်းတွင် ကျင်းပမည်

**ဇော်မင်းထိုက်**

**ပြည်၊ ဇန်နဝါရီ- ၁၉**

(၆၆) နှစ်မြောက် ချင်းအမျိုးသားနေ့ အထိမ်းအမှတ်စာပေဟောပြောပွဲကို ပြည်မြို့နယ်၊ ဝက်ထီးကန်တိုက်နယ်အတွင်းရှိ ကျောက်ကွင်းကျေးရွာတွင် ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီ၌ ပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

စာပေဟောပြောပွဲတွင် စာရေးဆရာမောင်သာချို၊ ကာတွန်းဆရာအော်ပီကျယ်တို့က စာပေဗဟုသုတဆိုင်ရာများ ဟောပြောမည်ဖြစ်သည်။

ဝက်ထီးကန်တိုက်နယ်အတွင်းတွင် အရှိုချင်းတိုင်းရင်းသားကျေးရွာ ၁၁ ရွာရှိရာ ယင်းရွာများမှ ချင်းတိုင်းရင်းသားများ၏ ရိုးရာအကများနှင့်လည်း ဖော်ဖော်ဝါရီ ၂၀ ရက် ညနေ ၄ နာရီခန့်မှစတင်ကာ ဖျော်ဖြေမည်ဖြစ်သည်။

အရှိုချင်းတိုင်းရင်းသားများ၏ ယဉ်ကျေးမှု၊ စာပေ အစရှိသည်တို့ကို သိမြင်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ကျောက်ကွင်းကျေးရွာတွင် ၂၀၁၂ ခုနှစ်ခန့်ကစပြီး မေတ္တာမွန်စာကြည့်တိုက်ကို တည်ထောင်ကာ ဒေသအတွင်း စာပေဗဟုသုတ တိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်ခဲ့သည်ဟု သိရသည်။

ODYSSEY

စင်ကာပူနိုင်ငံမှOdyssey Property Advisory Co., Ltd သည်နိုင်ငံတကာအဆင့်မီ High-End Condominium၊ Office Complex၊Service Apartment နှင့် Hotels များအသစ်ဆောက်လုပ်ရန်သော်လည်းကောင်း၊ ပြန်လည်မွမ်းမံပြင်ဆင်ရန်အတွက်သော်လည်းကောင်း၊ရင်းနှီးမြှုပ်နှံလိုသောမြေပိုင်ရှင်များကိုရှာဖွေလျက်ရှိပါသည်။ဆက်သွယ်လိုပါကအောက်ပါလိပ်စာအတိုင်းဆက်သွယ်မေးမြန်းနိုင်ပါသည်။

Odyssey Property Advisory Co., Ltd from Singapore is reaching out to land owners who are looking for investors to build and reconstruct High-End Condominium, Office Complex, Service Apartment and Hotels. Land owners and interested parties please contact or email us.

ရောင်ကူ = 09-256076891(မြန်မာ)

Jeffrey Goh = 09420152419 (English), email: jeffreygohhs@gmail.com

Mark Cheong = 09420092354(English), email. markcheong@odysseycompany.com



7DAY NEWS JOURNAL
Vol.12, No.46 ▪ JANUARY 22 , 2014

စာမျက်နှာ (၇) မှ

# လက်နှစ်ဖက်မဲ့ ရေကူးချန်ပီယံ

"ဆေးရုံကဆင်းပြီး စိတ်ဓာတ်တွေကျတယ်။ ဘာမှလုပ်ချင်စိတ်မရှိတော့ဘူး။ ကျောင်းမှာ လက်တွေ့ထိုးတဲ့ ထိန်လင်းငွေဆိုတာ ကျောင်းစံပြပဲ။ သူက ရွှေတံဆိပ်တွေရတယ်။ သူ့ကိုကြည့်ရင်းနဲ့ ငါလည်းဘာလို့မလုပ်နိုင်ရမှာလဲဆိုပြီး အားတက်လာတာ။ ဆရာမကြီးကိုခွင့်တောင်းပြီး ၂၀၀၇ ခုနှစ်မှာ ရေကူးစသင်ဖြစ်တာပါ" ဟု အောင်ငြိမ်းဦးက ပြောပြသည်။

၂၀၀၇ ခုနှစ်မှစတင်ကာ ပြည်တွင်းမသန်စွမ်းအားကစားပြိုင်ပွဲများ ဆက်တိုက်ယှဉ်ပြိုင်လာခဲ့ပြီး ရွှေ၊ ငွေ၊ ကြေးတံဆိပ်များစွာကို အောင်ငြိမ်းဦး ဆွတ်ခူးနိုင်ခဲ့သည်။ ၂၀၁၁ ခုနှစ် အင်ဒိုပါရာဂိမ်းပြိုင်ပွဲကြီးသို့ သွားရောက်ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်နှစ်ခု ရယူပေးနိုင်ခဲ့သည်။ ယခုနှစ်မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပသည့် (၇)ကြိမ်မြောက် ပါရာဂိမ်းပြိုင်ပွဲတွင်လည်း ရွှေတံဆိပ်နှစ်ခု ရယူပေးလိုက်ပြန်သည်။

မန္တလေးမိဘမဲ့ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နီနီထွေးကိုယ်တိုင် သားတပည့်ဖြစ်သူကို လာရောက်အားပေးခဲ့သည်ကလည်း အောင်ငြိမ်းဦးအတွက် တက်ကြွဖွယ်ရာ အားဆေးတစ်ခွက်ဖြစ်ခဲ့သည်။

"ဆရာမကြီးလာအားပေးတော့ အားတက်သွားတယ်။ ကျေးဇူးလည်းတင်တယ်။ ဆရာမကြီးအပေါ် ဆိုးခဲ့မိုက်ခဲ့ပေမယ့် ဆရာမကြီးက သဘောထားကြီးကြီးနဲ့ ကျွန်တော့်ကို ခွင့်လွှတ်ခဲ့တယ်" ဟု အောင်ငြိမ်းဦးက တိုးလျစွာ ပြောသည်။

ကိုအောင်ငြိမ်းဦးလိုပင် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲဝင်ရောက်နေသည့် မသန်စွမ်းသူများမှာ စိတ်ဓာတ်တစ်ခုအရင်းပြု၍ နိုင်ငံအတွက် ကြိုးစားခဲ့ကြသည်။

ရေကူးအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် အသက် (၁၇) နှစ်အရွယ် မအေးအေးသန်းမှာ ဆုတံဆိပ်တစ်ခုမျှမရရှိခဲ့သော်လည်း စိတ်မပျက်ဘဲ နောင်လာမည့်ပြိုင်ပွဲများတွင် ဆုတံဆိပ်များ ရယူနိုင်ရန် ကြိုးစားသွားမည်ဟု ဆုံးဖြတ်ထားသည်။ မအေးအေးသန်းမှာ မွေးရာပါ လက်နှစ်ဖက်မရှိသူဖြစ်ပြီး မသန်စွမ်းပြုစုစောင့်ရှောက်ရေးဂေဟာမှဖြစ်သည်။

သန်လျင်မြို့နယ်တွင် နေထိုင်ပြီး အတန်းပညာ တစ်တန်းသာတက်ဖူးသည့် မအေးအေးသန်းက ရေကူးအားကစားလေ့ကျင့်ခဲ့သည်မှာ တစ်နှစ်သာရှိသေးသည်။ မိသားစုတွင် ညီမသုံးဦး မောင်တစ်ဦးရှိပြီး သူက အကြီးဆုံးသမီးဖြစ်သည်။

မသန်စွမ်းပြုစုစောင့်ရှောက်ရေးဂေဟာသို့ ရောက်ရှိလာသည်မှာ ငါးနှစ်ပင်ရှိခဲ့ပြီဖြစ်ပြီး ထိုအကြောင်းကို မအေးအေးသန်းက အောက်ပါအတိုင်း ပြောပြသည်။

"သူငယ်ချင်းတွေနဲ့ လမ်းဘေးမှာ လျှောက်သွားနေလို့ စည်ပင်က ပိုက်ဆံတောင်းနေတယ်ဆိုပြီး ဖမ်းသွားတယ်။ စစ်တော့ မတောင်းပါဘူးပြောလည်း မရဘူး။ အရင်က အိမ်မှာအမေက နင့်ကို သင်တန်းကျောင်းပို့ပစ်မယ်လို့ ခဏခဏပြောတယ်။ သူငယ်ချင်းတွေကလည်း သင်တန်းကျောင်းမှာ လက်မှုပညာတွေ သင်ပေးတယ်လို့ ပြောတာ ခဏခဏကြားနေတော့ သင်တန်းကျောင်းကို ရင်းနှီးနေတယ်။ အဲဒါနဲ့ စည်ပင်က ပို့တော့ တမင်လိုက်သွားတာ"

အေးအေးသန်းက ကန်တော်ကြီးအနီးရှိ နတ်မောက်မသန်စွမ်းကျောင်းတွင် လေးနှစ်နေထိုင်ခဲ့ပြီးမှ မသန်စွမ်းပြုစုစောင့်ရှောက်ရေးဂေဟာသို့ ရောက်ရှိပြီး ကလေးဝိုင်းထိန်းပေးခြင်း၊ စာအိတ်များပြုလုပ်ခြင်းတို့ဖြင့် ဖြတ်သန်းနေသူဖြစ်သည်။ အိမ်က ခဏခဏ လာခေါ်သော်လည်း အေးအေးသန်းက ပြန်မလိုက်လိုပေ။ အိမ်က လာခေါ်မှာကိုပင် ကြောက်နေမိသည်ဟု သူက ဆိုသည်။ ပထွေးဖြစ်သူလည်းရှိတာမို့ သင်တန်းကျောင်းမှ လူကြီးများကလည်း ပြန်မထည့်လိုပေ။

ရေကူးအားကစားနည်းကို အခက်အခဲများကြားမှ အားမလျှော့ဘဲ လေ့ကျင့်ခဲ့ပြီး အေးအေးသန်းတစ်ယောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲတွင် နိုင်ငံကိုယ်စား ဝင်ရောက်ယှဉ်ပြိုင်ရသူတစ်ဦးဖြစ်လာခဲ့သည်။

လိပ်ပြာကူးနည်းကို မကူးဖူးသော်လည်း ရအောင်ယှဉ်ပြိုင်ခဲ့ကာ ပြိုင်ပွဲအပြီးတွင် အားပြတ်ပြီး မူးလဲသွားခဲ့သည်။ ဆုမရရှိသော်လည်း အေးအေးသန်းစိတ်မပျက်။ "နောက်ပွဲတွေမှာ ကြိုးစားမယ်" ဟု သူက ခိုင်မာစွာဆိုသည်။

မန္တလေးမြို့တွင် ဘီးချဲဖြင့် ထီလိုက်ရောင်းသူ မွေးရာပါမသန်စွမ်း ကိုသန့်ဇင်မှာ အာဆီယံပါရာဂိမ်းတွင် နိုင်ငံအတွက် ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်တစ်ခု ရယူပေးလိုက်သည်။ ရေကူးအားကစားကို မသန်စွမ်းတစ်ဦးအနေဖြင့် ကိုသန့်ဇင် ၁၃ နှစ်တိုင် ကစားခဲ့သည်။ ယခုကဲ့သို့ နိုင်ငံတကာမှ အားကစားသမားများနှင့် ယှဉ်ပြိုင်ရသည့်အခါ သန်မာမှုနှင့် နည်းစနစ်ပိုင်းများ ကွာဟမှုများစွာရှိကြောင်းကို သန့်ဇင်က ဆိုသည်။

"မသန်စွမ်းတစ်ယောက်အနေနဲ့ ရေကူးတာ တော်ရုံမလွယ်ဘူး" ဟု ဘီးချဲပေါ်တွင် ဆုတံဆိပ်များ ချိတ်ဆွဲလျက် ထိုင်နေသည့် ကိုသန့်ဇင်က ပြောသည်။ ယခုကဲ့သို့ ဆုတံဆိပ်သုံးခုရရှိသည့်အပေါ် ကိုယ့်နိုင်ငံကို တစ်ဖက်တစ်လမ်းမှ မြှင့်တင်ပေးနိုင်သည်ဟု ယူဆပြီး အလွန်ပျော်ရွှင်ဝမ်းသာနေကြောင်း သူက ဆက်လက်ပြောခဲ့သည်။

မသန်စွမ်းရေကူးအဖွဲ့မှာ ယခုပြိုင်ပွဲကြီးတွင် ရွှေတံဆိပ် ၁၅ ခု မှန်းထားသော်လည်း ၁၂ ခုသာ ရရှိခဲ့သည်။ ငွေတံဆိပ် ရှစ်ခုနှင့် ကြေးတံဆိပ် ၁၃ ခုကိုပါ ရရှိခဲ့သည်။ "ကိုယ့်နိုင်ငံက ဆေးအဆင့်နိမ့်နေတဲ့အတွက် အားနည်းချက်ရှိတယ်။ ဒါပေမဲ့ ငါတို့မြန်မာ နိုင်ရမယ်ဆိုပြီး စိတ်ဓာတ်ကို မြှင့်ထားခဲ့ကြတယ်" ဟု ရေကူးအသင်း နည်းပြခေါင်းဆောင် ဦးမြခိုင်က ဆိုသည်။

သံလုံးပစ်အားကစားယှဉ်ပြိုင်ခဲ့သည့် (၂၅) နှစ်အရွယ် ကိုအောင်သူရတစ်ယောက် အားကစားကွင်းအတွင်း စိတ်လှုပ်ရှားစွာဖြင့် မိဘဆွေမျိုးများထံ ဖုန်းဆက်နေသည်။ ဆေးအဆင့်နိမ့်လွန်းပြီး အစွမ်းကုန်ကြိုးစား၍ ယှဉ်ပြိုင်ခဲ့ရသည့်အတွက် မည်သည့်ဆုမှ ရရှိမည်ဟု သူမထင်ထားခဲ့ပေ။ ပြိုင်ပွဲနောက်ဆုံးနေ့ဖြစ်သည့် ဇန်နဝါရီ ၁၉ ရက်တွင်မှ သူ ကြေးတံဆိပ်ရရှိကြောင်း အကြောင်းကြားလာသဖြင့် ပျော်ရွှင်နေခြင်းဖြစ်သည်။

မွေးရာပါသူငယ်နာအကြောင်းရောဂါဖြင့် ဘီးချဲပေါ် ထိုင်နေသည့် ကိုအောင်သူရက "ပထမတော့ စိတ်မကောင်းဘူးပေါ့။ အခုပီတိဖြစ်နေတယ်။ နောက်ပွဲတွေမှာ ရွှေရအောင် ကြိုးစားမယ်" ဟု ပြောသည်။ သူက ပြည်တွင်းပြိုင်ပွဲများတွင် ရွှေတံဆိပ်နှစ်ခု ရရှိထားသူလည်းဖြစ်သည်။ မသန်စွမ်းဖြစ်သည့်အတွက် တစ်ခါတစ်ရံ ဝမ်းနည်းစိတ်ဖြစ်ပေါ်မိသော်လည်း သူ့အပေါ် နားလည်အားပေးသည့် ပတ်ဝန်းကျင်တွင် နေထိုင်ခဲ့ရသည့်အတွက် အမြဲတမ်းပျော်ပျော်ရွှင်ရွှင် နေထိုင်ပါသည်ဟု သူက ဆိုသည်။

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မသန်စွမ်းကစားသမားများအတွက် နည်းစနစ်ပိုင်းနှင့် အထောက်အကူပြုပစ္စည်းများ အားနည်းခဲ့သည်။ တချို့အားကစားနည်းများမှာ မြန်မာနိုင်ငံက ယခုနှစ်တွင်မှ ထည့်သွင်းကစားခြင်းဖြစ်သည့်အတွက် ကစားသမားတို့အတွက် အခက်အခဲရှိခဲ့သည်။ သို့သော်လည်း မြန်မာ့ဂုဏ်ဆောင် မသန်စွမ်းကစားသမားများသည် ပြိုင်ပွဲတိုင်းတွင် စိတ်မပျက်၊ ဖွဲမလျှော့ဘဲ အဆင့်အတန်းမီစွာ ယှဉ်ပြိုင်ခဲ့ကြသည်ကို တွေ့ရသည်။

ပြိုင်ပွဲအများစုတွင် အားနည်းချက်တစ်ခုမှာ ကစားသမားများအသုံးပြုသည့် ဘီးချဲများဖြစ်သည်။ နိုင်ငံအသီးသီးမှ ကစားသမားများ အသုံးပြုသည့်ဘီးချဲများမှာ အဆင့်မီကောင်းမွန်ပြီး မြန်မာကစားသမားများ၏ ဘီးချဲများမှာ အခက်အခဲရှိနေခဲ့သည်။

"အချိန်လည်း မလုံလောက်ဘူး။ ဘီးချဲကွာဟမှု၊ နည်းစနစ်၊ ခံစစ်အရမ်းအားနည်းခဲ့တယ်။ သူတို့နိုင်ငံတွေက ဘီးချဲတွေက သွားလာရလွယ်ကူပေါ့ပါးတယ်။ ကျွန်တော်တို့ဘီးချဲတွေက ဘေးကိုကားပြီး အရမ်းကြီးနေတော့ ဒါကို ထိန်းနေရတာနဲ့တင် အလုပ်ရှုပ်နေတယ်" ဟု ဘီးချဲဘတ်စကက်ဘောအသင်းခေါင်းဆောင် ကိုမျိုးသိန်းက ပြောသည်။

ကိုမျိုးသိန်းက သွေးကြောမျှင်လေးများ ပြတ်တောက်သည့် ရောဂါတစ်ခုဖြင့် ခြေထောက်နှစ်ဖက်ဖြတ်ထားရသူဖြစ်သည်။ မသန်စွမ်းဖြစ်ခဲ့သည်မှာ ၁၃ နှစ်ရှိခဲ့ပြီး ထိုမတိုင်မီကတည်းက တိုက်ကြီးမြို့နယ်မှ ဘော်လီဘော အားကစားသမားတစ်ဦးဖြစ်သည်။ မသန်စွမ်းဖြစ်သော်လည်း ဝါသနာပါရာ အားကစားကို ရသည့်နည်းဖြင့် ဆက်လက်ကစားနေခဲ့သည်။

ဘီးချဲဘက်စကက်ဘောအားကစားနည်းသည်မြန်မာနိုင်ငံတွင် ပထမဆုံးထည့်သွင်း ကျင်းပခြင်းဖြစ်သည်။ ထို့အတူပင် ဂိုးလ်ဘောကစားနည်းကိုလည်း မြန်မာက ပထမဆုံးထည့်သွင်းကစားခဲ့သည်။ ယခုမှစတင်ကစားကြရသည့် အတွက် စတုတ္ထနေရာသာ ရရှိခဲ့ပြီး ဆုတံဆိပ်များနှင့် လွဲချော်ခဲ့ရသည်။ "ဂိုးလ်ဘောက မလေးရှားက အကောင်းဆုံးပဲ" ဟု ဂိုးလ်ဘောပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌက ဆိုသည်။

မြန်မာနိုင်ငံ မသန်စွမ်းအားကစားသမား အများစုကို စီးပွားကူးသန်းဝန်ကြီးဌာန၊ လယ်/ဆည်ဝန်ကြီးဌာန စသည်တို့က ဝန်ထမ်းများအဖြစ် ခန့်အပ်ထားကြသည်။ ဝန်ကြီးဌာန ဝန်ထမ်းများဖြစ်သော်လည်း လုပ်ငန်းခွင်ဝင်စရာမလိုဘဲ တချို့က နေ့စားအဖြစ်၊ တချို့က လခစားအဖြစ် အသီးသီးရှိနေကြသည်။ သူတို့တာဝန်မှာ နိုင်ငံ့အတွက် အားကစားဖြင့် မြှင့်တင်ဂုဏ်ဆောင်ပေးနိုင်ရန်ဖြစ်သည်။ အားကစားပွဲတွင် ဆုတံဆိပ်ရရှိပါက နေ့စားဝန်ထမ်းမှ လခစားအဖြစ် ရာထူးတိုးပေးလေ့ရှိပြီး သူတို့ကလည်း လခစားဖြစ်ရန် မျှော်လင့်ထားကြသည်။

ဘော်လီဘောအားကစားအသင်းမှ အများစုသော ကစားသမားများမှာ တပ်မတော်စစ်မှုထမ်းဟောင်းများ ဖြစ်ကြသည်။ သူတို့အထဲတွင် ဗိုလ်ကြီးအဆင့်မှ တပ်ကြပ်ကြီးအဆင့်ထိ ပါဝင်ကြသည်။ အများစုမှာ ရှေ့တန်းတွင် တာဝန်ထမ်းဆောင်ရင်း မိုင်းဒဏ်၊ ဗုံးဒဏ်ကြောင့် ခြေပြတ်လက်ပြတ် ဖြစ်ခဲ့ရသူများဖြစ်သည်။

(၇) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲသည် ယခုနှစ်မှ အိမ်ရှင်အဖြစ် စတင်လက်ခံကျင်းပခြင်း ဖြစ်သည့်အတွက် ပြည်သူများ သိရှိမှု နည်းပါးနေခဲ့သည်။ သို့သော်လည်း ပရိသတ်စိတ်ဝင်စားမှု များပြားသည့် ပြိုင်ပွဲများလည်း ရှိခဲ့သည်။ မျက်စိကိုစည်း၍ ဘောလုံးကိုချူဆွဲကာ အသံနားထောင်၍ ယှဉ်ပြိုင်ရသည့် မျက်မမြင်ဘောလုံးပွဲစဉ်များမှာလည်း လက်ခုပ်သံမစဲခဲ့။ ခြေထောက်မသန်သူများ မြေပေါ်လှဲအိပ်၍ ဂိုးသွင်းဂိုးဖမ်းသည့် ဂိုးလ်ဘောပွဲမှာလည်း အားပေးသူများခဲ့သည်။ ဘော်လီဘော အားကစားပွဲတွင်လည်း အားပေးသူပြည့်ခဲ့သည်။

အာဆီယံနိုင်ငံအသီးသီးမှ အားကစားသမားများသည်လည်း စိတ်ပျက်အားငယ်မှုမရှိ၊ ဝမ်းနည်းမှုမရှိတက်ကြွပျော်ရွှင်စွာ ပြိုင်ပွဲဝင်ပြိုင်ခဲ့ကြသည်။

မွေးရာပါမသန်စွမ်းသည့်ကို သန့်ဇင်က "မသန်စွမ်းညီအစ်ကိုမောင်နှမတွေ ကြိုးစားကြပါ။ မသန်ပေမယ့်၊ မလုပ်နိုင်ပေမယ့် ကိုယ်နိုင်တဲ့ဝန်ကို ထမ်းကြပါလို့ ပြောချင်ပါတယ်" ဟု အားပေးစကားဆိုသည်။

အားကစားပြိုင်ပွဲကြီးအပြီးတွင် အင်ဒိုနီးရှားနိုင်ငံက ပထမ၊ ဗီယက်နမ်နိုင်ငံက ဒုတိယ၊ ထိုင်းနိုင်ငံက တတိယ၊ မလေးရှားနိုင်ငံက စတုတ္ထရရှိခဲ့ပြီး မြန်မာနိုင်ငံက အဆင့် ငါးနေရာတွင် ရပ်တည်ခဲ့သည်။ မြန်မာနိုင်ငံမှ မသန်စွမ်းကစားသမားများက ရွှေတံဆိပ် ၃၄ ခု၊ ငွေတံဆိပ် ၂၆ ခုနှင့် ကြေးတံဆိပ် ၃၆ ခုကို ရယူပေးနိုင်ခဲ့သည်။

နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ သက်ဆိုင်ရာအားကစားရုံများ၌ ဘီးချဲတွန်း၍ သွားလာနေသံများ တဂျစ်ဂျစ်နှင့် ဆူညံနေသည်။ ချိုင်းထောက်ဖြင့် သွားလာသံတဂျောက်ဂျောက်က စည်းချက်မှန်မှန် ထွက်နေသည်။ သက်ဆိုင်ရာ နိုင်ငံအဖွဲ့များက ဘာသာစကားအစုံဖြင့် ကိုယ့်အသင်းသားများကို အော်ဟစ်အားပေးသံများ ပွက်လောရိုက်နေသည်။ ရွှေတံဆိပ်ရရှိသွားသည့် နိုင်ငံများအလိုက် နိုင်ငံတော်သီချင်းများလည်း မကြာခဏ ထွက်ပေါ်လာသည်။

မသန်စွမ်းသူ အချင်းချင်း ဖေးမကူညီရင်း အားကစားစိတ်ဓာတ်နှင့် ချစ်ကြည်ရင်းနှီးမှုကိုမြင်တွေ့ရသည်။ တစ်နေရာမှတစ်နေရာသို့ဘီးချဲကိုယ်စီဖြင့် သွားလာနေကြသည့် အာဆီယံကစားသမားများသည် မျက်နှာချင်းဆိုင်မိပါက မသန်စွမ်းသူအချင်းချင်း စိတ်ပါလက်ပါနှစ်လိုဖွယ်ပြုံးပြနှုတ်ဆက်ကြသည်။ အားကစားရုံများအတွင်း နွေးထွေးမှုတစ်ခု ပျံ့လွင့်လျက်ရှိသည်။

ပြိုင်ပွဲများအပြီးတွင် ရေကူးအားကစားနည်းဖြင့် ရွှေတံဆိပ်နှစ်ခုရယူသွားခဲ့သည့် ကိုအောင်ငြိမ်းဦးတစ်ယောက် ရုပ်သံနှင့် ဂျာနယ်သတင်းထောက်တို့ရှေ့တွင် ဓာတ်ပုံအရိုက်ခံလျက်ရှိသည်။ သူက ပျော်ပျော်ရွှင်ရွှင်နေတတ်သူဖြစ်ပြီး ဓာတ်ပုံအရိုက်ခံနေရင်းမှပင် ပိုလီယိုအကြောဆွဲသည့် ပုံစံများပြုလုပ်ပြ၍ မျက်နှာပြောင်လိုက်သေးသည်။

"မိဘမဲ့ကျောင်းမှာ နေရတော့ အဲဒီမှာ မနေချင်တော့ဘူး။ အခုလို အမြဲထပ်ကြိုးစားမယ်။ ဆုတွေယူပြီး ရရှိလာတဲ့ ငွေတွေစုပြီး မြေကွက်လေးတစ်ကွက် ဝယ်မယ်။ ကိုယ့်လို မိဘမဲ့တွေကို ပြန်လှူမယ်" ဟု အောင်ငြိမ်းဦးက သူ ရည်မှန်းထားသည့်အတွေးကို ပြောပြသည်။

လွန်ခဲ့သည့် ၂၂ နှစ်ကာလက ဘူတာတွင် ခြေသလုံးအိမ်တိုင်နေထိုင်ပြီး ရထားတွဲများပေါ် ကျင်လည်ကျက်စားခဲ့ကာ ပတ်ဝန်းကျင်က ဆိုးသွမ်းသူဟု သတ်မှတ်ခံခဲ့ရသည့် လူငယ်လေးတစ်ဦးသည် ယနေ့အချိန်မှာတော့ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားတစ်ဦးအဖြစ် ဘဝကို ရပ်တည်နေပါပြီ။

အောင်ငြိမ်းဦးလိုပင် မသန်စွမ်းအားကစားသမားအားလုံးသည် နောက်ခံအကြောင်းအရာ၊ ဘဝပေးအခြေအနေအရ ကြမ်းတမ်းခက်ခဲစွာဖြင့်ဖြတ်သန်းလာခဲ့ရသူများဖြစ်သည်။ မသန်စွမ်းဘဝကို စိတ်မပျက်၊ အားမငယ်ဘဲ ဇွဲလုံ့လဖြင့် ကြိုးစားခဲ့ကြသဖြင့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများအဖြစ် ရပ်တည်ခွင့်ရရှိလာကြသူများဖြစ်သည်။

မသန်စွမ်းအားကစားပြိုင်ပွဲကျင်းပရာ အားကစားရုံအသီးသီးတွင် ချိတ်ဆွဲထားသော ဆောင်ပုဒ်များလိုပင် "မသန်သော်လည်း စွမ်းပါသည်၊ နိုင်ငံ့ဂုဏ်ကိုမြှင့်တင်မည်"၊ "မသန်လည်းလူ၊ သန်လည်းလူ၊ စွမ်းဆောင်မှုသာ အဓိက" ဖြစ်ပါသည်။

# Education

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

Vol.12, No.46 • JANUARY 22 , 2014




မူလတန်းစာသင်ခန်းတစ်ခုမြင်ကွင်း

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## မူလတန်းအဆင့်ကျောင်းတွင် အနည်းဆုံး ဆရာ၊ ဆရာမငါးဦးခန့်အပ်သွားမည်

**နေလင်းထွန်း**

**ရန်ကုန်၊ဇန်နဝါရီ- ၁၈**

နိုင်ငံတော်သမ္မတ၏လမ်းညွှန်မှုဖြင့် မူလတန်းအဆင့်ကျောင်းတစ်ကျောင်းတွင် ဆရာ၊ ဆရာမငါးဦး အနည်းဆုံးခန့်အပ်သွားရန်စီစဉ်နေပြီဖြစ်ကြောင်းပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ သတင်းရရှိသည်။

တစ်နိုင်ငံလုံးရှိအခြေခံပညာကျောင်းတိုင်းတွင် ဆရာ၊ ဆရာမငါးဦးအနည်းဆုံးခန့်အပ်မည့်အစီအစဉ်ကြောင့် လာမည့်ပညာသင်နှစ်တွင် ဆရာ၊ ဆရာမသုံးသောင်းတိုးမြှင့်ခန့်ထားမည်ဖြစ်ကြောင်း သိရသည်။

“တစ်ကျောင်းကိုအနည်းဆုံးငါးယောက်ရှိရမယ်ဆိုလို့ အမြန်ဆုံးဖြည့်ရမယ်။ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်ပဲဖြစ်ဖြစ် ကျောင်းတွေမှာပေါ့။ သူငယ်တန်း၊ ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်းနဲ့စတုတ္ထတန်းရှိတဲ့အခါမှာ ဆရာ၊ ဆရာမငါးယောက်ခန့်ထားမယ်။ တန်းခွဲတွေရှိရင် တိုးချဲ့ခန့်ထားမှာပေါ့”ဟု ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးကိုကိုတင်ကပြောသည်။

မြန်မာနိုင်ငံရှိဝေးလံ၍သွားလာရခက်ခဲသော အခြေခံပညာကျောင်းများတွင်ဆရာ၊ဆရာမလိုအပ်ချက်မြင့်မားနေပြီး မူလတန်းအဆင့်တွင် အတန်းခွဲခြားနိုင်ခြင်းမရှိဘဲ အတန်းများအားစုစည်း၍ ဆရာတစ်ဦးတည်းကသင်ကြားနေရခြင်းများရှိနေသည်။

ပညာရေးဝန်ကြီးဌာနသည် ကျောင်းသား၊ ဆရာအချိုးကွာဟချက်ကြီးမားနေမှုကို လျှော့ချနိုင်ရန်လွန်ခဲ့သည့် ပညာသင်နှစ်ကနေ့စားလစာပေးမူလတန်းဆရာ၊ ဆရာမများ ခန့်အပ်ခဲ့ပြီး လာမည့်ပညာသင်နှစ်တွင်လည်း ဆရာ၊ ဆရာမများတိုးမြှင့်ခန့်ထားရန် စီစဉ်နေခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် အခြေခံပညာကျောင်းပေါင်းလေးသောင်းကျော်၌ ကျောင်းသား၊ ကျောင်းသူငါးသန်းကျော်အား ဆရာ၊ ဆရာမသုံးသိန်းကျော်က ပညာသင်ကြားပို့ချနေပြီး ယခုနှစ်ပိုင်းတွင်ကျောင်းသား၊ ဆရာဦးရေမြင့်တက်နေသည်။

## စာသင်ခန်းသို့မသွားနိုင်သည့်ကလေးငယ်များအား ပညာသင်ပေးမည့် ရွေ့လျားအစီအစဉ်စတင်

**ရဲနောင်၊ ဆွေမွန်**

**ရန်ကုန်၊ ဇန်နဝါရီ-၁၈**

ငွေကြေးချို့တဲ့ပြီး အလုပ်အကိုင်လုပ်နေရသည့် ပညာသင်ကြားရမည့်အရွယ် ကလေးငယ်များအား ပညာလိုက်လံသင်ကြားပေးမည့် ရွေ့လျားပညာပေးစနစ် MyME Project ကို စတင်လုပ်ကိုင်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။

Myanmar Mobile Ecucation Project (MyME Project) ကို စတင်လုပ်ကိုင်နေသည်မှာ တစ်လခန့်ရှိနေပြီဖြစ်ပြီး လက်ရှိတွင် လက်ဖက်ရည်ဆိုင်များမှ ပညာသင်ကြားခွင့်မရသည့် ကလေးငယ် ၁၂၀ ခန့်အား သင်ကြားပေးနေရကြောင်း စီမံကိန်းဒါရိုက်တာကိုတင်မောင်မောင်အေးက ပြောသည်။

“စာသင်ခန်းထိမသွားနိုင်တဲ့ ကလေးတွေဆီ စာသင်ခန်းကို ပို့ပေးလိုက်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပါ။ ဆင်းရဲနွမ်းပါးတော့ မိသားစုစောင့်ရှောက်ဖို့ဆိုပြီး လုပ်ငန်းခွင်တွေကို ရောက်နေတဲ့ ကလေးငယ်တွေ သူတို့ကိုယ်တိုင် တွေးတတ်ခေါ်တတ်အောင် စာသင်ခန်းလုပ်ပေးတဲ့သဘောပါ”ဟု ကိုတင်မောင်မောင်အေးက ပြောသည်။

တောင်ဥက္ကလာပမြို့နယ်ရှိ လက်ဖက်ရည်ဆိုင်ကိုးဆိုင်မှ ကလေးငယ်များကို ပညာရေးဝန်ကြီးဌာနမှ သုတေသနပြုလုပ်ထားသော Non-Formal Education System ဖြင့် သင်ကြားပေးနေ၍ ခြောက်လကြာ ကနဦးစီမံချက်အနေဖြင့် ပြုလုပ်သွားမည်ဖြစ်ပြီး အဆိုပါကာလပြီးဆုံးသွားပါက အားနည်းချက်၊ အားသာချက်များကို လေ့လာဆန်းစစ်၍ ရေရှည်စီမံကိန်းတစ်ခုအနေဖြင့် ဆောင်ရွက်သွားမည်ဟု သိရသည်။

ပညာသင်ကြားပေးရာတွင် အသက်အရွယ်နှင့် ၎င်းတို့၏ ပညာအရည်အချင်းအဆင့်အလိုက် အဆင့် ၄ ဆင့်ခွဲ၍ သင်ကြားပေးနေခြင်းဖြစ်ပြီး တစ်နေ့လျှင် နှစ်နာရီခန့် ပညာသင်ကြားပေးနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

လက်ရှိတွင် အဆိုပါကနဦးစီမံချက်အတွက် ရွေ့လျားကားတစ်စီးဖြင့် သွားရောက်သင်ကြားပေးနေပြီး နောက်ပိုင်းတွင် ရွေ့လျားကားများ တိုးချဲ့ကာအခြားမြို့နယ်များတွင်လည်း လက်ဖက်ရည်ဆိုင်များရှိ ပညာမသင်ကြားနိုင်သည့် ကလေးများထံ သွားရောက်သင်ကြားပေးနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကိုတင်မောင်မောင်အေးက ပြောသည်။

## နော်ဝေးအစိုးရပညာသင်ဆု အစီအစဉ် နောက်ဆုံးနှစ်အတွက် လျှောက်လွှာခေါ်ယူ

**နေလင်းထွန်း**

**ရန်ကုန်၊ ဇန်နဝါရီ-၁၇**

နော်ဝေးအစိုးရက မြန်မာကျောင်းသားများအား ပေးအပ်နေသော ပညာသင်ဆုအစီအစဉ် နောက်ဆုံးနှစ်အတွက် ဖေဖော်ဝါရီ ၂၁ ရက်တွင် အပြီးသတ်လျှောက်ထားရမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။

နော်ဝေးနိုင်ငံခြားရေးဝန်ကြီးဌာနက အရည်အချင်းပြည့်မီသော မြန်မာကျောင်းသား ၁၂၀ အားထိုင်းနိုင်ငံရှိအာရှနည်းပညာတက္ကသိုလ် (AIT) တွင် ဘွဲ့လွန်ပညာလေ့လာရန် သုံးနှစ်ဆက်တိုက် ပညာသင်ဆုရွေးချယ်ပေးအပ်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

ပညာသင်ဆုအစီအစဉ်၏ နောက်ဆုံးနှစ်အတွက် ကျောင်းသားဝန်ဆောင်မှုလုပ်ငန်းများကို AIT ကျောင်းသားဟောင်းများအဖွဲ့က ဆောင်ရွက်မည်ဖြစ်ပြီး ပုလဲကွန်ဒို၊ ပထမထပ်၊ အခန်း (F-21) အီးမေးလ်makaam@gmail.comသို့ ဆက်သွယ်မေးမြန်းနိုင်မည်ဖြစ်သည်။

ပညာသင်ဆုအတွက် အသက်၄၀ အရွယ်အောက်ကျောင်းသားများ လျှောက်ထားနိုင်မည်ဖြစ်ပြီး မဟာဘွဲ့သင်တန်းပြီးဆုံးပါက မြန်မာနိုင်ငံသို့ပြန်လာ၍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်လုပ်ကိုင်ဆောင်ရွက်ရန် စည်းကမ်းသတ်မှတ်ထားသည်။




အင်ဂျင်နီယာ၊ သဘာဝပတ်ဝန်းကျင်၊ နည်းပညာနှင့် စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာ ဘာသာရပ်များကို လေ့လာသင်ယူမည့် မြန်မာကျောင်းသားများအနေဖြင့် မဟာဘွဲ့သင်တန်းအတွက် AIT ရှိ School of Environment, Resources and Development (SERD), School of Engineering and Technology (SET) နှင့် School of Management (SOM) တို့တွင် သင်ကြားနေသော ဘာသာရပ်များကို လေ့လာသင်ယူခွင့်ရရှိမည်ဖြစ်သည်။

ပညာသင်ဆုလျှောက်လွှာအတွက် www.ait.asia/admissions/form.html တွင် လျှောက်လွှာပုံစံရယူဖြည့်သွင်းရမည် ဖြစ်ပြီး AIT ကျောင်းတွင် တက်ရောက်လိုသည့် အကြောင်းရင်း၊ မိမိ၏ ကာလတို၊ ကာလရှည် အနာဂတ်ရည်မှန်းချက်၊ မြန်မာနိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးရေးလုပ်ငန်းတွင် ရေတို၊ ရေရှည်၌ မည်သည့်အခန်းကဏ္ဍ၌ မည်သို့ပါဝင်ဆောင်ရွက်မည်ကို ဖော်ပြနိုင်ရမည်ဖြစ်သည်။




7 DAY NEWS JOURNAL
Vol.12, No.46 • JANUARY 22 , 2014

# တက္ကသိုလ်၊ ကောလိပ်များတွင် ပုဂ္ဂလိကအဖွဲ့ အစည်းများနှင့် ပူးပေါင်း၍ သင်တန်းဖွင့်လှစ်မည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဇန်နဝါရီ-၉**

ဝန်ကြီးဌာနအသီးသီးအောက်ရှိ တက္ကသိုလ်၊ ကောလိပ်များ၏ ညနေကျောင်းအားချိန်များတွင် ဒေသနှင့်လိုက်လျောညီထွေသော သင်တန်းများကိုပြည်တွင်း၊ပြည်ပ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပူးပေါင်းဖွင့်လှစ်သင်ကြားနိုင်ရန် ဆောင်ရွက်မည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

တက္ကသိုလ်၊ ကောလိပ်များတွင် အချိန်ပိုင်းသက်မွေးပညာသင်တန်းများ၊ အသိပညာသင်တန်းများကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပူးပေါင်းဖွင့်လှစ်သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်သည်။

“ဝင်ငွေအမြတ်အစွန်းအရလည်း အဆင်ပြေတယ်ဆိုရင် Corporatization ပေးလိုက်မယ်။ အစိုးရပိုင်ဆိုင်မှုတွေကို ရှယ်ယာအနေနဲ့ ထားလိုက်မယ်။ အဲဒါဆိုရင် ဆရာမတွေကိုလည်း လစာပိုပေးလာနိုင်မယ်။ အစိုးရလစာနဲ့ညှိစရာမလိုဘဲ သူ့ဘာသာသူလုပ်သွားနိုင်ပြီပေါ့။ အခု အဲဒီအခွင့်အရေးကို စပေးနေပါပြီ” ဟု ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

လက်ရှိအချိန်တွင် ပညာရေးဝန်ကြီးဌာနအောက်ရှိ အမျိုးသားစီမံခန့်ခွဲမှုပညာ ကောလိပ်တွင် ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် သင်တန်းများ ပူးပေါင်းစီစဉ်ဖွင့်လှစ်မှုများ ဆောင်ရွက်နေပြီး အောင်မြင်မှုများ ရရှိနေကြောင်း သိရသည်။

ဝန်ကြီးဌာနအသီးသီးအောက်ရှိ တက္ကသိုလ်၊ ကောလိပ်များအနေဖြင့် နိုင်ငံတော်ဘဏ္ဍာငွေတစ်ခုတည်းပေါ်တွင် မှီခိုနေရမည့်အစား လွတ်လပ်စွာ ရန်ပုံငွေရှာဖွေသုံးစွဲ၍ တာဝန်ခံဆောင်ရွက်ခွင့် ရှိလာစေရန် လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ ဆွေးနွေးပွဲမှ လုပ်ငန်းစဉ်ချမှတ်ထားသည်။




# လားရှိုးမြို့ ပညာရေးကောလိပ် စတင်ဖွင့်လှစ်

**နေလင်းထွန်း**

**ရန်ကုန်၊ဇန်နဝါရီ- ၁၈**

ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့တွင် ပညာရေးကောလိပ်စတင်ဖွင့်လှစ်လိုက်ပြီး သင်တန်းသားများကို လက်ခံသင်ကြားပေးနေပြီဖြစ်ကြောင်း ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ သတင်းရရှိသည်။

ပညာရေးကောလိပ်ဖွင့်လှစ်သင်ကြားရန် ၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ်မှစတင်၍တည်ဆောက်ရေးလုပ်ငန်းများလုပ်ကိုင်ခဲ့ခြင်းပြီး လွန်ခဲ့သည့် ဒီဇင်ဘာလတွင် သင်တန်းသားများလက်ခံခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“၁၉၂ယောက်နဲ့စဖွင့်လိုက်တယ်။ ရှမ်းပြည်နယ်မြောက်ပိုင်းက သင်တန်းသားတွေအတွက် အဓိကပေါ့။ အရင်က ကျောင်းမရှိတော့ မန္တလေးဘက်ကိုလာတက်ကြရတယ်”ဟု ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိသူကပြောသည်။

မြန်မာနိုင်ငံတွင် ဆရာအတတ်သင်ပညာရေးကောလိပ်စုစုပေါင်း ၂၀ တည်ထောင်ဖွင့်လှစ်ထားပြီး ယခုအခါပညာရေးကောလိပ် ၂၁ခုတွင်အခြေခံပညာဆရာ၊ ဆရာမများအားသင်တန်းများပို့ချပေးနိုင်တော့မည်ဖြစ်သည်။

ပညာရေးဝန်ကြီးဌာနသည် ဆရာ၊ဆရာမဦးရေမြင့်မားရေးနှင့် အရည်အသွေးမြှင့်တင်ရေးတို့အတွက် ပညာရေးကောလိပ်များတိုးချဲ့တည်ဆောက်နေခြင်းဖြစ်ပြီး ဂျပန်နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ၏ ထောက်ပံ့မှုဖြင့် တောင်ငူမြို့တွင် ပညာရေးကောလိပ်တည်ဆောက်ရန် သဘောတူထားပြီးဖြစ်သည်။

# တက္ကသိုလ်များဗဟိုကောင်စီကို အမည်ပြောင်းရန်စီစဉ်

**နေလင်းထွန်း**

**ရန်ကုန်၊ ဇန်နဝါရီ-၁၁**

တက္ကသိုလ်များ သီးခြားလွတ်လပ်သော အဖွဲ့အစည်းအဖြစ် ရပ်တည်ဆောင်ရွက်နိုင်ရေးအတွက် အသစ်ဖွဲ့စည်းမည့်တက္ကသိုလ်များဗဟိုကောင်စီကို နာမည်ပြောင်းလဲရန် စီစဉ်ထားကြောင်း ပညာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

ကျောင်းသားသမဂ္ဂများ၊ တက္ကသိုလ်ဆရာ၊ဆရာမအသင်းများ၊ နိုင်ငံရေးပါတီအချို့၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးပြီး တက္ကသိုလ်များဗဟိုကောင်စီကို အဆင့်မြင့်ပညာညှိနှိုင်းပေါင်းစပ်ရေးကောင်စီအမည်သို့ ပြောင်းလဲရန် သဘောတူထားကြောင်း အဆင့်မြင့်ပညာဦးစီးဌာနမှ တာဝန်ရှိသူက ပြောသည်။

“ Higher Education Coordinating Council အမည်ကို ပြောင်းဖို့ ဆွေးနွေးထားပါတယ်။ နောက်လာမယ့် ဆွေးနွေးပွဲတွေမှာ ဆက်လက်ဆွေးနွေးသွားမှာပါ။ အခုကမူကြမ်းအဆင့်ပဲရှိပါသေးတယ်” ဟု အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

စစ်အစိုးရအုပ်ချုပ်ခဲ့စဉ်က တက္ကသိုလ်များ ဗဟိုကောင်စီနှင့် တက္ကသိုလ်ပညာရေး အဖွဲ့များကောင်စီကို ဖွဲ့စည်းထားပြီး စစ်အစိုးရခေါင်းဆောင်တို့က ကောင်စီဥက္ကဋ္ဌတာဝန်ယူထားကာ တက္ကသိုလ်များကို ချုပ်ကိုင်ခြယ်လှယ်ကြသည်။

ယခုအခါ ပညာရေးဝန်ကြီးဌာနက တက္ကသိုလ်များ ဗဟိုကောင်စီကို ပြန်လည်ဖွဲ့စည်းရန် ဖွဲ့စည်းပုံမူကြမ်းရေးဆွဲထားပြီး ဖွဲ့စည်းပုံနှင့်ပတ်သက်၍ ကျောင်းသားသမဂ္ဂများ၊ တက္ကသိုလ်ဆရာ၊ ဆရာမများအသင်းနှင့် နိုင်ငံလုံးဆိုင်ရာ ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေးကွန်ရက်တို့က အပြင်းအထန်ကန့်ကွက်ကြောင်း ကြေညာခဲ့သည်။

ကောင်စီဖွဲ့စည်းရေးနှင့် ပတ်သက်၍ ပညာရေးဝန်ကြီးဌာနသည် ဒေသအသီးသီး၌ ဒေသန္တရအဆင့်အစည်းအဝေးများ ကျင်းပပြီး သက်ဆိုင်သူအချို့ကိုဖိတ်ခေါ် ဆွေးနွေးခဲ့ကာ ဆက်လက်ဆွေးနွေးညှိနှိုင်းရန် လိုအပ်နေဆဲဖြစ်သည်။

# လှိုင်သာယာအလုပ်အကိုင်ပြပွဲတွင် အလုပ်သမားများအား အမြင့်ဆုံးလစာတစ်သိန်း ပေးခေါ်ယူ

**အေးမြတ်သူ**

**ရန်ကုန်၊ဇန်နဝါရီ- ၁၈**

လှိုင်သာယာမြို့နယ်တွင်ကျင်းပလျက်ရှိသည့် အလုပ်အကိုင်ပြပွဲတွင် အလုပ်သမားများကိုလစာတစ်သိန်းကျော်အမြင့်အားပေး၍ အလုပ်ခေါ်ဆိုနေကြောင်း ပြပွဲတွင်ပါဝင်သည့် ကုမ္ပဏီများထံမှ သတင်းရရှိသည်။

ပြည်တွင်းသို့ပြည်ပမှရင်းနှီးမြှုပ်နှံမှုများဆက်တိုက်ဝင်ရောက်လာသည့်အပြင် ပြည်တွင်းလုပ်ငန်းများလည်း တိုးချဲ့လုပ်ကိုင်လာလျက်ရှိရာ ၎င်းတို့အနက် CMP လုပ်ငန်းများအများဆုံးဝင်ရောက်လျက်ရှိသည်။ ထို့ကြောင့် စက်ရုံအလုပ်ရုံလုပ်ငန်းများတွင် လုပ်သားလိုအပ်ချက်နှုန်းမြင့်တက်လာသောကြောင့် အစိုးရမှမြန်မာနိုင်ငံတွင် ပထမအကြိမ်အဖြစ် စက်မှုဇုန်အတွင်းရှိ အခြေခံအလုပ်သမားများကိုဦးစားပေး၍အလုပ်ခေါ်ဆိုသည့်အလုပ်အကိုင်ပြပွဲကို လှိုင်သာယာမြို့နယ်(၆)ရပ်ကွက်၊ ကျန်စစ်သားလမ်းရှိ သုခစုစံအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီက ဖွင့်လှစ်ထားသောလုပ်သားကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းတွင် ယခုလ၁၈ရက်မှ ၂၀ရက်အထိကျင်းပပြုလုပ်ခြင်းဖြစ်သည်။

အလုပ်အကိုင်ပြပွဲတွင် လုပ်သားခေါ်ဆိုမှုအများဆုံးလုပ်ငန်းမှာ အထည်ချုပ်လုပ်ငန်းများဖြစ်ပြီး အနိမ့်ဆုံးလုပ်ခလစာငွေကျပ်ရှစ်သောင်းမှ အမြင့်ဆုံးငွေကျပ်တစ်သိန်းကျော်ထိ ပေး၍အလုပ်ခေါ်ဆိုကြကြောင်းသတင်းရရှိသည်။ထို့အပြင် ပြပွဲအတွင်းအလုပ်ခေါ်ဆိုထားသော စက်ရုံအ



လုပ်ရုံအများစုမှာပြပွဲရက်အတွင်း အင်တာဗျူးများချက်ချင်းပြုလုပ်ကာ လက်တွေ့စမ်းသပ်မှုများဖြင့် စစ်ဆေးလျက်ရှိသည်။

စစ်ဆေးစမ်းသပ်မှုအောင်မြင်သူများကို အချို့သောစက်ရုံများက အစမ်းခန့် သုံးလဖြင့်အလုပ်ခေါ်ယူမည်ဖြစ်ပြီး အချို့သော စက်ရုံများကတိုက်ရိုက်အလုပ်ခန့်မည်ဖြစ်ကြောင်း သိရသည်။

"စက်ရုံက ထပ်တိုးချဲ့တော့လူထပ်တိုးဖို့လိုတာပေါ့။ အခုပြပွဲမှာ လူနှစ်ရာလောက်အလုပ်ခေါ်ထားတယ်။ကြိုက်ရင် ဒီလူတွေကိုချက်ချင်းတန်းခန့်သွားမှာ"ဟု ဟာမိုနီမြန်မာအထည်ချုပ်စက်ရုံမှ မန်နေဂျာ ဦးဇော်ထူးနိုင်ကပြောကြားသည်။

"အစ်မတို့က သူတို့ကိုပြပွဲမှာ တစ်ခါတည်းအင်တာဗျူးပြီးပြီ။ စက်ရုံကိုလူတွေ့အနေနဲ့ ထပ်ခေါ်ပြီး သူတို့ကိုထပ်ပြီးစစ်ဆေးပြီးရင် တစ်ခါတည်းတန်းခန့်သွားမှာ။ အစ်မတို့ စက်ရုံက ၂၀၁၃ခုနှစ်မှ ဖွင့်တော့လက်ရှိစက်ရုံမှာ တစ်ထောင်လောက်ရှိပေမယ့် တိုးချဲ့ဖို့လိုအပ်လို့အလုပ်ခေါ်တာပါ"ဟု AMG အထည်ချုပ်စက်ရုံမှ HRတာဝန်ခံ မနီနီမာကပြောသည်။

ယခုပြပွဲအတွင်းလာရောက်အလုပ်ခေါ်ယူသော စက်ရုံအများစုမှာ နိုင်ငံခြားသားပိုင်စက်ရုံများဖြစ်ပြီး ကိုရီးယားနိုင်ငံသားပိုင်စက်ရုံများပိုမိုပါဝင်ကြောင်း သိရသည်။ လက်ရှိပြည်တွင်းသို့ ရင်းနှီးမြှုပ်နှံမှုဝင်ရောက်လာသည့်CMP လုပ်ငန်းများအနက် အထည်ချုပ်လုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံမှုအများဆုံးဖြစ်ကြောင်းသတင်းရရှိသည်။

ထို့အပြင်ယခုအလုပ်ခေါ်ဆိုလျက်ရှိသည့်စက်ရုံအများစုတွင် စက်ရုံတစ်ခုလျှင် အလုပ်သမားဦးရေ အနည်းဆုံးလူ ငါးဆယ်မှရှစ်ရာအထိ ခေါ်ဆိုထားကြောင်းသတင်းရရှိသည်။

## Free Classified

## ဝန်ထမ်းအလိုရှိသည်

**ဝန်ထမ်းအလိုရှိသည်**

စက်ပြင် (Maintenance) ကျား(၁)ဦး အလိုရှိသည်။ AGTI/B.Tech (EC/Mechanical)ဘွဲ့ရ၊

အသက်(၃၀)ထက် မကျော်ရ။

ဖုန်း-၃၉၅၃၀၃ (ရုံးချိန်)

---

**ဝန်ထမ်းအလိုရှိသည်**

HR Officer (F-1Post), IT Officer (M- 1 Post), Admin Assistant (M-3Posts), Marketing Supervisor (For Event) (M/F- 1 Post), Sales Representative (Yangon/Regional) (M-3 Posts)

Ph: 09-420056600

---

**ဝန်ထမ်းအလိုရှိသည်**

Marketing Staff F (2) Posts

Marketing Supervisor F (2) Posts

Operation Supervisor F (1) Post

Computer စာစီစာရိုက်

ကျွမ်းကျင် (1) Posts

ဖုန်း-၀၉ ၅၀၆၀၃၇၆

---

**ဝန်ထမ်းအလိုရှိသည်**

အင်ဂျင်နီယာ (Civil,Electrical, Mechnical) M/F (3) Posts

စတီး၊ အလူမီနီယမ်၊ သံပန်းသံတံခါး၊

လျှပ်စစ်ကျွမ်းကျင် M (5) Posts

အထွေထွေလုပ်သား M (10) Posts

ကျွမ်းကျင်နေ့စားလုပ်သား M (5) Posts

ဖုန်း-၀၁ ၅၄၃၈၁၆

---

**ဝန်ထမ်းအလိုရှိသည်**

ဂျပန်(သို့) အင်္ဂလိပ်လိုင်စင်ရ Tour Guide တစ်ဦး အလိုရှိသည်။

အမှတ်-၁၆(က)၊ သစ္စာလမ်း၊ ကံဘဲ့၊ ၁၂ ရပ်ကွက်။

ဖုန်း-၀၉ ၄၂၀၆၆၃၁၅

---

**ဝန်ထမ်းအလိုရှိသည်**

Graphic Designer M (2) Posts

Adobe Photoshop, illustrator ကျွမ်းကျင်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

KMD Computer Centre

ဖုန်း-၀၁ ၃၈၁၁၂၉

---

**ဝန်ထမ်းအလိုရှိသည်**

Networking သင်တန်းဆင်းလက်မှတ်ရှိသူ ကျား (၅) ဦး။ B.E (EC or EP)၊ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး (Networking သင်တန်းဆင်းလက်မှတ်ရှိသူများလည်း လျှောက်ထားနိုင်သည်)

ဖုန်း-၀၁ ၃၈၃၄၃၀

---

**ဝန်ထမ်းအလိုရှိသည်**

Photoshop ကျွမ်းကျင်ဝန်ထမ်း မ (၁) ဦး အလိုရှိသည်။

ဗိုလ်မင်းရောင်လမ်း (၁၀၉) လမ်းထိပ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။

ဖုန်း-၀၉ ၇၃၀၁၁၀၉၂

---

**ဝန်ထမ်းအလိုရှိသည်**

ကျား/မ (၁) ဦး၊ သွင်းကုန်/ထုတ်ကုန် လုပ်ငန်းကျွမ်းကျင်သူ(လုပ်သက်- ၃ နှစ်အထက်) အသက် ၃၅ မှ ၅၀ နှစ်အတွင်း။

ဖုန်း-၀၁ ၂၃၀၀၉၃၂

---

**ဝန်ထမ်းအလိုရှိသည်**

Operation Manager ကျား/မ (၁) ဦး

Sales Manager ကျား/မ (၂) ဦး

Sales & Marketing Executive

ကျား/မ (၅) ဦး

Asterism Int'L Co.,Ltd

ဖုန်း-၀၁ ၅၂၂၂၆၄

---

**Driver အလိုရှိသည်**

အသက်(၅၀)နှစ် အထက်ရှိပြီး၊ ကျန်းမာရေးကောင်းမွန်ရမည်။ အရက်သေစာကင်းရှင်းပြီး၊ ယာဉ်မောင်းလိုင်စင်နှင့် လုပ်သက် အနည်းဆုံး(၁၀)နှစ်ရှိရမည်။

ဖုန်း-၀၁ ၂၀၀၈၃၇

---

**ဝန်ထမ်းအလိုရှိသည်**

အမျိုးသားဆံသဆိုင်မှ

ကျွမ်းကျင် ကျား (၂) ဦး

အလုပ်သင် ကျား (၂) ဦး

ဖုန်း-၀၉ ၇၃ ၂၃၅၈၇၁

---

**ဝန်ထမ်းအလိုရှိသည်**

Accountant ကျား/မ (၃) ဦး

ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။ လချုပ်စာရင်း ချုပ်နိုင်ရမည်။ စတိုစာရင်းများကို ပိုင်နိုင်စွာ လုပ်နိုင်ရမည်။

ဖုန်း-၀၁ ၅၂၁၂၆၄

---

**ဝန်ထမ်းအမြန်အလိုရှိသည်**

Manager M (3), Accountant F (2)

Office Staff F (2), Security M (50)

PH:09 36114513

---

**ဝန်ထမ်းအလိုရှိသည်**

Senior Engineer (1)

B.E/AGTI (Civil) ဆောက်လုပ်ရေးလုပ်ငန်းအတွေ့အကြုံ ၆ နှစ်။

Marketing Manager (1)

Graduate with Diploma/MBA

At least (5) years experience

PH:09 250437728

---

**ဝရင်းလိ(ဖ်) ဖြန့်ချိရေး**

အရောင်းကြီးကြပ်ရေးမှူး

ကျား (၁) ဦး မ (၅) ဦး

အရောင်းမြှင့်တင်ရေးဝန်ထမ်း

ကျား (၅) ဦး မ (၅) ဦး

အရောင်းဝန်ထမ်း ကျား (၅) ဦး မ (၅) ဦး

အရောင်းအကူဝန်ထမ်း

ကျား (၃) ဦး မ (၅) ဦး

ဖုန်း-၀၉ ၈၆ ၂၀၅၀၈

---

**အလိုရှိသည်**

Vinyl ရိုက်၊ လက်ကမ်းစာစောင်ဝေရန် (အချိန်ပိုင်း) အလုပ်သမားအလိုရှိသည်။

အသက် ၃၀ အောက်၊ Vinyl ရိုက်ဖူးသူ။

ဖုန်း-၀၉ ၄၃၁၉၂၆၈၄

---

**ဝန်ထမ်းအလိုရှိသည်**

Site Engineer BE/B.Tech/AGTI-(Civil)

Site အတွေ့အကြုံ အနည်းဆုံး ၂ နှစ်ရှိရမည်။ Estimate တွက်ချက်တတ်ရမည်။

ဖုန်း-၀၉ ၇၃၁၈၁၃၉၀

---

**ဝန်ထမ်းအလိုရှိသည်**

Laundry Senior M/F (2) Posts

Receptionist M/F (4) Posts

**ဟိုတယ်ရွှေဂုံတိုင်**

ဖုန်း-၀၁ ၅၅၂၅၈၃၊ ၅၅၂၅၈၅

---

**Driver အလိုရှိသည်**

အသက်(၅၀)နှစ် အထက်ရှိပြီး၊ ကျန်းမာရေးကောင်းမွန်ရမည်။ အရက်သေစာကင်းရှင်းပြီး၊ ယာဉ်မောင်းလိုင်စင်နှင့် လုပ်သက် အနည်းဆုံး(၁၀)နှစ်ရှိရမည်။

ဖုန်း-၀၁ ၂၀၀၈၃၇

---

**ဝန်ထမ်းအလိုရှိသည်**

စက်ချုပ်ကျွမ်းကျင် မ (၂) ဦး

ညှိနှိုင်းလစာ၊ နေစား(ငြိမ်း)။

Deam Fashion & Design Creation

ဖုန်း-၀၉ ၅၀၃၃၀၆၉

---

**ဝန်ထမ်းအလိုရှိသည်**

Marketing F (3) Posts

SWIFT REAL ESTATE Co.,Ltd

PH:09 254136110

---

**ဝန်ထမ်းအလိုရှိသည်**

စက်ချုပ်ကျွမ်းကျင် (၅) ဦး

Pattern ဆွဲကျွမ်းကျင် (၂) ဦး

အညှပ်ကျွမ်းကျင် (၂) ဦး

လစာကောင်းကောင်းပေးမည်။

ဖုန်း-၀၉ ၅၀၄၇၇၈၉

---

**ဝန်ထမ်းအလိုရှိသည်**

Receptionist M (2) Posts

Kitchen Helper M (3) Posts

Supervisor M (2) Posts

Chief Cook M (2) Posts

NO(14),Phone Gyi Road, Lanmadaw Township.

---

**ဝန်ထမ်းအလိုရှိသည်**

Receptionist F (2) Posts

Supervisor F (2) Posts

NO(660-A),Myakanthar (1) Street, Kamaryut Township.

---

**ဝန်ထမ်းအလိုရှိသည်**

Data Collector

ရန်ကုန်မြို့တွင်းကျွမ်းကျင်စွာ သွားလာနိုင်သူ၊ လုပ်ငန်းဆိုင်ရာအချက်အလက်များကို ထိန်းသိမ်းနိုင်သူ၊ Data အချက်အလက်ကောက်ယူခြင်းကို စိတ်ဝင်စားသူ။

Design Printing Services Co.,Ltd

ဖုန်း-၀၁ ၂၀၄၀၂၀

---

**ဝန်ထမ်းအလိုရှိသည်**

မြောက်ဒဂုံရေသန့်စက်ရုံတွင် တာဝန်ထမ်းဆောင်ရန်

Driver (၂) ဦး

အထွေထွေလုပ်သား (၁၀) ဦး

ဆက်သွယ်ရန်-

ဖုန်း-၀၁ ၅၈၀၅၅၀

---

**ဝန်ထမ်းအလိုရှိသည်**

Designer M/F (3) Posts

Accountant F (1) Posts

Sales & Marketing M/F (2) Posts

ဖုန်း-၀၉ ၈၆ ၂၀ ၂၈၃

---

**ဝန်ထမ်းအလိုရှိသည်**

HR Manager (2) Posts

HR Supervisor (2) Posts

Room Attendant (25) Posts

ပန်းကန်ဆေး (1) Posts

သန့်ရှင်းရေး (5) Posts

Marketing (2) Posts

Reservation (2) Posts

PH:01 391070, Ext: 1902

---

**ဝန်ထမ်းအမြန်အလိုရှိသည်**

Medical Officer (4) Posts

Assistant Medical Officer (6) Posts

ရွှေဗဟိုဆေးရုံ - ဖုန်း-၀၁ ၅၄၅၈၅၁

---

**ဝန်ထမ်းအလိုရှိသည်**

အသစ်ဖွင့်မည့် ဟော့ပေါ့ဆိုင်အတွက် Waiter များအလိုရှိသည်။ ကျန်းမာရေးစစ်ဆေးပါမည်။ ရောဂါကင်းရှင်းရမည်။ အကျင့်စာရိတ္တကောင်းမွန်ရမည်။

ဖုန်း-၀၉ ၅၁၅၅၀၀၃

---

**ဝန်ထမ်းအလိုရှိသည်**

မန်နေဂျာ ကျား (၁) ဦး

ရုံးဝန်ထမ်း ကျား/မ (၂) ဦး

အထွေထွေဝန်ထမ်း ကျား (၁၀) ဦး

ယာဉ်မောင်း ကျွမ်းကျင် ကျား (၃) ဦး

ဆက်သွယ်ရန်- ဖုန်း-၀၉ ၇၃၀ ၂၇၇၃၃

---

**ဝန်ထမ်းအလိုရှိသည်**

ရောင်းမောင်းဝန်ထမ်း (၂) ဦး

အရောင်းဝန်ထမ်း (၅) ဦး

နေရေး၊ စားရေးစီစဉ်ပေးမည်။

ဖုန်း-၀၉ ၅၁၀ ၂၁၉၄

---

**ဝန်ထမ်းအလိုရှိသည်**

ဘဏ္ဍာရေးမှူး ကျား/မ (၁) ဦး

အဆောင်မှူး ကျား/မ (၂) ဦး

ရုံးဝန်ထမ်း ကျား/မ (၁) ဦး

ဥယျာဉ်မှူး ကျား (၁) ဦး

သန့်ရှင်းရေး မ (၁) ဦး

ဖုန်း-၀၉ ၄၂၁၀၄၉၀၇၅

---

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။ အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

7 DAY NEWS JOURNAL
Vol.12, No.46 • JANUARY 22 , 2014

# အဆုံးစီရင်နှုန်း မြင့်တက်လာသည့် မြန်မာနိုင်ငံ

**အောင်သစ်လွင်**



“ရာဇသတ်ကြီး ဥပဒေအရ လူတစ်ယောက်ဟာ ပြစ်မှုကျူးလွန်ပြီး အောင်မြင်သွားရင် အပြစ်ပေးမခံရနိုင်တာ နှစ်မှုပဲ ရှိတယ်။ နိုင်ငံတော်ပုန်ကန်မှုနဲ့ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်မှုပဲ” ဟု ဥပဒေပညာရှင် ဦးမင်းတေဇညွန့်တင်က ပြောသည်။

နိုင်ငံတော် ပုန်ကန်သူမှာ ၎င်း၏ ကျူးလွန်မှု အောင်မြင်သွားပါက နိုင်ငံတော်၏ အထွတ်အထိပ်ခေါင်းဆောင် တစ်နည်းအားဖြင့် ရှင်ဘုရင်အဖြစ်ကိုရရှိသွား၍ မည်သည့်ပြစ်ဒဏ်မျှ ကျခံရခြင်းမရှိသလို မိမိကိုယ်မိမိ အဆုံးစီရင်မှုသည်လည်း မအောင်မြင်ပါက ဥပဒေအရ အရေးယူခံရသော်လည်း အောင်မြင်သွားပါက ဇာတ်လမ်းဆုံးခန်းတိုင် သွားသည်ကို ရှင်းပြခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် အရပ်သားအစိုးရ စတင်တာဝန်ယူသည့် ၂၀၁၁ ခုနှစ်မှသည် ၂၀၁၃ အထိ မိမိကိုယ့်ကိုယ် အဆုံးစီရင်ခြင်းမျိုးဖြင့် လူလောကကို နှုတ်ဆက်သွားသူများမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ မှတ်တမ်းစာရင်းများထဲတွင် ကိန်းဂဏန်းများ တစ်နှစ်ပြီးတစ်နှစ်မြင့်တက်လာနေသည်။ ၂၀၁၁ မှ ၂၀၁၃ အတွင်း သေကြောင်းကြံစည်အဆုံးစီရင်သူ ၃,၅၀၀ နီးပါး ရှိသည်။

လေ့လာချက်များအရ နည်းမျိုးစုံအသုံးပြု၍ မိမိကိုယ်ကိုယ် အဆုံးစီရင်ကာ မိသားစုနှင့် လူမှုပတ်ဝန်းကျင်ကို နှုတ်ဆက်ထားရစ်ခဲ့သူများတွင် အသက် (၂၅) နှစ်မှ(၄၀) ကြား အမျိုးသားဦးရေမှာ အရေအတွက် အများဆုံးဖြစ်နေသည်။ ယင်းအခြေအနေမှာ ပြဿနာပေါင်းစုံ အလယ်မှ ရုန်းထွက်၍ ကမ္ဘာ့အလယ်တွင် လမ်းမှန်ပေါ်ရောက်အောင်ကြိုးစားနေဆဲ နိုင်ငံတစ်နိုင်ငံအတွက် အရေးပါသော လူ့စွမ်းအားအရင်းအမြစ်ကို အားအင်ချည့်နဲ့စေသည်။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ရရှိသော စာရင်းများအရ ၂၀၁၁ ခုနှစ်တွင် ကိုယ့်ကိုယ်ကိုယ် သတ်သေသည့်အမှု ၁၂၃၇ မှု ဖြစ်ပွားခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ၁၃၂၂ မှု ဖြစ်ပွားခဲ့သည်။ ၂၀၁၃ ခုနှစ်တွင်မူ ဩဂုတ် လအထိ ၁၁၄၈ မှုဖြစ်ပွားခဲ့ပြီး မှုခင်းဖြစ်စဉ်ကိန်းဂဏန်းများမှာ တစ်နှစ်ပြီးတစ်နှစ် မြင့်တက်လာနေသည်။ ရရှိသော ကိန်းဂဏန်းများကို အခြေခံ၍ တစ်လချင်း တွက်ချက်သော စာရင်းများအရ ၂၀၁၁ က တစ်လလျှင် ၁၀၃ မှုနှင့် ၂၀၁၂ တွင် ၁၁၀ မှုဖြစ်ပွားခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် တစ်လချင်း အတိုင်းအတာဖြင့် ၁၄၃ မှုနှုန်း ဖြစ်ပွားနေပြီး သုံးနှစ်အတွင်းကျား၊မစုစုပေါင်း ၃၄၅၇ ဦး သေဆုံးခဲ့သည်။

မှုခင်းဌာန ရဲအရာရှိများနှင့် မှုခင်းဆရာဝန်များ၏ လေ့လာဆန်းစစ်မှုများအရ မိမိကိုယ်ကိုယ် နည်းမျိုးစုံဖြင့် အဆုံးစီရင်သူများတွင် အမျိုးသားဦးရေက ပိုများနေပြီး အသက်အရွယ်အရလည်း (၂၅) နှစ်မှ(၄၀) ကြား လူဦးရေမှာ အများဆုံးဖြစ်နေသည်။ ထို့အပြင် မိမိ၏ ကျန်းမာရေးအခြေအနေကြောင့် မိသားစုကို ဒုက္ခမပေးလိုတော့၍ မိမိကိုယ်ကိုယ်သတ်သေသွားသူမှာ အများဆုံး ဖြစ်နေကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် မှုခင်းဌာနမှ ရဲအရာရှိတစ်ဦးက ပြောသည်။

“ရဲလုပ်သက် နှစ်လေးဆယ် အတွေ့အကြုံအရ ကျန်းမာရေး အခြေအနေကြောင့် ကိုယ့်ကိုယ်ကိုယ် သတ်သေတဲ့အမှုက အများဆုံးဖြစ်နေတယ်။ စိတ်မကောင်းစရာတစ်ခုက သက်ကြီးရွယ်အိုတွေပါ အဲဒီအုပ်စုထဲ ပါနေပြီး နောက်ဆက်တွဲ စစ်ဆေးချက်တွေက မိသားစုကို သူတို့ဒုက္ခတွေ ဆက်မခံစားစေချင်လို့ဆိုတဲ့ အဖြေရတယ်” ဟု မှုခင်းရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးတစ်ဦးက ပြောသည်။

မိမိကိုယ်ကိုယ် သတ်သေသည့် နည်းအမျိုးမျိုးတွင် ကြိုးချသေဆုံးခြင်း၊ အဆိပ်သောက်သေဆုံးခြင်း၊ ရေထဲခုန်ချ၍ သေဆုံးခြင်း၊ မိမိကိုယ်မိမိသေနတ် (သို့မဟုတ်) ဓားအသုံးပြု၍ သတ်သေခြင်း၊ အမြင့်တစ်နေရာမှ ခုန်ချခြင်း၊ ကိုယ်ကိုယ်ကိုယ် မီးရှို့ခြင်းတို့မှာ သေဆုံးသူ အရေအတွက်အလိုက် အစဉ်အလိုက် ရပ်တည်နေပြီး နာတာရှည်ရောဂါဝေဒနာ ခံစားနေရသည့် သက်ကြီးရွယ်အိုတချို့လည်း ကိုယ်ကိုယ်ကိုယ် အဆုံးစီရင်လေ့ရှိကြောင်း မှုခင်းမှတ်တမ်း များအရ သိရသည်။

“လူရယ်လို့ဖြစ်လာရင်တော့ ပြဿနာပေါင်းစုံကို ရင်ဆိုင်ဖြေရှင်းရမှာပါပဲ။ ဒီပြဿနာကို ဘယ်လို ဖြေရှင်းမလဲဆိုတဲ့ ကာယကံရှင်ရဲ့ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုရှိ၊ မရှိနဲ့ပဲ ဆိုင်ပါတယ်။ ဒါပေမဲ့ စိတ်ကျရောဂါခံစားနေရတဲ့သူကိုတော့ တစ်ယောက်တည်းပစ်မထားမိပါစေနဲ့” ဟု စိတ်ပညာရှင် ဒေါက်တာမြင့်ဆွေက ပြောသည်။

မိမိကိုယ်ကိုယ် အဆုံးစီရင်မှုများမှာ တောရော၊ မြို့ပါဖြစ်ပွားလေ့ရှိပြီး ကာယကံရှင်ကိုယ်တိုင် စိတ်ကျရောဂါ ခံစားနေရကြောင်း သိရှိရပါက စိတ်ပညာဆရာဝန်များနှင့် ဆွေးနွေးတိုင်ပင်သင့်ကြောင်း ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် စိတ်ပညာဌာန ပါမောက္ခ ဒေါက်တာခင်မြင့်က အကြံပြုသည်။

“ကျန်းမာရေး ဗဟုသုတ အားနည်းတဲ့ ကျွန်တော်တို့နိုင်ငံမှာ စိတ်ပညာ ဆရာဝန်ဆီလာဖို့ကို တော်တော် ရှက်ရွံ့တတ်ကြတယ်။ လူတိုင်းလူတိုင်း ကျန်းမာရေးဆိုင်ရာ ဗဟုသုတ ရှိဖို့လည်း လိုအပ်ပါတယ်”ဟု ဒေါက်တာမြင့်ဆွေက ပြောသည်။

မည်သို့ပင်ဖြစ်စေ အခြားသူတစ်ဦး၏ ပယောဂကြောင့် သေဆုံးခြင်းမဟုတ်ဘဲ မိမိကိုယ်ကိုယ် သတ်သေသည့် ကိန်းဂဏန်းစာရင်းများ မြင့်တက်လာခြင်းကို အစိုးရအပါအဝင် လူမှုဝန်းကျင် အသိုင်းအဝိုင်းက မျက်ကွယ်ပြု၍ မနေသင့်ကြောင်း နယ်ပယ်အသီးသီးမှ ပညာရှင်အချို့ အကြံပြုသည်။

မြန်မာနိုင်ငံတွင် ရာဇသတ်ကြီး ဥပဒေအရ သေဒဏ် (သို့မဟုတ်) ကြိုးမိန့် အသက်ဝင်နေဆဲ ဖြစ်သော်လည်း ၁၉၈၉ ခုနှစ်နောက်ပိုင်းမှ စတင်ကာ မြန်မာအစိုးရက အကျဉ်းသားများအား သေဒဏ်ချမှတ် အပြစ်ပေးခြင်း မရှိတော့ပေ။ ယင်းအချက်ကိုလည်း ကုလသမဂ္ဂ အဖွဲ့ကြီး က အသိအမှတ်ပြုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

လူဘဝကိုရခဲ့ပြီး ရှန်းကန်ရှင်သန်ခဲ့သည့် နှစ်ကာလအပိုင်းအခြား တစ်ခုသို့ ရောက်ခဲ့ပြီးကာမှ လူ့သဘာဝအရ ဘဝတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးပြဿနာများကို ရင်မဆိုင်ဝံ့တော့ဘဲ မိမိကိုယ်ကိုယ် အဆုံးစီရင်သွားမှုများသည် ယနေ့အချိန်တွင် ခပ်စိပ်စိပ်ကြားနေရသည့် သတင်းများ ဖြစ်နေသည်။

ရဲတပ်ဖွဲ့ အနေဖြင့်လည်း ယင်းကဲ့သို့သော အမှုအခင်းများမှာ ကာယကံရှင်၏ ပင်ကိုစရိုက်နှင့် စိတ်ပိုင်းဆိုင်ရာ ပြဿနာများဖြင့်သာ တိုက်ရိုက်သက်ဆိုင်သောကြောင့် အခြားမှုခင်းဖြစ်စဉ်များကဲ့သို့ ကြိုတင်ကာကွယ်မှုပြုလုပ်ရန်မှာ အခက်အခဲတစ်ရပ် ဖြစ်နေကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် မှုခင်းရဲတပ်ဖွဲ့မှ ရဲမှူးမြင့်ဝင်းက ပြောသည်။

“သားသမီးတွေ အပြင်ထွက်အလုပ်လုပ်တဲ့အချိန် သူထိန်းနေတဲ့ မြေးမလေးကို အိမ်နီးချင်းတွေဆီ သေချာအပ်ပြီး ကိုယ့်ကိုယ်ကိုယ်ဆွဲကြိုးချသတ်သေလိုက်တဲ့ အဘိုးကြီးတစ်ယောက်ရဲ့ အမှု ကြုံခဲ့ရဖူးတယ်။ ကာယကံရှင်စိတ်ထဲမှာ ဖိအားတွေကို မခံစားနိုင်တော့လို့ ထွက်ပေါက်ရှာသွားတာပါ။ ရလဒ်ကတော့ ကျန်ရစ်သူမိသားစုတွေ အံ့ဩဝမ်းနည်းခဲ့ရတာနဲ့အတူ ရဲတပ်ဖွဲ့ မှုခင်းစာရင်းမှာလည်း အမှုတစ်မှု ထပ်တိုးသွားတာပဲ အဖတ်တင်တာပါ။ ဒီလိုအမှုကို လုံးဝမဖြစ်စေချင်ပါဘူး”ဟု ရဲမှူးမြင့်ဝင်းက ပြောသည်။

အဆိုပါအမှုမှာ မန္တလေးတိုင်း စဉ့်ကူးမြို့နယ်တွင်ပြီးခဲ့သည့်နှစ်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ကြိုးဆွဲချ သေဆုံးသူမှ အသက် (၇၀) နှစ်အရွယ် အဘိုးအိုတစ်ဦးဖြစ်ပြီး နာတာရှည်ရောဂါ ခံစားနေရသူ ဖြစ်သည်။ ၎င်းကိုယ်၎င်း သတ်သေခြင်းမပြုမီ ထိန်းကျောင်းနေသော သုံးနှစ်အရွယ် မြေးဖြစ်သူ ကို အိမ်နီးချင်းများသို့ သေချာအပ်နှံခဲ့ပြီးမှ လယ်ကွင်းပြင်ရှိ သစ်ပင်တွင် ဆွဲကြိုးချသေဆုံးခဲ့ခြင်း ဖြစ်သည်။

ယခုနှစ် ဇန်နဝါရီလအတွင်းကလည်း ရန်ကုန်တိုင်း ဒေသကြီး တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ်တွင် လင်ယောကျ်ားဖြစ်သူ အိမ်ထောင်ရေး ဖောက်ပြန်သောကြောင့် မိန်းမဖြစ်သူမှာ ၂ နှစ်အရွယ် ရင်သွေးအား အိမ်သုံးဆေးအလွန်အကျွံတိုက်၍ ၎င်းကိုယ်တိုင်လည်း သောက်ကာ သားအမိနှစ်ဦးစလုံး သေဆုံးခဲ့သည့်ဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့သည်။

“ဒီလိုဖြစ်စဉ်တွေကျတော့ ရဲတပ်ဖွဲ့တစ်ခုတည်းနဲ့ ဆိုင်တာမဟုတ်ပါဘူး။ ဝန်ကြီးဌာနပေါင်းစုံ၊ အရပ်ဘက်အဖွဲ့အစည်း ပေါင်းစုံက ပညာပေးဖို့လိုအပ်ပါတယ်။ ဒီလိုမှုခင်းတွေ ကြိုတင်ကာကွယ်မှုလုပ်ဖို့ကို အားလုံးပူးပေါင်းမှ အဆင်ပြေနိုင်မယ်ဆိုတာ လူတန်းစားပေါင်းစုံ အဖွဲ့အစည်း ပေါင်းစုံက နားလည်လက်ခံဖို့လိုပါတယ်” ဟုမြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အငြိမ်းစား ရဲအရာရှိကြီး တစ်ဦးက ဆိုသည်။

မိမိကိုယ်ကိုယ် အဆုံးစီရင်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် သေဆုံးခြင်း မရှိသူတို့မှာ ရဲတပ်ဖွဲ့က ပြစ်မှုဥပဒေ ၃၀၉ ဖြင့် ပြန်လည် အမှုဖွင့် အရေးယူခံရပြီး ၂၀၁၁ ခုမှ ၂၀၁၃ ခု အတွင်း ကျား၊ မ စုစုပေါင်း ၁၉၁ ဦး အရေးယူခံရသည်။

“ကိုယ့်ကိုယ်ကိုယ်ဆွဲကြိုးချ သေမယ့်နေ့က သေချင်တာကလွဲလို့ ဘာမှမသိခဲ့ဘူး။ မိသားစုမှာ ကိုယ်မရှိမှ ကောင်းမှာ ပါဆိုတဲ့ မိုက်မဲ့တဲ့ အတွေးနဲ့ ကာယကံမြောက်လုပ်ခဲ့ပေမယ့် မိသားစုကပဲ အချိန်မီ သိလိုက်လို့ မသေခဲ့တာ။ လောကကို အရှုံးပေးချင်တဲ့ မလုပ်အပ်တဲ့ သူရဲဘောကြောင်တဲ့ လုပ်ရပ်ပါ”ဟု ၂၀၁၁ ခုက စင်ကာပူနိုင်ငံမှ ပြန်လာပြီး အိတ်ချ်အိုင်ဗီရောဂါပါလာခဲ့သောကြောင့် စိတ်ကျပြီ သေကြောင်းကြံစည်ခဲ့ရာမှ မအောင်မြင်ခဲ့ဘဲ ရဲတပ်ဖွဲ့၏ ပြစ်မှုဥပဒေ ၃၀၉ ဖြင့် အရေးယူခံရပြီး ထောင်ဒဏ် တစ်နှစ်ကျခံရသူ မြောက်ဥက္ကလာပမြို့နယ်နေ ကိုလှစိုးနောင်က ဆိုသည်။

ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ WHO ၏ စာရင်းများအရ ကမ္ဘာပေါ်တွင် နှစ်စဉ် လူဦးရေ တစ်သန်းခန့် မှာ မိမိကိုယ်မိမိ သေကြောင်းကြံစည်မှုကြောင့် သေဆုံးလျက်ရှိသည်။ ထိုသို့ သေကြောင်းကြံစည်မှုများသည် အလုပ်လုပ်နိုင်သော အရွယ်များဖြစ်သည့်(၁၅)နှစ်မှ(၅၀)နှစ်ကြား အပိုင်းအခြား အရွယ်များတွင် ပိုမိုဖြစ်ပွားလေ့ရှိပြီး တစ်ကမ္ဘာလုံးတွင် အသက်(၁၅)နှစ်နှင့်(၅၀)နှစ်ကြား သေဆုံးမှုများ၏ နံပါတ်သုံး တရားခံဖြစ်သည်ဟု WHO က ထုတ်ပြန်ထားသည်။ မြန်မာနိုင်ငံတွင် မိမိကိုယ်မိမိ သတ်သေခြင်းကြောင့် သေဆုံးရသည့် လူအရေအတွက်အရ ကမ္ဘာပေါ်တွင် ညွှန်းကိန်းအဆင့် ၉ ဖြစ်ကြောင်း အမေရိကန်နိုင်ငံ ဝါရှင်တန်တက္ကသိုလ်ရှိ ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးသုတေသနဌာနတစ်ခုဖြစ်သည့် Institute for Health Metrics and Evaluation က ပြုလုပ်ခဲ့သည့် ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါညွှန်းကိန်း(Global Burden Disease) တွင်ဖော်ပြထားသည်။

ယုံကြည်ကိုးကွယ်ရာ မည်သည့် ဘာသာဝင်ဖြစ်စေ မိမိကိုယ်ကိုယ် သတ်သေခြင်းဖြင့် ဘဝတစ်ခုကိုအဆုံးသတ်ရန် အားပေးအားမြှောက် ပြုထားခြင်းမရှိဘဲ အကျည်းတန်သောလုပ်ရပ်၊ သူတော်ကောင်းမဆန်သော လုပ်ရပ်ပင်ဖြစ်ကြောင်း ဗုဒ္ဓဘာသာဆိုင်ရာ ကျမ်းစာအုပ်များတွင် ရေးသားထားသည်။

“လူတစ်ယောက်ရဲ့ စိတ်ဟာကြည်လင်သန့်ရှင်းနေရင် ကိုယ်ကိုယ်ကိုယ် သတ်သေတဲ့အပြစ်မျိုး ဘယ်တော့မှ ကျူးလွန်မှာမဟုတ်ပါဘူး။ မိမိကိုယ်ကိုယ် အဆုံးစီရင်တဲ့အလုပ်ဟာ အကုသိုလ်အလုပ်ပါ။ ဘာကြောင့်ဆိုတော့ အသေခံပြီး ပြုလုပ်တဲ့ ဒီအလုပ်ကို လုပ်တဲ့သူရဲ့စိတ်ထဲမှာ ကြီးမားတဲ့လောဘ၊ ဒေါသ၊ မောဟတရားတွေ ဖုံးလွှမ်းနေလို့ပါ”ဟု မှော်ဘီမြို့ ဓမ္မဒူတ ဆရာတော်က မိန့်ကြားသည်။

မိသားစုတွင်း ကာလရှည်ရင်ဆိုင်နေရသော ပြဿနာများကို ဆက်လက်ရင်ဆိုင်နိုင်စွမ်းမရှိတော့သောကြောင့်မိမိကိုယ်ကိုယ် သတ်သေရန် သုံးကြိမ်တိုင်ကြိုးပမ်းခဲ့သူ အသက်(၂၃)နှစ်အရွယ် ဆုမီဆိုသူကုမ္ပဏီဝန်ထမ်းအမျိုးသမီးက ၎င်းရင်ဆိုင်ခဲ့ရသောအတွေ့အကြုံများအရ ကိုယ့်ကိုယ်ကိုယ်သတ်သေရန် ဘယ်သောအခါမှ ကြံစည်တော့မည်မဟုတ်ဘဲ အကယ်၍ တစ်စုံတစ်ယောက်အနေဖြင့် စိတ်ကျဝေဒနာခံစားနေရသည်ဟုမိမိကိုယ်မိမိသိလိုက်သည်နှင့်တစ်ပြိုင်နက် ဘေးနားတွင် အဖော်တစ်ဦးကို ချက်ခြင်း ခေါ်ထားရန်အကြံပြုချင်ကြောင်းဆိုသည်။

“ကိုယ့်ကိုယ်ကိုယ် စိတ်အားငယ်လာပြီ၊ စိတ်ကျလာပြီဆိုတာ သိလိုက်တာနဲ့ တွေ့ရာလူတစ်ယောက်ရဲ့လက်ကိုဆွဲထားလိုက်ပြီး အဖော်အဖြစ်ထားလိုက်တော့တယ်။ ကျွန်မအတွေ့အကြုံ အရတော့ကောင်းသောနည်းလမ်းတစ်ခုလို့ထင်ပါတယ်”ဟု ဆိုသည်။

ဆုမီသည် ဘာမီတွန်ကဲ့သို့သော အိမ်သုံးဆေးပြားများကို အလွန်အကျွံသောက်၍ သုံးကြိမ်တိုင်တိုင်သေကြောင်းကြံစည်ခဲ့ဖူးသည်။ မိခင်ဖြစ်သူနှင့် အိမ်နီးချင်းအချို့က အချိန်မီသိရှိပြီး ဆေးခန်းသို့ပို့ဆောင်နိုင်ခဲ့၍သာ အသက်ဆက်လက်ရှင်သန်ခွင့်ရခဲ့သူဖြစ်သည်။

7 DAY NEWS JOURNAL
Vol.12, No.46 • JANUARY 22 , 2014

စာမျက်နှာ ၂ မှ

## အရောင်မပြယ်သေးသည့် အစိမ်းရင့်ရင့်

“၂၅ ရာခိုင်နှုန်းထည့်ထားခြင်းသည်ရွေးကောက်တင်မြှောက်တာလည်းမဟုတ်ဘူး။ လူထုဆန္ဒနဲ့လည်းမဟုတ်ဘူးဆိုတာ သဘောပေါက်ပြီး ၂၀၁၅ ကျရင် မပါဝင်တော့ဘူးလို့ဒီမိုကရေစီအရမြင်ပြီး ဖယ်ပေးရင် ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ဖြစ်လာပါလိမ့်မယ်”ဟု သူရဦးတင်ဦးက ပြောသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မြန်မာနိုင်ငံသည် ဒီမိုကရေစီလမ်းကြောင်းပေါ် သို့လျှောက်လှမ်းနေပြီဖြစ်၍ တပ်မတော်၏အခန်းကဏ္ဍကို လျှော့ချနေကြောင်း ၎င်း၏ ပြည်ပခရီးစဉ်များတွင် ပြောကြားခဲ့သည်။

တပ်မတော်၏ အခန်းကဏ္ဍသည် နိုင်ငံတော်ကို ကာကွယ်ရန် အဓိကတာဝန်ဖြစ်ပြီး တပ်မတော်သည်တာဝန်များဆောင်ရွက်စရာများစွာရှိနေသဖြင့် မည်သူမဆိုကိုယ့်တာဝန်ကိုယ်ကျေပွန်ကြမည်ဆိုလျှင် တိုင်းပြည်တွင် မည်သည့်အဖွဲ့အစည်းမဆို သိက္ခာရှိသည့်အနေအထားဖြင့်လေးလေးစားစားဆက်ဆံခံကြရမည်ဖြစ်သည်ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်က ပြောသည်။

“အနီးစပ်ဆုံးဥပမာပေးရရင် ထိုင်းနိုင်ငံရဲ့ တပ်မတော်ဘယ်လိုရပ်တည်သလဲ။ သူ့အလုပ်သူလုပ်သွားတယ်။ လိုအပ်ရင် တိုင်းပြည်ကို ထိန်းပေးတယ်။ ဘက်မလိုက်တဲ့ အနေအထားမျိုး၊ အာဏာမမက်မောတဲ့ အနေအထားမျိုးမှာရှိနေတယ်။ အခုဖြစ်နေတဲ့ အနေအထားအရ ၂၀၁၅ မှာ အချင်းချင်း ပွတ်တိုက်မှုတွေ များနိုင်တယ်။ တပ်မတော်က ကြားကနေ အကောင်းဆုံးကူညီပြီးတော့ ထိန်းညှိပေးဖို့ပဲလိုအပ်ပါတယ်”ဟု ဦးခိုင်မောင်ရည်က ပြောသည်။

တပ်မတော်က အမိန့်ပေးစနစ်ဖြင့် ပြည်သူလူထုအား စေခိုင်းခြင်းသည် သဘာဝမကျဘဲ ပြည်သူလူထုကသာလျှင် တပ်မတော်သည်မည်သည့်အခန်းကဏ္ဍတွင်ပါဝင်သင့်သည်ကို သင်ပေးရမည်ဖြစ်သည်ဟု ဗိုလ်ချုပ်ကြီးဟောင်း သူရဦးတင်ဦးက ဆိုသည်။

“ပြည်သူလူထုကသာ တပ်ကို သင်ပေးရမှာ။ အခုက တပ်ကသူ့ခေါင်းဆောင်မှုနဲ့ပြည်သူလူထုက နောက်ကလိုက်ရမယ်ဆိုတော့ ဒါကြီးက ဘယ်ဟုတ်မလဲ။ ပြောင်းပြန်ကြီးဖြစ်နေတယ်”ဟု ကာကွယ်ရေးဦးစီးချုပ်၏ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တစ်နေရာတွင် ပြောခဲ့သည့်စကားကို သူရဦးတင်ဦးက ပြန်လည်ချေပပြောကြားသည်။

မည်သို့ပင်ဆိုစေ လက်ရှိအခြေအနေတွင် အရပ်သားအစိုးရတာဝန်ယူနေသည်ဆိုသော်လည်း အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်များအများစုသည် တပ်မတော်သားဟောင်းများဖြစ်နေသည်ကို ငြင်းနိုင်ဖွယ်မရှိချေ။

သမ္မတဦးသိန်းစိန်အနေဖြင့် ပြင်ပအရပ်သားပညာရှင်များ၊ နိုင်ငံရေးသမားများထက် စစ်ဗိုလ်ချုပ်ဟောင်းများကို အစိုးရအဖွဲ့အတွင်း နေရာပေးထားခြင်းမှာ အရပ်သားများအပေါ် အပြည့်အဝယုံကြည်မှုမရှိသေးခြင်းဖြစ်နိုင်ကြောင်း တောင်သာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းက ပြောသည်။

အစိုးရအဖွဲ့တွင်ပြည်ထောင်စုအဆင့်ဝန်ကြီးဌာန ၃၆ ခု၌ ပြည်ထောင်စုဝန်ကြီး ၃၆ ဦးရှိပြီး ၎င်းတို့အနက် လက်ရှိယူနီဖောင်းဝတ်ထားသည့် ဒုတိယဗိုလ်ချုပ်ကြီးအဆင့် ဝန်ကြီးသုံးဦးအပါအဝင် ဒုတိယဗိုလ်ချုပ်ကြီး၊ ဗိုလ်ချုပ်၊ ဗိုလ်မှူးချုပ်နှင့် ဗိုလ်မှူးကြီး အစရှိသည့် စစ်တပ်အဆင့်မြင့် ရာထူးများမှ အသွင်ပြောင်းထားသူ ၂၅ ဦးရှိသည်။ ပြင်ပမှ အရပ်သား ပြည်ထောင်စုဝန်ကြီး ရှစ်ဦးသာ ပါရှိသည်။

အလားတူဒုတိယဝန်ကြီး၅၉ ဦးတွင်လည်း တပ်မှအသွင်ပြောင်းသူ အများစုပါဝင်နေသည်။ ပြည်နယ်နှင့်တိုင်း ၁၄ ခုရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များတွင်လည်း အရပ်သား တစ်ဦးသာ ပါရှိသည်ဟု သိရသည်။

“အစိုးရအဖွဲ့ထဲမှာ အရပ်သားဆိုလို့ ရှစ်ယောက်၊ ကိုးယောက်လောက်ပဲပါမယ်ထင်တယ်။ ဒါကြောင့်မို့လို့လည်း မထူးပါဘူး၊ အလကားပါပဲ ဘောင်းဘီချွတ်တာကလွဲပြီး စစ်အစိုးရပါပဲလို့ ဝေဖန်နေကြတာလည်း အဲဒါလည်းပါတယ်”ဟု ဦးအောင်သောင်းက ဆက်လက်ပြောကြားသည်။

ထို့ကြောင့် လက်ရှိအစိုးရအဖွဲ့အတွင်းတွင် အခြေခံအာဏာတည်ဆောက်ပုံသည် ပြောင်းလဲခြင်းမရှိသေးဟု မြန်မာ့အရေးလေ့လာသူ သတင်းစာဆရာမစ္စတာ ဘာတေးလင့်တနာက ဆိုသည်။

“နိုင်ငံအတွင်းမှာ ပိုမိုလွတ်လပ်ပွင့်လင်းလာပါတယ်။ ဒါပေမဲ့ တပ်ကတော့ အဓိကသြဇာရှိအဖွဲ့အစည်းအဖြစ် ကျန်နေတုန်းပါပဲ”ဟု မစ္စတာ ဘာတေးလ်လင့်တနာက ပြောသည်။

မြန်မာနိုင်ငံ၏ အမှန်တကယ်အပြောင်းအလဲသည် ကေန်ရောက်ရှိလာမည်ဖြစ်သည်။ သို့သော် အချိန်ယူရမည်ဖြစ်ပြီး အရပ်ဘက်နှင့် တပ်တို့၏ အခြားမျိုးဆက်များတွင်ဖြစ်လာနိုင်သည်ဟု ၎င်းက သုံးသပ်သည်။

“နိုင်ငံဟာ တပ်မတော်ရဲ့ အစေခံမဖြစ်ရဘူး။ တပ်မတော်ဟာ နိုင်ငံရဲ့ အခြေခံဖြစ်ရမယ်”ဟု တပ်မတော်၏ ဖခင်ဗိုလ်ချုပ် အောင်ဆန်းပြောကြားခဲ့ဖူးလေသည်။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y MIT | 109,000 |
| Galaxy S Advance | 235,000 |
| Galaxy Express | 269,000 |
| Galaxy Grand(GSM) | 288,000 |
| Galaxy S3 | 387,000 |
| Galaxy S4 Mini | 367,000 |
| Galaxy S4 | 575,000 |
| Galaxy Mega 5.8 | 395,000 |
| Galaxy Note II | 470,000 |
| Galaxy Tab3 7" | 309,000 |

လူကြီးမင်း(လသာ)ဆိုင်မှ ဈေးနှုန်းများဖြစ်ပါသည်။

### Sony

| Model | Price |
|---|---|
| Xperia Z | 450,000 |
| Xperia J | 177,000 |
| Xperia P | 265,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (32 GB) | 758,000 |
| iPhone 5s(32GB) | 915,000 |
| iPhone 5s(16GB) | 805,000 |
| iPhone 5 (32 GB) | 758,000 |
| iPhone 5 (16 GB) | 658,000 |

### Huawei

| Model | Price |
|---|---|
| Y 300 | 99,000 |
| G 510 | 120,000 |
| C 8813D | 145,000 |
| G 520 | 125,000 |
| G 610s | 144,000 |
| G 700 | 218,000 |
| Ascend P6 | 319,000 |
| C 8813 (CDMA) | 133,000 |
| G 610c (CDMA) | 159,000 |
| Y 300c (CDMA) | 102,000 |

ဇန်နဝါရီ (၁၈) ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (PDP) | 4Series51-4900 | 650,000 |
| Panasonic(LED) | THL32B6X | 275,000 |
| Sony (LED) | 32W45 | 330,000 |
| LG (LED) | 32LN5120 | 260,000 |
| **DVD** | | |
| Samsung | BD-E 5500(Blu-ray 3D) | 120,000 |
| Nakita | EVD | 38,000 |
| G-IPOLO | HDMI | 35,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 325,000 |
| Mitsubishi Electric | MR 17E(1 Door) | 200,000 |
| Hitachi | 190W | 245,000 |
| Panasonic | NR.BT224 | 245,000 |
| **Washing** | | |
| Samsung | $WA95W_9$ | 190,000 |
| Panasonic | 72B2 | 200,000 |
| **Aircon** | | |
| Hitachi | 1.0HP(RAS-E1067) | 255,000 |
| Mitsubishi Electric | 1.0HP(MS-F10VC) | 290,000 |
| Samsung | 1.0HP(AS09TUQN) | 225,000 |

အထက်ပါဈေးနှုန်းများမှာ ဇန်နဝါရီ(၁၈)ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိCapital ဆိုင်နှင့် Mitsubishi Electric Centre တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၉၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၆၅၀ |
| ဘိလပ်မြေ (ကြံ) | တစ်အိတ် | ၄,၈၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၁၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၉၉ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၉၈ |
| နေပြည်တော် စက်အုတ် (၁၀ ပေါက်) | တစ်လုံး | ၇၀-၈၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၂,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၀၀၀ |
| ကျောက် | တစ်ကျင်း | ၅၂,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm)အပါး | ၁ ပေ | ၄၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၄၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၉၅၀ |
| Posco ကြယ်စိမ်း | ၁ ပေနှုန်း | ၄၂၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ်ဆင်) | ၁ ပေနှုန်း | ၂၄၅-၃၀၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |
| အိမ်ရိုက်သံ (1"-1½") | ၁ ပိဿာ | ၁,၅၅၀ |
| အိမ်ရိုက်သံ (2"-4") | ၁ ပိဿာ | ၁,၂၅၀ |

အထက်ပါဈေးနှုန်းများမှာ ဇန်နဝါရီ(၁၈)ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁၀,၀၀-၁,၆၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၂၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၇၀၀-၉၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၀၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၆၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၆၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၈၀၀-၁,၀၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၄၀၀ |
| သကြား | တစ်ပိဿာ | ၁,၂၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၂၀၀ |
| အာလူး | တစ်ပိဿာ | ၉၀၀-၁,၀၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၈၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၂၀-၁၂၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၁၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၇,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၇,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၈,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | ၁ သေတ္တာ | ၇,၀၀၀ ဝန်းကျင် |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၆,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၂,၄၀၀-၂,၈၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၅၀၀-၂,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၃၀၀-၃,၆၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၄၀၀-၂,၈၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၂၀၀-၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |

ဇန်နဝါရီ(၁၈)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Jan (22) | 815 | 920 | 940 | 960 |
| Jan (23) | 815 | 920 | 940 | 960 |
| Jan (24) | 815 | 920 | 940 | 960 |
| Jan (25) | 815 | 920 | 940 | 960 |
| Jan (26) | 815 | 920 | 940 | 960 |
| Jan (27) | 815 | 920 | 940 | 960 |
| Jan (28) | 815 | 920 | 940 | 960 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။

## Note Book

| | |
|---|---|
| **MSI** | |
| Intel Core E-Series 1.0 GHz,4 GB DDR3,500GB HDD, 15.6" | 353,000 |
| Intel Core i3 2.4 GHz, 4 GB DDR3, 500 GB HDD, 15.6" | 565,000 |
| Intel Core i5 2.5 GHz, 4 GB DDR3, 500 GB HDD, 15.6" | 649,000 |
| Intel Core i7 2.4 GHz, 8 GB DDR3, 1 TB HDD ,15.6" | 1,024,000 |
| **DELL** | |
| Intel Core i3 1.8 GHz, 2 GB DDR3, 500GB HDD, 14" | 481,000 |
| Intel Core i3 1.7 GHz, 4 GB DDR3, 500 GB HDD, 14" | 570,000 |
| Intel Core i5 1.6 GHz, 4 GB DDR3, 750 GB HDD, 14" | 658,000 |
| Intel Core i7 1.8 GHz, 8 GB DDR3,1TB HDD, 14" | 826,000 |
| **HP** | |
| Intel Core i3 2.4 GHz, 4 GB DDR3, 500 GB HDD, 14" | 501,000 |
| Intel Core i5 1.7 GHz, 6 GB DDR3, 640 GB HDD, HD, 15.6" | 678,000 |
| Intel Core i5 2.5 GHz, 6 GB DDR3, 500 GB HDD, HD, 15.6" | 714,000 |
| Intel Core i7 2.4 GHz, 4 GB DDR3, 1 TB HDD, 15.6" | 1,082,000 |

7 DAY NEWS JOURNAL
Vol.12, No.46 • JANUARY 22 , 2014

# ကျန်းမာရေးအသုံးစရိတ် လေးဆမြှင့်လိုက်သော်လည်း ဝန်ဆောင်မှု မမြင့်သေးပါ

ဝတ်ရည်အောင်


ဓာတ်ပုံ - ကျော်ဇင်သန်း

ဓါင်း ဝိုက်စိုက် မူးမေ့နေသည့် အမျိုးသမီးတစ်ဦးကို တင်လာသော ဘီးတပ်ကုလားထိုင်အား လူတစ်စုက အရေးပေါ်ခန်းအတွင်းသို့ အလျင်အမြန်တွန်းဝင်လာကြသည်။

ရောက်ရောက်ချင်း အရေးပေါ်ခန်း အတွင်းမှ ဆရာဝန်က သူခံစားနေရသည့် ဝေဒနာနှင့် ဖြစ်စဉ်ကို မေးခွန်းတစ်ခု၊ နှစ်ခု မေးမြန်းပြီးနောက် အသင့်ရှိနေသည့် အကြောဆေးပုလင်းကို ချိတ်ဆွဲ၍သွင်းပေးကာ၎င်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

နောက်ထပ်တစ်နာရီကျော်အတွင်း ၎င်းထံ မည်သူမျှ ထပ်မံမရောက်ရှိလာတော့။ အတူလိုက်ပါလာသည့် လူနာစောင့်သုံးဦးမှာလည်း အခန်းပြင်ပထိုင်ခုံများတွင် ထိုင်လျက် ဆရာဝန်တစ်ဦးဦး၏ ညွှန်ကြားချက်ရရှိရန်သာ စောင့်ဆိုင်းနေကြသည်။

ထိုအမျိုးသမီး၏ လူနာစောင့်များကဲ့သို့ပင် အရေးပေါ်ခန်းအတွင်းရှိအခြားလူနာများ၏ သက်ဆိုင်သူများမှာလည်း တာဝန်ကျဆရာဝန်၏ တစ်စုံတစ်ရာ အကြောင်းကြားချက်ရရှိရန် အခန်း၏အပြင်ဘက်တွင်လည်းကောင်း၊ လူနာခုတင်ဘေးတွင်လည်းကောင်း အသီးသီးနာရီနှင့်ချီ၍ စောင့်ဆိုင်းနေကြခြင်းဖြစ်သည်။

အရပ်သားအစိုးရသစ်လက်ထက်တွင် ကျန်းမာရေး အသုံးစရိတ်ကို တိုးမြှင့်ခဲ့သည်။ စက်ပစ္စည်းများကိုလည်း တိုးချဲ့တပ်ဆင်လာခဲ့ပြီးနောက် ပြည်သူ့ဆေးရုံများတွင် လူနာများ များပြားလာသော်လည်း ယနေ့အချိန်အထိ ထိုလူနာများမှာ အရေးပေါ်ဆေးဝါးကုသမှုများ အချိန်မီရရှိရန် အခက်အခဲရှိနေသေးသည့်အပြင် ကျန်းမာရေးစောင့်ရှောက်မှုလည်း သိသာစွာတိုးမြင့်မရရှိသေးကြောင်း ကျန်းမာရေးဝန်ထမ်းများနှင့် လူနာများက ပြောကြားသည်။

"မနက် ကိုးနာရီက ရောက်တာ။ ၁၂ နာရီလောက်မှ အာထရာဆောင်းရိုက်ဖြစ်တယ်။ ဆေးရုံတက်ရမယ်လို့ ပြောပေမယ့် အခုထိ ဘာဆက်လုပ်ရမလဲဆိုတာ မပြောသေးဘူး" ဟု အရေးပေါ်အခန်းသို့ ရောက်ရှိပြီး ရှစ်နာရီခန့်ရှိပြီဖြစ်သည့် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်မှ လူနာရှင်တစ်ဦးက ပြောသည်။

ထိုမြင်ကွင်းမှာ ဇန်နဝါရီလအတွင်း နေ့လယ်တစ်ခုက ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဌာနတွင် တွေ့ရခြင်းဖြစ်သည်။

အချိန်မိနစ်တိုင်း အရေးပေါ်အခန်းသို့ လူနာများရောက်ရှိလာပြီး ရောက်ရောက်ချင်း တာဝန်ကျဆရာဝန်တစ်ဦးက ရောဂါဖြစ်စဉ်အနည်းငယ်မေးမြန်းကာ လိုအပ်ပါက အသင့်ရှိနေသည့် အကြောဆေးချိတ်ပေးသည်ကို တွေ့ရသည်။

ထို့နောက် ဆေးရုံတက်မှတ်တမ်းလုပ်ဆောင်ရင်း နောက်ထပ်လိုအပ်သည့် စစ်ဆေးမှုများအတွက် စိတ်ရှည်စွာ ထိုင်စောင့်နေရုံသာ ဖြစ်သည်။

စစ်အစိုးရအုပ်ချုပ်ခဲ့သည့် နှစ်ပေါင်း ၅၀ ကျော်အတွင်း အဘက်ဘက်မှ ယိုယွင်းပျက်စီးခဲ့သည့် စီမံခန့်ခွဲမှုများတွင် ကျန်းမာရေးစောင့်ရှောက်မှုကလည်း တစ်ခုအပါအဝင်ဖြစ်ခဲ့သည်။

လွန်ခဲ့သည့် သုံးနှစ်ခန့်က အရပ်သား အစိုးရ စတင်တာဝန်ယူသည့်အချိန်တွင် ပြုပြင်ပြောင်းလဲမှုအချို့ကို ပြုလုပ်ခဲ့ရာ ထိုအထဲတွင် ကျန်းမာရေးစောင့်ရှောက်မှုအတွက် ပြောင်းလဲမှုများလည်း ပါဝင်ခဲ့သည်။

အစိုးရသစ် တာဝန်ယူပြီးနောက်တစ်နှစ်တွင် ကျန်းမာရေးအသုံးစရိတ်ကိုကျပ်ဘီလီယံပေါင်းများစွာ တိုးချဲ့သုံးစွဲမည်ဖြစ်ကြောင်း လူထုအား စတင် အသိပေးခဲ့သည်။ ထို့နောက် အရေးပေါ်ဆေးဝါးများ အခမဲ့ပေးခြင်း အပါအဝင် ဆေးရုံအချို့တွင် ရောဂါရှာဖွေရေးစက်အနည်းငယ် ဖြည့်တင်းခြင်းနှင့် ညစ်ထေးနေသောဆေးရုံအတွင်းပိုင်း အချို့ပြုပြင်ခြင်းများ ပြုလုပ်နေပြီဖြစ်သည်။

သို့သော် လူနာတက်ရောက်မှု အများဆုံး ဆေးရုံတစ်ခုဖြစ်သော ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ အရေးပေါ်လူနာခန်းသို့ရောက်ရှိလာသူတိုင်းသည် လိုအပ်သည့် ဆေးဝါးစစ်ဆေးမှုရရှိရန် အနည်းဆုံးနှစ်နာရီခန့်နှင့်မိမိနှင့်သက်ဆိုင်ရာ ဆေးရုံအဆောင်သို့ ရောက်ရှိရန် ငါးနာရီခန့် စောင့်ဆိုင်းနေရဆဲပင်ဖြစ်သည်။

"အခု ဖြစ်နေတဲ့ ပြဿနာတွေမှာ ပွင့်လင်းမှုမရှိတာက အဓိကဖြစ်နေတယ်။ ဒါတော်တော့်ကိုလိုတာ။ တခြားနိုင်ငံတွေမှာ ဆရာဝန်တွေနဲ့ လူနာ ဒီလောက်ကောင်းတဲ့ ဆက်ဆံရေးက တို့ဆီမှာ အချိန်မပေးကြလို့ အရမ်းကို ခက်နေတာ" ဟု ဆေးရုံအုပ်ကြီး (ငြိမ်း) ဒေါက်တာကျော်ကျော်က ယခုအခြေအနေကို ထောက်ပြသည်။

လွန်ခဲ့သည့် တစ်နှစ်ကျော်ဆေးရုံအုပ်ကြီးအဖြစ် တာဝန်ယူခဲ့စဉ်က နေ့စဉ်နေ့တိုင်း ကျန်းမာရေးဝန်ထမ်းများ၏ ဆက်ဆံရေးအဆင်မပြေမှုများအား တိုင်ကြားမှုများနှင့် ဆေးဝါးကုသရန် ငွေကြေး မတတ်နိုင်သော ပြဿနာများကို အများဆုံး ကြုံတွေ့ဖြေရှင်းခဲ့ရကြောင်း ဒေါက်တာကျော်ကျော်က ပြောသည်။

ဆေးရုံတိုင်းတွင် ဆေးကုသမှုအတွက် အလုပ်သင်ဆရာဝန်များကိုသာ အဓိက အားထားနေရသည်။ လူနာများပြားသည့် ဌာနမှလွဲ၍ အချို့နေရာများတွင် လက်ထောက်ဆရာဝန်မှာ တစ်ဦး၊ နှစ်ဦးသာ ခန့်ထားနိုင်သည်။ ထိုအခါ ဆုံးဖြတ်ပိုင်ခွင့်ရှိသည့် အထူးကုဆရာဝန်၏ မှတ်ချက်တစ်စုံတစ်ရာရရှိရန် လူနာပေါင်းများစွာက စောင့်ဆိုင်းနေကြရပြန်သည်။

ထိုပြဿနာသည် တစ်နိုင်ငံလုံးရှိ ပြည်သူ့ဆေးရုံအများစုတွင်သာမက ပုဂ္ဂလိကဆေးရုံများတွင်လည်း ထိုနည်းနှင်နှင်ပင် ဖြစ်သည်။

ထို့နောက် ဆေးရုံများတွင် နှစ်ပေါင်းများစွာ အခြေတည်လာသည့် ပြောင်းလဲမှုများတွင် မပါသေးသောနောက်ထပ်အကြောင်းအရာနှင့် ဆေးရုံရောက်သူတိုင်း ပထမဆုံးကုန်သည့် ပိုက်ဆံသည် လူနာတင်လှည်း တွန်းပေးသောဝန်ထမ်းများအား ပေးရသည့်ပိုက်ဆံဖြစ်နေသေးသည်။

"အခုကတော့ သန့်ရှင်းရေးလုပ်တဲ့သူတွေနဲ့ လှည်းတွန်းပေးတဲ့ သူတွေက အဆိုးဆုံးဖြစ်နေတာ။ ပိုက်ဆံပေးရင် လုပ်မယ်။ မပေးရင် မသိချင်ယောင်ဆောင်နေတာ" ဟု ၂၀၁၃ ဒီဇင်ဘာလအတွင်း ယာဉ်တိုက်ခံရသဖြင့် လူနာဆောင် ၅/၆ တွင် ရှစ်ရက်ကြာတက်ရောက်ဆေးကုသမှု ခံယူခဲ့သူတစ်ဦးက ပြောသည်။

ထိုလူနာမှာ ခွဲစိတ်မှုခံယူရမည့် လူနာဦးရေ များပြားလွန်းသည့်အခါ ယာဉ်တိုက်မှုကြောင့် သွင်သွင်ကျိုးသွားသည့် သူ၏ခြေထောက်ခွဲစိတ်မှုခံယူရမည့်အလှည့်ရောက်ရန် ဆေးရုံတွင် ခြောက်ရက်တိတိ စောင့်ဆိုင်းခဲ့ရသည်။

ဟိုယခင်ကတည်းက ပြည်သူ့ဆေးရုံများ၏ ပြုပြင်ထိန်းသိမ်းမှုများအတွက် အစိုးရငွေကြေးပံ့ပိုးမှုမရှိခဲ့သည့်အခါ ဆေးရုံအတွင်း ကျိုးပဲ့နေသည့် လူနာခုတင်များ၊ ညစ်ထေးနေသည့် နံရံများနှင့် ကြမ်းခင်းများ၊ သန့်ရှင်းမှုအားနည်းသည့် လူနာတင်လှည်းများနှင့် ခွဲစိတ်ခန်းဝင် အဝတ်အထည်များစသည်တို့က ဆေးရုံအများစုမှာ ယနေ့အချိန်အထိ မပြောင်းလဲနိုင်သေးပါ။

"လူများပြီး သန့်ရှင်းမှုမနိုင်တော့ ဂျပိုးတွေလည်း ရှိတယ်။ ကျွန်တော့်ဘေးက လူနာဆိုရင် ကျောက်ပတ်တီးကိုင်ထားတဲ့အထဲ ကြမ်းပိုးတွေ ဝင်နေတာ။ ဘယ်လိုမှမနေနိုင်လို့ ကျောက်ပတ်တီးဖြည်ပြီး နောက်တစ်ခါ ပြန်ကိုင်ရတာတွေလည်း ရှိတယ်" ဟု အဆောင်၅/၆တွင်တက်ရောက်နေသည့် လူနာတစ်ဦးက ပြောသည်။

ထိုများပြားလွန်းသော လူနာများအား ကျန်းမာရေးဝန်ထမ်း အနည်းငယ်က တာဝန်ယူရသည့်အခါစိတ်မရှည်မှုများ ဆက်လက်ဖြစ်ပွားလာခဲ့ခြင်းဖြစ်သည်။

"အခုနောက်ပိုင်းတော့ ဆရာဝန်၊ သူနာပြုတွေက အော်ငေါက်တာမျိုးတွေ မရှိပေမယ့် အများစုကတော့ အရယ်အပြုံးနဲ့ နွေးနွေးထွေးထွေး ဆက်ဆံမှုလည်း မရှိပါဘူး။ အဲဒီတော့လည်း ကိုယ်သိချင်တာလည်း ဘာမှမမေးရဲဘူး" ဟု ကိုဘိုဘိုကပြောသည်။

"ဒါပေမဲ့ ရောဂါစစ်ဆေးမှုတွေလုပ်ရင် စက်အသုံးပြုခအပြင် စေတနာရှိသလောက်ပေးရင် မြန်မြန်ရမယ်ဆိုတာတွေလည်း ရှိတယ်။ အဲဒီလိုမဟုတ်ရင် ပေးထားတဲ့ နမူနာတွေ ပျောက်သွားတာမျိုး၊ မေ့နေလို့ဆိုတဲ့ အဆင်မပြေမှုတွေတော့ရှိတယ်"ဟု၎င်းကဆက်လက်ပြောကြားသည်။

ဆေးရုံတက်ရောက်သူတိုင်း မှတ်မှတ်ရရ ပြောလေ့ရှိသည့် စကားတစ်ခွန်းမှာ သူနာပြုဆရာမများ ယခင်လို အော်ငေါက်ခြင်း နည်းပါးသွားသည်ဆိုသည်မှာ အစိုးရသစ်လက်ထက်တွင် မပြောင်းလဲခြင်းများစွာထဲမှာ အပြောင်းအလဲတစ်ခုပင်ဖြစ်သည်။

ကျန်းမာရေးအသုံးစရိတ်မှာ ယခုတိုးမြှင့်လိုက်သည့်အချိန်တွင် ကျပ်ဘီလီယံပေါင်းများစွာဟုမြင်နိုင်သည်။ သို့သော် တကယ်တမ်း တိုးပွားလာသည့် လူဦးရေနှင့် ထိုငွေပမာဏသည် စက်လုံးရေ အနည်းငယ် ဝယ်ယူနိုင်ပြီး ဆေးရုံအချို့ အနည်းငယ်ပြုပြင် နိုင်သည့် ပမာဏတွင်သာ ရှိနေခဲ့ သည်။

ထိုပမာဏဖြင့် လိုအပ်သည့် ဝန်ဆောင်မှုများ ဖြည့်ဆည်းပေးနေသော်လည်း အလုံးစုံပြည့်မီမှု မရှိသေးချေ။ ထို့အပြင် ယခင်အစိုးရလက်ထက်က လူ့စွမ်းအားအရင်းအမြစ်အသုံးချမှုနည်းပါးလွန်းခြင်းကြောင့် မနိုင်မနင်းဖြစ်နေခဲ့သည့် ကျန်းမာရေးစနစ်သည် ယခုနှစ်ပိုင်းအတွင်း ပြန်လည်ပြုပြင်နေသော်လည်း လတ်တလောအကျိုးသက်ရောက်မှုလည်း မရှိသေးသောအခါ ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ ပြဿနာများစွာ ရှိနေဆဲဖြစ်ကြောင်း ကျွမ်းကျင်သူများက ဆိုသည်။

ယခုနှစ် ကျန်းမာရေးအသုံးစရိတ်ကိုပင် ယခင်နှစ်ထက် လေးဆကျော် တိုးမြှင့် သုံးစွဲခဲ့သော်လည်း လူထုဘက်မှ ကျန်းမာရေးဝန်ဆောင်မှု လေးဆကျော်ရရှိခြင်းမရှိသေးသည်ကတော့ အသေအချာပင်ဖြစ်သည်။ ။

Technology

7 DAY NEWS JOURNAL

Vol.12, No.46 • JANUARY 22 , 2014



ရွှေတိဂုံစေတီတော်တွင် တပ်ဆင်ထားသည့် ဝိုင်ဖိုင်ထုတ်လွှင့်မှုကိရိယာ

redlink.net.mm

# Red Link ၏ Wifi Free နေရာများတွင် ၁၅ မိနစ်သာ အင်တာနက် အသုံးပြု၍ရ

**ဆွေမွန်**

**ရန်ကုန်၊ ဇန်နဝါရီ-၁၈**

Red Link ကုမ္ပဏီမှ အခမဲ့အင်တာနက်အသုံးပြုနိုင်ရန် ဝန်ဆောင်မှုပေးထားသည့်နေရာများတွင် အသုံးပြုချိန် ၁၅ မိနစ်ပြည့်ပါက အလိုအလျောက် အင်တာနက်ဖြတ်တောက်ကြောင်း အဆိုပါကုမ္ပဏီမှ သတင်းရရှိသည်။

"အင်တာနက် Wifi Free ဆိုလို့သုံးတာ လိုင်းကတက်ပေမယ့်လည်း Network Error ပြတာမျိုး၊ လိုင်းမတက်တာတွေဖြစ်တော့ လုံးဝသုံးလို့မရဘူး။ အဲဒါနဲ့ ကိုယ့်ဖုန်းအင်တာနက်ပဲဖွင့်သုံးရတယ်" ဟုရွှေတိဂုံဘုရားတွင်အင်တာနက်သုံးစွဲခဲ့သူတစ်ဦးက ပြောသည်။

Red Link ကုမ္ပဏီမှ အင်တာနက် Wifi စနစ် အခမဲ့သုံးစွဲနိုင်ရန် ပြုလုပ်ထားသည့် အများပြည်သူနှင့် သက်ဆိုင်သည့် နေရာများတွင် အင်တာနက်လိုင်းသုံးစွဲပါက ၁၅ မိနစ်အဖြစ် အချိန်သတ်မှတ်ထားပြီး ထိုအချိန်အသုံးပြုပြီးပါက လိုင်းပြတ်တောက်သွားမည်ဖြစ်ရာ ထပ်မံသုံးစွဲလိုပါက ပြန်လည်ချိတ်ဆက်သုံးစွဲရမည့် စနစ်ကို ပြုလုပ်ထားကြောင်း Red Link ကုမ္ပဏီ အထွေထွေမန်နေဂျာ ကိုမျိုးမြင့်ညွန့်က ပြောသည်။

" Wifi Free သုံးလို့ရအောင် လုပ်ပေးထားတာက Public Area ဖြစ်တဲ့အတွက် အကြာကြီးသုံးတာ၊ ပြီးတော့ Download အကြာကြီးဆွဲနေတာတွေ လုပ်ရင် တခြားသူတွေ သုံးရ အဆင်မပြေတာမျိုးတွေ ရှိမှာစိုးလို့ ၁၅ မိနစ်ပြည့်သွားရင် အလိုလို Time Out ဖြစ်သွားအောင် လုပ်ထားတယ်။ အဲဒီလိုဖြစ်လို့ ပြန်သုံးချင်တယ်ဆိုလည်း Network ပြန်ရှာပြီး သုံးလို့ရပါတယ်။ ဒါကလည်း နိုင်ငံတကာမှာ သုံးနေတာပါ" ဟု ၎င်းကပြောသည်။

လက်ရှိတွင် Red Link ကုမ္ပဏီ အခမဲ့အင်တာနက်သုံးစွဲနိုင်ရန်အတွက် ရွှေတိဂုံစေတီတော်၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တို့၌ ပြုလုပ်ပေးထားကြောင်း သိရသည်။

အင်တာနက် Wifi စနစ်ကို ဈေးများ၊ အဝေးပြေးကားဂိတ်နှင့် ဘူတာရုံများတွင်လည်း ဆောင်ရွက်သွားရန် ညှိနှိုင်းမှုများ ဆောင်ရွက်နေပြီး Red Link ကုမ္ပဏီမှ ဆောင်ရွက်ထားသည့် Wifi အင်တာနက်စနစ်များ ခက်ခဲမှုများရှိပါက Red Link Call Center နံပါတ်ဖြစ်သည့် ၈၆၀၃၅၃၅ နှင့် ၅၄၀၆၉၆ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

# ဆီးချိုရောဂါကိုခြေရာခံသည့် စမတ်မျက်မှန် ထုတ်လုပ်ရန် ဂူးဂဲလ်ကုမ္ပဏီစမ်းသပ်နေ

**ဆန်ဖရန်စစ္စကို၊ ဇန်နဝါရီ-၁၇**



အာရုံခံကိရိယာတစ်ခုနှင့် သေးငယ်သော ချစ်ပ်များပါဝင်သည့် မျက်ကပ်မှန်ကို တပ်ဆင်ထားသူများ၏သွေးထဲတွင် သကြားပါဝင်မှုကိုစောင့်ကြည့်ရန်ဆီးချိုရောဂါဝေဒနာများအတွက် နည်းလမ်းသစ်တစ်ခု စမ်းသပ်နေကြောင်း ဂူးဂဲလ်ကုမ္ပဏီကပြောသည်။

မိမိတို့ထုတ်လုပ်ရန်ကြိုးစားနေသော စမတ်မျက်ကပ်မှန်မှာ မျက်ရည်တွင် ဂလူးကို့စ်ပါဝင်မှုအဆင့်ကို တိုင်းတာသိရှိခြင်းကို အားဖြည့်ပေးနိုင်ပြီး သွေးဖောက်ထုတ်ကာ ဆီးချိုရောဂါအခြေအနေတိုင်းတာနေရသူများအတွက် အစားထိုးနိုင်မည့်ပစ္စည်းတစ်ခုဖြစ်သည်ဟု ဂူးဂဲလ်ကုမ္ပဏီကပြောသည်။

"အမေရိကန်အစားအစာ စီမံကွပ်ကဲရေးအဖွဲ့ FDA နဲ့ကျွန်တော်တို့ဆွေးနွေးနေပါတယ်။ ဒါပေမဲ့နည်းပညာကိုလူတွေဝတ်ဆင်အသုံးပြုနိုင်မယ့်စနစ်တစ်ခုဖြစ်အောင် ပြောင်းလဲဖို့လုပ်စရာအလုပ်တွေအများကြီးရှိပါသေးတယ်"ဟု ဂူးဂဲလ်ကုမ္ပဏီ၏တရားဝင်ဝက်ဘ်ဆိုက်စာမျက်နှာတွင် ဖော်ပြထားသည်။

ယင်းကဲ့သို့ ပစ္စည်းကိရိယာမျိုးကိုဈေးကွက်သို့ပို့ဆောင်နိုင်သည့်တွဲဖက်လုပ်ကိုင်မည့်ကုမ္ပဏီများရှာဖွေရန်စီစဉ်ထားသည်ဟု ဂူးဂဲလ်ကုမ္ပဏီကပြောသည်။

ကမ္ဘာ့အကြီးမားဆုံးအင်တာနက်ဝန်ဆောင်မှုကုမ္ပဏီ ဂူးဂဲလ်မှာ ၎င်း၏အဓိကလုပ်ငန်းအပြင် အလိုအလျောက်မောင်းနှင်သောကားများအပါအဝင် ကမ္ဘာ၏ဝေးလံသောအရပ်များသို့ ကြိုးမဲ့အင်တာနက်လိုင်းထုတ်လွှင့်နိုင်သောဘောလုံးများထုတ်လုပ်ခြင်းကဲ့ သို့သောနည်းပညာသစ်အမျိုးမျိုးဖန်တီးထုတ်လုပ်နေသည်။

ကျန်းမာရေးနှင့် ဆက်စပ်သည့်ကိစ္စရပ်များပေါ်တွင်လည်း ဂူးဂဲလ်ကုမ္ပဏီကပိုမိုအာရုံစိုက်လာပြီး အသက်အရွယ်ကြီးရင့်မှုနှင့် ဆက်စပ်သောရောဂါများတိုက်ဖျက်ရန် ရင်းနှီးမြှုပ်နှံထားသည့်ကုမ္ပဏီခွဲတစ်ခုကို ၂၀၁၃ စက်တင်ဘာလအတွင်း စတင်ဖွင့်လှစ်ခဲ့သည်။

—*Ref: Reuters*

# ရန်ကုန် ကွန်ပျူတာတက္ကသိုလ် ပထမအကြိမ် IT Camp ပြုလုပ်မည်

**ဆွေမွန်**

**ရန်ကုန်၊ ဇန်နဝါရီ-၁၈**

ရန်ကုန် ကွန်ပျူတာတက္ကသိုလ်တွင်ပထမဆုံးအကြိမ်အဖြစ် နည်းပညာဆိုင်ရာအကြောင်းအရာများကိုဆွေးနွေးနိုင်သည့် IT Camp ကို ဇန်နဝါရီ ၂၄ရက်တွင် ကျင်းပမည်ဖြစ်ပြီး အွန်လိုင်းစာရင်းပေးသွင်းမှု ပြည့်သွားခြင်းကြောင့် လာရောက်သည့်နေ့တွင် စာရင်းပေးသွင်းတက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

တက်ရောက်မည့်သူ ဦးရေ ၃၅၀၀ ခန့်အတွက် စီစဉ်ထားပြီး တက္ကသိုလ်ရှိ တာဝန်ရှိသူများ၏ ခွင့်ပြုချက်ရရှိထားပြီးဖြစ်ကြောင်း IT Camp စီစဉ်သည့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ကျောင်းသားတစ်ဦးက ပြောသည်။

"လက်ရှိအွန်လိုင်း Register လုပ်နိုင်တဲ့ အယောက် ၅၀၀ က ပြည့်သွားပါပြီ။ ဒါပေမဲ့ ပွဲကျရင်လည်း စာရင်းပေးပြီး တစ်ခါတည်း တက်လို့ရပါတယ်။ ကွန်ပျူတာတက္ကသိုလ်မှာလည်း ကျောင်းသားအယောက် ၃၀၀၀ လောက်ရှိတော့ သူတို့အပါအဝင် ၃၅၀၀ အတွက်တော့ စီစဉ်ထားတယ်" ဟု ၎င်းကပြောသည်။

UCSY IT Camp 2014 တွင် ခေါင်းစဉ် ၄၀ ကျော်ဖြင့် နယ်ပယ်အစုံမှပညာရှင်များကလာရောက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ အဆိုပါ IT Camp ကို ပထမဦးဆုံးအကြိမ် ပြုလုပ်ခြင်းဖြစ်ရာ နောင်နှစ်များတွင်လည်းကျင်းပနိုင်ရန် စီစဉ်သွားမည်ဖြစ်ကြောင်းပွဲစီစဉ်သူများကပြောသည်။

IT Camp မှာ BarCamp ကဲ့သို့ သက်ဆိုင်ရာကဏ္ဍများနှင့် ပညာရပ်များကို တက်ရောက်လာသူများအားလုံး စိတ်ဝင်စားသည့် ပညာရပ်အလိုက် အပြန်အလှန်ဆွေးနွေးဖလှယ်နိုင်ရန်အတွက် စုစည်းပြုလုပ်ပေးထားသည့် အသိပညာနှီးနှောဖလှယ်ပွဲဖြစ်သည်။



# အဝေးထိန်းကွန်ပျူတာစနစ်ဝန်ဆောင်မှုတိုးချဲ့ရန် အိုင်ဘီအမ်ကုမ္ပဏီ ကန်ဒေါ်လာတစ်ဘီလီယံကျော်သုံးစွဲမည်

**ဒါးလက်စ်၊ ဇန်နဝါရီ-၁၇**


IBM ကုမ္ပဏီ၏အဝေးထိန်း ကွန်ပျူတာစနစ်သုံးဝန်ဆောင်မှုများကိုတိုးချဲ့ရန်နှင့် ဖောက်သည်သစ်၊ ဈေးကွက်သစ်များ ရရှိစေရန် ကမ္ဘာ့တိုက်ကြီးငါးတိုက်တွင် သတင်းအချက်အလက်ဌာန သစ် ၁၅ ခုတည်ဆောက်ရန် ကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံရင်းနှီးမြှုပ်နှံမည်ဟု IBM ကုမ္ပဏီကပြောကြားသည်။

၂၀၁၅ ခုနှစ်အတွင်း အာဖရိကနှင့်အရှေ့အလယ်ပိုင်းဒေသတွင် လုပ်ငန်းတိုးချဲ့ရန်အစီအစဉ်များနှင့်အတူ ယင်းဌာနသစ်များကို ကနေဒါ၊ အိန္ဒိယ၊ ဂျပန်၊ လန်ဒန်၊ ဟောင်ကောင်၊ တရုတ်၊ ဒါးလက်စ်၊ မက္ကဆီကိုစီးတီးနှင့် ဝါရှင်တန်ဒီစီမြို့တို့တွင် IBM ကုမ္ပဏီက တည်ဆောက်သွားမည်ဖြစ်သည်။

ယင်းရင်းနှီးမြှုပ်နှံမှုကြောင့် မိမိတို့ပိုင်သတင်းအချက်အလက်ဌာနပေါင်း ယခုနှစ်တွင် ၄၀ ရှိလာမည်ဟု ယင်းကုမ္ပဏီကပြောသည်။ ဝန်ဆောင်မှုပေးနိုင်သည့်ပမာဏမှာလည်း နှစ်ဆတိုးလာမည်ဖြစ်သည်။

ကမ္ဘာလုံးဆိုင်ရာအင်တာနက်ဝန်ဆောင်မှုဈေးကွက်မှာ ၂၀၂၀ ပြည့်နှစ်တွင် ကန်ဒေါ်လာဘီလီယံ ၂၀၀ အထိရှိလာမည်ဟု IMB ကုမ္ပဏီကခန့်မှန်းဖော်ပြသည်။

မိမိတို့၏အင်တာနက်ဝန်ဆောင်မှုပေးရန် ဝက်ဘ်ဆိုက် အခြေခံနည်းပညာကို အသုံးပြုသွားမည်ဟု ယင်းကုမ္ပဏီကပြောသည်။ ဒါးလက်စ်မြို့အခြေစိုက် အင်တာနက်အခြေခံနည်းပညာကုမ္ပဏီ Softlayer ကိုဝယ်ယူချိန်မှစ၍ ယင်းလုပ်ငန်းတွင် ဖောက်သည်သစ် ၂၄၀၀ ရရှိခဲ့သည်ဟု ကုမ္ပဏီကပြောသည်။



အဝေးထိန်းကွန်ပျူတာစနစ်သုံး အင်တာနက်ဝန်ဆောင်မှုအသုံးပြုရန် ကုမ္ပဏီများစွာကရွေးချယ်လာကြသည်။ ယင်းစနစ်က ၎င်းတို့ကို ကွန်ပျူတာအသုံးပြုမှုစွမ်းရည်သိုလှောင်သိမ်းဆည်းမှုနှင့် အခြားသောဝန်ဆောင်မှုများကိုဖောက်သည်များနှင့် ဝေမျှကာ သတင်းအချက်အလက်ဌာနများတွင် စုပေါင်းသိမ်းဆည်းအသုံးပြုရန်ခွင့်ပြုထားသည်။

*—Ref: Reuters*




Yatanarpon Teleport

# ADSL လိုင်းများအဆင့်မြှင့်တင်ရန် စစ်တမ်းကောက်နေ

**ဆွေမွန်**

**ရန်ကုန်၊ ဇန်နဝါရီ- ၁၈**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အင်တာနက် ADSLလိုင်းများ ပြုပြင်ထိန်းသိမ်းနိုင်ရန်နှင့် အဆင့်မြှင့်တင်နိုင်ရန်အတွက် သုတေသနပြုလုပ်၍ စစ်တမ်းကောက်ယူနေကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းရရှိသည်။

ADSLစနစ် အင်တာနက်လိုင်း အဆင့်မြှင့်တင်ရန်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စစ်ဆေးမှုများကိုဇန်နဝါရီမှစတင်၍ ပြုလုပ်နေခြင်းဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ်တစ်ဦးက ပြောသည်။

"ဆာဗေးဆင်းနေတာက ဒီလကစတာ။ တစ်နိုင်ငံလုံးမှာ ADSLလိုင်းတွေကိုဆက်သွယ်ရေးဘက်က လွှတ်လိုက်တဲ့မြန်နှုန်းတွေနဲ့ ကြိုးဖုန်းကတစ်ဆင့်ဟိုဘက်ကိုရောက်တဲ့အခါမှာဘယ်လောက်ပဲ ရောက်လဲဆိုတာတွေကိုစစ်ဆေးတာတွေလုပ်နေတယ်" ဟု ၎င်းကပြောသည်။

ကြိုးဖုန်းဖြင့်အသုံးပြုရသည့် ADSLမြန်နှုန်းမြင့်အင်တာနက်စနစ်မှာ ဝယ်ယူသည့် Bandwidth အလိုက် အပြည့်မရရှိခြင်း၊ ရရှိသည့် Bandwidth ကိုသတ်မှတ်ဦးရေထက် ပိုမိုအသုံးပြုပါက လိုင်းနှေးခြင်း စသည့်အားနည်းချက်များရှိသော်လည်း အခြားသောအင်တာနက်လိုင်းများထက် မြန်နှုန်းမြင့်ကြောင်း ကွန်ပျူတာကျွမ်းကျင်သူများကပြောသည်။

"နောက်ပိုင်းမိုဘိုင်းကလည်း လိုင်းတွေကျပ်လာတယ်။ အင်တာနက်၊ ဖေ့စ်ဘွတ်ခ်သုံးရုံလောက်ဆိုရင် ဘာမှမဖြစ်ပေမယ့် လုပ်ငန်းလုပ်ကိုင်တဲ့အခါကျတော့ ADSL လိုင်းကကောင်းတယ်။ ဒါပေမဲ့ လျှောက်ထားတဲ့သူအရမ်းများတော့ သုံးဖို့လျှောက်ရင်သုံးလေးလစောင့်ရတယ်"ဟု ကွန်ပျူတာကျွမ်းကျင်သူတစ်ဦးက ပြောသည်။

လက်ရှိ ADSLလိုင်းများကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ရတနာပုံတယ်လီပို့တို့မှလုပ်ကိုင်နေပြီး လိုအပ်သည့်အင်တာနက် Bandwidth ကိုမြန်မာ့ဆက်သွယ်ရေးမှသာ ခွဲယူသုံးစွဲရခြင်းဖြစ်သောကြောင့်မြန်မာ့ဆက်သွယ်ရေးတွင်သာတိုက်ရိုက်လျှောက်ထားမှုများကြောင်း စုံစမ်းသိရသည်။

ထို့အပြင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ADSLလိုင်းများ၏ စတင်တပ်ဆင်ခနှုန်းထားကို လျှော့ချပေးပြီးနောက်ပိုင်းတွင် လျှောက်ထားမှုပိုမိုများပြားလာသည်။ အခြားသောအင်တာနက်လိုင်းများဖြစ်သည့်အင်တာနက် WiMaxစနစ်၊ ဗြိုဟ်တုစနစ်သုံး မြန်နှုန်းမြင့်အင်တာနက်စနစ်များမှာလည်း သုံးစွဲမှုများပြားလာခြင်းကြောင့် လိုင်းနှေးကွေးမှုများ ကြုံတွေ့နေရကြောင်း သုံးစွဲသူများကပြောသည်။

# ပညာရေးဘောလုံး

ဇော်မျိုးလှိုင် (တက္ကသိုလ်ဆရာများ သမဂ္ဂ)




**ပရော်ဖက်ရှင်နယ် MNL**

မြန်မာ့ဘောလုံးလောကဟာ အာရှအဆင့်မှာဟိုအရင်တစ်ချိန်က ရွှေခေတ်လို့ ပြောနိုင်ခဲ့ပေမယ့် ယခုအချိန်မှာဖြင့် အရှေ့တောင်အာရှအဆင့်မှာတောင် အုပ်စုအဆင့်လောက်ကနေ လှည့်ပြန်ခဲ့ရတာ နှစ်ပေါင်းမနည်းတော့ပါဘူး။ ၂၀၁၃ SEA GAME မှာလည်း အိမ်ရှင်မြန်မာဘောလုံးအသင်းဟာ နည်းပြကြောင့်လား၊ အားကစားသမားများရဲ့ စိတ်ဓာတ်နဲ့ အရည်အချင်းကြောင့်လား လားများစွာ၊ ဆင်ခြေများစွာနဲ့ပဲ အုပ်စုအဆင့်က ထွက်ခဲ့ရပြန်ပါပြီ။

ဒီလို အောင်မြင်မှုမရဘဲ အလွန်အဆင့်နိမ့်ကျနေတဲ့ ဘောလုံးအားကစားကို တိုးတက်အောင်မြင်လာစေဖို့အတွက် ထင်ရှားတဲ့ မြန်မာစီးပွားရေးလုပ်ငန်းရှင်များက ဝိုင်းဝန်းပူးပေါင်းလျက် ငွေပင်ငွေရင်းစိုက်ထုတ်ကာ အပူတပြင်း ကြိုးပမ်းနေကြတာကို မြန်မာပြည်သူပြည်သားများ အသိပင်ဖြစ်ကြပါတယ်။ ဒါကြောင့် လက်ရှိမြန်မာ့ဘောလုံးလောကမှာ ပြုပြင်ပြောင်းလဲမှုများစွာကို တွေ့မြင်နေကြရပါတယ်။

ယခင်က အပျော်တမ်းအဆင့် ဘောလုံးအသင်းများသာရှိခဲ့ပြီး ဝန်ကြီးဌာနများကသာ အသင်းများကို တာဝန်ယူကိုင်တွယ်ဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။ ဘောလုံးအသင်းရဲ့ ငွေကြေးပိုင်းဆိုင်ရာမှအစ အရာရာကို ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီဝန်ကြီးဌာနခေတ်က ကလပ်အသင်းများဟာ အပျော်တမ်းအဆင့်သာသာဖြစ်ခဲ့တဲ့အတွက် မြန်မာ့ဘောလုံးလောကအတွက် အောင်မြင်မှုတွေကို ရှာဖွေမပေးနိုင်ခဲ့ကြပါဘူး။

ဒါကြောင့် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ကြရာမှာ ဆုကြေးစား (professional)ဘောလုံးစနစ်ကို ကျင့်သုံးခြင်းဖြင့် တိုးတက်မှုများ ဖော်ဆောင်နိုင်ဖို့ စီစဉ်ခဲ့ကြပါတယ်။ ဒီလိုနဲ့ပဲ မြန်မာနေရှင်နယ်လိဂ်ခေါ် MNL ဘောလုံး ပြိုင်ပွဲခေတ်ကို အသက်သွင်းခဲ့ကြပါတယ်။

ဒီလိုဖော်ဆောင်ရာမှာဘောလုံးအသင်းများကို ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များက အကျိုးစီးပွားကို ပဓာနမထားဘဲ သိန်းပေါင်းထောင်ချီတဲ့ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခဲ့ကြပါတယ်။ နိုင်ငံတကာ ဆုကြေးစားဘောလုံးစနစ်များကဲ့သို့ အသက်ဝင်ပီပြင်လာစေဖို့ ပြည်တွင်းနည်းပြ၊ ကစားသမားများသာမက နိုင်ငံခြားသားနည်းပြ၊ ကစားသမားများကိုပါ လစာငွေ အမေရိကန်ဒေါ်လာထောင်ချီ အကုန်အကျခံလျက် ငှားရမ်းခဲ့ကြပါတယ်။ ထို့အတူပြည်တွင်းနည်းပြ၊ ကစားသမားများရဲ့ လုပ်ခလစာဟာလည်း ယခင်ကနဲ့မတူ စွမ်းဆောင်ရည်ပေါ်မူတည်ကာ တစ်လကို သိန်းဆယ်ဂဏန်းအထိ ရရှိနေကြပါပြီ။ (လက်ရှိတွင်ပြန်လည်လျှော့ချနေကြောင်းကြားသိရ)

ခုလို ငွေကုန်ကြေးကျခံကာ ဘောလုံးလောကကို မြှင့်တင်နေတာမြင်ရတော့ ပညာရေးလောက နိမ့်ကျလာမှုများကိုလည်း အရေးတကြီး ပြန်လည်မြှင့်တင်ဖို့လိုအပ်နေချိန်မှာ ပညာရေးလောကကို ဘောလုံးလောကနဲ့နှိုင်းယှဉ်ကာ စဉ်းစားမိလာပါသည်။

**ပိုကြီးမားတဲ့ အန္တရာယ်**

ဒီနေ့ ပညာရေးလောကကို ကြည့်လိုက်တော့ အဆင့်အတန်းအင်မတန်နိမ့်ကျနေတာဟာဖြင့် မဖော်ပြဝံ့လောက်အောင်မို့ ရှက်ဖွယ်လိလိဖြစ်နေပါတယ်။ ဘောလုံးလောကနိမ့်ကျလာတာထက် ပညာရေးနိမ့်ကျမှုဟာ တိုင်းပြည်မှာ အန္တရာယ်ပိုမိုကြီးမားလှပါတယ်။ ပညာရည်နိမ့်ကျနေတဲ့ တိုင်းပြည်ဟာ နိုင်ငံတကာအလယ်မှာ ဘောလုံးပွဲတွေကန်တိုင်းကန်တိုင်းရှုံးနေတာထက် ပို၍ပို၍ ရှက်ဖွယ်လိလိဖြစ်နေပါတယ်။

ဒီတော့ပညာရေးလောကကို မြှင့်တင်ဖို့အတွက် ဘာတွေလုပ်သင့်သလဲဆိုတာကို ဘောလုံးလောကနဲ့နှိုင်းယှဉ်ကာ တွေးကြည့်မိပါတယ်။ ဒီနေ့ MNL ဘောလုံးကလပ်များဟာ ပုဂ္ဂလိကပိုင်ဖြစ်လာတော့ အသင်းရဲ့ စီမံခန့်ခွဲခွင့်တွေဟာ အသင်းပိုင်ရှင်နဲ့ စီမံခန့်ခွဲရေးဘုတ်အဖွဲ့ပေါ်မှာ အစစအရာရာမှီတည်လာပါတယ်။ ဒါ့အပြင် အသင်းကို အားပေးတဲ့ ပရိသတ်ရဲ့ဆန္ဒကိုလည်း အသင်းပိုင်ရှင်က လေးလေးစားစား အကောင်အထည်ဖော်ပေးရတာတွေ့ရပါတယ်။

အထူးသဖြင့် ဥရောပဆုကြေးစား ဘောလုံးလောကမှာဆိုရင် အသင်းရဲ့ အစုရှယ်ယာများကို အသင်းကို အားပေးသူပရိသတ်များကိုပါ ခွဲဝေရောင်းချထားတာကြောင့် အသင်းအောင်မြင်မှုရရှိဖို့အတွက် အသင်းပိုင်ရှင်က သူ့ကိုယ်ပိုင်ဆန္ဒအပြင် ရှယ်ယာဝင်များရဲ့သဘောထားကိုပါလိုက်နာကြရပါတယ်။

ဘာပဲဖြစ်ဖြစ် ဒီဘောလုံးအသင်းတွေရဲ့ အောင်မြင်မှုရရှိလာအောင် စီမံခန့်ခွဲရာမှာ အစိုးရ (သို့) အသင်းပိုင်ရှင်ကိုယ်တိုင်က ဝင်ရောက်စွက်ဖက်မှုနည်းလာခြင်း (သို့)လုံးဝမရှိတော့ခြင်းဖြစ်ပါတယ်။

**Autonomous University**

ဒီလိုပါပဲ၊ ဒီနေ့ကျွန်တော်တို့ရဲ့ပညာရေးစနစ်ကိုပြုပြင်ကြရာမှာလည်း သက်ဆိုင်ရာကျောင်းများ၊ တက္ကသိုလ်များကို အစိုးရက ဝင်ရောက်ခြယ်လှယ်စီမံမှုမပြုသင့်တော့ပါဘူး။ သက်ဆိုင်ရာ ကျောင်း (သို့)တက္ကသိုလ် စီမံခန့်ခွဲရေးအဖွဲ့ (Administrative Board) နဲ့ ဆီးနိတ် (Senate) များကို လွတ်လပ်စွာ ဖွဲ့စည်းခြင်းဖြင့် Autonomy ခေါ် ကိုယ်ပိုင်စီမံခန့်ခွဲခွင့်ပေးရမှာဖြစ်ပါတယ်။ လွတ်လပ်တဲ့ စီမံခန့်ခွဲမှုများရှိမှသာ ကျောင်းသား၊ ကျောင်းသူများရဲ့ ပညာရည်အဆင့်အတန်း မြင့်မားရေးကို ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

ဒီလို ကျောင်း/တက္ကသိုလ် စီမံခန့်ခွဲရေးအဖွဲ့ကိုဖွဲ့စည်းရာမှာလည်း ကျောင်းရဲ့စီမံခန့်ခွဲမှုဆိုင်ရာတတ်သိပညာရှင်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပါမောက္ခများ၊ ဆရာ၊ ဆရာမ ကိုယ်စားလှယ်များ၊ ကျောင်းသားမိဘကိုယ်စားလှယ်များနဲ့ ကျောင်းသားဟောင်းကိုယ်စားလှယ်များ၊ ကျောင်းသားသမဂ္ဂကိုယ်စားလှယ်များ၊ ဒေသန္တရဆိုင်ရာ အုပ်ချုပ်ရေးနဲ့ ဥပဒေပြုရေး၊ ကျန်းမာရေး စသည့်ဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များ စသဖြင့် အလွှာစုံမှ ကိုယ်စားလှယ်များကို ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ကာ ဖွဲ့စည်းရမှာဖြစ်ပါတယ်။ ဒါမှသာကျောင်းရဲ့စီမံခန့်ခွဲမှုများဟာ သက်ဆိုင်ရာ stakeholder များ ကိုယ်တိုင်ပူးပေါင်းဆောင်ရွက်မှုကြောင့် လိုအပ်ချက်များကို နည်းနိုင်သမျှနည်းအောင် စီမံနိုင်ကြမှာဖြစ်ပါတယ်။ နေရာတကာမှာ အစိုးရက ဝင်ရောက်စီမံစရာမလိုတော့တဲ့အတွက် အစိုးရမှာလည်း မလိုလားအပ်တဲ့ ဝန်ထုပ်ဝန်ပိုးများ လျော့ကျစေနိုင်ပါတယ်။

**ပြည်တွင်းပြည်ပ ကစားသမား နည်းပြအချိုးကျ**

လက်ရှိဘောလုံးလောကမှာ နိုင်ငံခြားသားနည်းပြ၊ ကစားသမားများကို ငှားရမ်းအသုံးပြုထားကြပေမယ့် ပြည်တွင်းကစားသမားကြားမှာ အကန့်အသတ်နဲ့သာ အချိုးအနည်းငယ်နဲ့ ခွင့်ပြုလေ့ရှိပါတယ်။ ကန့်သတ်ရခြင်းရဲ့ ရည်ရွယ်ချက်က နိုင်ငံခြားသားအချိုးအစားများလွန်းပါက ပြည်တွင်းဘောလုံးသမားများ အခွင့်အရေးနည်းသွားမှာဖြစ်သလို ပြည်တွင်းဘောလုံးလောကရဲ့ အဆင့်အတန်းလည်း နိမ့်ကျသွားမှာဖြစ်ပါတယ်။

ပညာရေးလောကကို နိုင်ငံတကာအဆင့်မီဖို့ဆိုရင်လည်း လက်ရှိ ကျောင်းအုပ်တွေ၊ ပါမောက္ခတွေ၊ ပါချုပ်တွေနေရာမှာ နိုင်ငံတကာက သက်ဆိုင်ရာရာထူးအဆင့်တူသူတွေကို အစားထိုးငှားရမ်းခန့်ထားခြင်း ဒါမှမဟုတ် ပူးတွဲခန့်ထားခြင်းမျိုးပြုလုပ်သင့်ပါတယ်။ ဆရာ၊ ဆရာမတွေ၊ ပါမောက္ခတွေကို သင်ကြားရေးနဲ့ ပတ်သက်သမျှ တာဝန်ယူစေပြီး ကျောင်းအုပ်တွေ၊ ပါမောက္ခချုပ်တွေကိုတော့ အုပ်ချုပ်ရေးနဲ့စီမံခန့်ခွဲရန် ပါရဂူဘွဲ့ရတွေကိုသာ ခန့်ထားပေးသင့်တယ်လို့ ယူဆမိပါတယ်။

**ခါးဆက်ပြတ်မှု**

ဒီလိုပြောဆိုရခြင်းမှာလည်း ပြည်တွင်းရှိ မည်သူ့ကိုမျှ အထင်သေးလို့မဟုတ်ဘဲ မြန်မာ့ပညာရေးဟာ နှစ်ပေါင်းများစွာနောက်ကျနေခဲ့တဲ့အတွက် ဂျိုး(ချေး)တက်နေတဲ့ ဘီးလုံးကို မြန်မြန်ရွေ့နိုင်အောင် အမဲဆီ (စက်ချောဆီ) သုတ်လိမ်းပေးခြင်းမျိုးဖြစ်ကြောင်းကိုလည်း တင်ပြလိုပါတယ်။ ဒီလိုပြည်ပ ပညာရှင်များ (သို့)ပြည်ပရောက်မြန်မာပညာရှင်များနဲ့ ယှဉ်တွဲလုပ်ကိုင်မှသာ ပြည်တွင်းပညာရှင်များ၊ ဆရာ၊ ဆရာမများနဲ့ ကျောင်းသား၊ ကျောင်းသူများဟာ Knowledge Sharing များရရှိကာ မြန်မာ့ပညာရေးလောကရဲ့ ပညာရေးခါးဆက်ပြတ်မှုပြဿနာကို ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။

**ပုဂ္ဂလိက အခန်းကဏ္ဍ**
**(Private sector)**

ဒါကြောင့် မြန်မာ့ပညာရေးလောကရှိ ကျောင်းများ/တက္ကသိုလ်များကို ကမ္ဘာနဲ့အမီ ရင်ပေါင်တန်းနိုင်စေဖို့အတွက် ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းရှင်များ ပါဝင်လှူဒါန်းခြင်း၊ ရင်းနှီးမြှုပ်နှံခြင်းဟာ အင်မတန်အရေးပါလှပါတယ်။

အောင်မြင်နေတဲ့ နိုင်ငံများရဲ့ ပညာရေးလောကမှာ ကျောင်း/တက္ကသိုလ်များရဲ့ ပိုင်ဆိုင်မှုပုံစံများကို လေ့လာကြည့်ရင် အစိုးရပိုင်ကျောင်း၊ ပုဂ္ဂလိကပိုင်ကျောင်း၊ အစိုးရတစ်ပိုင်းထောက်ပံ့ပုဂ္ဂလိက ကျောင်းလို့ တွေ့ရမှာဖြစ်ပါတယ်။ ဒီသုံးပိုင်းဟာ ဟန်ချက်ညီညီ အချိုးကျကျ ပါဝင်နေတာလည်း တွေ့ရပါတယ်။

အချုပ်အားဖြင့် ဆိုရသော် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များအနေနဲ့ လက်ရှိဘောလုံးလောကအတွက် ငွေကြေးအမြောက်အမြားသုံးစွဲကာ ကြိုးပမ်းနေသလို တိုင်းပြည်ရဲ့ အရေးအကြီးဆုံးသော ပညာရေးလောကအတွက် ပိုမိုရင်းနှီးမြှုပ်နှံခြင်း၊ လိုအပ်လျက်ရှိသော သင်ထောက်ကူပစ္စည်းများ၊ စာအုပ်စာတမ်းများ လှူဒါန်းခြင်းမှအစ ပညာရေးရန်ပုံငွေများ မ,တည်စိုက်ထည့်လှူဒါန်းခြင်း စသဖြင့် အဘက်ဘက်ရှိ လိုအပ်ချက်များကို ပါဝင်ကူညီဖြည့်ဆည်းဆောင်ရွက်ပေးမယ်ဆိုရင် အလွန်ပင်သင့်မြတ်ပါလိမ့်မယ်။ ဒီလိုသာ မြန်မာ့ပညာရေးလောကအတွက် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များမှ စွမ်းစွမ်းတမံ ဝင်ရောက်ဆောင်ရွက်ကြမယ်ဆိုရင်ဖြင့် အရည်အချင်းပြည့် ပညာရေးစီမံခန့်ခွဲမှုများ၊ သင်ကြားရေးနဲ့ သုတေသနဆိုင်ရာ ထူးချွန်ထက်မြက်တဲ့ ဆရာ၊ ဆရာမများကိုပါ ဖော်ထုတ်လာနိုင်မှာ ဖြစ်တာကြောင့် အနာဂတ်ပညာရေးဟာ နိုင်ငံတကာ အဆင့်မီပြန်လည်ဦးမော့လာနိုင်မှာဖြစ်တယ်လို့ ဆိုချင်ပါတယ်။ ။

7 DAY NEWS JOURNAL
Vol.12, No.46 ▪ JANUARY 22 , 2014

# မင်းဒင်ရဲ့သက်ခိုင်(၂)

■ မင်းဒင်

(ယခင်အပတ်မှအဆက် . . . )

**အခန်း(၁၃)**
**သက်ခိုင်နှင့်ထူးဆန်းသော သူဌေးလင်မယား**

ဤရက်ပိုင်းများအတွင်း ကိုသက်ခိုင်တစ်ယောက် ပျောက်ချက်သားကောင်းနေလေသည်။ လူကိုယ်တိုင် မလာနိုင်သည့်တိုင် အနည်းဆုံးတစ်ပတ်တစ်ကြိမ်ခန့် ရောက်ရာအရပ်မှ ဖုန်းဖြင့်လှမ်း၍ အသံပြုတတ်သော်လည်း ကိုသက်ခိုင်ဆီမှ ဖုန်းသံတိတ်နေသည်မှာ တစ်လဝန်းကျင် ရှိပေရော့မည်။ ကျွန်တော်ကိုယ်တိုင်လည်း ကိုယ့်ဆိုင်ဗာဟီရနှင့်ကိုယ်အမည် မည်မည်ရရတပ်စရာမရှိပါဘဲ အလုပ်များနေသောကြောင့် သူ့ကိုမေ့မေ့ပျောက်ပျောက်ဖြစ်နေခဲ့သည်။ ထိုကာလ၏တစ်ခုသော ညဥ့်နက်သန်းခေါင်အချိန် ကျွန်တော်အိပ်မောကျနေစဉ် ဖုန်းခေါ်သံမြည်လာသဖြင့် အိပ်ချင်မူးတူးဖြင့် ဖုန်းကိုကောက်ကိုင်လိုက်ရာ ဆက်သွယ်လာသူမှာ ကိုသက်ခိုင်ဖြစ်လေ၏။

"ဗျို့. . . ကိုမင်းဒင်။ အိပ်နေရင် ဆောရီးဗျာ။ မနက်ဖြန် မနက် ၇ နာရီ ၂၀ မှာ ဖူးခက်လေဆိပ်ကို လာကြိုပါဦးဗျ"

"ခင်ဗျားဗျာ။ လုပ်လိုက်မှဖြင့် အချိန်မတော်ရေးကြီးသုတ်ပျာချည်းပဲ။ အခုဘယ်ရောက်နေပြီတုံး"

"ဘန်ကောက်ရောက်နေတာဗျ။ လာဖြစ်အောင်လာစမ်းပါဗျာ။ ခင်ဗျားကို အထူးအဆန်းတွေပြောစရာရှိတယ်"

"ထူးဆန်းတာဆိုရင်တော့ အခုပြောတာအကောင်းဆုံးပဲဗျာ။ ကျွန်တော်လည်း ခင်ဗျားဇာတ်လမ်းကို ရှေ့ဆက်ဖို့ ကုန်ကြမ်းလိုနေတာနဲ့အတော်ပဲ"

"လူချင်းတွေ့ပြီးပြောရတာ ပိုပြီး အဆင်ပြေတယ်ဗျ။ ကဲ. . အိပ်တော့။ ခင်ဗျားအကြောင်း ကျွန်တော်သိပါတယ်။ ခင်ဗျား လာကြိုမှာပါ။ ကဲကဲ. . . အိပ်တော့၊ ဂွတ်နိုက်ဗျာ"

ကိုသက်ခိုင်ကား ထုံးစံအတိုင်း စကားကိုတုံးတိတိဖြတ်ကာ ဂွပ်ခနဲ ဖုန်းချသွားလေသည်။

ဖူးခက်လေဆိပ်မှာ ကျွန်တော့်အိမ်နှင့် ကီလိုမီတာ ငါးဆယ်ကျော်မျှ ကွာဝေးသဖြင့် ကားမောင်းချိန် တစ်နာရီခန့်ကြာသည်။ ထို့ကြောင့် နံနက်စောစော ၆ နာရီခန့်တွင် ကျွန်တော့်အိမ်မှ ဖူးခက်လေဆိပ်သို့ စထွက်လာရသည်။ လမ်းမကြီးတွေမှာ ကားအသွားအလာ မရှုပ်ထွေးလှသေးချေ။ ဖြည်းဖြည်းမှန်မှန်ပင် မောင်းလာခဲ့ရာ ၇ နာရီကျော်ခန့်တွင် ဖူးခက်လေဆိပ်အနီးသို့ရောက်လာသည်။ ဖူးခက်မှာ ထိုင်းနိုင်ငံတောင်ပိုင်း၏ အထင်ကရခရီးသွားမြို့ဖြစ်သောကြောင့် တိုးတက်လာသောခရီးသွားဦးရေနှင့် ကိုက်ညီစေရန် လေဆိပ်အသစ်တစ်ခု ထပ်မံတိုးချဲ့တည်ဆောက်လျက်ရှိ၏။ စင်စစ် လက်ရှိအသုံးပြုနေသည့် ဖူးခက်လေယာဉ်ကွင်းဟောင်းသည်ပင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် တန်းယှဉ်နိုင်လောက်သည်။ ကိုသက်ခိုင်ကိုဆိုက်ရောက်ခန်းမရှေ့မှာပင် အဆင်သင့်တွေ့ရသည်။ အနောက်တိုင်းဝတ်စုံကို သေသပ်ကျနစွာ ဝတ်ဆင်ထားသော သူ့ပုံစံသည် တစ်မူထူးခြားနေ၏။ ကိုသက်ခိုင်သည် သူ့ခရီးဆောင်အိတ်ကို ကျွန်တော့်ကားနောက်ခန်းသို့ ဝုန်းခနဲနေအောင် ပစ်တင်လိုက်ပြီး ကျွန်တော့်ဘေးမှာ လာထိုင်သည်။

"ဟား. . ရှိုးနဲ့မိုးနဲ့ အတော်စမတ်ကျနေပါကလား။ တကယ့်ယူရိုပီယမ်ကြီးကျနေတာပဲဗျာ"

"ဩော်. . ခင်ဗျားက ကျွန်တော့်ကို ရဲဘက်မှာစပြီးသိကျွမ်းတာဆိုတော့ အခုပုံစံက အမြင်ဆန်းနေပေမပေါ့။ ရွှေထီးဆောင်းစဉ်တုန်းကတော့ ဒီအဝတ်အစားမျိုး နေ့တိုင်းလိုဝတ်ခဲ့ရပါသော်ကောဗျာ"

"ကဲထားပါတော့ဗျာ။ ခုတစ်လော ဖုန်းတောင်မဆက်နိုင်လောက်အောင် ဘာတွေများ အလုပ်ရှုပ်နေပြန်ပြီတုံး"

"ကျွန်တော်ဘန်ကောက်ကို သွားလိုက်လာလိုက်လုပ်နေရတာ တစ်လလောက်ရှိရော့မယ်ဗျ။ အေးဗျာ။ ကျွန်တော့်ဘဝကို သေချာပြန်စဉ်းစားလေကျွန်တော်ဟာ ဇာတာသိပ်မြင့်တဲ့သူလား၊ ဝဋ်ကြွေးမကုန်တဲ့သူလား ဝေခွဲမရလေပဲဗျ"

"ရှင်းအောင်ပြောစမ်းပါဗျာ။ ခင်ဗျား ဝတ်ပုံစားပုံကြည့်ရတာ ဝဋ်ကြွေးမကုန်တဲ့ပုံတော့ မဟုတ်ဘူးဗျ။ ဇာတာတက်တာပဲဖြစ်ရမယ်။ ဇာတာကျချိန်ဆိုတာ ခင်ဗျားနဲ့ ကျွန်တော် ပထမဆုံးအကြိမ် တွေ့ခဲ့တဲ့ ရဲဘက်မှာ ခြေချင်းကိုယ်စီနဲ့ ဘဝမျိုးလေ"

"ဟား. . . ဒါလည်းဖြစ်နိုင်တယ်ဗျ။ ဒီရက်ပိုင်းတွေမှာ နေ့လယ်စာထမင်းတစ်နပ်ကိုဗမာငွေ ခြောက်သိန်းလောက်တန်တဲ့ စားသောက်ဆိုင်မျိုးမှာနေ့စဉ် ရက်ဆက်စားနေရတာကတော့ဇာတာတက်တယ်ဆိုနိုင်ပါရဲ့"

"ဘာဗျ။ ထမင်းတစ်နပ် ခြောက်သိန်း။ ဟုတ်မှလည်း လုပ်ပါဗျာ။ ကြီးကျယ်လှချည်ရဲ့"

"ခင်ဗျားပြောသလို ကြီးကျယ်လှချည်ရဲ့လို့ ကျွန်တော်လည်း ခံစားရတာပါပဲ"

"နေပါဦးဗျ။ ခြောက်သိန်းတန်ထမင်းကို စားဖူးတယ်ရှိအောင် ခင်ဗျားအိတ်ကပ်ထဲက ငွေနဲ့ တကူးတကသွားစားတာတော့ မဖြစ်နိုင်လောက်ဘူးထင်တယ်"

"သေချာတာပေါ့ဗျာ။ ဘယ့်နှယ်၊ ကျွန်တော့်လိုကောင်က ခြောက်သိန်းတန်ထမင်းသွားဝယ်စားစရာ အကြောင်းမှမရှိတာ။ အဲဒီလိုအကြောင်းမရှိပါဘဲ ရောက်ခဲ့စားခဲ့ရတာကိုက ခင်ဗျားအတွက် ဇာတ်လမ်းတစ်ပုဒ်ပဲဗျ"

"ဟား. . လုပ်ပါဦးဗျ။ နေရာကျလိုက်လေ"

"ကြားချင်နားဆင်ပေတော့ဗျာ။ ဟော့လူ ကားတော့ဖြည်းဖြည်းမောင်းနော်"

ဤသို့လျှင် ကိုသက်ခိုင်သည် မကြာမတင်က သူကြုံတွေ့ခဲ့ရသော ခြောက်သိန်းတန်ထမင်းဝိုင်းအကြောင်းမှသည် သူ၏ ထူးခြားလှသော ဘဝကံကြမ္မာဖန်လာသည့်ဇာတ်ကြောင်းမှာ အောက်ပါအတိုင်းဖြစ်လေ၏။

"အေးဗျာ။ ကျွန်တော်လည်း ဒီတစ်သက်တော့ ရှုပ်ရှုပ်ထွေးထွေးအလုပ်တွေကို လှည့်မကြည့်တော့ပါဘူးလို့ စိတ်ကူးမိခဲ့တာ အမှန်ပါပဲ။ လောဘမောဟကုန်ပြီလို့တော့ မဆိုချင်ဘူးဗျ။ ကြုံစည်တိုင်း မဖြစ်တဲ့ဘဝသဘောကို အထိုက်အလျောက် နားလည်ခဲ့လို့ ဆိုပါတော့။ ကျွန်တော့်ဘဝရှေ့ရေးကြံရွယ်ချက်က စာဖတ်မယ်။ ကမ္ဘာအနှံ့ခရီးသွားမယ်။ ရောက်လေရာမှာ မရှိနွမ်းပါးတဲ့သူတွေ၊ ဆင်းရဲဒုက္ခရောက်နေတဲ့သူတွေကို ကျွန်တော်တတ်နိုင်သလောက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကူညီမယ်။ အကြောင်းသင့်တဲ့အချိန် ကျွန်တော့်ဇာတိနိုင်ငံကိုပြန်မယ်။ ခြံလေးတစ်ခုစိုက်မယ်။ စာရေးစာဖတ်လုပ်မယ်။ ဒီလောက်ပဲဗျ။ တစ်ခါတစ်ခါ ကျွန်တော့်ဘဝဟာ ရုပ်ရှင်ဆန်တာတော့ အမှန်ပဲဗျာ။ ဖြစ်ပုံက ဗမာပြည်က လူချမ်းသာတစ်ယောက်ဟာ ကျွန်တော်ရှိရာ ဖူးခက်အထိ တကူးတကလိုက်ရှာပြီး သူ့စီးပွားရေးလုပ်ငန်းတွေအတွက် အကြံပေးသဘောလုပ်စေချင်သတဲ့ဗျာ။ သူ့နာမည်က သိပ်အရေးမကြီးလှပါဘူးဗျာ။ ကျွန်တော်က နာမည်အရင်းတွေအတိုင်း ပြော၊ ခင်ဗျားက ခရေစေ့တွင်းကျလိုက်ရေး။ လူမုန်းများလှပေါ့။ လိုအပ်တဲ့အခါတော့ ကျွန်တော်ထုတ်ပြောပါ့မယ်"

"အမှန်အတိုင်းပြောရရင် သူဘယ်လောက်ချမ်းသာတယ်၊ ဘယ်ပုံဘယ်နည်းချမ်းသာလာတယ်ဆိုတာ ကျွန်တော်လုံးလုံးစိတ်မဝင်စားတာတော့ သိပ်သေချာတယ်။ လူချမ်းသာတော်တော်များများဟာ သူတို့စည်းစိမ်တွေကနေ ဘဝရဲ့ပျော်ရွှင်ချမ်းမြေ့မှုအစစ်ကို မခံစားနိုင်ကြတာ ကျွန်တော်သိနေတာပဲ၊ ကျွန်တော့်လိုကောင်ကို ငွေကုန်ကြေးကျခံပြီး ပင်ပန်းတကြီးလိုက်ရှာတယ်ဆိုတော့လည်း အားနာမိတာအမှန်ပဲ။ သူက ကျွန်တော်ပြည်တော်ပြန်ရေးအတွက် ငွေကြေးအဆက်အသွယ်ရှာပြီး ကြိုးစားပေးမယ်။ ဗမာပြည်ပြန်ပြီး သူ့လုပ်ငန်းတွေကို ဝိုင်းလုပ်ပေးပါ။ အကြံပေးပါဆိုသဗျ။ ခက်တာက ပြည်တော်ပြန်ဖို့ကိစ္စကိုလည်း ကျွန်တော်တယ်စိတ်မဝင်စားလှဘူး။ မပြန်ချင်တဲ့အဓိကအချက်ကလည်း ရှုပ်ရှုပ်ထွေးထွေးဇာတ်လမ်းတွေနဲ့ ခပ်ကင်းကင်းနေချင်လို့ပဲဗျ။ ဒီတော့ ကျွန်တော်လည်း "သူ့စိတ်အားထက်သန်နေတုန်းမို့ ဖူးခက်အထိလိုက်လာတာပဲ။ အချိန်ကာလတစ်ခု ကျော်ဖြတ်ပြီးရင် မေ့မေ့ပျောက်ပျောက်ဖြစ်သွားမှာပါပဲ" ဆိုတဲ့အတွေးနဲ့. . "ခင်ဗျားလုပ်ငန်းမှာ လိုအပ်တာကို အဝေးကနေ ကူညီပေးပါ့မယ်။ အခကြေးငွေတစ်ပြားတစ်ချပ်မှ ပေးစရာမလိုပါဘူး"လို့ ခေါင်းညိတ်လိုက်မိရောဆိုပါတော့"

"ဒါပေမဲ့ဗျာ။ ကိုယ်တော်ချောဟာ ဖူးခက်ကပြန်သွားပြီး တစ်ရက်ခြားနှစ်ရက်ခြားဆိုသလို ညတိုင်းလို သူ့လုပ်ငန်းတွေအကြောင်း လှမ်းလှမ်းတိုင်ပင်နေပါရောဗျာ။ ကျွန်တော့်မှာ ကတိပေးမိလျက်သားဖြစ်နေတာကြောင့်သူ့အလုပ်ကိစ္စတွေအကြောင်း လန်ဘား ကျောက်တံတားဇာတ်လမ်းတွေကို နာရီနဲ့ချီပြီး တမေ့တမောနားထောင်နေရတော့တာပါပဲ။

ဒီမှာတင် သူပြောတဲ့ စကားတွေထဲကနေ သူ့ဘဝအကြောင်း၊ သူချမ်းသာလာပုံအကြောင်း တစ်စတစ်စ သိလာရရောဆိုပါတော့။ သူက ပဲခူးဇာတိ။ ကိုယ်ထူးကိုယ်ချွန်လုပ်ချင်ကိုင်ချင်စိတ်ရှိတဲ့သူ။ ဘဝကိုအောက်ခြေကနေ တက်လာတဲ့သူ။ အဲ. . . ခြွင်းချက်အနေနဲ့ကတော့ စိနသွေးပါတဲ့ကိုယ်တော်မို့ အလုပ်လုပ်ရာမှာ လောင်းကစားသမားဆန်ဆန် လုပ်တတ်ကိုင်တတ်တဲ့စရိုက်တော့ရှိလေရဲ့။ လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်ကျော်က ပဲခူးကနေ ရန်ကုန်ကိုတက်လာပြီး ဗီဒီယိုဖြန့်ချိတဲ့ အလုပ်လေးစလုပ်တယ်။ ဖြန့်ချိရေးဆိုတာ သူများရိုက်ပြီးသား ဗီဒီယိုခွေတွေကို ရန်ကုန်မြို့အနှံ့က အငှားဆိုင်တွေဆီ ဆိုင်ကယ် တစ်စီးနဲ့ လိုက်ဖြန့်တဲ့အလုပ်မျိုး ပဲ။

နောက်ပိုင်းတော့ သူ့ကုသိုလ်ထင်ပါရဲ့။ နာမည်ကြီး ရုပ်ရှင်ဗီဒီယို ဖြန့်ချိရေးလုပ်ငန်းတစ်ခုကို ထူထောင်လာနိုင်တယ်။ နောက်ပိုင်းတော့ ဗမာပြည်စီးပွားရေးထုံးစံအတိုင်း ချဲထီဒိုင်တို့၊ ဘောလုံးဒိုင်တို့လို အလုပ်မျိုးတွေလည်း ပတ်သက်လာခဲ့ဟန်တူပါရဲ့။ စီးပွားရေးတောင့်သည်ထက်တောင့်လာရာက မြေတွေဝယ်စု။ နောက်ပိုင်း ဒီမိုကရေစီခေတ်အပြောင်းမှာ မြေဈေးတွေ ခေါင်ခိုက်အောင်တက်လာတော့ ရောမသူဌေးစာရင်းဝင်ရောဆိုပါတော့။ လက်ရှိအချိန်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေက မြန်မာနိုင်ငံရဲ့ စီးပွားရေးဈေးကွက်ကို စိတ်ဝင်စားတဲ့အချိန်ဖြစ်တာမို့ သူပိုင်ဆိုင်တဲ့မြေတွေကို စနစ်တကျစီမံခန့်ခွဲရာမှာ နားလည်တတ်ကျွမ်းတဲ့ ယုံကြည်စိတ်ချရတဲ့လူရင်း အတိုင်ပင်ခံတစ်ယောက်သူလိုချင်တယ်။ ဒီမှာတင်ကျွန်တော့်အကြောင်းကိုကျွန်တော့် မိတ်ဟောင်းဆွေဟောင်းတွေဆီကနေ တစ်ဆင့်သိပြီး ကျွန်တော့်ဆီရောက်လာတာတဲ့ဗျာ"

**စာမျက်နှာ(၃၂) သို့**



# တစ်တိုင်းပြည်လုံး ကျပန်း၊ တစ်မျိုးသားလုံး ဆယ်တန်းမအောင်

မောင်သာချို




(တစ်)

ကျွန်တော့်ပတ်ဝန်းကျင်မှာက ပညာတတ်တွေ၊ ဘွဲ့ရတွေ တော်တော်များများကြီးကိုပဲ ရှိပါသည်။ ဒါပေမဲ့ တစ်ခါတစ်ခါ သူတို့ သူတို့တွေ၏ မှတ်ပုံတင်ကတ်လိုဟာမျိုး၊ ကိုယ်ရေးအကျဉ်းလိုဟာမျိုး၊ profile လိုဟာမျိုးကလေးတွေကို ကြည့်ခွင့်ရရှိတတ်ပေရာ ပထမ အံ့ဩမိရာက နောက်တော့ပြုံးစိစိဖြစ်ခဲ့ရသည့် အကြိမ်အရေအတွက်ပေါင်းမှာ မနည်းလှတော့ပါ။

မိတ်ဆွေ ကဗျာဆရာတစ်ယောက်က စက်မှုတက္ကသိုလ်ကျောင်းဆင်းအင်ဂျင်နီယာဘွဲ့ရ တစ်ယောက်ဖြစ်ပါသည်။ သူ့မှတ်ပုံတင်ကတ်ပြားကို ဟိုတယ်တစ်ခု၌အတူ တည်းခိုကြစဉ် ယူကြည့်မိတော့ အလုပ်အကိုင်နေရာတွင် ဖော်ပြထားသည်က ကျပန်းတဲ့။ အလုပ်အကိုင်မည်မည်ရရမရှိ၊ လက်လုပ်လက်စားဆိုသည့် အဓိပ္ပာယ်။

နောက်တစ်ယောက်ကတော့ ဆေးတက္ကသိုလ်ကနေ ဘွဲ့ရလာသည့် ဆရာဝန်တစ်ယောက် ဖြစ်ပါသည်။ သူကိုယ်တိုင်ရေးသွင်းသည့် သူ့ကိုယ်ရေးမှတ်တမ်းများကို ကျွန်တော်အကြိမ်ကြိမ် တွေ့မြင်ဖူးပါသည်။ အထူးသဖြင့် ပြည်ပခရီးစဉ်များအတွက် ရေးသွင်းလေသောအခါ သူက ပညာအရည်အချင်းနေရာတွင် ထည့်သွင်းပုံက ကိုးတန်းအောင်တဲ့။ ဩော်. . ဆယ်တန်းကလေး တောင်မှ မအောင်မြင်ရှာတဲ့ ဆရာဝန်ကလေးပါကလား။ ကျွန်တော် ပြုံးစိစိဖြစ်ရပြန်ပါ၏။

ယင်းသို့ ထိုသို့ ၎င်းသို့ဖြင့် အချက်အလက် အမှားများဖြင့် နေသားတကျဖြစ်၍ နေသော နိုင်ငံသားပေါင်းများစွာကို ကျွန်တော်မကြာခဏတွေ့ရဖူးပါသည်။ ဘယ်တက္ကသိုလ်ကနေပဲ ဘွဲ့ရရ၊ ဘယ်လောက်ပဲရာထူးရာခံရှိရှိ၊ ရှစ်တန်းအောင်တဲ့၊ ကိုးတန်းအောင်တဲ့၊ မြန်မာစာရေးတတ်ဖတ်တတ်တဲ့။ တစ်ယောက်မှ ဆယ်တန်းမအောင်။ တစ်ဦးမှဘွဲ့မရ။ ဈေးရောင်းတဲ့၊ ကျပန်းတဲ့၊ မှီခိုတဲ့၊ ပွဲစားတဲ့။ တစ်ယောက်မှ ရာထူးမရှိ။ တစ်ဦးမှ ရာခံမပါ။

အဲဒါဘာ့ကြောင့် ဖြစ်ရတာလဲဟု စဉ်းစားကြည့်တော့ တစ်ပါတီအာဏာရှင်စနစ်၏ တံခါးပိတ်အုပ်စိုးမှုကြောင့်ဟု အဖြေထွက်ပါသည်။ လွတ်လပ်စွာပြောဆိုခွင့်ဟူသည့်တံခါးကိုပိတ်ထားခဲ့ပါ၏။ လွတ်လပ်စွာ ရေးသားခွင့်ဟူသည့်တံခါးကိုပိတ်ထားခဲ့ပါ၏။ လွတ်လပ်စွာဆန္ဒဖော်ထုတ်ခွင့်ဟူသည့် တံခါးကိုပိတ်ထားခဲ့ပါ၏။ လွတ်လပ်စွာသွားလာနေထိုင်ခွင့်ဟူသည့် တံခါးကိုပိတ်ထားခဲ့ပါ၏။ လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားခွင့်ဟူသည့် တံခါးကိုပိတ်ထားခဲ့ပါ၏။ ပြင်ပကမ္ဘာရှိ သတင်းအချက်အလက်တို့ ကိုယ့်လူ့အဖွဲ့အစည်းအတွင်းသို့ ဝင်ရောက်မလာနိုင်ကြစေရန် ပိတ်ဆို့ကာကွယ်ထားသကဲ့သို့ ကိုယ့်လူ့အဖွဲ့အစည်းအတွင်းက အဖြစ်အပျက် အချက်အလက်တို့ ပြင်ပကမ္ဘာ၌ မပေါက်ကြားသွားစေရန်အတွက်ကိုလည်း ဟန့်တားကာကွယ်ထားခဲ့ကြရပါသည်။

ဤ၌ လူတွေကလည်း ပိတ်ဆို့ဟန့်တားထားသည့် အရာထဲ၌ ပါဝင်ပါသည်။ ပြင်ပကမ္ဘာက လူတို့ကိုယ့်ပြည်တွင်းထဲသို့ဝင်ရောက်ခွင့်ရရန် ခက်ခဲသကဲ့သို့ ကိုယ့်ပြည်တွင်းကလူများပြင်ပကမ္ဘာသို့ထွက်ခွာသွားခွင့်ရရန်မှာလည်း အလွန်ပင်ခက်ခဲခဲ့ကြပါသည်။

အရာရာကို အစိုးရက ထိန်းချုပ်ထားသည့် နှစ်ကာလတွေထဲ၌ ပုဂ္ဂလိကလုပ်ငန်းဟူ၍ မရှိသလောက်ဖြစ်ပြီး အစိုးရဝန်ထမ်းတို့ကသာ များပြားနေပေရာ လွတ်လပ်သည့် ကမ္ဘာသူ၊ ကမ္ဘာသား အများစုတို့ ကမ္ဘာကိုပတ်ပြီး အသိတရားမိုးကုပ်စက်ဝိုင်းကြီးကို ချဲ့သည်ထက်ချဲ့ထွင်နေရုံမျှသာမက တော့ဘဲ လ,ပေါ်ကိုတက်ဖို့၊ အင်္ဂါဂြိုဟ်ပေါ်ကိုသွားဖို့ ခြေလှမ်းပြင်နေချိန်၌ ကျွန်တော်တို့က အိမ်နီးချင်းနိုင်ငံလေးတစ်ခုခုသို့ သွားခွင့်ရသည်ကိုပင်လျှင် မဟာ့မဟာဒုလ္လဘတရားကြီးတစ်ခုအဖြစ် မှတ်ယူခဲ့ကြရသည်မှာလည်း အများအသိပင်ဖြစ်ပါသည်။

ဘွဲ့ရသူတို့ ပြည်ပသွားကြမည်ဟုဆိုသောအခါတွင်ကား ဘွဲ့ကြေးကိုပေးလျော်ကြရမြဲဖြစ်ပါသည်။ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ ဆေးပညာဘွဲ့၊ အင်ဂျင်နီယာဘွဲ့၊ ဂုဏ်ထူးတန်းဘွဲ့၊ မဟာဘွဲ့၊ ဘွဲ့ကိုလိုက်ကာ ဘွဲ့ကြေးပေးလျော်မှုပမာဏအနည်းအများသတ်မှတ်ထားပြီး လျော်ပြီးမှသာ ထွက်ခွာသွားကြရစမြဲဖြစ်ပါ၏။

ဩော်. . အလှောင်အပိတ်ခံထားခဲ့ရသည့် နှစ်ကာလများ။

(နှစ်)

အလှောင်အပိတ်ခံနှစ်ကာလတွေထဲ၌ ထူးဆန်းသော ပညာတတ်တစ်ယောက်နှင့် ကျွန်တော်ဆုံဖူးပါသည်။

သူက ယခုနိုင်ငံခြားဘာသာတက္ကသိုလ်၊ ယခင်နိုင်ငံခြားဘာသာသိပ္ပံ၌ ဘာသာစကားတစ်ခုကို ကျွမ်းကျင်ပေါက်မြောက်စွာ သင်ယူထားပြီးခဲ့သူဖြစ်ပါသည်။ မိဘအသိုင်းအဝိုင်းက လူချမ်းသာအသိုင်းအဝိုင်း။ မြန်မာနိုင်ငံအတွင်း၌ အစိုးရဝန်ထမ်းလုပ်ဖို့မည်သည့်အခါကမှ စိတ်ကူးထဲမထည့်ခဲ့သော မိသားစု။ ပြင်ပကမ္ဘာနှင့် အဝင်အထွက်အဆက်အစပ်အထိအတွေ့များသော မိသားစုက ဆင်းသက်လာသောသူ။

တစ်နေ့ သူနှင့် ကျွန်တော်တွေ့ကြတော့ သူတို့တက္ကသိုလ်မှာ စာမေးပွဲတွေကျင်းပနေသောကာလဖြစ်ပါသည်။ သူက နောက်ဆုံးနှစ်ကျောင်းသား။ သို့သော် စာမေးပွဲသွားမဖြေ။

ကျွန်တော်က သူ့ကိုကြည့်ကာ အံ့ဩစွာမေးမြန်းနေခဲ့သည်ကို သူက လေအေးအေးကလေးနှင့် စိတ်အေးလက်အေးကိုပဲ ရှင်းပြနေခဲ့ခြင်းဖြစ်ပါသည်။ သူက အင်္ဂလိပ်စာမဟုတ်သည့် ထိုဘာသာစကားကို တော်တော့်ကို ပိုင်နိုင်ကျွမ်းကျင်စွာ တတ်မြောက်ခဲ့ပြီး ဖြစ်ပါသည်တဲ့။ ထို့ကြောင့် ကျေနပ်ပါသည်တဲ့။ ဘွဲ့လက်မှတ် မလိုချင်ပါတဲ့။ ဖြေလျှင်အောင်မည်ဖြစ်သဖြင့် အောင်သောအခါ ဘွဲ့ကြေးပေးလျော်ရမည့်အလုပ်ကို မလုပ်လိုပါတဲ့။ ထို့ကြောင့် စာမေးပွဲသွားမဖြေဘဲ အကျထားလိုက်ခြင်းဖြစ်ပါသည်တဲ့။ သူသွားမည့်နိုင်ငံက ဘွဲ့လက်မှတ်ထက် တကယ်တမ်းကျွမ်းကျင်၏ မကျွမ်းကျင်၏အပေါ်၌သာ အာရုံစိုက်သောလုပ်ငန်းခွင်ရှိနေသဖြင့် အဆင်ပြေပါသည်တဲ့။

ဩော်. . ။

ဟုတ်ပါသည်။ ကျွန်တော်က ဩော်ဟူ၍သာ။

(သုံး)

ဤသို့ ထိုသို့ ၎င်းသို့ဖြင့် အတားအဆီးအပိတ်အဆို့တို့ကို ကျော်လွှားရန်အလို့ငှာ ရှစ်တန်းအောင်၊ ကိုးတန်းအောင်၊ ကျပန်း၊ ဈေးသည် စသည်စသည်ဖြင့် ကိုယ့်ပုံရိပ်ကို ကိုယ့်အချက်အလက်အမှားများဖြင့်မှတ်တမ်းတင်ထားသူတို့မှာ ကျွန်တော်တို့ဆီ၌ အရေအတွက်အားဖြင့် မနည်းလှပါ။ နိုင်ငံတော်၏စီးပွားရေး စီမံကိန်းများကိုပင်လျှင် အချက်အလက် အမှားများပေးကာမောင်းနှင်ခဲ့ကြရုံသာမက လူ့စွမ်းအားအရင်းအမြစ်များကိုပါ အချက်အလက်အမှားဖြင့် ကိုယ့်အဟန့်အတားကိုကိုယ်ကျော်ခဲ့ကြရသည်မှာ စိတ်ပျက်ဖို့တော်တော့ကိုကောင်းပါသည်။

အခုတော့ပညာရေးအတွက် ဘွဲ့ကြေးလျော်ရသည့်ကြိုးကို ဖြေလျှော့ပေးခဲ့ပြီဟု ဆိုပါသည်။ သို့သော် ဘယ်သူဆိုမသွားရ၊ ဘယ်ဝါဆို မလာရဆိုတာတွေကတော့ ရှိနေပါသေးသည်။ ကမ္ဘာသူ၊ ကမ္ဘာသားတို့ ခြေရာချင်းထပ်အောင် ကမ္ဘာကိုပတ်နေကြစဉ် ခေတ်ကာလကြီးထဲ၌ ဆယ်တန်းမအောင်သော ကျပန်းများဖြစ်ပါမှ ကမ္ဘာကိုပတ်ခွင့်ရမည်ဆိုသော အခြေအနေကြီးကို ဖန်တီးထားပုံမှာ လူကြားလို့မှ ကောင်းသေးပါရဲ့လား မသိပါလေတော့။ ။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ကျော်သူမောင်၊ ပြည့်ပြည့်ဖြိုး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းဌေး၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ အောင်သစ်လွင်၊ ငြိမ်းချမ်း၊ ရဲနောင်၊ ခန့်ထက်၊ ဆွေမွန်၊ ဖွဲ့ညဏ်၊ ခိုင်ခိုင်စိုး၊ ကြူကြူဟန် |
| အငယ်တန်းသတင်းထောက် | အိမွန်ကျော်၊ နန်းအောင်၊ ဟေမာနှင်း၊ အေကေသော်၊ ချစ်ဝိုင်း၊ ဇွဲမာန် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း၊ နစ်ကီ |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ၊ အေးမွန်ရာပြည့် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွှန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင် | မေတင်ဇာဦး၊ ထွန်းသိန်းမြင့် |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး၊နန္ဒ၊နိုင်လင်းထွန်း၊ ရဲသူရ |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ဌေး၊ အောင်မျိုးသန်း၊ ကေသီမိုး၊ တင်ဇာလင်း၊ အောင်ကောင်းမြတ် |
| သုတေသန | နှင်းနုထွေး၊ ဝါဝါလင်းလှိုင်၊ |
| သရုပ်ဖော် | စိုးသော်တာ၊ ဝလုံး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး ရတနာပြည့်ဖြိုး။ |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊စည်သူအောင်၊ နှင်းဝေဝေ၊ ဆုရည်လွင် |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် (၀၃၈၀၄) ၄၉၇၊ ဂျီ-၁၂၊ပြည်လမ်း၊ ကမာရွတ်။ |
| ပုံနှိပ်သူ | ဒေါ်မိုမိုအိ သုဝဏ္ဏသိဂီ (၁၂၁၁) ၂၁၊ ပဒုမ္မာလမ်း၊ စမ်းချောင်း။ |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day Newsဂျာနယ်တိုက် - Diamond Centre Building (E)
ပထမထပ်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
Hotline : 0973032006

# မြေယာသည် နိုင်ငံသားများ၏ အသက်

ဇော်မင်း




မနှစ်တုန်းက လက်ပံတောင်းဒေသခံလယ်သမားတချို့ သူတို့လယ်ယာမြေဆုံးမယ့်အတူတူ လျော်ကြေးပေးတာကို လက်ခံမယ်လို့ သိရတယ်။ တချို့ကတော့ လျော်ကြေးမယူဘူးလို့လည်း ကြားရတယ်။ ဝမ်ပေါင်နဲ့ ဦးပိုင်ကတော့ အပြီးသိမ်းတာမဟုတ်ဘဲနှစ်၆၀သူတို့မြေပေါ်မှာ ကြေးနီထုတ်ခွင့်အတွက် ငှားတဲ့သဘောလို့ပြောတယ်။ လျော်ကြေးယူတာ မယူတာက လယ်သမားတွေရဲ့ ကိုယ်ပိုင်ဆုံးဖြတ်ချက်မို့လို့ အထူးမပြောလိုပါ။

နှစ်ပေါင်း ၆၀ ဆိုတာ လူ့သက်တမ်းနဲ့တွက်ရင် မနည်းလှဘူး။ မျိုးဆက်နှစ်ဆက်လို့တောင် ပြောနိုင်တယ်။ ပေးတဲ့လျော်ကြေးငွေက ကြားရတဲ့အတိုင်းဆို တစ်ဧကကို ကျပ်ဆယ်သိန်းဆိုလား၊ ဆယ့်ငါးသိန်းဆိုလား တချို့သတင်းတွေက ဆိုတယ်။ ကိုင်း. . တစ်ဧကကို ဆယ့်ငါးသိန်းပဲထား။ ဥပမာလယ်သမားတစ်ဦးဟာအဲဒီကြေးနီတောင်ဧရိယာမှာလယ်မြေလေးဧကပိုင်တဲ့ အသေးစားလယ်သမားတစ်ဦးဆိုပါစို့။ အဲဒီလယ်သမားဟာ လျော်ကြေးယူမယ်ဆိုရင် ကျပ်ငွေသိန်းပေါင်း ၆၀ ရမယ်လို့ တွက်နိုင်ပါတယ်။ တစ်ခါ ကနေ့ခေတ်စားစရိတ်ကို ပြန်တွက်ကြည့်ရအောင်။ မိသားစုလေးဦး(သို့မဟုတ်)ငါးဦးရှိတဲ့အိမ်ထောင်စုတစ်စုဟာ တစ်လတစ်လကို အလွန်ချွေတာစားရင်တောင် စားစရိတ်ချည်းပဲ ကျပ်ငါးသောင်းလောက် အနည်းလေး ကုန်ပါတယ်။

တစ်နှစ်ဆိုတော့ စားစရိတ်ချည်းပဲခြောက်သိန်း။ ကျပ်သိန်း ၆၀ ဆိုတာ ဆယ်နှစ်စာအတွက် စားစရိတ်သက်သက်ပဲ ဖြစ်နေတယ်။ ဖျားလို့နာလို့ ဆေးကုသမယ်ဆိုတာ မပါသေးဘူး။ အဝတ်အစားဖိုး။ သာရေးနာရေး ကုန်ကျစရိတ်၊ ကလေးပညာရေး၊ ခရီးသွားဖို့ပေါ်လာရင် သုံးရမယ့် လမ်းစရိတ် စတာတွေ မပါသေးဘဲ စားတာတစ်ခုတည်းနဲ့ပဲ အဲဒီလျော်ကြေးငွေ သိန်း ၆၀ ဟာ ဆယ်နှစ်နေတော့ ကုန်သွားပြီ။ အဲဒီ ဆယ်နှစ်အတွင်း ဆန်၊ ဆီ၊ ဆား၊ သားငါး စတဲ့ကုန်ဈေးနှုန်းတွေကတက်လာဦးမှာကို ထည့်မတွက်ရသေးဘူး။ ဝမ်ပေါင်နဲ့ ဦးပိုင်က နှစ်ခြောက်ဆယ်စာငှားတယ်ဆိုတော့နောက်ထပ် ဆက်သွားရမယ့် နှစ်ငါးဆယ်အတွက် ဘယ်လိုလုပ်ကြမလဲ။ ရလာတဲ့ လျော်ကြေးသိန်း ၆၀ ကို အရင်းပြုပြီးစီးပွားရေးလုပ်မယ်ဆိုပြန်ရင်လည်းလယ်သမားဟာတစ်သက်လုံးစီးပွားရေးသမားမဟုတ်ခဲ့လေတော့ ဘဝကို ဘယ်လိုလုပ်ပြီးချက်ချင်းပြောင်းမလဲ။ စီးပွားရေးလုပ်ရင်းအရင်းပြုတ်ရင်နောက်လာမယ့် အကျိုးဆက်က အိမ်နီးချင်းနိုင်ငံတွေကို ထွက်ပြီးကျွန်ခံဖို့ပဲ ကျန်တော့တယ်။

အရင်တုန်းကတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို နိုင်ငံကြီးတွေက ဝိုင်းပြီးပိတ်ဆို့ထားလို့မြန်မာနိုင်ငံသား အမျိုးသမီးတွေ အလုပ်လက်မဲ့ဖြစ်ပြီး ပြည့်တန်ဆာဘဝကို တွန်းပို့ခံရတယ်လို့မြန်မာပညာရှင်တချို့ဆိုသူများက ဝေဖန်ဖူးတယ်။ ကိုင်း. . နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဝင်လာတိုင်းလည်း လာခြင်းကောင်းသလားဆိုတာ တွက်ကြည့်ကြပါဦးဗျာတို့။ တကယ်လို့ ရှိထားတဲ့ အဲဒီ လယ်လေးဧကအပေါ်မှာ စိုက်ပျိုးထွန်ယက်ပြီး အသက်မွေးမယ်ဆိုရင် အနည်းဆုံး ထမင်းစားဖို့လောက်တော့ အဆင်ပြေနိုင်သေးတယ်။ ဆင်းရဲနေဆဲဆိုပေမယ့် သားစဉ်မြေးဆက် အဲဒီမြေကို အမှီပြုပြီး အသက်ရှင်သန်နိုင်သေးတယ်။ ဖွံ့ဖြိုးတိုးတက်ရေး သီအိုရီမှာ မူလအခြေအနေတစ်ခုကနေ နောက်ထပ် အခြေအနေသစ်တစ်ခုဆီကို ပြောင်းသွားခြင်းဟာ အကောင်းကိုဖန်တီးပေးသလို ဒီထက်ဆိုးတာကိုလည်း ရင်ဆိုင်ရစေတယ်လို့ ဆိုထားတယ်။ ဒါကြောင့် ဘယ်လိုနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟာ နှစ်ဖက်အကျိုးရှိသလဲ၊ ဘယ်လိုဟာကတော့ ကိုယ့်လည်ပင်းကိုယ်ပြန်ပြီး ကြိုးကွင်းစွပ်သလိုမျိုး ဖြစ်စေသလဲဆိုတာ နားလည်ဖို့လိုတယ်။ အခုဟာက လူတစ်စု ကောင်းစားရေးအတွက်ပဲ ဖြစ်နေတယ်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကြောင့် သဘာဝပတ်ဝန်းကျင်ဟာ ပြန်လည်ပြုပြင်လို့မရလောက်အောင် ပျက်သုဉ်းမယ်ဆိုရင်တော့ အဲဒါလည်း နောက်ထပ်ကြီးမားတဲ့ ဆုံးရှုံးမှုပါပဲ။ သဘာဝပတ်ဝန်းကျင်ပျက်သုဉ်းခြင်းဟာ အဲဒီအရပ်ဒေသက လူတွေရဲ့ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ဒေသဆိုင်ရာ ရိုးရာဗဟုသုတတွေကိုလည်း ဖျက်ဆီးလိုက်တာနဲ့ အတူတူပါပဲ။ ဘရာဇီးနိုင်ငံဟာ ကမ္ဘာမှာ အကြီးဆုံးသော အမြဲစိမ်းအီကွေတာ သစ်တောကြီးတွေကို ပိုင်ဆိုင်တယ်။ ဒါပေမဲ့ သစ်ထုတ်ဖို့နဲ့ စီးပွားဖြစ်စိုက်ခင်းတွေဖြစ်တဲ့ ကော်ဖီ၊ ကြံ၊ ပြောင်းဖူး၊ ဆီအုန်း စတာတွေ စိုက်ပျိုးဖို့ သစ်တောတွေကိုခုတ်ရင်း အဲဒီ သစ်တောကြီးတွေအထဲမှာ မှီတင်းနေထိုင်တဲ့ တိုင်းရင်းသားလူမျိုးငယ်တွေ တစ်စတစ်စ တိမ်ကောလာတော့တယ်။ ကျားတွေ၊ ဆင်တွေနဲ့ရှားပါးတဲ့ သတ္တဝါတွေကို မသတ်ဖြတ်ဘဲ ထိန်းသိမ်းဖို့ ပြောနေတဲ့ခေတ်ကြီးမှာ လူသားတွေရဲ့ ရိုးရာနဲ့ ဘဝနေထိုင်မှုစနစ်တွေကို ပိုပြီး မကာကွယ်ထိုက်ဘူးလား။ လာမယ်လို့ တာစူနေတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကလည်း သတ္တုရှာဖို့၊ ရွှေရှာဖို့၊ သဘာဝဓာတ်ငွေ့ရှာဖို့၊ ကျောက်တူးဖို့လောက်ပဲ အားသန်ကြတယ်။ ကုန်ချောထုတ်လုပ်မှု တစ်ခုခုထုတ်လုပ်ဖို့လာချင်တဲ့ ကုမ္ပဏီမျိုးက အရှားသားလား။ သဘာဝအရင်းအမြစ်ကို ထုတ်ယူတာက သေချာပေါက် အမြတ်ရမှာဆိုတော့ ဘယ်သူကမှ စက်ရုံအလုပ်ရုံတွေဆောက်ပြီး ကုန်ပစ္စည်းထုတ်တာကို မလုပ်လိုကြဘူး။

သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းတာနဲ့ပတ်သက်လို့ အခုဆိုရင် ထိုင်းနိုင်ငံမှာ ကျွန်းသစ်ကို ဘယ်သူမှ ခုတ်ခွင့်မရှိဘူး။ ခိုးခုတ်တာ မိလို့ကတော့ ထောင်ထဲသွားပဲ။

စာမျက်နှာ(၃၂) သို့

# Business

7 DAY NEWS JOURNAL

Vol.12, No.46 • JANUARY 22 , 2014




ရန်ကုန်မြို့ရှိ ရွှေဆိုင်တစ်ခုတွင် ခင်းကျင်းထားစဉ်

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## တအိအိကျဆင်းခဲ့သောရွှေဈေး ဆက်တိုက်မြင့်လာနိုင်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇန်နဝါရီ-၂၀**

ယခုနှစ်ဆန်းပိုင်းကတည်းက ကမ္ဘာ့ရွှေဈေးနှင့်အတူ ပြည်တွင်းဈေးပါ ဆက်လက်မြင့်တက်နိုင်သေးကြောင်း ရွှေလုပ်ငန်းရှင်များက ခန့်မှန်းပြောကြားသည်။

ကမ္ဘာ့ရွှေဈေးသည် နှစ်ဆန်းပိုင်းတွင်တစ်အောင်စလျှင် ၁၂၂၀ ဒေါ်လာဝန်းကျင်မှ ၁၂၅၂ ဒေါ်လာထိ ဈေးဆက်တိုက်မြင့်တက်လာခဲ့ပြီး ပြည်တွင်းရွှေဈေးမှာလည်း အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၆၅၄,၀၀၀ ရှိနေရာမှ ကျပ်၆၆၂,၀၀၀ သို့ ရောက်ရှိလာခဲ့သည်။

“ရွှေဈေးတွေက တောက်လျှောက်အကျကနေ တဖြည်းဖြည်းနဲ့ပြန်တက်လာတာဆိုတော့ ဈေးတွေကဆက်တက်နိုင်သေးတယ်။ အများကြီးတော့ တက်မသွားနိုင်သေးဘူး”ဟု ရွှေဆိုင်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ရွှေဈေးတက်လာသောကြောင့် အပိုင်းဈေးကွက်တွင် ဝယ်လိုအားကျဆင်းသွားကြောင်း အောင်သမာဓိမှ ကိုဝင်းငယ်က ပြောသည်။

သို့သော်အထည်နှင့် ဖြတ်စဈေးကွက်မှာ ရွှေဝယ်ယူသူများဖြင့် ပုံမှန်အတိုင်း ဝယ်လိုအားကောင်းနေဆဲဖြစ်ကြောင်း ရွှေဆိုင်များမှသိရသည်။

ကမ္ဘာ့ရွှေဈေးသည် ပြီးခဲ့သည့်နှစ်ကုန်ပိုင်းတွင်တစ်အောင်စလျှင်ဒေါ်လာ၁,၂၀၀အောက်ထိ ဈေးကျဆင်းသွားသဖြင့်ပြည်တွင်းရွှေဈေးမှာ တစ်ကျပ်သားလျှင် ကျပ်၆၄၅,၀၀၀ထိဈေးကျခဲ့သည်။

ရွှေဈေးမြင့်လာသော်လည်း ယခင်ကာလများ၏ ပုံမှန်ဈေးတန်းကိုမမီသေးသောကြောင့်ရွှေဈေးစတင်ကျဆင်းစဉ်က ဝယ်စုထားသူအများစုသည် အမြတ်မရသေးဘဲ အရှုံးရှိနေသေးကြောင်း ရွှေဝယ်ယူထားသူများက ပြောသည်။

၂၀၁၃ ခုနှစ်က ရွှေဈေးဆက်တိုက်ကျဆင်းပြီး ငါးနှစ်အတွင်း အနိမ့်ဆုံးရွှေဈေးကို ရောက်ရှိသွားခဲ့သော်လည်း ၂၀၁၄ တွင် ရွှေဈေးပြန်မြင့်တက်ကာ တစ်ကျပ်သားလျှင် အများဆုံးကျပ်ရှစ်သိန်းအထိ ရောက်ရှိသွားနိုင်ကြောင်း ရွှေဈေးခန့်မှန်းသူများက ပြောကြားသည်။

### ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၈၂ | ၉၉၀ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၇၂ | ၇၈၂ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၃၃၂ | ၁၃၄၉ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၃၀ | ၃၀. ၂ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၆၀ | ၁၆၂ | ကျပ် |

၂၀၁၄ ဇန်နဝါရီ ၁၈ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

### ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၀၈၈ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၃၈၄ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၁၀၄. ၂၇ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၀၅ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၆၁. ၅၄ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၇၅ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၆၀. ၈၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၂၉၆ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၂. ၈၁ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၁၁,၈၇၄. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၀၇၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၅. ၀၅ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၅၂ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁. ၁၃၈၃ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၀၉၉ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၉၆၁ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၃. ၆၀ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၉ | ဒါရမ် | (UAE) |

### အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | အောင်စ | ၁,၂၅၂. ၈၀ |
| ရေနံစိမ်း | စည် | ၁၀၆. ၃၃ |
| ငွေ | အောင်စ | ၂၀. ၂၉ |
| ကြေးနီ | ပေါင် | ၃. ၃၈ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄. ၃၀ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၄ ဇန်နဝါရီ ၁၈ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။




## ၂၀၁၃ အတွင်း ဝင်ရောက်သည့် ပြည်ပရင်းနှီးမြှုပ်နှံမှု ထုတ်ကုန်ကဏ္ဍ အများဆုံးဖြစ်

**ပြည်သိမ်း**

**ရန်ကုန်၊ ဇန်နဝါရီ-၂၀**

ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်တွင် ပြည်တွင်းသို့ဝင်ရောက်လာသောနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၌ အများစုမှာ ထုတ်ကုန်ကဏ္ဍဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံကျော်ထိရှိကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သတင်းရရှိသည်။

ထုတ်ကုန်ကဏ္ဍတွင် အများဆုံးဝင်ရောက်သည့် လုပ်ငန်းများမှာ လုပ်သားအင်အားကို အခြေပြုသည့် အထည်ချုပ်လုပ်ငန်း၊ ဖိနပ်ချုပ်လုပ်ငန်းနှင့် အအေးခန်းစက်ရုံများ အများဆုံးဖြစ်ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ညွှန်ကြားရေးမှူးတစ်ဦးက ဆိုသည်။

၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံသို့ဝင်ရောက်သည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၇ ဘီလီယံကျော် (သန်းပေါင်း ၃,၇၈၀ ကျော်) ရှိခဲ့သည်။

ယင်းတို့ထဲတွင် ထုတ်ကုန်ကဏ္ဍမှာ အမြင့်ဆုံးဖြစ်ပြီး ဒုတိယအများဆုံးမှာ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖြစ်သည်။ ထုတ်ကုန်ကဏ္ဍတွင် ၂၀၁၃ ခုနှစ် ဇန်နဝါရီက အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံကျော်ရှိရာမှ နှစ်ကုန်တွင် ကန်ဒေါ်လာ ၃ ဒသမ ၆ ဘီလီယံကျော်ထိ တိုးတက်လာသည်။ ထို့အတူ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းမှာလည်းနှစ်ဆန်းက ပြည်ပရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံကျော်ရှိရာမှ နှစ်ကုန်တွင် ၁ ဒသမ ၇ ဘီလီယံကျော်ထိ တိုးတက်လာသည်။

စွမ်းအင်ကဏ္ဍနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတို့တွင်လည်း ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာခဲ့သည်။




## နှစ်သစ်ကူးနီး၍ တရုတ်ဘက်မှဆန်ဝယ်ယူမှုလျော့နည်း ဆန်ဈေးငြိမ်



*ဆန်ပွဲရုံတစ်ခုတွင် ဆန်အိတ်သယ်ယူနေသူတစ်ဦး* ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ပြည်သိမ်း**

**ရန်ကုန်၊ ဇန်နဝါရီ-၂၀**

တရုတ်နှစ်သစ်ကူးပွဲတော်နီးလာသဖြင့် ကုန်သည်များက ဆန်ဝယ်ယူမှုလျော့နည်းလာခြင်းကြောင့် ပြည်တွင်းဈေးကွက်တွင် ဆက်တိုက်မြင့်တက်လာသော ဆန်ဈေးမှာ တည်ငြိမ်နေကြောင်း ဆန်ကုန်သည်များထံမှ သတင်းရရှိသည်။

"ဆန်ဈေးက အမြင့်တန်းမှာ ငြိမ်နေတယ်။ ရှေ့ဆက်ပြီး ဈေးကနည်းနည်းပြန်အေးနိုင်တယ်"ဟု ပြည်ပသို့ ဆန်တင်ပို့နေသော ဆန်ကုန်သည်ဦးမျိုးသူရအောင်ကဆိုသည်။

ယခုနှစ်မိုးစပါးပေါ် ချိန်တွင် တရုတ်နိုင်ငံမှ ဝယ်ယူမှုကြောင့် ဆက်တိုက်မြင့်တက်လာသော ဆန်မှာ လက်ရှိအချိန်တွင် ပြည်တွင်းဈေးက တရုတ်နိုင်ငံမှဝယ်လိုသည့်ဈေးထက်မြင့်တက်လာသဖြင့်နယ်စပ်သို့ ဝင်ရောက်မှုလျော့နည်းလာကြောင်းမူဆယ်မှ ဆန်ကုန်သည်များကပြောကြားသည်။

တရုတ်ကုန်သည်များက မြန်မာ့ဆန်ကို တစ်အိတ်လျှင် ယွမ် ၁၁၇ မှယွမ် ၁၄၃ ကြားသာဈေးပေးသည်။ ပြည်တွင်းဈေးကွက်တွင် လက်ရှိဆန်ဈေးမှာ ၂၅ မှတ်(အကျိုးအကြေ ၂၅ ရာခိုင်နှုန်း)ကို တစ်အိတ်လျှင် ကျပ် ၁၃,၇၀၀ မှ ၁၄,၀၀၀ ကြားတွင်ရှိသည်။ ထို့အတူ ဆန်ကြမ်းရှယ်များမှာလည်း တစ်အိတ်လျှင်ကျပ် ၁၇,၀၀၀ ဝန်းကျင်ဈေးရှိသည်။

ယခုနှစ်မိုးစပါးတွင် မြန်မာပြည်အလယ်ပိုင်းဆန်စပါးအဓိကစိုက်ပျိုးသည့် ရွှေဘိုနယ်၌ ဖျက်ပိုးများကြောင့် အထွက်နှုန်းထိခိုက်ခဲ့သည်။ ယင်းကြောင့် တရုတ်ဈေးကွက်သို့ တစ်ရက်လျှင် အိတ်ရေ ခုနစ်သောင်းဝန်းကျင်တင်ပို့နိုင်သောအခါ ပြည်တွင်းဆန်ဈေးမှာမြင့်တက်လာခဲ့သည်။

ဆန်ဈေးမြင့်တက်မှုကြောင့် စပါးဈေးမှာလည်း မိုးစပါးစတင်ထွက်ပေါ် ချိန်က တင်းတစ်ရာလျှင် ကျပ် ၃၅၀,၀၀၀ မှ ၄၀၀,၀၀၀ ကြားရှိရာမှ စပါးအထွက်စုံလင်လာ ချိန်တွင် ကျပ် ၄၀၀,၀၀၀ မှ ၄၅၀,၀၀၀ ထိ ဈေးမြင့်တက်လာသည်။





# အစွန်းရောက်ရာသီဥတု၊ စားနပ်ရိက္ခာနှင့် လယ်သမား

ကြည်နေဝင်းမင်း

ကမ္ဘာတစ်ဝန်းမတည်ငြိမ်သောရာသီဥတုက လယ်သမားများကိုရိုလာကိုစတာ စီးခိုင်းနေပါသည်။

လွန်ခဲ့သည့်သုံးနှစ်က မိုးနည်းပါးလွန်း၍ တစ်ချိန်က ကမ္ဘာပေါ်တွင် ပြောင်းသီးနှံ ဒုတိယအများဆုံး ထုတ်လုပ်ခဲ့သော တရုတ်နိုင်ငံကို နိုင်ငံခြားမှ ပြောင်းများတင်သွင်းရသော နိုင်ငံအဖြစ် ပြောင်းလဲခဲ့ပြီးနောက် မေလအတွင်း တရုတ်နိုင်ငံမြောက်ပိုင်း၌ မိုးများလွန်း၍ ကောက်ပဲသီးနှံများ ပျက်စီးခဲ့သည်။ ခြောက်သွေ့သောရာသီဥတုကြောင့် ကမ္ဘာပေါ်တွင် အမဲသားထုတ်လုပ်မှု အများဆုံးနိုင်ငံဖြစ်သော အမေရိကန်တွင် ၁၉၉၄ ခုနှစ်နောက်ပိုင်း ထုတ်လုပ်မှု အနည်းဆုံးအထိ ကျဆင်းစေခဲ့သည်။ ဗြိတိန်နိုင်ငံတွင် ၂၀၁၂ ခုနှစ်က သမိုင်းတင်ထားသမျှထဲတွင် အစိုစွတ်ဆုံးရာသီဥတုကြောင့် ဗွက်ထနေသော လယ်ကွင်းများထဲ လယ်သမားများ မစိုက်နိုင်၊ မပျိုးနိုင်ဖြစ်ကာ ဂျုံထုတ်လုပ်မှု ဆုတ်ယုတ်သွားစေခဲ့သည်။

"အစွန်းရောက်ရာသီဥတုအခြေအနေတွေဟာ စိုက်ပျိုးရေးလုပ်ငန်းအတွက် ကြီးမားတဲ့အန္တရာယ်ပါပဲ"ဟု ဗြိတိန်အမျိုးသားလယ်သမားများသမဂ္ဂဥက္ကဋ္ဌ ပီတာကန်ဒေါလ်ကပြောပါသည်။ ကန်ဒေါလ်မှာ ကိုယ်တိုင်လည်း ဘက်ဖို့ဒ်ရှိုင်းယားတွင် သီးနှံစိုက်ပျိုးရေးဧကပေါင်း ၄,၀၀၀ နီးပါးလုပ်ကိုင်နေသူဖြစ်သည်။ "လယ်သမားတွေဟာ အပူချိန်တဖြည်းဖြည်းချင်း မြင့်တက်လာတာကို ခံနိုင်စွမ်းရှိပါတယ်။ ဒါပေမဲ့လည်း အစွန်းရောက်ရာသီဥတုအခြေအနေတွေကတော့ သီးနှံထုတ်လုပ်မှုကို လုံးဝကမောက်ကမဖြစ်စေနိုင်တဲ့ အလားအလာရှိပါတယ်။

မိုးခေါင်တာဖြစ်ချင်ဖြစ်မယ်။ မိုးများလွန်းတာဖြစ်ချင်ဖြစ်မယ်။ အချိန်အခါမဟုတ် အပူလွန်ကဲတာဖြစ်ချင်ဖြစ်မယ်။ အဲဒီလို အလွန်အကျွံအနေအထားတွေကထိခိုက်မှုဖြစ်စေတာပါပဲ"ဟု ကန်ဒေါလ်က ဆက်လက်ပြောသည်။

နယူးယောက်မြို့တွင် ဇန်နဝါရီ ၆ ရက်က အချိန်အခါမဟုတ် ၁၃ ဒီဂရီဆဲလ်စီးယက်စ်အထိ ပူနွေးပြီးနောက်တစ်နေ့တွင် အနုတ် ၁၆ ဒီဂရီဆဲလ်စီးယက်စ်အထိ အေးမြခဲ့သော အာတိတ်လေစီးကြောင်း တိုးဝင်မှုအခြေအနေမျိုးမှာ ပိုမို၍ အဖြစ်များလာမည်ဖြစ်ကြောင်း နယူးယောက်အခြေစိုက် အာမခံသတင်းအချက်အလက်အင်စတီကျူ့က ဆိုသည်။ ကမ္ဘာကြီးမှာ ၎င်း၏ သန်း ၇,၀၀၀ သောလူသားများအတွက် တစ်နေ့လျှင် အကြမ်းဖျင်းအားဖြင့် အစားအစာကယ်လိုရီ ၂,၇၀၀ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်စွမ်းရှိပြီး ကမ္ဘာတစ်ဝန်း ငတ်မွတ်ခေါင်းပါးမှု ကျဆင်းလာနေသော်လည်း ကမ္ဘာပေါ်တွင် လူရှစ်ဦးအနက် တစ်ဦးမှာ စားစရာအလုံအလောက်မရရှိဘဲ ယင်းအတွက် မိုးခေါင်ရေရှားမှုကို တစ်စိတ်တစ်ပိုင်း အပြစ်တင်နိုင်သည်ဟု ကုလသမဂ္ဂက ပြောကြားသည်။

"ဒါဟာ မေးခွန်းထုတ်စရာမဟုတ်ပါဘူး။ တစ်နှစ်နဲ့တစ်နှစ် ရာသီဥတုဖောက်ပြန်မှုနဲ့ ပြောင်းလဲမှုအတိုင်းအတာ မတူညီပေမယ့်လည်း ကပ်ဆိုက်တဲ့ပုံစံရာသီဥတုအခြေအနေအတွက်နဲ့ ကုန်ကျစရိတ်ဟာမြင့်တက်လာနေပါတယ်။ အမေရိကန်နိုင်ငံမှာတင် မဟုတ်ဘဲ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ဖြစ်နေတာပါ"ဟု အာမခံအင်စတီကျူ့ဥက္ကဋ္ဌနှင့် စီးပွားရေးပညာရှင်တစ်ဦးဖြစ်သူ ရောဘတ်ဟတ်ဝစ်ဂ်က ပြောပါသည်။ "အဲဒီလိုရာသီဥတု ဘေးဒုက္ခတွေကြောင့် ဆုံးရှုံးမှုကြိမ်နှုန်း၊ အရွယ်အစားနဲ့ပြင်းထန်မှုအတိုင်းအတာဟာ ကျွန်တော်တို့ ဒီနေ့မြင်တွေ့နေရတာတွေထက် အနာဂတ်မှာ ပိုပြီးကြီးမားလာမယ်ဆိုတာ သေချာသလောက်ပါပဲ"ဟု ၎င်းကဆက်လက်ပြောပါသည်။

သုတေသနက တရားခံတစ်မျိုးကို ညွှန်ပြပါသည်။ လူသားတို့၏ ပယောဂကြောင့် ဖန်လုံအိမ်ဓာတ်ငွေ့များ တိုးပွားလာမှုဖြစ်သည်။ ယင်းဖန်လုံအိမ်ဓာတ်ငွေ့များကြောင့် အပူချိန်များ မြင့်သထက်မြင့်လာခဲ့ကြောင်း အမေရိကန်နိုင်ငံ မြောက်ကယ်ရိုလိုင်းနားပြည်နယ် အက်ရှ်ဗီးလ်မြို့အခြေစိုက် အမျိုးသားရာသီဥတုအချက်အလက်စင်တာမှ သိပ္ပံပညာရှင်ချုပ်သောမတ်စ်ပီတာဆင်ကပြောပါသည်။ လေထုပူနွေးလေရေသိုလှောင်နိုင်မှုမြင့်မားလေဟု ၎င်းကပြောသည်။ "ဒါကြောင့် ကမ္ဘာတစ်ဝန်း နှင်းမိုးရွာသွန်းမှုတွေ များလာတာကို ကျွန်တော်တို့တွေ့မြင်လာရတာပေါ့"ဟု သိပ္ပံပညာရှင်က ဆိုသည်။

မေနှင့်ဇွန်လအတွင်း ဂျာမနီနိုင်ငံ ပါဆူးဒေသတွင် ရေကြီးမှုမှာ ၁၅၀၁ ခုနှစ်နောက်ပိုင်း အမြင့်ဆုံးအထိ ရေတက်ခဲ့သည်ဟု မြူးနစ်ရေးအာမခံကုမ္ပဏီကပြောကြားသည်။ ယင်းရေကြီးမှုကြောင့် အရှေ့ဥရောပနှင့် ဥရောပအလယ်ပိုင်း အချို့ဒေသများတွင် ထိခိုက်ပျက်စီးမှုမှာ ကန်ဒေါ်လာ ၁၅ ဒသမ ၂ ဘီလီယံအထိရှိခဲ့ကြောင်း ကမ္ဘာ့အကြီးဆုံးတစ်ဆင့်ခံ အာမခံကုမ္ပဏီကြီး မြူးနစ်ရေးက ပြောသည်။ ဂျာမနီနိုင်ငံ ရူလင်ဂျန်ဒေသတွင်မိုးသီးမုန်တိုင်းကြောင့်ကန်ဒေါ်လာ ၃ ဒသမ ၇ ဘီလီယံ ပျက်စီးမှုများဖြစ်ပေါ်စေခဲ့သည်ဟု မြူးနစ်ရေးကုမ္ပဏီကပင် ပြောသည်။ ဗြိတိန်နိုင်ငံတွင် ၂၀၁၂ ခုနှစ်က ၂၀၁၀ပြည့်နှစ်နောက်ပိုင်း ဒုတိယမိုးအများဆုံးနှစ်ကို ကြုံတွေ့ခဲ့ရသည်ဟု ဗြိတိန်ရာသီဥတုရုံးမှတ်တမ်းများက ပြသနေသည်။ အင်္ဂလန်နှင့် ဝေးလ်ပြည်နယ်မှ ၁၇၆၆ ခုနှစ်နောက်ပိုင်း တတိယအစိုစွတ်ဆုံးနှစ် ကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့တွင် ဒီဇင်ဘာက ၁၉၅၃ ခုနှစ်မှစ၍ အဆိုးရွားဆုံးနှင်းမုန်တိုင်းရင်ဆိုင်ခဲ့ရပြီး ၁၅ လက်မအထိနှင်းများကျဆင်းခဲ့သည်။ လူ ၄,၀၀၀ ကျော်ကို မော်တော်ယာဉ်များအတွင်းမှ ကယ်ထုတ်ခဲ့ရသည်ဟု ရဲတပ်ဖွဲ့ကပြောသည်။ "ချူထရွန်ပုံးဒဏ် ခံလိုက်ရသလိုပဲ"ဟု တဲလ်အဗစ်မြို့တွင်နေထိုင်ပြီး ၎င်း၏ (၁၁)နှစ်အရွယ် သမီးငယ်ကို မိတ်ဆွေများနှင့်အတူ နှင်းထဲတွင် သွားရောက်ဆော့ကစားစေခဲ့သူ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူ အီလွန်ဆွက်ဇ်(၅၆)နှစ်ကပြောသည်။

"ကားတွေအားလုံး နှင်းထုအောက်မှာ ပျောက်နေပြီး လူတစ်ယောက်မှ မရှိဘူး" ဟု ၎င်းက ဆက်လက်ပြောသည်။

အမေရိကန်နိုင်ငံတွင် ယမန်နှစ်က ၂၀ ရာစု ပျမ်းမျှထက် ၇ ရာခိုင်နှုန်း မိုးပိုမိုရွာသွန်းခဲ့သည်။ သို့သော် ဒေသအလိုက် အနိမ့်အမြင့်ပြောင်းလဲမှုကြောင့် ကျယ်ပြန့်သော အပြီးသတ်ကောက်ချက်ဆွဲရန် ခက်ခဲ့သည်။ မီချီဂန်နှင့် မြောက်ဒါကိုတာပြည်နယ်တွင် မိုးရွာသွန်းမှုစံချိန်တင်ခဲ့သော်လည်း ကယ်လီဖိုးနီးယားပြည်နယ်တွင် မိုးရွာသွန်းမှု နည်းနေခဲ့သည်ဟု အမေရိကန်အမျိုးသားသမုဒ္ဒရာနှင့် လေထုစောင့်ကြည့်ရေးဌာန (NOAA)က ပြောကြားသည်။

တရုတ်နိုင်ငံတွင်လည်း အလားတူ ရာသီဥတုအတက်အကျမညီ အစိုးမရဖြစ်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ်က တရုတ်နိုင်ငံမှာ ရာစုဝက်အတွင်း အပြင်းထန်ဆုံးဆောင်းဥတုကို ခိုက်ခိုက်တုန်ဖြတ်သန်းခဲ့ရသော်လည်း နောက်သုံးနှစ်အကြာတွင် ရှန်ဟိုင်းမြို့မှာ နှစ်ပေါင်း ၁၄၀ အတွင်း အပူပြင်းဆုံးနွေရာသီကြောင့် မွန်းကျပ်နေခဲ့ကြောင်း ရှန်ဟိုင်းရာသီဥတုဗျူရို၏ ထုတ်ပြန်ချက်များက ပြသနေသည်။

၂၀၁၁ ခုနှစ်က အမေရိကန်နိုင်ငံ မစ္စစ္စပီမြစ်စံချိန်တင်ရေကြီးခဲ့သော်လည်း နောက်တစ်နှစ်တွင် စံချိန်တင်ရေကျဆင်း၍ ကုန်တင်သော ဝမ်းပြားရေယာဉ်များ သောင်တင်ကာ ကျောက်မီးသွေး၊ ဂျုံနှင့် အခြားကုန်စည်များ စီးဆင်းမှုထိခိုက်ခဲ့ရသည်။

ယင်းသို့ရာသီဥတုပြောင်းလဲမှုမြန်ဆန်ခြင်းများက စားနပ်ရိက္ခာဈေးနှုန်းများ ပြောင်းလဲမှုများတွင် ရောင်ပြန်ဟပ်နေသည်။ ပြီးခဲ့သည့်သုံးနှစ်အတွင်း ဂျုံ၊ ပြောင်း၊ လိမ္မော်သီးဖျော်ရည်၊ ပဲပိစပ်မှ ထုတ်လုပ်သော စားစရာများနှင့် သကြားတို့မှာ ဈေးနှုန်းအတက်အကျအများဆုံး ကုန်ပစ္စည်းရှစ်မျိုးထဲမှ ငါးမျိုးဖြစ်သည်။ သဘာဝဓာတ်ငွေ့မှာ ဈေးနှုန်းအတက်အကျအများဆုံး နံပါတ်(၁)ဖြစ်ကြောင်း ဘလွန်းဘာ့ဂ်ဝက်ဘ်ဆိုက်မှ စုဆောင်းထားသော အချက်အလက်များတွင် မြင်တွေ့ရသည်။

လွန်ခဲ့သည့်နှစ်ပေါင်း ၂၀ အတွင်း ကမ္ဘာ့စားနပ်ရိက္ခာဈေးနှုန်းများ အမြင့်ဆုံးဖြစ်ခဲ့သည့် သုံးနှစ်မှာ ၂၀၀၇ ခုနှစ်နောက်ပိုင်းဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ယင်းငါးနှစ်အတွင်း ကမ္ဘာ့တိုက်ကြီးလေးခုတွင် သမိုင်းဝင်မိုးခေါင်ရေရှားမှုများဖြစ်ပေါ်ခဲ့ခြင်းမှာ စားနပ်ရိက္ခာဈေးနှုန်းများ မြင့်တက်ခြင်း၏ ကြီးမားသော အကြောင်းရင်းတစ်ခုဖြစ်ပါလိမ့်မည်။

*—Ref: Extreme Weather Wreaking Havoc on food as Farmers Suffer*

7 DAY NEWS JOURNAL
Vol.12, No.46 • JANUARY 22 , 2014

# 7DAY BOOK REVIEW







## စန္ဒရားဆရာ

### (သွေး – စစ်ကိုင်း)

ဒုတိယကမ္ဘာစစ်အတွင်း နာဇီစစ်ခေါင်းဆောင်များက ဂျူးလူမျိုးများကို ပစ်မှတ်ထားပြီး သတ်ဖြတ်ရာတွင် ဂျူးလူမျိုးသန်းနှင့်ချီ၍ သေဆုံးခဲ့ရသည်။ မူရင်းစာရေးသူ ဝလာဒိုင်စလောစပီးလ်မင်းန်သည် ပိုလန်နိုင်ငံဖွား ဂျူးလူမျိုးတစ်ဦးဖြစ်ပြီး စန္ဒရားဆရာ၊ တေးရေး ဆရာ၊ အတ္ထုပ္ပတ္တိ ရေးသားသူ အဖြစ် ကျော်ကြားခဲ့ သည်။ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးချိန်တွင် သူ့အတွေ့အကြုံ ဖြတ်သန်းမှုကို စာအုပ်တစ်အုပ် ရေးသားထုတ်ဝေခဲ့ သည်။ ယင်းစာအုပ်ကို ဘာသာစကား ၃၀ ဖြင့် ပြန်ဆို ထုတ်ဝေခဲ့ရသည်။ ယခုအခါ ထိုစာအုပ်ကို စာရေးသူ သွေး(စစ်ကိုင်း)က ပြင်သစ်ဘာသာမှ တိုက်ရိုက်ပြန်ဆို ၍ ထုတ်ဝေလိုက်သည်။

"ဂျာမန်တွေက ဗာဆိုဗီး(ဝါဆော)မြို့ကို သိမ်း ပိုက်အပြီးမှာ ဂျာမန်ကောင်းစားရေးကို စပြီးအကောင် အထည် ဖော်တော့တာပါပဲ။ ကျွန်တော်တို့နေရာသစ် ကို ရောက်ရှိသွားတဲ့အခါ အဲဒီမှာနေထိုင်သူ အနည်း အကျဉ်းပဲ ရှိပါ တယ်။ နွေရာသီကုန်ဆုံးခါနီးပြီမို့ သောက်ရေတစ်စက်၊ နှစ်စက်ရဖို့တောင် လူတွေမှာ အခက်အခဲ ရှိနေပါတယ်။ မြေပြင်က သွေ့ခြောက် ခြောက်၊ ကောင်းကင်ကလည်း အပြာညစ်ရောင် တိမ် တိုက်တွေနဲ့ပါ။ နာဇီတွေရဲ့ အမိန့်ကိုမနာခံတဲ့သူ ဘယ် သူမဆိုဟာလည်း ရက်ရက်စက်စက် သတ်ဖြတ်ခံနေ ရပါတယ်။ နာဇီတွေဟာ လူသတ်ရာမှာတောင် ဈေး ပေါတဲ့ နည်းကို သုံးတာပါ။ ခြေထောက်ကနေ ဆွဲမပြီး ခေါင်းကို အုတ်နံရံနဲ့ဝင်တိုက်စေတဲ့နည်းပါ။ မြေပြင် ပေါ် မှာ သတ်ဖြတ်ခံထားရသူတွေရဲ့ အလောင်းတွေ ပေါ် ခြင်မမည်းရိုင်းတွေ ဝဲပျံလို့"ဟု စာအုပ်တစ်နေရာ တွင် ဖတ်ရှုရမည်ဖြစ်သည်။ မြန်မာ့ခေတ်စာအုပ်တိုက် က တန်ဖိုး ၁,၂၀၀ ကျပ် ဖြင့် ဖြန့်ချိသည်။

## အသိုက်ဟောင်းတစ်ခု၏ တေးသံ

### (လောအယ်စိုး)

"တောင်တန်း၊ သစ်တော၊ စမ်းချောင်းများနှင့် ကြည် နူးဖွယ် ကောင်းလှစွာသော ကရင်ပြည်နယ် ကျေး လက်များတွင် ဝသန်ခါနှောင်း၍ ဆောင်းဟေမာန် ဦး၌ ကျင်းပလေ့ရှိသော ဘာသာရေးရိုးရာဓလေ့ပွဲ လမ်းများတွင် ကရင်ပြည်နယ်အတွင်းရှိသားပျို၊ သမီး ပျိုများ ကျေးလက်တွင် မရှိသလောက်၊ မတွေ့ရသ လောက် ခန်းခြောက်သည့် အခြေအနေ ရောက်ရှိ သွားပေပြီ။ ကရင်ရိုးရာ ဒုံးယိမ်းအကများကိုနှလုံးသား စည်းချက်အတိုင်း ကကွက်များ ပုံဖော်ခဲ့ကြသော ကရင်သားပျို၊ သမီးပျိုတို့သည် ထိုင်းနိုင်ငံအတွင်း ရှိ စည်သွတ်စက်ရုံများ၊ ချည်ထည် စက်ရုံများတွင် ကြုံရာ အလုပ်လုပ် ကိုင်ကြရရှာသော အလုပ်သမား များအဖြစ်လည်းကောင်း၊ အိမ်စေသမပုံစံမျိုးဖြင့် တစ်သွယ်၊ မိဘများ၏ နှလုံးသားကို နာကျင်စေသော ပြည့်တန်ဆာခန်းများနှင့် အခြားအခြား ကျွန်တော် မသိနိုင် လက်လှမ်းမမီနိုင်သော လုပ်ငန်း အသီးသီး တို့တွင် သွေး၊ ချွေး၊ အသက်နှင့်ရင်း၍ ဝမ်းရေးအ တွက် လုပ်ကိုင်ကြရသည့်သူများ ဖြစ်သွားကြသည် မှာ ဆယ်စုနှစ်သုံးခုကျော်၍သွားပေပြီ"ဟူသော ကိုယ်တွေ့ခံစားမှုများကို ရေးသားဖွဲ့နွဲ့ထားသော စာရေးသူ လောအယ်စိုး၏ အက်ဆေးဆောင်းပါး များကို စုစည်းထားသည့် အသိုက်ဟောင်းတစ်ခု၏ တေးသံစာအုပ်ထွက်ရှိလာသည်။ စာရေးသူသည် ခေတ်ပုံသတင်းထောက်တစ်ဦးအနေဖြင့် ကျင်လည် ကြုံတွေ့ခဲ့ရသည့် မြန်မာစစ်ဘေးဒုက္ခသည်များ၊ အာ ဏာရှင်လက်အောက်မှထွက်ပြေးခဲ့ရသောဒုက္ခသည် များ၏ ဘဝအဖုံဖုံကိုကန့်လန့်ကာ လှစ်ပြထားသည်။ ဆန်းစသော်တာ စာအုပ်ထုတ်ဝေရေးက တန် ဖိုးကျပ် ၂,၀၀၀ ကျပ်ဖြင့် ဖြန့်ချိ သည်။

## Knowledge ဗဟုသုတ

### ၂၀၁၃ မှာ ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ် ဘယ်သူလဲ

ကမ္ဘာတွင် အချမ်းသာဆုံးပုဂ္ဂိုလ် ဘီလျံနာများ၏ ပိုင်ဆိုင်မှုများကို တွက်ချက်ပြီး စာရင်းထုတ်ပြန်ရာတွင် Forbes မဂ္ဂဇင်းက ပြုစုတင်ပြသော ဘီလျံနာစာရင်းနှင့် ဘလွန်းဘာ့ဂ်ဝက်ဘ်ဆိုက်တွင် နေ့စဉ်တင်ပြနေသော Bloomberg Billionaire Index ဟူ၍ စာရင်းနှစ်မျိုးရှိသည်။ ထိုစာရင်းနှစ်ခုမှ ထုတ်ပြန်မှုများကိုမူတည်၍ မည်သူမှာ ယခုနှစ်၏ ကမ္ဘာ့ အချမ်းသာဆုံး၊ မည်သူက တိုက်ကြီးများအလိုက် အချမ်းသာဆုံးဟူ၍ သတင်းများတွင် ကိုးကားဖော်ပြလေ့ရှိသည်။ လက်ရှိတွင် Forbes မဂ္ဂဇင်းက ဖော်ပြသည့် ကမ္ဘာ့အချမ်းသာဆုံး ပုဂ္ဂိုလ်မှာ မက္ကဆီကို သူဌေးကြီးကားလို့စ်ဆလင်းမ်ဖြစ်ပြီး ပိုင်ဆိုင်မှုတန်ဖိုး ဒေါ်လာ ၇၃ ဘီလီယံခန့်ရှိသည်။ ဘလွန်းမ်ဘာ့ဂ်ဆိုက်၏ဖော်ပြချက်အရ ဘီလ်ဂိတ်မှာ ပြီးခဲ့သည့် ၂၀၁၃ အတွင်း ဝင်ငွေအများဆုံး တိုးတက်ခဲ့ပြီး မိုက်ကရိုဆော့ဖ်ကုမ္ပဏီရှယ်ယာများ ၄၀ ရာခိုင်နှုန်းမြင့်တက်ခဲ့၍ ဝင်ငွေ ဒေါ်လာ ၁၅ ဒသမ ၈ ဘီလီယံတိုးကာစုစုပေါင်းပိုင်ဆိုင်မှု ဒေါ်လာ ၇၈ ဒသမ ၅ ဘီလီယံရှိကြောင်း သိရသည်။

—*Ref: 247wallst.com/Forbes/Bollmberg*

# တစ်ပတ်တာကံကြမ္မာ






### ARIES — မိဿရာသီဖွား (မတ် ၂၁ - ဧပြီ ၂၀)

အဆုံးသတ်ခါနီးကိစ္စများ၊ အပြီးသတ်ဆောင်ရွက်ရမည့်အကြောင်းအရာများတွင် နှောင့်နှေးခြင်း၊ တစ်ပိုင်းတစ်စဖြစ်ခြင်းကြုံမည်။ ကတိစကားမတည်သူများနှင့်ကြုံမည်။ သစ္စာမရှိသောသူများ မိမိအားဒုက္ခပေးမည်။ ပစ္စည်းပျောက်တတ်သည်။ အိမ်တွင်သူခိုးသူဝှက်အန္တရာယ်ဂရုစိုက်ပါ။ ခရီးနှင့်ပတ်သက်၍ ကံကောင်းသည်။ ကာလအတန်ကြာမြုပ်နေသောငွေ၊ ပစ္စည်းများလက်ဝယ်ပြန်ရမည်။



### TAURUS — ပြိဿရာသီဖွား (ဧပြီ ၂၁ - မေ ၂၁)

အပြောင်းအလဲနှင့်တိုးတက်မှုရှိမည်။ ရည်မှန်းထားသည်များအောင်မြင်မည်။ စိတ်ကူးသစ်၊ အကြံသစ်များ အကောင်အထည်ဖော်ရန်အခါကောင်းကျရောက်သည်။ ငွေကုန်များမည်။ ငွေလက်လွှနတတ်သည်။ ယှဉ်ပြိုင်မှုအောင်မြင်မည်။ အတတ်ပညာကိုအခြေတည်၍ ဘဝတိုးတက်မှုရရှိမည်။ မူလစိတ်ကူးသည်ကတစ်မျိုး လက်တွေ့တွင်ကားရည်မှန်းထားသည်နှင့်မတူ ခြားနားသည့်အခြေအနေများနှင့်ရင်ဆိုင်ရတတ်သည်။



### GEMINI — မေထုန်ရာသီဖွား (မေ ၂၂ - ဇွန် ၂၁)

ငွေဝင်မည်။ အကြံအစည်အောင်မြင်မည်။ အလုပ်အကိုင်တိုးတက်မည်။ လက်လွှန်ထားသောငွေများ ရသင့် လျက်ကြန့်ကြာနေသည်များ လက်ဝယ်ပြန်လည်ရရှိမည်။ မိမိလုပ်သမျှအခက်အခဲကြုံမည်။ အနှောင့်အယှက်ရှိမည်။ ပြီးမှအောင်မြင်သွားမည်။ ခရီးသွားရင်းပစ္စည်းပျောက်တတ်သည်။ ဘုရား၏လက်ဝါးတော်တွင်ရွှေချပါ။ ငွေရေးကြေးရေးကိစ္စစာရွက်စာတမ်းကိစ္စ စကားပြောရကိန်းကြုံမည်။ စကားအောင်မည်။



### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂ - ဇူလိုင် ၂၂)

ပြဿနာဟောင်းများတစ်မျိုးပြီးတစ်မျိုး ပြန်ဖြေရှင်းရတတ်သည်။ ရန်ဟောင်းများနှင့်ပြန်ကြုံတတ်သည်။ အမြဲတစေအပြစ်ရှာခံနေရတတ်သည်။ ကိုယ်ကမည်မျှကောင်းစေ၊ အကောင်းမမြင်။ ကိုယ်မလုပ်လိုဘဲ ဆန္ဒမရှိဘဲ လုပ်ငန်းများလုပ်ကိုင်ရတတ်သည်။ မလိုအပ်ဘဲစကားများများပြောခြင်းရှောင်ပါ။ ကိုယ့်ကိစ္စ မဟုတ်ဘဲ တစ်ပါးသူကိစ္စကြားဝင်၍ တာဝန်ယူခြင်း၊ အာမခံခြင်းမပြုရ။ ခိုက်ရန်ဖြစ်တတ်သည်။



### LEO — သိဟ်ရာသီဖွား (ဇူလိုင် ၂၃ - ဩဂုတ် ၂၃)

လူမျိုးခြားအမျိုးသမီးတစ်ဦးထံမှရရှိသောအကူအညီဖြင့် လုပ်လိုက်သောလုပ်ငန်းများအဆင်ပြေမည်။ ငွေကြေးကံကောင်းသည်။ လုပ်ငန်းခွင်မှသူများအဖို့ လူယုံလူရင်းတပည့်ဖျက်၍ ပျက်ကိန်းကြုံမည်။ နောက်ကြောင်းပြဿနာမရှင်းသောသူများနှင့်ပူးတွဲ၍ နာမည်သိက္ခာထိခိုက်တတ်သည်။ သစ္စာစကားမတည်သောသူများ၊ ရှေ့တစ်မျိုးကွယ်ရာတစ်မျိုးပြောဆိုလုပ်ကိုင်တတ်သူများနှင့်ထိတွေ့ဆက်ဆံရသည်။



### VIRGO — ကန်ရာသီဖွား (ဩဂုတ် ၂၄ - စက်တင်ဘာ ၂၂)

ရန်အနှောင့်အယှက်အခက်အခဲအားလုံးအောင်မြင်မည်။ အရာရာကိုကိုယ်တိုင်လုပ်ပါ။ ဝီရိယရှိမှုနှင့် ဇွဲကြီးမှု၏အကျိုးဆက်ကိုရရှိမည်။ ရန်အတိုက်ပြုသူတို့၏ လျှို့ဝှက်ချက်များဖော်ထုတ်ကြားသိရမည်။ အပြိုင်မနာလိုသူများ၊ အတိုက်အခံပြုသူများကြားမှ တိုးတက်မှုရမည်။ ရှေ့အဆက်ဆက်ကသူများလုပ်၍မအောင်မြင်သောလုပ်ငန်းများ မိမိလုပ်၍အောင်မြင်မည်။ ပျိုရွယ်သူများမေတ္တာရေးကံကောင်းနေသည်။



### LIBRA — တူရာသီဖွား (စက်တင်ဘာ ၂၃ - အောက်တိုဘာ ၂၃)

ငွေကုန်များမည်။ စွန့်စားပြီးမလုပ်သင့်။ လောင်းကစားဆန်ဆန်လုပ်သောလုပ်ငန်းများမှ ဆုံးရှုံးမှုများကြုံလိမ့်မည်။ အလောင်းအစားလုပ်သောသူများနှင့်ပေါင်းသင်းမိ၍ လမ်းမှားရောက်တတ်သည်။ ပစ္စည်းလှောင်ခြင်း၊ ဈေးကစားခြင်းမပြုရ။ လုပ်ငန်းကိစ္စများစတင်ဆောင်ရွက်စဉ်အဆင်ပြေသလောက် အဆုံးပိုင်းတွင်အဖျားရှူးသွားကိန်းကြုံတတ်သည်။ အရေးကြီးသည့်စာရွက်စာတမ်းများ လုံခြုံအောင်ထိန်းသိမ်းပါ။



### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ ၂၄ - နိုဝင်ဘာ ၂၂)

ဆုံးဖြတ်ထားပြီးကိစ္စများကို ရဲရဲရှေ့တိုးဆောင်ရွက်ပါ။ အလုပ်ကိစ္စ၊ တိုးတက်မှုကိစ္စများအတွက် အထောက်အကူပြုသူပေါ် တတ်သည်။ မိတ်ဆွေအကြီးအကဲများထံမှအကူအညီရမည်။ မိသားစုနေအိမ်သို့ထူးခြားသည့်ဧည့်သည်ရောက်ရှိလာတတ်သည်။ ထူးခြားသည့်ဘုရားဆင်းတုတော်ကြွရောက်လာခြင်းကြုံနိုင်သည်။ အလွန်ကောင်းသည်။ ပြိုင်ဘက်များအပေါ် ယှဉ်ပြိုင်အောင်မြင်မည်။



### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ ၂၃ - ဒီဇင်ဘာ ၂၁)

အိမ်တွင်းရေးအညံ့ရှိသည်။ မိမိလက်ဝယ်ရရှိထားသည့်အခွင့်အရေးကိုလိုက်လံလုယူသူပေါ် တတ်သည်။ လုပ်ငန်းတွင်ရန်ပေါ် မည်။ အပြိုင်များမည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်သူများအဖို့ လုပ်နေသောလုပ်ငန်းများ အလွဲလွဲအချော်ချော်ဖြစ်မည်။ ပိုင်ပိုင်နိုင်နိုင်ဆုံးဖြတ်ချက်မချနိုင်။ တွေဝေခြင်း၊ ဒွိဟဖြစ်ခြင်းကြုံမည်။ အလိုဆန္ဒမပါဘဲ ပြောဆိုလုပ်ကိုင်ရကိန်းကြုံမည်။ အကြောင်းမဲ့ရန်မူခံရတတ်သည်။



### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ ၂၂ - ဇန်နဝါရီ ၂၀)

ပြိုင်ဘက်များမည်။ အချင်းချင်းတိုက်ခိုက်မှုများရှိမည်။ အာရုံစူးစိုက်၍မရ။ စိတ်ပျံ့လွင့်လွယ်သည်။ အမှားဖက်ဦးတည်၍ တွေးတောလုပ်တတ်ခြင်းကြုံမည်။ ချက်ချင်းလက်ငင်းပြီးနိုင်သည့်ကိစ္စများကို အချိန်ဆွဲလုပ်နေတတ်သည်။ အဆင့်မရှိသူ၏ရန်မူမှုနှင့်ကြုံတွေ့တတ်သည်။ အရည်အသွေးမရှိသူကလာရောက်ယှဉ်ပြိုင်မှုကြုံတွေ့တတ်သည်။ ကိုယ့်အပေါ် အမျိုးမျိုးဒုက္ခပေးသူနှင့်တွေ့တတ်သည်။



### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ ၂၁ - ဖေဖော်ဝါရီ ၁၈)

အဓိပ္ပာယ်မရှိ၊ အနှစ်သာရမရှိသောအလုပ်များကိုအချိန်ကုန်၊ ငွေကုန်ခံပြီးလုပ်နေမည်။ ပေ့ါပေ့ါဆဆနေစဉ် ယှဉ်ပြိုင်သူက ကိုယ့်အပေါ် ကျော်လွှားသာလွန်သွားတတ် သည်။ အစွပ်စွဲခံ ရတတ်သည်။ ကိုယ့်လက်ဝယ်ပိုင်ပိုင်နိုင်နိုင်ရရှိမည့်အလုပ်ကိစ္စတစ်ပါးသူလုယူလုပ်ကိုင်သဖြင့် ကြိတ်မနိုင်ခဲ မရဖြစ်တတ်သည်။ အကြံအစည်များကိုတစ်ပါးသူက ဦးအောင်လုပ်သွားတတ်သည်။



### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ ၁၉ - မတ် ၂၀)

လွန်ခဲ့သောသုံးပတ်က လက်လွှတ်ဆုံးရှုံးထားသည့်ငွေကြေး၊ အလုပ်ကိစ္စများပြန်လည်အဆင်ပြေမည်။ လုပ်ငန်းသစ်များလုပ်လိုသည့်စိတ် တဖွားဖွားပေါ် နေမည်။ အကြံသစ်များလက်တွေ့ဆောင်ရွက်လိုနေသည်။ ရဲရဲရှေ့တိုးဆောင်ရွက်ပါ။ ထူးထူးခြားခြားအဆင်ပြေမည်။ ငွေကြေးကိစ္စကိုအခြေခံပြီး အငြင်းပွားရခြင်း၊ စကားများရခြင်းကြုံတတ်သည်။ စကားအောင်မြင်မည်။ ငွေအစုလိုက်ဝင်ကိန်းရှိသည်။

# 7DAY PUZZLE


ပဟေဠိ အမှတ်စဉ်(၂၆၈)

## အလျားလိုက်

၅။ ၁၉၃၀ ဝန်းကျင်တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့နောက်ခံဇာတ်လမ်း
၇။ မြန်မာကျောင်းသားများကို ပညာသင်ဆုပေးမည့်အဖွဲ့
၈။ လူဆင်းရဲသော်လည်း စိတ်ဓါတ်မဆင်းရဲကြသူများ
၁၀။ ဘောင်းဘီမပါမြေအောက်ရထားစီးပွဲ
၁၁။ မန္တလေးမြို့ကို ဖြတ်သန်းသွားသောအရာများ
၁၂။ ဒီမိုကရေစီခေတ်တွင် ဆက်လက်ပန်းပန်နေသူများ

## ဒေါင်လိုက်

၁။ အခိုင်အမာကတိဖြင့် ကြော်ငြာ
၂။ လူငယ်တွေ့ဆုံပွဲလုပ်သောဒေသ
၃။ ကာချုပ်က လွှတ်တော်တွင် ပထမဆုံး ခန့်အပ်တာဝန်ပေးသူများ
၄။ ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သောလုပ်ရပ်တစ်ခု
၆။ အလွန်အမင်းအံ့အားသင့်သည်
၉။ ဂစ်တာဖြင့် ငြိမ်းချမ်းရေးလုပ်သူ



**Smart Dictionary ကံထူးသူ**
**၁။ မဒွေးပပမိုး၊ ၈/ခမန(နိုင်)၁၀၆၅၆၁ ၅၀၈/ခ၊ မင်းဘူးလမ်း၊ လှိုင်သာယာ။**

**ကျန်အဖြေမှန်သူများ**
**၂။ မြတ်စိုးမောင်၊ ၁၄/ပသန(နိုင်)၁၈၅၁၁၁**
**၃။ Dr.တင်မောင်စိုး၊ ၇/ဖမန(နိုင်)၀၀၄၇၉၈**

**ပဟေဠိ အမှတ်စဉ်(၂၆၇)အဖြေမှန်**




**ပဟေဠိ အမှတ်စဉ်(၂၆၆)အဖြေမှန်**




**အမည်** ........................................ **မှတ်ပုံတင်အမှတ်** ........................................
**နေရပ်လိပ်စာ** ........................................................................................

အချိန်မီပေးပို့လာသော အဖြေမှန်သူများထဲမှ SMART Dictionary ၏ ပံ့ပိုးကူညီမှုဖြင့် အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်ပြီး၊ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန်၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၂၄-၁-၂၀၁၄ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

**ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။** ဘုထူးသူ

**ပဟေဠိ ဝါသနာရှင်များသို့ -** 7 Day Daily တနင်္ဂနွေနေ့ သတင်းစာတွင် ပဟေဠိကဏ္ဍပါရှိပြီး အဖြေမှန်သူ ဝါသနာရှင်များအား ဆုချီးမြှင့်သည့် အစီအစဉ် စတင်လိုက်ပြီဖြစ်ပါသည်။ ဝါသနာရှင်များအနေဖြင့် 7 Day News ဂျာနယ်တွင်သာမက၊ သတင်းစာတွင်ပါ ပဟေဠိ အဖြေညှိကြည့်ပါရန် သတင်းကောင်းပါးလိုက်ပါသည်။

# Free Classified

**အခမဲ့ကြော်ငြာကဏ္ဍ**

**ခရုအိမ်**

အဆင့်မြင့်ခန်းဆီးလိုက်ကာနှင့် ကူရှင်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း။ အမှတ် (W-2)၊ ရန်ကင်းပန်းခြံလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉-၇၃၀၃၇၇၇၆
၀၉-၇၃၂၀၄၃၇၄

**ရောင်းမည်**

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင် ကျေးရွာ၊ ဂုံညှင်း၊ နီတောအနောက်ဦးပိုင် အမှတ်(၁၅)၊ ပေ(၈၀×၁၅၀)။

ဖုန်း-၅၁၉၄၇၆

**ရုံးခန်းငှားမည်**

ပြည်လမ်းမအတွင်း၊ ပေ(၄၀×၉၀)၊ 2RC၊ အခန်း(၃)ခန်း၊ ဟောခန်း(၁)ခန်း၊ ဖုန်း (၂) လုံး၊ အင်တာနက်လိုင်း(၁)၊ ငှားသူပွဲခပေး ရန်မလို။ ညှိနှိုင်းလစာ သိန်း(၃၀)။ ဖုန်း-၀၉-၄၃၀၈၃၇၈၁

**ရောင်းမည်**

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ အောင်မြင်လမ်း၊ ခြံအမှတ်(၅၇)၊ ပေ(၂၅×၆၀)။

ဖုန်း-၅၁၉၄၇၆

**ရောင်းမည်**

၁၀ မိုင်၊ လေဆိပ်လမ်းသွယ်(၃)၊ ပေ(၄၀×၁၀၀)၊ အစဉ်အဆက်စာချုပ်၊ လေဆိပ်လမ်း Million Coins ဘေးလမ်းမှလည်း ဝင်နိုင်၊ ပြည်လမ်းမမှလည်း ဝင်နိုင်။ သိန်း(၅၀၀၀)

ဖုန်း-၀၉-၄၂၀၀၀၄၄၃၂

**တိုက်ရိုက်ဆက်သွယ်ပါ**

ရန်ကင်း၊ ပေ(၁၂၀×၉၀)ရှိသော မြေကွက်တွင် အခန်းပေးအခန်းယူ ကွန်ဒို ဆောက်လိုသည်။ ဆောက်လုပ်ရေးကုမ္ပဏီများ တိုက်ရိုက်ဆက်သွယ်ပါ။

ဖုန်း-၀၉-၄၃၀၈၃၇၈၁

**စန္ဒာ(အလှပြုပြင်ရေး)**

သင်တန်းသားခေါ် ယူခြင်း၊ ဆံပင်၊ မိတ်ကပ်၊ လက်သည်းပန်းချီ အပါအဝင် ဘာသာရပ် (၂၀)ကျော် မတတ်မချင်းသင်ကြားပေးသည်။
သင်တန်းကြေး- ၁၀၀,၀၀၀ ကျပ်
သင်တန်းကာလ- (၂)လ

ဖုန်း-၀၉-၇၃၀၄၄၁၂၈

**ရောင်းမည်**

အင်းစိန်၊ အဝေရာလမ်း၊ ပေ (၆၀×၁၂၀) ဘိုးဘွားပိုင်၊ အခန်းလေးခန်းပါ၊ (Master Badroom နှစ်ခန်း)၊ မီတာ သုံးလုံး၊ အဲကွန်းလေးလုံး၊ ရေကူးကန်ပါ၊ ဖုန်းပါ။ သိန်း (၈၀၀၀)။

ဖုန်း-၀၉ ၄၂၀၀၇၆၅၂၂

**ရောင်းမည်**

နေပြည်တော်ဟိုတယ်ဇုန်(၃)အနီး၊ ငါးဧက၊ ပါမစ်မြေ၊ တစ်ဧက သိန်း(၁၇၀၀)။

ဖုန်း-၀၉ ၇၃၀၈၇၆၈၇

**ရောင်းမည်**

ထောက်ကြန့်တိုးဂိတ်အကျော်၊ ကိုးလုံးဝင်းဘုန်းကြီးကျောင်းဘေးလမ်း၊ ပေ (၁၃၅×၁၅၅)၊ အိမ်ပါ၊ သိန်း(၁၇၀၀)။

ဖုန်း-၀၉ ၄၂၀၀၇၆၅၂၂

**ငှားမည်**

ကျောက်ကုန်း (၁၄) ရပ်ကွက်၊ 1 RC လုံးချင်း၊ ဈေးတစ်လ-၁၅ သိန်း။

ဖုန်း-၀၉ ၃၁၆၈၇၀၁၂

**ငှားမည်**

ပုဇွန်တောင်မြို့နယ်အတွင်းရှိ ပေ (၅၀×၁၄၀)၊ ဂိုဒေါင်၊ ဈေးတစ်လ-၂၂ သိန်း။

ဖုန်း-၀၉ ၃၁၆၈၇၀၁၂

**ငှားမည်**

တ/ဥ၊ (၆) ရပ်ကွက်၊ 2RC၊ လုံးချင်း၊ ပေ (၄၀×၆၀)၊ ဈေးတစ်လ-၂၅ သိန်း။

ဖုန်း-၀၉ ၃၁၆၈၇၀၁၂

**ဦးထွန်းလွင် B.E(Civil)R.I.T**

Internet တွင် Trading လုပ်နိုင်မည့် Online Currency Trading Technology အား သင်ကြားပေးမည်။

ဖုန်း-၀၉ ၃၁၄၆၃၇၀၆

**သင်ကြားပေးသည်**

ဇ၊ ၁၀ တန်းဇီဝဗေဒဘာသာရပ်၊ တစ်ဦးချင်းနှင့် အိမ်ဝိုင်းများကို စာသင်နှစ် ၁၀ နှစ်အတွေ့အကြုံရှိဒေါက်တာကိုယ်တိုင် စနစ်တကျသင်ကြားပေးပါသည်။

ဖုန်း- ၀၉ ၄၅၀၀၂၂၉၆၉

**ဆရာဝန်ကိုယ်တိုင်သင်တဲ့ Guide**

တက္ကသိုလ်ဝင်တန်း ၁၀ တန်းကျောင်းသား၊ ကျောင်းသူများအတွက် ငါးဘာသာ ဂုဏ်ထူးရှင် ဆရာဝန်ကိုယ်တိုင်၊ နည်းစနစ် မှန် စွာ Guide လုပ်ပေးသည်။

ဖုန်း- ၀၉၇၃၀၈၈၉၂၇

**ရောင်းမည်**

နေပြည်တော်ဟိုတယ်ဇုန် သုံးအနီး၊ ငါးဧက၊ ပါမစ်မြေ၊ တစ်ဧက သိန်း (၁၇၀၀)။

ဖုန်း-၀၉ ၇၃၀၈၇၆၈၇

**ရောင်းမည်**

အင်းစိန်၊ အဝေရာလမ်း၊ ပေ (၆၀×၁၂၀)၊ ဘိုးဘွားပိုင်၊ အခန်းလေးခန်း၊ (Master Badroom နှစ်ခန်း)၊ မီတာ သုံးလုံး၊ အဲကွန်း လေးလုံး၊ ရေကူးကန်ပါ၊ ဖုန်းပါ။ သိန်း (၈၀၀၀)။

ဖုန်း-၀၉ ၄၂၀၀၇၆၅၂၂

**ရောင်းမည်**

American Bully ခွေး နှစ်လသားအထီး တစ်ကောင်ရောင်းမည်။ အမေရိကန်မျိုးဖြစ်ပြီး ထိုင်းနိုင်ငံပေါက်ဖြစ်သည်။

ဖုန်း-၀၉ ၅၀၅၄၈၀၁

**ရောင်းမည်**

ဟိုတယ်အခန်းတွင်းသုံး Minibar ရောင်းရန်ရှိသည်။

ဖုန်း-၀၉ ၄၃၀၉၄၅၂၉

**ရောင်းမည်**

ရွှေပြည်သာ၊ စက်မှုဇုန် (၁) ၁၆၅×၁၂၅ ပေ သိန်း (၃၅၀၀)ညှိနှိုင်း။
မရမ်းကုန်း၊ ခဝဲခြံ၊ အောင်သိဒ္ဓိလမ်းမကြီးကျောကပ် ပေ (၈၀×၆၀) သိန်း (၇၀၀၀) ညှိနှိုင်း။

ဖုန်း-၀၉ ၄၂၀၁၄၂၁၅၆

**ရောင်းမည်**

သုမနလမ်း၊ သီရိဂုဏ်အိမ်ရာအနီး၊ ဆိတ်ငြိမ်ရပ်ကွက်သန့် အခန်းကျယ်(၁၈×၅၁)၊ ခြောက်လွှာ၊ သိန်း (၄၆၀)။ နှစ်လွှာထိ ပြီးစီး သိန်း (၃၁၀)၊ လက်ငင်း ပေးထားရုံဖြင့် ပိုင်ဆိုင်မည်။

ဖုန်း-၀၉ ၄၃၁၀၉၈၀၇

**ရောင်းမည်**

ရွှေပေါက်ကံ၁၄/၇/၉၂၄ကျောင်းလမ်း၊ ပေ (၄၀×၆၀)၊ မြေချပါမစ်ညှိနှိုင်းဈေး။ သိန်း (၆၅၀)။

ဖုန်း-၀၉ ၇၃၀၁၀၆၉၄

**ရောင်းမည်**

အမှတ်(၄၃)၊ ဦးအေးလမ်းသွယ် ၁ လမ်း၊ ပထမထပ်၊ ဘယ်ဘက်အခန်း၊ ပါရမီစိန်ဂေဟာအနီး၊ လှိုင်မြို့နယ်၊ ၁၆ ရပ်ကွက်၊ ရန်ကုန်တိုင်း။ သိန်း (၃၆၀)။

ဖုန်း-၀၉ ၂၅၀၃၈၄၃၅၇

**SMART (Painting Services)**

အိပ်ခန်းများ၊ ဆိုင်ခန်းများ၊ ဆေးသုတ်ခြင်း၊ အလှဆင်ခြင်း၊ လုပ်ငန်းများကို စိတ်တိုင်းကျ အာမခံဖြင့် ဈေးနှုန်းမှန်ကန်စွာ ဆောင်ရွက်ပေးပါသည်။

ဖုန်း-၀၉ ၄၂၀၁၈၀၇၈

**ရောင်းမည်**

အမှတ် (၁၈)၊ ၁၀၆ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ပေ(၂၅×၅၅)၊ နှစ်ထပ်ခွဲလုံးချင်းတိုက်။

သိန်း (၅၇၀၀)ညှိနှိုင်း။

**ရောင်းမည်**

DSTA အနီး၊ ရပ်ကွက်ကြီး ၁၂ အကျယ် (၅၅×၁၅၀)၊ ခြံခတ်ပြီး (သံပန်းတံခါး)၊ ညှိနှိုင်းဈေး။

ဖုန်း-၀၉ ၇၃၂၀၄၆၃၃

**G'Wench ဖက်ရှင် ဒီဇိုင်းသင်တန်း**

ဖက်ရှင်ဒီဇိုင်နာတစ်ဦးဖြစ်လာစေရန် တိကျသော စင်တီမီတာနည်းဖြင့် တစ်ဦးချင်းအတတ်သင်ကြားပေးပါသည်။

Designer-Thet Hnin Dar
PH:09 73225134

**ဖုန်းပြုပြင်သင်တန်း**

HandSet ဖုန်းပြုပြင်အတတ်သင်၊ သင်တန်းများဖွင့်လှစ်သင်ကြားပေးနေပါပြီ။

ဖုန်း-၀၉ ၄၂၁၀၁၁၃၆

**ကုသပေးသည်**

ဗောက်အလွန်ထူခြင်း၊ ဦးရေပြားမှိုစွဲခြင်း၊ ဆံပင်အလွန်ကျွတ်ခြင်းကြောင့် ထိပ်ပြောင်၊ ဆံပင်ပါး၊ ကျဲခြင်းများကို ချို သာသော ဈေးနှုန်းဖြင့် ထိရောက်စွာ ကုသပေးပါသည်။

ဖုန်း-၀၉ ၃၁၅၆၅၉၂၀

**အာရုံကြောအားဆေး**

အာရုံကြောအားနည်းခြင်း၊ လေငန်း၊ လေဖြတ်၊ ထုံကျဉ်၊ ဒူးနာ၊ ခါးနာ၊ အကြောတက်ညောင်းညာ၊ ရုံးဝန်ထမ်းများအတွက် "ခြူးရာဇာ"အမှတ်တံဆိပ် အာရုံကြောအားဆေး။ ဖုန်း-၀၉ ၂၄၅၀၀၇၂

**ရောင်းမည်**

ကွန်ဒို၊ ယုဇနတာဝါ၊ 2MBR, 1BR(၂၀၀၀) spf, Air (6) ပါ၀ါမီတာ၊ ပါကေး၊ ဈေး- 4000L။ ဖုန်း-၀၉ ၃၁၆၈၇၀၁၂

**ရောင်း/ငှား**

တ/ဥ၊ သံသုမာလမ်းပေါ် ပေ(၂၈×၈၄)၊ 2BN၊ ဂရန်အမည်ပေါက်၊ အိပ်ခန်း(၂)ခန်း၊ အိမ်သာ၊ ရေချိုးခန်းတစ်ခန်း၊ အောက်အိပ်ခန်း တစ်ခန်း၊ အိမ်သာ၊ ရေချိုးခန်း၊ နှစ်ခန်း၊ ရေမီးဖုန်းပါ။
ရောင်းဈေး-9500L။

ငှားတစ်လ-၂၂ သိန်း။
ဖုန်း-၀၉ ၃၁၆၈၇၀၁၂

**မြန်မာစာ စကားပြောအိမ်အရောက်**

နိုင်ငံခြားသားများ၊ မြန်မာပြည်တွင်း International ကျောင်းနှင့် အစိုးရကျောင်းများမှ ကျောင်းသားများအတွက် မြန်မာစာ၊ မြန်မာစကားပြော။

ဖုန်း-၀၉ ၄၂၁၄၇၈၂၀

7 DAY NEWS JOURNAL
Vol.12, No.46 • JANUARY 22 , 2014

စာမျက်နှာ(၂၇)မှ

## မင်းဒင်ရဲ့သက်ခိုင်(၂)

"ကျွန်တော်ဟာ ညတိုင်းနီးပါး သူ့လုပ်ငန်းအကြောင်းတွေကို နာရီနဲ့ချီနားထောင်ခဲ့ရတယ်။ သူပြောပြတဲ့ မြေကွက်ကြီးတစ်ကွက်ရဲ့ဇာတ်ရှုပ်ကို ကျွန်တော့်စိတ်ထင်နှစ်လနီးပါးနားထောင်ခဲ့ရသဗျ။ ကျွန်တော်သိချင်တဲ့အချက်အလက်တချို့ကို မေးရုံကလွဲလို့ ဘာမှတ်ချက်မှမပေးဘဲ စိတ်ရှည်သည်းခံပြီး နားထောင်ရင်း "ငါဟာ ဒီဇာတ်ရှုပ်ကို ဘယ်လိုများရှင်းရပါ့မတုံး"လို့ ကျိတ်ပြီးအဖြေထုတ်နေခဲ့မိသဗျာ။ ကျွန်တော့်ပါရမီလား၊ ဝဋ်ကြွေးလားမပြောတတ်တော့ပါဘူးဗျာ။ တစ်ခုသောရက်မှာ အဲဒီမြေကွက်အတွက် အဆုံးအဖြတ်ပေးဖို့အခြေဆိုက်လာပါလေရော။ ကျွန်တော်ဟာအချိန်ဆိုင်းမနေဘဲ အဲဒီဇာတ်ရှုပ်ထဲမှာ အဓိကအကျဆုံးလူဆီကို ဖုန်းဆက်ပြီး ပြဿနာရဲ့ အတိမ်အနက်၊ ရှေ့ရေးနောက်ရေးတွေကို ဆွေးနွေးလိုက်မိသဗျ။ ဖြစ်ပျက်နေပုံအားလုံးကိုနှစ်လနီးပါးအသေးစိတ်လေ့လာပြီးဖြစ်နေတဲ့ ကျွန်တော်ဟာ အဲဒီပြဿနာကို အခြေခံကျကျ ဆွေးနွေးပြနိုင်ခဲ့ပါတယ်။ ကျွန်တော်နဲ့သူ စကားပြောချိန်ဟာ နာရီဝက်ထက်ပိုမကြာပါဘူး။ ဒါပေမဲ့ကျွန်တော်ဟာ လူချင်းတစ်ကြိမ်တစ်ခါမှ မမြင်ခဲ့ဖူးတဲ့ ဇာတ်ရှုပ်ရဲ့အခရာအကျဆုံးလူကို နားချနိုင်ခဲ့တယ်။ ပြဿနာရဲ့ အညှာကို ကျွန်တော်ကိုင်လှုပ်နိုင်ခဲ့ပါတယ်။ ယုံချင်ယုံမယုံချင်နေပေတော့ဗျာ။ ကျွန်တော့်ဆွေးနွေးချက်ကြောင့်အဲဒီပုဂ္ဂိုလ်အလျှော့ပေးလိုက်လျှော့ခဲ့တဲ့ ငွေကြေးပမာဏဟာ ကျပ်သိန်းပေါင်း ရှစ်သောင်းတောင်ရှိသဗျ။ အဲဒီနေ့မှာတင် မြေကွက်အရောင်းအဝယ်ရဲ့ တစ်စိတ်တစ်ဒေသဟာ အောင်မြင်စွာပြီးမြောက်ခဲ့ရောဆိုပါတော့"

"အေးဗျာ။ တစ်စိတ်တစ်ဒေသပြီးမြောက်တယ်ဆိုပေမယ့် ဆုံးခန်းတော့မတိုင်ပြန်ဘူးဗျ။ ဒီအကြောင်းကို ကြုံတဲ့အခါ အသေးစိတ်ပြောပြပါဦးမယ်။ လူတွေရဲ့ လောဘများ တယ်ကြောက်စရာကောင်းသကိုး။ စရန်ငွေအဖြစ်နဲ့ သိန်းပေါင်းခုနစ်သောင်းလောက်ရတဲ့အချိန်မှာ သက်ဆိုင်သူတွေဟာ လောဘအတောမသတ်နိုင်ကြဘဲ ဇာတ်က ပြန်ရှုပ်ကုန်ပြန်ရောဗျာ။ ဒါပေမဲ့ကျွန်တော့်လူဟာ ကျွန်တော့်လက်ရည်ကို သဘောအကျကြီးကျသွားတယ်ထင်ပါရဲ့။ ဘန်ကောက်မှာ ဆုံချင်တဲ့အကြောင်း တဂျီဂျီနားပူရာက ဒုတိယအကြိမ် ဆုံဖြစ်ကြပြန်ပါတယ်"

"တကယ်တော့ ကျွန်တော်ဟာ သူ့ဘဝသူ့အကြောင်းကို ဘန်ကောက်မှာရှိနေတဲ့ မျက်စိကြီးနားကြီးအသိုင်းအဝိုင်းကနေ သိထားနေခဲ့ပါပြီ။ သူတို့ဇနီးမောင်နှံဟာ ဒိုးတူပေါင်ဖက်စီးပွားရှာခဲ့ကြတာမို့ တစ်ခါတစ်ရံ သူ့ဇနီးသြဇာကို မလွန်ဆန်တာမျိုး၊ ဇနီးလုပ်သူက မလိုအပ်ဘဲ အလွန်အကျွံစစ်စီတတ်တယ်ဆိုတဲ့ သတင်းတွေလည်း ကျွန်တော်ရပြီးသားပါ။ ကျွန်တော်ဆိုတဲ့ကောင်ကလည်း စစ်ချီ၊ စစ်မောင်းသံကြားရင် ခါးတောင်းကျိုက်တပြင်ပြင်ဖြစ်တတ်တဲ့ကောင်မျိုးမို့ "အဆုံးမသတ်နိုင်တဲ့ ဇာတ်ရှုပ်ကို နိဂုံးချုပ်စေရမယ်ဟဲ့"ဆိုတဲ့မာန်ကြောင့် ကျွန်တော်သူနဲ့တွေ့ဖို့ ဆုံးဖြတ်ခဲ့တာဗျ။ ငွေကြေးနဲ့ပတ်သက်တဲ့ လောဘစိတ်မပါတာတော့ သေချာလှပါတယ်။ တိုတိုပြောရရင် ကျွန်တော့်ရဲ့ လူစွမ်းလူစထုတ်ပြချင်တဲ့စိတ်ဟာ ပုန်းလျှိုးနေရာကနေခေါင်းထောင်လာတယ်ဆိုရပါမယ်။ သို့ပေမဲ့ ကျွန်တော့်စိတ်ထဲမှာ ရည်ရွယ်ပိုင်းဖြတ်ထားတာက ကျွန်တော်အကြံပေးဇယားချတဲ့လုပ်ငန်းမှန်သမျှ ပုဂ္ဂိုလ်တစ်စုံတစ်ယောက်ကို မထိခိုက်မနစ်နာစေရဘူး။ မူးယစ်ဆေးဝါးလောင်းကစားတွေနဲ့ မပတ်သက်စေရဘူးဆိုတဲ့မူပဲ။ နောက်တစ်ချက်က သူတို့ဇနီးမောင်နှံဟာ ငွေကြေးဥစ္စာကိုသာ ရှာနိုင်ကြပေမယ့် ဘဝရဲ့ချမ်းသာခြင်းအစစ်အမှန်ကို နားလည်ဟန်မတူကြတာကြောင့် တစ်နည်းနည်းနဲ့ လမ်းမှန်ပေါ်ရောက်အောင် ကျွန်တော်ဆွဲတင်နိုင်မယ်လို့ တစ်စိတ်တစ်ပိုင်းယုံကြည်ခဲ့လို့ပါပဲ။ တကယ်လို့ အဲဒီလုပ်ငန်းက တစ်စုံတစ်ရာအကျိုးအမြတ်ရှိလာခဲ့ရင် အခုလိုအချိန်ကာလမျိုးအထိ ချွတ်ခြုံကျနေတဲ့ ကျွန်တော့်ဇာတိရွာအတွက် အကျိုးပြုလုပ်ငန်းတစ်ခုခု လုပ်ပေးနိုင်ကောင်းရဲ့လို့လည်း ကျိတ်ပြီးရည်ရွယ်ခဲ့မိတာအမှန်ပဲဗျာ။ အေးဗျာ. . လက်ရှိအခြေအနေမှာ ကျွန်တော့်ပုံမှန်ဝင်ငွေဟာ လူတန်းစေ့နေနိုင်တဲ့အဆင့်မို့ ထွေထူးပြီး ငွေကြေးမလိုအပ်တော့ပါဘူး"

"အတိုချုံ့ရရင် ကျွန်တော်နဲ့ သူတို့ဇနီးမောင်နှံဘန်ကောက်မှာ တတိယအကြိမ်မြောက်တွေ့ဆုံချိန်မှာတော့ အချိန်ကာလအကြာကြီး မေ့ဖျောက်ထားခဲ့တဲ့ ဘဝရဲ့ဖဲ့ကဖဲ့တွေကို ထုတ်သုံးလိုက်ရပါတော့တယ်။ ကျွန်တော်နဲ့လွန်ခဲ့တဲ့ သုံးနှစ်ကျော်ကတည်းက အဆက်အသွယ်ရှိနေခဲ့တဲ့ဘန်ကောက်လူခံ ကိုအမ်းစထရောင်းဆီကို ကျွန်တော်လှမ်းချိတ်လိုက်တော့ သူကိုယ်တိုင်ကျွန်တော့်ကိုလေယာဉ်ကွင်းမှာလာကြိုရှာပါတယ်။ လေဆိပ်မှာ တွေ့တွေ့ချင်းပဲ ကိုအမ်းစထရောင်းကို ကျွန်တော်ဘန်ကောက်ရောက်လာရတဲ့ အကြောင်း အတိုချုပ်ရှင်းပြလိုက်တော့ သူဟာ ချက်ချင်းဆိုသလို သူ့မိတ်ဆွေမစ္စတာ "လီ"ဆီကို ဖုန်းဆက်ပါတော့တယ်။

"ဒီမှာတင် မစ္စတာ"လီ"ဟာ ချက်ချင်းဆိုသလိုကျွန်တော်တို့အဖွဲ့ကို နေ့လယ်စာစားဖို့ ဖိတ်ပါတော့တယ်။ ဒါကြောင့်ကျွန်တော်ပြောမယ်ဆိုတဲ့ ခြောက်သိန်းတန်ထမင်းတစ်နပ်ဟာ တကယ်တော့ ကျွန်တော့်မိတ်ဆွေ ဇနီးမောင်နှံတည်ခင်းတဲ့ ဝိုင်းမဟုတ်ပါဘူး။ ကိုအမ်းစထရောင်းနဲ့ အဆမတန်ရင်းနှီးလှတဲ့ မစ္စ "လီ"ရဲ့ သဒ္ဓါတရားပါပဲဗျာ"

"ဘယ်လိုကြောင့် အဲဒီထမင်းတစ်နပ်ဟာ ခြောက်သိန်းတန်ရသတုံးဟုတ်လား။ စိတ်ဝင်စားစရာကောင်းတာကတော့ အမှန်ပဲဗျာ။ တကယ်တမ်းပြောရရင် အဲဒီထမင်းဝိုင်းထက် အဲဒီဆိုင်ပိုင်ရှင်မစ္စတာ"လီ"ရဲ့ဘဝဇာတ်ကြောင်းက ပိုပြီးတောင် စိတ်ဝင်စားစရာကောင်းသေးထင်ပါရဲ့ဗျာ။ ဒီလိုဗျ" **(ဆက်လက်ဖော်ပြပါမည်)**

JOKE

### ပြန်လည်ခံစားခြင်း

အိမ်ထောင်သည်ယောကျ်ားတစ်ဦးဗီဒီယိုကြည့်နေသည်။

"မလုပ်နဲ့။ ဟာ. . . မင်းတစ်ဘဝလုံးနောင်တရနေတော့မယ်လို့ငါပြောရဲတယ်။ မင်းတော်တော်တုံးတဲ့ကောင်ပဲ။နိုး. . . နိုး. . . ရက်စ်လို့မပြောလိုက်နဲ့. . . ဟာ. . သွားပြီ။ မင်းပြောချလိုက်ပြီ။ မင်းဟာ ငတုံးပဲ"ဟု အားမလို၊ အားမရပြောနေရာ အိပ်ခန်းထဲမှ ဇနီးသည်က "ယောကျ်ား ဘာဇာတ်ကားကြည့်နေတာလဲ"ဟုမေးမြန်းရာ ယောကျ်ားက "ငါတို့မင်္ဂလာဆောင်အခမ်းအနားဗီဒီယိုခွေပြန်ကြည့်နေတာ"ဟုပြန်ပြောလိုက်ပါသည်။

### သူတို့သိတယ်

အမေရိကန်နိုင်ငံတွင် ပိုလန်နိုင်ငံမှ ပြောင်းရွှေ့နေထိုင်သူတစ်ဦး လိုင်စင်ရယူရန် မော်တော်ယာဉ်ဌာနသို့သွားသည်။ ထုံးစံအတိုင်း ပထမဦးစွာ မျက်စိ စစ်ဆေးခံရသည်။ မျက်စိစစ်ဆေးသော အရာရှိက အောက်ပါစာလုံးများပါသော စာတစ်ခုကို ပိုလန်သားအားပေးလိုက်သည်။

"CZWIXNOSTACZ"

"ခင်ဗျားအဲဒါဖတ်လို့ရလား"ဟု မျက်စိစစ်သူက မေးမြန်းရာ ပိုလန်နိုင်ငံသားက "ဒါကိုဖတ်ရုံပဲလား"ဟုပိုလန်နိုင်ငံသားကပြန်မေးလိုက်ပြီး "ကျွန်တော်အပြင်မှာတောင် အဲဒီလူကို သိတယ်"ဟု ပြန်ပြောပါတော့သည်။

စာမျက်နှာ(၂၆)မှ

## မြေယာသည် နိုင်ငံသားများ၏အသက်

တကယ်လို့ မြေလွတ်ကြီးကြီးမားမားပိုင်ဆိုင်တဲ့သူက ကျွန်းပင်စိုက်လိုတယ်ဆိုရင် အစိုးရက ကျွန်းမျိုးနဲ့ နည်းပညာကို လာပေးတယ်။ သတ်မှတ်ထားတဲ့ သက်တမ်းကိုရောက်ရင်လည်း အစိုးရက သူကိုယ်တိုင်မခုတ်သလို မြေရှင်ကိုလည်း ခုတ်ခွင့်မပေးဘူး။ ဒါပေမဲ့ မြေရှင်ကို ကျွန်းပင်တွေလက်ခံပြီး စိုက်ပျိုးပေးထားတဲ့အတွက် တစ်ပင်ကို ဘယ်လောက်ဆိုပြီး အစိုးရကပိုက်ဆံပြန်ပေးတယ်။ ကျွန်းပင်များများစိုက်ထားရင် ပိုက်ဆံများများရတယ်။လူမြေပိုင်ရှင်က ကျွန်းပင်မြေငှားဆီက မြေငှားခကို အစိုးရဆီကတစ်ဆင့်ရတယ်လို့ ဆိုနိုင်ပါတယ်။ မြန်မာပြည်မှာ လယ်သမားတွေကို အစိုးရအဆက်ဆက် အဲဒီလို ကူညီဖူးပါသလား။

အခုလက်ပံတောင်းမှာ ဖြစ်နေတာက မြေသိမ်းခံရလို့ ရတဲ့ လျော်ကြေးကလည်း ရေရှည်ရပ်တည်ဖို့မဖြစ်နိုင်။ နှစ်ခြောက်ဆယ်ကြာလို့ မြေပြန်ရတယ်ပဲထား။ လက်ရှိလယ်သမားတွေရဲ့ မြေးတွေမြစ်တွေက လယ်ရောလုပ်တတ်ဦးမှာလား။ လယ်မြေ၊ ယာမြေတွေကရော စိုက်လို့ပျိုးလို့ရပါဦးမလား။ ဓာတုဆေးဝါးဒဏ်တွေကို ဘယ်လိုအတိုင်းအတာနဲ့ မြေကြီးကစုပ်ယူထားတယ်ဆိုတာကလည်း ရှိသေးတာကိုး။ မြေဆိုတာ မြန်မာပြည်လို ဆင်းရဲသားအများစုရှိနေတဲ့ တိုင်းပြည်မှာ နိုင်ငံသားတွေရဲ့ တစ်ခုတည်းသော အခြေခံပိုင်ဆိုင်မှုဖြစ်ပါတယ်။

လက်ရှိအစိုးရရော အရင်စစ်အစိုးရအဆက်ဆက်တွေပါ တစ်သီးပုဂ္ဂလပိုင်ဆိုင်မှုကို အလေးအနက် သဘောမပေါက်ဘူး။ တစ်သီးပုဂ္ဂလပိုင်ဆိုင်မှုအတွက် ခိုင်ခံ့တဲ့ တရားမျှတတဲ့ဥပဒေဆိုတာလည်း မရှိဘူး။ ဥပမာ ဦးခင်ရွှေက မြေတွေကို စစ်တပ်အားကိုးနဲ့ သိမ်းယူပြီး နောက်ပိုင်းမှာ ဒါတွေက ကျုပ်ပိုင်တဲ့မြေတွေ ကျုပ်ရဲ့တစ်သီးပုဂ္ဂလပိုင်ဆိုင်မှုဆိုပြီး လုပ်ချင်တာကိုမြင်နေရတယ်။ နောက်မှလည်း လာသေးတယ်၊ မောင်ဦးလည်း လုပ်ချင်သေးတယ်။ ဓားတဝင့်ဝင့် လုပ်ခဲ့တဲ့ မြေရှင်ပဒေသရာဇ်ဘုရင်တွေလက်ထက်မှာတောင် မြေကို သိမ်းချင်တိုင်းသိမ်းခွင့်ရှိခဲ့တာမဟုတ်ဘူး။ သူတို့မှာလည်း သူတို့ခေတ်အခါအရ အုပ်ချုပ်သူဘုရင်နဲ့ အုပ်ချုပ်ခံ လူတန်းစားအကြားလိုက်နာခဲ့ရတဲ့ ရိုးရာစည်းမျဉ်းစည်းကမ်းတွေရှိခဲ့တယ်။ ကိုယ့်မြေအသိမ်းမခံရဖူးသူတွေအနေနဲ့ မြေဆုံးရှုံးသွားခဲ့ရတဲ့သူတွေ ကို နားလည်ဖို့ ခက်ကောင်းခက်ပါလိမ့်မယ်။ ထိုက်သင့်တဲ့ လျော်ကြေးပေးလိုက်ရင်ပြီးတာပဲမဟုတ်လားလို့ ဆိုသူတွေလည်း ရှိနေတယ်။

ထိုက်သင့်တဲ့ လျော်ကြေးဆိုတာ ဘာကိုခေါ်တာလဲ။ ထိုက်သင့်တဲ့ လျော်ကြေးဆိုတာ အဓိပ္ပာယ်အများကြီးရှိနိုင်တယ်။ အခုလက်ပံတောင်းမှာပေးနေတဲ့ လျော်ကြေးဟာ တစ်ဧကဆယ့်ငါးသိန်းဖြစ်လို့ ထိုက်သင့်တဲ့ လျော်ကြေးလို့တချို့က မြင်ကောင်းမြင်နေနိုင်တယ်။ နှစ်ခြောက်ဆယ်ကြာမယ်ဆိုတာကို ထည့်မပြောဘူး။ တစ်ဧကဆယ့်ငါးသိန်း၊ လယ်သမားက အသက် (၃၀)ဝန်းကျင်ဆိုပါတော့။ အဲဒါကြောင့်လယ်သမားရသင့်တဲ့ လျော်ကြေးငွေဟာ သူ့အသက် ခုနစ်ဆယ်၊ရှစ်ဆယ်လောက်အထိ လူလိုသူလိုနေထိုင်စားသောက်နိုင်တဲ့ ပမာဏဖြစ်ရမယ်။ ဒါတောင် လယ်သမားက လျော်ကြေးမလိုချင်ဘူး။ ဆင်းရဲချင်ဆင်းရဲပါစေ သူ့မြေပေါ်မှာပဲ အမှီပြုပြီး စားသောက်မယ်ဆိုရင်လည်း ဒါကို ပြန်စဉ်းစားပေးဖို့ လိုပါတယ်။

တစ်ချိန်တုန်းက ဖိလစ်ပိုင်နိုင်ငံမှာ လယ်ယာမြေပြန်လည်ဝေခြမ်းရေးလုပ်တော့ အစိုးရနဲ့ မြေရှင်အကြား မြေရောင်းတဲ့၊ ဝယ်တဲ့စနစ်တစ်ခု ရှိခဲ့ဖူးတယ်။ ဖိလစ်ပိုင်အစိုးရက မြေရှင်ဆီက မြေဝယ်နိုင်ဖို့ရလာတဲ့ငွေက ကမ္ဘာ့ဘဏ်က ထုတ်ချေးတာ။ ကမ္ဘာ့ဘဏ်က ငွေရှင်ဆိုတော့ ဘယ်လိုစနစ်မျိုးနဲ့ ဝယ်ရမယ်ဆိုပြီး ဖိလစ်ပိုင်အစိုးရကို လိုင်းချပေးထားတယ်။ အဲဒီစနစ်ကို ဝယ်လိုသူနဲ့ ရောင်းလိုသူစနစ်လို့ခေါ်တယ်။ အင်္ဂလိပ်လိုတော့ Willing buyers and willing sellers လို့ လူသိများခဲ့တယ်။ ဆိုလိုတာကတော့ ရောင်းချင်ရင် ရောင်းလို့ရသလို မရောင်းလိုပါကလည်း မရောင်းဘဲနေနိုင်တယ်။ သို့သော် အဲဒီစနစ်ဟာ မအောင်မြင်ခဲ့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဖိလစ်ပိုင်နိုင်ငံမှာ မြေပိုင်ရှင်ဆိုတာ မြေကေပေါင်းသောင်းနဲ့သိန်းနဲ့ချီပြီး ရှေးတုန်းကတည်းက ပိုင်ဆိုင်နေတာဖြစ်လို့။ မြေပိုင်ရှင် အတော်များများဟာ မကောင်းတတ်လို့ သူတို့ပိုင်တဲ့ မြေထဲက အနည်းအကျဉ်းလောက်ကို ပြန်ဖွဲ့ရောင်းတာမျိုးလောက်ပဲ ရှိခဲ့တယ်။ တစ်ခါ လယ်သမားကလည်းရလာတဲ့မြေပေါ်မှာ ထွန်ယက်စိုက်ပျိုးတော့ ငွေလိုလာတယ်။ပြင်ပကနေ ငွေချေးရတယ်။ သဘာဝဖောက်ပြန်လို့ သီးနှံမအောင်တာ၊ သီးနှံအောင်ပေမယ့် ဈေးကောင်းမရတာ အဲဒီလို နှစ်တွေများလာတော့ နောက်ဆုံးမှာ ရထားတဲ့မြေတွေဟာ မြို့ပေါ်က ငွေရှင်လက်ထဲမှာ ပေါင်သလိုလို၊ ရောင်းသလိုလိုနဲ့ ဆုံးကုန်တာများတယ်။

အခုလည်း လယ်သမား မဟုတ်ဘဲနဲ့ လယ်မြေတွေကို မတရားပိုင်ဆိုင်နေတဲ့သူများ လက်ထဲက ကမ္ဘာ့ဘဏ်က ချေးငွေနဲ့စိုက်ပြီး ပြန်ဝယ်၊ လယ်သမားများကို ပြန်လည်ဝေခြမ်းရေးလုပ်မယ်ဆိုရင်ကော အောင်မြင်ပါ့မလား။ မရောင်းဘဲတင်းခံနေတာမျိုးလည်း ဖြစ်နိုင်တယ်။ တစ်ခါဝေဖန်ခံနေရလွန်းလို့ ရှက်ရှက်နဲ့ ဈေးကောင်းရရင်လည်းပြန်ရောင်းမယ်ဆိုတာမျိုးလည်း ဖြစ်နိုင်တယ်။ လယ်သမားတော့ လယ်ပြန်ရနိုင်တယ်။ သို့သော် ကမ္ဘာ့ဘဏ်ကထုတ်ချေးလိုက်တဲ့ ပိုက်ဆံဟာဦးခင်ရွှေတို့လိုလူမျိုးတွေ အိတ်ထဲရောက်သွားမှာပဲ။ လယ်ယာမြေတွေကို ပြန်ပေးဆွဲထားတဲ့ သူတွေလက်ထဲက ပြန်ရွေးရသလိုမျိုး သဘောဆန်မှာပေါ့။ ဒီနေရာမှာ ပြောလိုတာက ကမ္ဘာ့ဘဏ်က ရလာမယ့်ငွေက ချေးငွေသာဖြစ်တယ်။ တစ်နေ့ပြန်ပေးရမှာ မမေ့ဖို့လိုပါတယ်။

နိုင်ငံရေးခေါင်းဆောင်များနဲ့ လှုပ်ရှားတက်ကြွသူအများစုဟာ မြို့နေလူတန်းစားဖြစ်လေတော့ လယ်သမားတွေရဲ့ နစ်နာချက်၊ ခံစားချက်ကို သဘောပေါက်တာလောက်ပဲ ရှိပါလိမ့်မယ်။ ထဲထဲဝင်ဝင် နားလည်အောင်ကြိုးစားပြီး ရှည်ကြာဦးမယ့် မြေယာတိုက်ပွဲတွေအတွက် အာဂန္တုသဘောမဟုတ်ဘဲ စဉ်ဆက်မပြတ်ကူညီပေးဖို့ အကြံပြုလိုက်ပါကြောင်း။

Environment
7 DAY NEWS JOURNAL
Vol.12, No.46 • JANUARY 22 , 2014

# ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ သုတေသနပြုလိုပါက BANCA ကူညီမည်

**နိုင်နိုင်စိုး**

**ရန်ကုန်၊ ဇန်နဝါရီ- ၁၈**

ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များတွင် သုတေသနပြုလုပ်လိုသည့် ဆရာများနှင့် ကျောင်းသားများအား ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနှင့်ကာကွယ်ရေးအသင်း (BANCA) က အကူအညီပေးမည်ဟုသတင်းရရှိသည်။

ပြည်တွင်းတက္ကသိုလ်များရှိ ဆရာ၊ ဆရာမများ၊ ကျောင်းသားကျောင်းသူများသည် ဇီဝမျိုးစုံမျိုးကွဲများနှင့်သက်ဆိုင်သည့် ပညာရပ်များတွင် သုတေသန ပြုလုပ်လိုပါက (BANCA) အသင်းနှင့် ဆက်သွယ်နိုင်ကြောင်း (BANCA) အသင်းဥက္ကဋ္ဌ ဒေါက်တာစောမွန်သိမ့်ကပြောသည်။

"ကျောင်းပြီးရင် လက်တွေ့လေ့ကျင့်စရာရှားတယ်။ အလုပ်လိုချင်တာမဟုတ်ဘဲ တကယ်သုတေသနကို အရူးအမူးဖြစ်တဲ့သူတွေ၊ ရန်ကုန်တက္ကသိုလ်ကပဲဖြစ်ဖြစ် အခြားတက္ကသိုလ်ကပဲဖြစ်ဖြစ်ဖိတ်ခေါ်တယ်"ဟု ၎င်းကဆိုသည်။

သုတေသနပြုလုပ်ရန် ဝါသနာပါသူများကို ၎င်းတို့၏ စိတ်ပါဝင်စားမှုပေါ် မူတည်၍ (BANCA) အသင်းက သုတေသန ပညာရှင်များအဖြစ်မွေးထုတ်ပေးသွားမည်ဟုသိရသည်။

(BANCA) သည် ဇီဝမျိုးစုံမျိုးကွဲမျိုးစိတ်များအားလေ့လာခြင်း၊ သုတေသနပြုလုပ်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ၄က်ကြည့်သင်တန်းများပို့ချခြင်း၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းထိန်းသိမ်းရေးလုပ်ငန်းများကို ဆွေးနွေးလုပ်ဆောင်ခြင်းစသည့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးများကို ယခင်ကထက် တိုးမြှင့်လုပ်ဆောင်မည်ဟုသိရသည်။


ဓာတ်ပုံ-မျိုးမင်းဦး

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များကို စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံဆွေးနွေးမည်

**အိဖြူမွန်**

**ရန်ကုန်၊ ဇန်နဝါရီ- ၁၈**

စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရမည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဆောင်ရွက်ချက်စည်းကမ်းများနှင့်ပတ်သက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါတွေ့ဆုံပွဲကို ရန်ကုန်မြို့၊ အနောက်ကြို့ကုန်းရှိ သစ်တောရုံးတွင် ဇန်နဝါရီ ၂၅ရက်၌ ကျင်းပမည်ဖြစ်ပြီး လုပ်ငန်းရှင်သုံးရာကျော်လာရောက်မည်ဟုသိရသည်။

"လုပ်ငန်းရှင်တွေကို ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း (EIA)၊ ကနဦးပတ်ဝန်းကျင်လေ့လာဆန်းစစ်ခြင်း(IEE)၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP) လုပ်ဆောင်ရမယ့်ကိစ္စတွေကိုရှင်းပြမှာပါ"ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ဆက်လက်ပြောကြားသည်။


ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေထွက်ရှိပြီးနောက်ပြည်တွင်းတွင်လုပ်ကိုင်နေသော တွင်းထွက်သယံဇာတတူးဖော်ရေးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများကို EIA,IEE,EMP လုပ်ဆောင်ရန်အစိုးရက ညွှန်ကြားထားသည်။ ထို့ကြောင့် နည်းဥပဒေနှင့်လုပ်ထုံးလုပ်နည်းများမထွက်ရှိသေးသော်လည်း စီးပွားရေးလုပ်ငန်းရှင်များက အဆိုပါ စစ်တမ်းသုံးခုကို လုပ်ဆောင်ပေးရသည်။

ယခင် ခေတ်အဆက်ဆက်က EIA,IEE,EMP ဆန်းစစ်ခဲ့ခြင်းမရှိသော စီးပွားရေးလုပ်ငန်းရှင်များသည် ပြောင်းလဲလိုက်သောဥပဒေကြောင့် အဆိုပါအစီရင်ခံစာများကို လုပ်ဆောင်ရပြီး ကန်ကျစရိတ်များလာကြောင်း ကုမ္ပဏီလုပ်ငန်းရှင်များကဆိုသည်။

ထို့ကြောင့်လုပ်ငန်းရှင်များကအဆိုပါ အစီရင်ခံစာသုံးခုဆောင်ရွက်ခြင်းနှင့်ပတ်သက်ပြီး အကြံပြုစာများကိုလက်ခံဆောင်ရွက်ပေးနေသည့် ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အကြံပြုစာများ ၂၀၁၃ခုနှစ် ဇူလိုင်မှစတင်ပြီးပေးပို့ကြသည်ဟု သတင်းရရှိသည်။

ပတ်ဝန်းကျင်ထိခိုက်မှုစစ်တမ်းလုပ်ဆောင်ရမည့် လုပ်ထုံးလုပ်နည်းမူကြမ်းတွင် လုပ်ငန်းအမျိုးအစား ၂၇၂မျိုး ယခင်ကသတ်မှတ်ထားသော်လည်း ဇန်နဝါရီတွင်ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းမူကြမ်းအစည်းအဝေး၌ ၁၄၂မျိုးသို့ ပြောင်းလဲပြင်ဆင်ခဲ့သည်။



# Tourism

7DAY NEWS JOURNAL

Vol.12, No.46 • JANUARY 22 , 2014


## အေးရှားဝင်းလေကြောင်းလိုင်း မန္တလေး-ချင်းမိုင်ခရီးစဉ်ဇန်နဝါရီလကုန် စတင်ပြေးဆွဲမည်

**ခန့်ထက်**

**ရန်ကုန်၊ ဇန်နဝါရီ-၁၈**

အေးရှားဝင်းလေကြောင်းလိုင်း၏ ပထမဆုံး ပြည်ပခရီးစဉ်အဖြစ် မန္တလေး-ချင်းမိုင် ခရီးစဉ်ကို ဇန်နဝါရီလကုန်တွင် တစ်ပတ်လျှင် တစ်ကြိမ် ပြေးဆွဲမည်ဖြစ်ကြောင်း ယင်းလေကြောင်းလိုင်းမှ အမှုဆောင်ဒါရိုက်တာ ဦးလွင်မိုးက ပြောသည်။

အေးရှားဝင်းလေကြောင်းလိုင်းသည် အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း မန္တလေးမှ ထိုင်းနိုင်ငံ ချင်းမိုင်သို့ ပုံမှန် ခရီးစဉ်ကို ဇန်နဝါရီ ၂၉ ရက်တွင် စတင်ပြေးဆွဲမည်ဟု သိသည်။

"ဒီခရီးစဉ်ကို အရင်တုန်းက ဆွဲခဲ့တဲ့ မားကက်(ဈေးကွက်)တွေကို လေ့လာပြီးဆွဲဖြစ်တာပါ"ဟု ၎င်းက ပြောသည်။



*အေးရှားဝင်းလေကြောင်းလိုင်းပိုင် လေယာဉ်တစ်စီး* ဓာတ်ပုံ- hflight.net

လက်ရှိတွင် ချင်းမိုင်ခရီးစဉ်ကို အဲပုဂံလေကြောင်းလိုင်းက ရန်ကုန်မှ တိုက်ရိုက်ပြေးဆွဲနေပြီး မန္တလေးမှ တိုက်ရိုက်ပြေးဆွဲခြင်းကို အေးရှားဝင်းလေကြောင်းလိုင်းက စတင်ပြေးဆွဲခြင်းဖြစ်ကြောင်း လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနမှ သတင်းရရှိသည်။

ပြည်တွင်းရှိမြို့ပေါင်း ၁၅ မြို့သို့ ပြေးဆွဲနေသော အေးရှားဝင်းလေကြောင်းလိုင်းသည် ယင်းခရီးစဉ်ကို ပြည်တွင်း၌ ပြေးဆွဲသော အေတီအာရ်လေယာဉ်အမျိုးအစားများဖြင့်သာ ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလေကြောင်းလိုင်းသည် ဂျပန်နိုင်ငံ အခြေစိုက် ANA လေကြောင်းလိုင်းနှင့်လည်း ပူးပေါင်း ဆောင်ရွက်ရေးအတွက် သဘောတူစာချုပ် ချုပ်ဆိုရန် ညှိနှိုင်းနေပြီး ခရီးစဉ်များ ပူးပေါင်းပြေးဆွဲရန်အတွက် မူလက မျှော်မှန်းထားသည့် ၂၀၁၄ အောက်တိုဘာတွင် စတင်နိုင်ရန် ကြိုးပမ်းသွားမည်ဟု အမှုဆောင်ဒါရိုက်တာ ဦးလွင်မိုးက ပြောကြားသည်။

အေးရှားဝင်းလေကြောင်းလိုင်းသည် မန္တလေးမှ နိုင်ငံတကာသို့ ပြေးဆွဲသော ငါးလိုင်းမြောက် လေကြောင်းလိုင်းဖြစ်လာပြီး စင်ကာပူနိုင်ငံ အခြေစိုက် Silk Air လေကြောင်းလိုင်းကလည်း ဇွန်လ ၁၀ ရက်တွင် မန္တလေး-စင်ကာပူတိုက်ရိုက်ပြေးဆွဲသွားမည်ဖြစ်ကြောင်း ယင်းလေကြောင်းလိုင်းမှ သတင်းရရှိသည်။

---

## ထိုင်းခရီးသွား လာရောက်မှုလျော့ကျ

**ခန့်ထက်၊ ရဲနောင်**

**ရန်ကုန်၊ ဇန်နဝါရီ- ၁၈**

ထိုင်းနိုင်ငံရေး ပြဿနာကြောင့် ထိုင်းလူမျိုးများ ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်မှုအနည်းငယ်လျော့ကျသွားကြောင်းခရီးသွားလုပ်ငန်းနယ်ပယ်တွင်လုပ်ကိုင်နေသူများထံမှ သတင်းရရှိသည်။

မြန်မာနိုင်ငံသို့ နှစ်စဉ်အများဆုံးလာရောက်လေ့ရှိသော ထိုင်းလူမျိုးများဝင်ရောက်မှုမှာ ဇန်နဝါရီလတွင် လျော့ကျလာသည်ဟု ထိုင်းဧည့်လမ်းညွှန်များ အဖွဲ့ခေါင်းဆောင်ဒေါ်စကားဝါစိုးကပြောသည်။

"ထိုင်းတွေက သူတို့နိုင်ငံမှာ ဖြစ်နေတဲ့ ကိစ္စတွေကြောင့် ဟိုမှာရှိတဲ့ သူတို့အိမ်ကိုပစ်ထားပြီးမလာရဲကြတော့ဘူး။ တချို့ဆို အယောက် ၄၀လောက်လာမယ့် အစီအစဉ်ကနေ ၃၀ လောက်ပဲ ရောက်လာတယ်"ဟု ဇန်နဝါရီလတွင် ထိုင်းခရီးသည်ဝင်ရောက်မှုနှင့် ပတ်သက်ပြီးဒေါ်စကားဝါစိုးကပြောသည်။

လေကြောင်းလိုင်းများခရီးစဉ်ဖျက်သိမ်းခြင်းမျိုးမရှိသေးသော်လည်း ယခုရက်ပိုင်းတွင် ခရီးသည်အနည်းငယ်လျော့ကျသွားကြောင်း ရန်ကုန်မှ ဘန်ကောက်သို့တိုက်ရိုက်ပြေးဆွဲသော MAIလေကြောင်းလိုင်းမှ ဈေးကွက်ရှာဖွေရေးမန်နေဂျာ ဒေါ်အေးမရသာကပြောသည်။

"အရင်က ဒီအချိန်ဆိုပုံမှန် တစ်ခေါက်ကို ခရီးသည် ကိုးဆယ်၊ တစ်ရာပါတယ်။ အခုတစ်ပတ်အတွင်း ခရီးသည်လုံးဝမရတာတော့ မဟုတ်ဘူး။ တစ်ခေါက်ကို လေးဆယ်၊ ငါးဆယ်လောက်ပဲရပါတော့တယ်"ဟု ဒေါ်အေးမရသာကဆိုသည်။

ထိုင်းနိုင်ငံမှ မြန်မာသို့လာရောက်သူများ လျော့ကျသွားသကဲ့သို့ မြန်မာမှ ထိုင်းသို့သွားရောက်လည်ပတ်သူများအတွက်လည်း စီစဉ်ပေးရခြင်းမျိုးယခုကာလတွင် လျော့နည်းသွားသည်ဟု ၎င်းကဆိုသည်။

ထိုင်းခရီးသွားဝင်ရောက်မှုမှာ နိုဝင်ဘာလတွင် တစ်သောင်းကျော်၊ ဒီဇင်ဘာလတွင်ဦးရေ ၁၃၀၀၀ကျော်လာရောက်ခဲ့ပြီး နိုင်ငံအလိုက်ဝင်ရောက်မှုတွင် ပထမနေရာတွင်ရှိနေသည်ဟု ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနညွှန်ကြားရေးမှူးတစ်ဦးကပြောသည်။

နိုင်ငံခြားသား အများစုမှာ ထိုင်းမှတစ်ဆင့် မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့်လာရောက်ကြရာ ထိုင်းနိုင်ငံတွင်မငြိမ်မသက်မှုများရှိနေသော်လည်း မြန်မာသို့ ယင်းခရီးသွားများဝင်ရောက်မှုကို ထိခိုက်မှုမရှိနိုင်ကြောင်း ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများက ခန့်မှန်းသည်။

"ကျွန်တော်တို့ မြန်မာအတွက် ဒီကိစ္စက သက်ရောက်မှုခုထိဘာမှမရှိသေးပါဘူး။ ကြီးကြီးမားမားသက်ရောက်မှုမရှိနိုင်ဘူးလို့ခန့်မှန်းရပါတယ်"ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အဖွဲ့ချုပ် ဥက္ကဋ္ဌဦးဖြိုးဝေရာဇာကဆိုသည်။

သက်ရောက်မှုရှိခဲ့ပါက သိသာထင်ရှားသော ပြောင်းလဲမှုမရှိနိုင်ဘဲ အနည်းငယ်ခန့်သာရှိနိုင်မည်ဟု ဟိုတယ်/ခရီး ညွှန်ကြားရေးမှူးက သုံးသပ်သည်။

ဝန်ကြီးချုပ် ယင်လပ်နုတ်ထွက်ပေးရေးအတွက်အတိုက်အခံဆန္ဒပြသူများက ထိုင်းနိုင်ငံဘန်ကောက်ရှိ နေရာအများအပြားနှင့် အစိုးရရုံးများ ပိတ်ဆို့ဆန္ဒပြမှုများကို ပြုလုပ်ခဲ့သော်လည်း လေကြောင်းထိန်းချုပ်ရေး စင်တာကို သိမ်းပိုက်နေရာယူသွားမည်မဟုတ်ကြောင်း၊ ကမ္ဘာ့လှည့်ခရီးသည်များ အနှောင့်အယှက်နည်းနိုင်သမျှနည်းအောင် လုပ်ဆောင်သွားမည်ဟု ကြေညာထားကြောင်း AFP သတင်းတစ်ခုကဖော်ပြထားသည်။

မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သူများတွင် ထိုင်းလူမျိုးများလည်ပတ်မှုက အမြင့်ဆုံးဖြစ်ပြီး ရန်ကုန်လေဆိပ်ဝင်ပေါက်မှ ပျမ်းမျှနေ့စဉ်ဦးရေနှစ်ရာကျော်လာရောက်နေကြောင်း ရန်ကုန်လေဆိပ်စာရင်းများအရသိရသည်။

## ရိဒ်ရေအိုင်တွင် နိုင်ငံခြားသားများတည်းခိုနိုင်သည့်ဟိုတယ်များတည်ဆောက်ရန် ရင်းနှီးမြှုပ်နှံမှုမရှိသေး

**ကိုစိုင်း**

**ကလေး၊ ဇန်နဝါရီ- ၁၈**

ချင်းပြည်နယ် ရိဒ်ရေအိုင်တွင်နိုင်ငံခြားသားများ တည်းခိုနိုင်သည့်ဟိုတယ်များ တည်ဆောက်ရန် မည်သည့် ကုမ္ပဏီမျှ လာရောက်လျှောက်ထားခြင်းမရှိသေးဟု ချင်းပြည်နယ်လမ်းပန်းဆက်သွယ်ရေးနှင့် ပြည်သူ့ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီးဦးငွန်ဆန်းအောင်က ပြောသည်။

"နိုင်ငံခြား ကုမ္ပဏီတွေ လျှောက်တာတော့ အခုထိမရှိသေးပါဘူး။ လက်ရှိ အခြေအနေ အထိကတော့ ပြည်ထောင်စုဝန်ကြီးကနေ တည်ဆောက်ပေးနေတဲ့ဟိုတယ်ပဲရှိပါသေးတယ်။ လက်ရှိကတော့ ချင်းပြည်နယ်မှာ နိုင်ငံခြားသား အကူအညီနဲ့ လုပ်နေတာဆိုလို့ ကလေး-ဖလမ်း-ဟားခါးလမ်းရယ်၊ သိုင်းငင်း-တီးတိန်လမ်းရယ်၊ ဟားခါး-ဂန့်ဂေါလမ်းသုံးလမ်းကို ဂျပန်နိုင်ငံ JICA အကူအညီနဲ့ အဲဒီလမ်းသုံးလမ်းကို အဆင့်မြှင့်တင်တိုးချဲ့မှုတွေလုပ်မယ့်အစီအစဉ်ကတော့ ရှိပါတယ်။ အခုလက်ရှိ အခြေအနေကတော့ ပြည်တွင်း ဆောက်လုပ်ရေးဝန်ကြီးဌာနကပဲ တာဝန်ယူတည်ဆောက်နေပါတယ်"ဟု အထက်ပါပုဂ္ဂိုလ်က ပြောကြားသည်။

၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ်အတွင်း ဂျပန်နိုင်ငံက နှစ်ရှည်ချေးငွေဖြင့် ကလေး-ဖလမ်း-ဟားခါးလမ်း ၁၁၅ မိုင်အတွက် ကျပ် ၃၁၃၁ သန်း၊ ဂန့်ဂေါ-ဟားခါးလမ်းမိုင် ၇၀ အတွက်ကျပ်သန်း ၄,၀၀၀ နှင့် သိုင်းငင်း-တီးတိန်လမ်းမိုင် ၂၅ အတွက် ကျပ် ၂၉၀၉ သန်းရရှိရန် ပြည်ထောင်စု ဝန်ကြီးဌာနသို့ တင်ပြထားပြီး သိုင်းငင်း-တီးတိန် လမ်းပိုင်းကို တိုင်းတာမှုများ ပြုလုပ်ပြီးဖြစ်သော်လည်း ဘတ်ဂျက်အချို့လိုအပ်နေသေးသည်ဟုဆိုသည်။

"ချင်းပြည်နယ်မှာ နိုင်ငံခြားခရီးသွားဧည့်သည်တွေ ဒီထက်ပိုလာနိုင်အောင် ဟိုတယ်တွေများများ တည်ဆောက်ပေးရမယ်။ ကမ္ဘာမှာ ထင်ရှားတဲ့ရိဒ်ရေအိုင်ကိုနိုင်ငံခြားသားတွေဘာကြောင့်မလာတာလဲဆိုတော့ တည်းခိုခန်းမရှိဘူး။ လမ်းပန်းဆက်သွယ်ရေးခက်ခဲတယ်။ ဒါတွေကိုဖြေရှင်းနိုင်ဖို့တော့လုပ်ရလိမ့်မယ်။ ချင်းပြည်နယ်က အခြားနေရာကနေရနိုင်မယ့် ဘတ်ဂျက်ဆိုလို့ နိုင်ငံခြားသားခရီးသွားဧည့်သည်တွေကို ဆွဲဆောင်နိုင်ဖို့။ သူတို့များများလာရောက်လည်ပတ်ရင်တော့ ပြည်သူတွေ အနိမ့်ဆုံးဖြစ်တဲ့ ဈေးရောင်းဈေးဝယ်ကနေ ဝင်ငွေရရှိလာမှာဖြစ်ပါတယ်"ဟု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇိုဇမ်က ပြောသည်။




7DAY NEWS JOURNAL
Vol.12, No.46 • JANUARY 22 , 2014

# Cartoon
























7 DAY NEWS JOURNAL
Vol.12, No.46 • JANUARY 22 , 2014

# "အစိုးရနဲ့ ကျွန်တော့်ကြား ဆက်ဆံရေးက စစ်အေးတိုက်ပွဲလိုပါပဲ"

## နာမည်ကျော် တရုတ်အနုပညာရှင် အိုင်းဝေဝေနှင့်တွေ့ဆုံခြင်း

ကျော်မျိုး

တရုတ်ပန်းချီ၊ ပန်းပုအနုပညာရှင် အိုင်းဝေဝေဟာ ပြီးခဲ့တဲ့ ၂၀၁၁ ကစလို့ တရုတ်အစိုးရက ၎င်းကို အခွန်ကိစ္စနဲ့ စွပ်စွဲချက်ကြောင့် တရားရင်ဆိုင်ခဲ့ရပြီးနောက်ပိုင်း ပြည်ပ(ဂျာမနီ)မှာ နေထိုင်နေရသူဖြစ်ပါတယ်။ တရုတ်အနုပညာရှင်တွေထဲမှာ နိုင်ငံရေးနဲ့ဆက်နွယ်ပြီး ကျော်ကြားသူ၊ တရုတ်အ စိုးရကို ပွင့်လင်းစွာဝေဖန်လေ့ရှိသူ ၎င်းဟာ နိုင်ငံတကာမှာလည်း လူသိများတဲ့ အနုပညာရှင်တစ်ဦးဖြစ်တာမို့ ဂျာမန်စပိုင်းဂဲလ်မီဒီယာက ၎င်းကို မကြာမီက အင်တာဗျူးပြုလုပ်ခဲ့ပါတယ်။ ဒီအင်တာဗျူးမှာ အိုင်းဝေဝေဟာ သူနဲ့အစိုးရတို့ကြားဖြစ်ခဲ့ရတဲ့ကိစ္စတွေ၊ အာဏာပိုင်တွေက အစိုးရဆန့်ကျင်ရေးသမား သူ့ကို နိုင်ငံတွင်းမှာရှိစဉ်က ဘယ်လိုစုံစမ်းစောင့်ကြည့်နေခဲ့တယ်ဆိုတာတွေ ဖော်ပြထားတာကို ဖတ်ရှုနိုင်ပါတယ်။

**တရုတ်ဂျက်လေယာဉ်တွေက ပြီးခဲ့တဲ့နိုဝင်ဘာလကတည်းက အရှေ့တရုတ်ပင်လယ်ထဲမှာ ပျံသန်းနေခဲ့ပြီ။ ပြီးခဲ့တဲ့သီတင်းပတ်အနည်းငယ်ကလည်း တရုတ်အာကာသယာဉ်တစ်စီးက လပေါ်ကို ဆင်းသက်နိုင်ခဲ့ပြီ။ အခုရက်ပိုင်းမှာပဲ အန္တာတိကတိုက်မှာ တရုတ်ရဟတ်ယာဉ်တွေက ခရီးသည်တွေကို ကယ်တင်နိုင်ခဲ့တယ်။ တရုတ်နိုင်ငံဟာ ဒီကာလတွေထဲမှာ တော်တော်လေးကို အင်အားတောင့်တင်း၊ စွမ်းအားကောင်းလာတာကို တွေ့နေရပါပြီ။**

အဲဒါက ပိုပြီးအန္တရာယ်ကြီးစေတာပါ။ တကယ်လို့များ ဆရာကြီးတစ်ယောက် ဉာဏ်ရှိပြီး အတွေ့အကြုံရှိတဲ့သူတစ်ယောက်က လက်နက်ကြီးတစ်ခုကို ရသွားတယ်ဆိုရင် ဒါလှပပါတယ်။ သူက အဲဒါနဲ့ ငြိမ်းချမ်းရေးအကျိုးကို ထမ်းရွက်နိုင်တာကိုးဗျာ။ ဒါပေမဲ့ တကယ်လို့တစ်စုံတစ်ဦးရဲ့ စိတ်ခံစားမှုတွေဟာ ထိန်းမရဖြစ်နေပြီဆိုရင် သူ့မှာ အကောင်းဆုံးလက်နက်ကိရိယာရှိနေရင်တောင်မှ သူက အန္တရာယ်ဆက်ဖြစ်နေစေမှာပဲ။ ခေတ်သစ်နည်းပညာတွေက တည်ငြိမ်မှုလိုပါတယ်။ ကားအကြောင်း၊ လမ်းအကြောင်း ဗဟုသုတမရှိတဲ့ ကားပိုင်ရှင်တစ်ဦးကို ခင်ဗျားတို့ မယုံကြည်သင့်ပါဘူး။

**ဒါဆို တရုတ်ခေါင်းဆောင်ပိုင်းမှာ သူတို့ခံစားမှုတွေကို ထိန်းချုပ်ထားနိုင်တာမရှိဘူးပေါ့။**

နိုင်ငံရေးခေါင်းဆောင်ပိုင်း တင်မကဘူး။ စနစ်တစ်ခုလုံးမှာပဲဗျ။ စစ်တပ်ရောပါတယ်။ အာဏာအဆောက်အအုံကြီးတစ်ခုလုံး၊ ကျွန်တော်တို့ ပညာရေးစနစ်တစ်ခုလုံး၊ လူ့အဖွဲ့အစည်းတစ်ရပ်လုံးဟာ သတင်းအချက်အလက်လွတ်လပ်စွာစီးဆင်းမှုမရအောင် ဖြတ်တောက်ခံထားရပါတယ်။ ဒါကြောင့်လည်း တိုင်းပြည်ဟာ လွတ်လပ်ပွင့်လင်းတဲ့ပြိုင်ပွဲကို ရင်မဆိုင်နိုင်တာပါ။

**တရုတ်ပညာရေးစနစ်က ဘာမှားမှားနေလို့ပါလဲ။ မကြာမီက OECD အဖွဲ့ (စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကြီး)ရဲ့ နိုင်ငံတကာ ပညာရေးအဆင့်အတန်း လေ့လာချက်တစ်ခုမှာ ရှန်ဟိုင်းက ကျောင်းသားတွေဟာ ကမ္ဘာမှာ ဂဏန်းသင်္ချာ၊ သဘာဝသိပ္ပံနဲ့ စာဖတ်စွမ်းရည်တို့မှာ အကောင်းဆုံးပဲလို့ ဆိုပါတယ်။**

ကျွန်တော် ထင်တာတော့ ကျွန်တော်တို့စနစ်ဟာ အခေါင်းပေါက်ဖြစ်ပြီး ဗလာကြီးဖြစ်နေတာပါ။ လူသားဆန်မှု၊ တစ်သီးပုဂ္ဂလဖြစ်တည်မှု၊ စိတ်ကူးဉာဏ်ကွန့်မြူးမှုတို့နဲ့ တီထွင်ဖန်တီးနိုင်စွမ်းတို့အကြောင်းကို ပြောကြပါစို့ရဲ့။ ဒါတွေက လူ့အဖွဲ့အစည်းတစ်ရပ်က တည်ဆောက်ရမယ့် အခြေခံတန်ဖိုးတွေပါ။ ကျွန်တော်တို့ ဘာပညာရေးကို ရယူနေပါသလဲ။ ဘယ်အိပ်မက်တွေမက်နေပါသလဲ။ ကျွန်တော် နေ့တိုင်းပဲ တရုတ်၊ ဂျာမနီ၊ အမေရိကန်၊ ဟောင်ကောင်နဲ့ ထိုင်ပေက ကျောင်းသားတွေနဲ့ ဆက်ဆံနေရတယ်။ ဒီမှာ ကျွန်တော် သတိပြုမိတာကတော့ တရုတ်ကျောင်းသားတွေဟာ အနုပညာရသခံစားနိုင်စွမ်း အနည်းဆုံးဖြစ်နေတာပဲ။ သူတို့ဟာ ဘယ်အရာက လှပတယ်၊ အနုပညာမြောက်တယ်၊ သင့်လျော်တယ်ဆိုတာကို ခံစားနိုင်စွမ်းချို့ငဲ့ကြတယ်။ သူတို့ စာတော်ပြီး စွမ်းရည်ရှိကောင်းရှိပေမယ့် ကိုယ့်ကိုယ်ပိုင်လွတ်လပ်တဲ့ဆုံးဖြတ်ချက်ကို ချမှတ်နိုင်စွမ်းရည်နည်းတယ်။ ကိုယ့်ကိုယ်ပိုင်ဆုံးဖြတ်ချက်ကို ချမှတ်ဖို့ တစ်ခါမှ သင်ကြားမခံထားရတဲ့ (၂၀)၊(၂၅)နှစ်အရွယ်ကလေးတွေကိုမြင်ရတာ တကယ်ပဲဝမ်းနည်းဖို့ကောင်းပါတယ်။ ဒီလိုမလုပ်နိုင်တဲ့ သူတွေဟာ တာဝန်ယူမှုအမြင်လည်း မရှိနိုင်ကြဘူး။ ကိုယ့်မှာတာဝန်ယူမှုအမြင်မရှိတော့ စနစ်တစ်ခုလုံးကိုပဲ အပြစ်တင်မိတာပေါ့။

**(တရုတ်နိုင်ငံမှာ) ဆရာဟာ ဘာကြောင့် စောင့်ကြည့်ခံရမှုတွေအောက်ကို ရောက်ခဲ့ရတာလဲ။ ဆရာ့အိမ်နားမှာ ကင်မရာတွေ ဒါဇင်နဲ့ချီပြီး ရှိနေခဲ့တယ်ဆို။**

တပ်စုတစ်စုကိုရှိတာပါ။ အဲဒီအဖွဲ့ကို Office 608 လို့ခေါ်မယ်ထင်ပါတယ်။ တချို့သော စောင့်ကြည့်သတိထားရမယ့်သူတွေအနောက်ကို လိုက်စောင့်ကြည့်ပေးနေရတဲ့သူတွေပေါ့။ ကျွန်တော်လည်း သူတို့စာရင်းမှာ ထိပ်ဆုံးက တစ်ယောက်ဆိုတာ သေချာပါတယ်။ သူတို့က ကျွန်တော့်ဖုန်းကို ကြားဖြတ်နားထောင်ရုံတင်မကဘူး။ ကွန်ပျူတာကိုစစ်ဆေးတယ်။ သူတို့စောင့်ကြည့်ရေးကင်မရာတွေကို နေရာတကာမှာ တပ်ဆင်ထားပါတယ်။ သူတို့က ကျွန်တော့်သားနဲ့ ကျွန်တော် ပန်းခြံထဲလမ်းလျှောက်ရင်တောင်မှ အနောက်က လိုက်နေတာပါ။

**တစ်ခါက ဆရာ့နောက်ကိုနောက်ယောင်ခံလိုက်နေသူတစ်ဦးဆီက ကင်မရာမန်မိုရီကတ်ကို လုယူလိုက်ပြီးတဲ့နောက် ဘာတွေလုပ်ဖြစ်ခဲ့သေးလဲ။**

ကျွန်တော် အဲဒီကတ်ကို ကြည့်လိုက်တော့ အံ့သြသွားတယ်။ သူက ကျွန်တော်စားသောက်ဆိုင်ထဲ အရင်နေ့က စားသောက်နေခဲ့တဲ့ပုံကို ထောင့်ပေါင်းစုံက ရိုက်ထားတယ်။ ဆိုင်ရဲ့အခန်းတိုင်း၊ ထောင့်တိုင်း၊ စားပွဲတိုင်းကိုလည်း ရိုက်ထားတယ်။ ဒီနောက် ကျွန်တော့်ဒရိုင်ဘာရဲ့ပုံတွေ၊ သူ ပန်းခြံထဲမှာထိုင်နေပုံ၊ အရှေ့ဘက်က ရိုက်ထားတဲ့ပုံ၊ ကျောဘက်ကပုံ၊ ဖိနပ်တွေရဲ့ပုံ စသဖြင့် ဒီနောက်မှာ ကျွန်တော့်ထိုင်ခုံပုံ။

**အဲဒီလူက ဆရာ့နောက်က လိုက်နေသူအများကြီးထဲက ရင်ဆိုင်တွေ့လိုက်ရတဲ့ တစ်ဦးတည်းသောလူလား။**

ဟုတ်ပါတယ်။ ဒါပေမဲ့ သူ့ကို ကျွန်တော် ကင်မရာပြန်ပေးလိုက်တော့ သူ့ပုံကို အင်တာနက်မှာမတင်ဖို့ တောင်းပန်ပါတယ်။

**ဒီလို အမြဲနီးနီးကပ်ကပ်နဲ့ အချိန်ပြည့်စောင့်ကြည့်ခံနေရတာကို အကျွမ်းတဝင်ဖြစ်ဖို့ဆိုတာ ဖြစ်နိုင်ပါ့မလား။**

ကျွန်တော် ပြန်လုပ်တာကတော့ ရိုးရိုးလေးပဲ။ ကျွန်တော် လိုက်ရေတွက်ကြည့်တော့ အိမ်နားမှာ ကင်မရာ ၁၅ လုံး တပ်ထားတာကို တွေ့ရတယ်။ ဒါနဲ့အိမ်ထဲမှာ ကင်မရာလေးလုံးတပ်ဖို့ ကျွန်တော် ဆုံးဖြတ်လိုက်တယ်။ တစ်လုံးက အိပ်ခန်းထဲမှာ၊ တစ်လုံးက စာရေးစားပွဲမှာ. . . စသဖြင့်ပေါ့။ ကျွန်တော်တွေးတာက ကျွန်တော်နဲ့ပတ်သက်သမျှ အရာရာကိုသိချင်တယ်ဆိုရင် ကျွန်တော် ရုပ်သံပြန်လွှင့်ပြီး အားလုံးကို ခင်ဗျားတို့ကို ပြမယ်ဆိုတာပေါ့။ ဒီနောက်တော့ ကျွန်တော်လည်း ကင်မရာတွေနဲ့ နေသားကျသွားပါတယ်။

**ဒါကို ဆရာ့အနေနဲ့ အနုပညာ (သို့မဟုတ်) နိုင်ငံရေးပဲလားလို့ စဉ်းစားထင်မြင်ပါသလား။**

နှစ်ခုစလုံးလို့ ထင်ပါတယ်။ ကျွန်တော်က သူတို့နည်းကိုသုံးပြီး သူတို့ကို ပိုပြီးဒဿနဆန်တဲ့နည်းနဲ့ ဖိအားပေးပြီး ဖြစ်နေတာကိုမြင်စေ၊ စောင့်ကြည့်ခိုင်းစေခဲ့တာပါ။ သိပ်မကြာလိုက်ပါဘူး။ သူတို့လည်း ကင်မရာတွေကို ဖြုတ်ပေးဖို့ ကျွန်တော့်ဆီကို တောင်းဆိုလာတော့တာပါပဲ။ ကျွန်တော်က ပြောခဲ့တယ်။ ခင်ဗျားတို့ ကျွန်တော် ဘာလုပ်နေလဲဆိုတာ သိချင်ကြတယ်မဟုတ်လား။ အခြားလူရော၊ ထောင်ချီကလည်း ဒီလိုပဲ သိချင်နေကြပါတယ်။ ကျွန်တော့်ကို ရက်ပေါင်းများစွာ နောက်ယောင်ခံနေပါတယ်လို့ ပြောလိုက်တယ်။ အဲဒါပွဲကြီးပွဲကောင်း ဖြစ်သွားပါတယ်။

**တရုတ်မှာ အင်တာနက်ကို တင်းကျပ်စွာ ထိန်းချုပ်ထားတာဆိုတော့ အခက်အခဲတွေက ဆရာ့လက်ရာတွေကို ဘယ်လိုအကျိုးသက်ရောက်ပါသလဲ။**

ကျွန်တော့်အပေါ် မထိခိုက်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်က အင်တာနက်နဲ့ နေထိုင်အလုပ်လုပ်လို့ပါ။ အွန်လိုင်းဘဝကပဲ ကျွန်တော့် တကယ့်ဘဝဖြစ်နေတာပါ။ ပြီးခဲ့တဲ့သုံးနှစ်အတွင်း တွစ်တာမှာ ကျွန်တော်ရေးခဲ့သမျှတွေကိုစာအုပ်ထုတ်ဖို့တောင် မိတ်ဆွေတွေကို တိုက်တွန်းထားပါတယ်။

**တရုတ်အစိုးရဟာ ဆရာ့ကို ဖမ်းဆီးခဲ့ပြီး သုံးနှစ်လောက် ပြည်ပထွက်ခွင့်မပေးခဲ့ပါဘူး။ ဘာကြောင့် သူတို့ ဆရာ့တွစ်တာအကောင့်ကိုတော့ မပိတ်ရတာလဲ။**

ရှင်းလင်းတဲ့အကြောင်းရင်းကိုတော့ ကျွန်တော် မသိရပါဘူး။ တရုတ်အစိုးရနဲ့ ကျွန်တော့်ကြားက ဆက်ဆံရေးက စစ်အေးတိုက်ပွဲလိုပါပဲ။

**ဆရာ့အနေနဲ့ တရားမဝင်မဟုတ်တဲ့လိုင်းတွေကနေ အစိုးရက ကိုယ့်အပေါ် ဘယ်လိုထင်လဲဆိုတာကို ရော ပြန်ကြားမိလား။**

ဒါလည်းတစ်ခါမှမရှင်းလင်းပါဘူး။ တစ်ခါတစ်ခါမှာတော့ ရဲတစ်ဦးရောက်လာပြီး ကျွန်တော်တို့ ဆရာ့ကို လေးစားပါတယ်လို့ ပြောတာကြုံဖူးတယ်။ စစ်ကြောရေးဝင်နေစဉ်တုန်းကတောင်မျက်နှာချင်းဆိုင်လာစစ်တဲ့သူတွေက အဲဒီလိုပြောတာပါ။ ဆန္ဒပြပွဲတစ်ခုမှာတော့ ကျွန်တော့်ကို ဓာတ်ပုံရိုက်ယူသွားတဲ့ ရဲတစ်ယောက်ကို ကျွန်တော်လည်း ဓာတ်ပုံပြန်ရိုက်လိုက်တယ်။ သူလည်း အနားကိုလျှောက်လာပြီး "ဆရာသမား၊ ခင်ဗျားကို ကျွန်တော်တို့ လေးစားပါတယ်"တဲ့။

**ဆရာ့ကို အစိုးရက ဘာလုပ်ချင်ခဲ့တာလဲ။**

ကျွန်တော်အခွန်ရှောင်တဲ့အမှုနဲ့စွပ်စွဲခံရပြီး ထောင်ကနေလွတ်လာတော့ အာဏာပိုင်တွေအားလုံးက ကျွန်တော့်ကို ရုပ်ပျက်အောင်လုပ်ဖို့ကြိုးစားခဲ့ကြတယ်။ ဒါပေမဲ့ ပြည်သူ သုံးသောင်းလောက်က ကျွန်တော် အယူခံဝင်နိုင်ဖို့ ရန်ပုံငွေတွေ လှူဒါန်းခဲ့တော့ ဒါဟာ အလုပ်မဖြစ်ဘူးဆိုတာ သူတို့ သဘောပေါက်သွားတယ်။ ကျွန်တော်ရဖူးတဲ့ အဲဒီလိုငွေမျိုး သူတို့ ခုထိကို မရဖူးသေးတာလေ။

**တရုတ်အစိုးရဟာ ဥပဒေပြဋ္ဌာန်းချက်တွေ အမျိုးမျိုးထုတ်ပြီး ပြောနေတာဟာ အားနည်းနေလို့လား။ အပြင်းအထန် မတိုက်ခိုက်နိုင်လို့လား။**


သူတို့က ပြည်သူတွေကို မယုံရဲလို့ ဆယ်စုနှစ်ခြောက်ခုကြာတာတောင် အလျှော့မပေးရဲသေးတာပါ။ ကွန်မြူနစ်တွေဟာ လူထုထောက်ခံမှုရှိလို့ အာဏာရလာခဲ့တယ်။ ဒါပေမဲ့ ပေးထားခဲ့တဲ့ကတိတွေကို မဖြည့်ဆည်းနိုင်ခဲ့ဘူး။ မော်စီတုန်းကပြောဖူးတယ်။ "ကျွန်တော်တို့ဟာ ပွင့်လင်းမြင်သာမှုရှိရမယ်။ ပြည်သူတွေမှာ မဲပေးပိုင်ခွင့်ရကြရမယ်"တဲ့။ အဲဒီကစလို့ ၆၄ နှစ်ရှိပြီဗျာ။ ဘယ်မှာလဲ မဲပေးရတာတွေ။

**ဆရာဟာ သမ္မတအိုဘားမားနဲ့ ပတ်သက်လို့လည်း စိတ်ပျက်ခဲ့တယ်နော်။**


သူ တရုတ်နိုင်ငံကို လာလည်တော့ ကျွန်တော်ပြောခဲ့ပါတယ်။ လူ့အခွင့်အရေးအကြောင်းပြောမယ်ဆိုရင် ဒီကိုမလာပါနဲ့လို့။ ကျွန်တော်တို့အသနားခံနေတာမဟုတ်ပါဘူး။ ကျွန်တော်တို့ အစိုးရနဲ့တွဲပြီး အလုပ်လုပ်မယ်ဆိုရင် လူ့အခွင့်အရေးအကြောင်းပြောဖို့ တာဝန်ယူကိုယူရလိမ့်မယ်လို့။ အမှန်ဖြစ်ခဲ့တာကလည်း အိုဘားမားအစိုးရဟာ လူ့အခွင့်အရေးပြောနိုင်တာထက် နည်းနည်းလျှော့ပြောခဲ့ပါတယ်။ ဒါပေမဲ့ နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟီလာရီကိုတော့ အိုဘားမားနဲ့ခွဲပြောချင်ပါတယ်။ သူက အမြဲပဲလူ့အခွင့်အရေးနဲ့ အင်တာနက်လွတ်လပ်မှုအကြောင်း ပြောခဲ့ပါတယ်။

**ဂျာမန်အဓိပတိ အန်ဂျလာမာကယ်ကလည်း ဘေဂျင်းကို ဒီနှစ်ထဲရောက်လာဖို့ရှိပါတယ်။ တရုတ်လူ့အခွင့်အရေး အခြေအနေနဲ့ပတ်သက်လို့ သူရဲ့ ထိတွေ့မှုကိုရော ဆရာ ဘယ်လိုမြင်ပါသလဲ။**

အဓိပတိမာကယ်က အရှေ့ဂျာမနီမှာ ကြီးလာတာပါ။ သူက ကျွန်တော်တို့ ဆက်ဆံနေရတဲ့စနစ်မျိုးကို နားလည်သဘောပေါက်ပါတယ်။ နောက်ဆုံးတက်ခဲ့တဲ့ တရုတ်အစိုးရနဲ့လည်း လူ့အခွင့်အရေးအကြောင်း ဆွေးနွေးဖူးပါတယ်။ ဒါဟာ ခက်ခဲပေမယ့် သူ ဘယ်တော့မှ လက်မလျှော့ခဲ့ပါဘူး။



*—Ref: Interview with Ai Weiwei 'My Virtual Life Has Become My Real Life', Spiegel: 15th January.*



## Leader's Profile

### အိန္ဒိယအကြီးဆုံးဖုန်းကုမ္ပဏီတည်ထောင်သူနှင့်ဥက္ကဋ္ဌ

# ဆွန်နီးလ်ဘာတီမစ်တဲလ်

ရဲမင်း

ဆွန်နီးလ်ဘာတီမစ်တဲလ်သည် အိန္ဒိယလူမျိုး ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းရှင်နှင့်အလှူအတန်းရက်ရောသူဖြစ်ပြီး အိန္ဒိယနိုင်ငံ၏ အကြီးဆုံးဖုန်းကုမ္ပဏီနှင့် ကမ္ဘာ့စတုတ္ထအကြီးဆုံးဖုန်းလုပ်ငန်း Bharti Airtel ကုမ္ပဏီကိုထူထောင်သူနှင့် ဥက္ကဋ္ဌဖြစ်သည်။ Bharti Airtel သည် အာရှနှင့် အာဖရိကရှိ နိုင်ငံပေါင်း ၂၀ ကျော်တွင် ဖုန်းလုပ်ငန်းများ လုပ်ကိုင်ပြီး သုံးစွဲသူ ၂၇၅ သန်းအား ဝန်ဆောင်မှုပေးနေသော ကုမ္ပဏီဖြစ်သည်။

ဆွန်နီးလ်ကို ၁၉၅၇ ခုနှစ် အောက်တိုဘာ ၂၃ ရက်က အိန္ဒိယနိုင်ငံ ပန်ဂျပ်ပြည်နယ် လူဒီယာနားဒေသတွင် မွေးဖွားခဲ့သည်။ ဆွန်နီးလ်သည် အခြေခံပညာရေးကို ဒေသခံကျောင်းများမှာပင် တက်ရောက်ခဲ့ပြီး ၁၉၇၆ ခုနှစ်တွင် ပန်ဂျပ်တက္ကသိုလ်မှ ဝိဇ္ဇာ၊ သိပ္ပံဘွဲ့ရရှိခဲ့သည်။ ဆွန်နီးလ်၏ဖခင်မှာ နိုင်ငံရေးသမားတစ်ဦးဖြစ်သော်လည်း ဆွန်နီးလ်က စီးပွားရေးလုပ်ရန် ဆုံးဖြတ်ကာ ဘွဲ့ရရှိသောနှစ်မှာပင် ဖခင်ထံမှ ချေးယူသော ရူပီးငွေ ၂၀,၀၀၀ (ကန်ဒေါ်လာ ၃၂၀) ဖြင့် ဒေသခံစက်ဘီးထုတ်လုပ်သူများထံ ခြေနင်းတံများ ထုတ်လုပ်ပေးခဲ့သည်။

၁၉၈၀ ပြည့်နှစ်တွင် ဆွန်နီးလ်သည် ညီအစ်ကိုနှစ်ဦးဖြစ်သော ရာကက်ရှ်၊ ရာဂျန်တို့နှင့်အတူ နိုင်ငံခြားမှ ကုန်ပစ္စည်းတင်သွင်းမှုလုပ်ငန်း စတင်ခဲ့သည်။ ယင်းအတွက် စက်ဘီးအစိတ်အပိုင်းနှင့် ချည်မျှင်ထုတ်လုပ်ရေးလုပ်ငန်းတို့ကို ရောင်းချခဲ့သည်။

၁၉၈၁ ခုနှစ်တွင် ဆွန်နီးလ်တို့ကုမ္ပဏီက ပန်ဂျပ်ပြည်နယ်မှ နိုင်ငံခြားသို့ ကုန်ပစ္စည်းတင်ပို့သော ကုမ္ပဏီများထံမှ ပစ္စည်းတင်သွင်းခွင့်လိုင်စင်များကို လိုက်လံဝယ်ယူ၍ ဂျပန်နိုင်ငံမှ လျှပ်စစ်ဓာတ်အားသုံး ဂျင်နရေတာများ သွင်းယူလိုက်သည်။ သို့သော် ထိုအချိန်မှာပင် အစိုးရမူဝါဒအပြောင်းအလဲတွင် ဂျင်နရေတာများ တင်သွင်းမှုကို ပိတ်ပင်လိုက်ပြီး ဂျင်နရေတာများကို အိန္ဒိယနိုင်ငံမှာပင် ထုတ်လုပ်ရန် ကုမ္ပဏီနှစ်ခုအား လိုင်စင်ချထားပေးလိုက်သည်။

ဂျင်နရေတာ တင်သွင်းရောင်းချခြင်းလုပ်ငန်း ရုတ်တရက်ရပ်ဆိုင်းသွားပြီးနောက်တွင် တရုတ်တိုင်ပေကုမ္ပဏီတစ်ခုနှင့် ချိတ်ဆက်၍ လက်ဖြင့်လှည့်ရသောဖုန်းများအစား ခလုတ်နှိပ်ဖုန်းများ တင်သွင်းရောင်းချခဲ့သည်။ ၁၉၈၄ ခုနှစ်တွင် ယင်းဖုန်းများကို အိန္ဒိယမှာပင် ထုတ်လုပ်ရောင်းချသည်။ ၁၉၉၀ ကျော်နှစ်များတွင် ဆွန်နီးလ်မစ်တဲလ်တို့ကုမ္ပဏီမှ ဖုန်းနှင့်ဆက်စပ်ပစ္စည်းအမျိုးအစားများစွာ ထုတ်လုပ်ရောင်းချခဲ့သည်။ ထိုအချိန်မှာပင် ၁၉၉၂ ခုနှစ်တွင် အိန္ဒိယအစိုးရက မိုဘိုင်းဖုန်းကွန်ရက်လေးခုအတွက် လေလံခေါ်ယူခဲ့ရာ Bharti Airtel ကုမ္ပဏီမွေးဖွားလာခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် ဆယ်လူလာမိုဘိုင်းဖုန်းဝန်ဆောင်မှုများပေးခဲ့ရာ တစ်နှစ်အတွင်းသုံးစွဲသူ သန်း ၂,၀၀၀ ကျော်သွားခဲ့သည်။ နောက်ပိုင်းတွင် Bharti Airtel ကို ဆွန်နီးလ်မစ်တဲလ်က နိုင်ငံတကာသို့ပါ ချဲ့ထွင်နိုင်ခဲ့သည်။

မစ်တဲလ်သည် Bharti ဖောင်ဒေးရှင်းဟုခေါ်သော လူမှုရေးအဖွဲ့ကိုလည်း ဖွဲ့စည်းထားပြီး အိန္ဒိယနိုင်ငံတစ်ဝန်း ကျေးလက်တောရွာများတွင် စာသင်ကျောင်းပေါင်း ၂၅၄ ကျောင်း တည်ထောင်ဖွင့်လှစ်ကာ ဆင်းရဲသောကျောင်းသားများအား စာအုပ်အခမဲ့၊ ကျောင်းဝတ်စုံအခမဲ့၊ နေ့လယ်စာအခမဲ့ဖြင့် အခမဲ့ပညာသင်ကြားပေးခဲ့သည်။

၂၀၁၃ ခုနှစ်က ကန်ဒေါ်လာ ၁၄ ဒသမ ၅ ဘီလီယံ ဝင်ငွေရရှိခဲ့သော Bharti Airtel ကုမ္ပဏီဥက္ကဋ္ဌ ဆွန်နီးလ်ဘာတီမစ်တဲလ်သည် ဇနီးသည်နီနာနှင့် သားသမီးသုံးဦး ထွန်းကားခဲ့သည်။

—*Ref: Wikipedia*

## အာကာသအတွင်းကျန်ရှိနေသော အန္တရာယ်ရှိပစ္စည်းအစိတ်အပိုင်းများ ဂျပန်ပညာရှင်များ သွားရောက်ဆယ်ယူမည်

**တိုကျို၊ ဇန်နဝါရီ-၁၈**

ဂြိုဟ်တုများ၊ လွှန်းပျံယာဉ်များနှင့် လူလိုက်ပါသော အခြားအာကာသယာဉ်များ လည်ပတ်မှုကို အန္တရာယ်ဖြစ်စေနိုင်သော ကမ္ဘာကိုပတ်နေသည့် ပစ္စည်းအပျက်အစီးအများအပြား ရှင်းလင်းရာတွင် အကူအညီဖြစ်စေမည်ဟု မျှော်လင့်၍ ဂျပန်သိပ္ပံပညာရှင်များက ခေတ်မီအာကာသပိုက်ကွန်တစ်ခု ထုတ်လုပ်ထားသည်။

အာကာသအမှိုက်များဟု မကြာခဏ ရည်ညွှန်းဖော်ပြခံခဲ့ရသော ယင်းပစ္စည်းများတွင် စက်လည်ပတ်မှုမရှိသော အာကာသယာဉ်များ၊ စွန့်ပစ်ထားသောယာဉ်အစိတ်အပိုင်းများ၊ အာကာသခရီးစဉ်နှင့် ဆက်စပ်သည့် အပျက်အစီးများနှင့် နည်းပညာကြောင့်ပျက်စီးသွားသော အပိုင်းအစများ ပါဝင်သည်။

အလေးချိန်မဲ့ အမှိုက်သရိုက်များကို ဆယ်ယူရန် အလူမီနီယမ်နှင့် သံမဏိကြိုးမျှင်များဖြင့် ပြုလုပ်ထားသော အီလက်ထရိုဒိုင်းနမိုက်ပိုက်ကွန်ဟုခေါ်သည့် အာကာသပိုက်ကွန်တစ်မျိုး ဖန်တီးထုတ်လုပ်ထားကြောင်း ဂျပန်အာကာသစူးစမ်းလေ့လာရေးအေဂျင်စီ (JAXA)မှ သုတေသီများက ပြောသည်။

ဂြိုဟ်ပတ်လမ်းထဲရှိ အသုံးမလိုသော အရာဝတ္ထုများကို သိပ္ပံပညာရှင်များက မီတာ ၃၀၀ ရှည်သည့် သတ္တုကြိုးဖြင့် ချိတ်ဆက်ကာ ရှင်းလင်းလိုကြသည်။ ကမ္ဘာ့သံလိုက်စက်ကွင်းနယ်အတွင်း အာကာသပိုက်ကွန်ကို လွှဲယမ်းလိုက်စဉ် ပိုက်ကွန်မှ ထုတ်လွှတ်သော လျှပ်စစ်အားက အာကာသအမှိုက်များ၏ အမြန်နှုန်းကိုလျှော့ချကာ ကမ္ဘာမြေဆီသို့ ဆွဲယူမည်ဖြစ်သည်။

ထို့နောက် ယင်းအပျက်အစီးများသည် ကမ္ဘာ့လေထုထဲသို့ ဝင်ရောက်လာမည်ဖြစ်ကာ လူနေထိုင်ရာဒေသများသို့ မရောက်ရှိမီ ဝေးကွာသောနေရာတွင် အန္တရာယ်ကင်းစွာ မီးရှို့ဖျက်ဆီးလိုက်မည်ဖြစ်ကြောင်း သုတေသီများက ပြောသည်။

ဂျပန်သိပ္ပံပညာရှင်များ တီထွင်ထားသော အာကာသပိုက်ကွန်ကို ဖေဖော်ဝါရီလအတွင်း စမ်းသပ်သုံးစွဲမည်ဖြစ်သည်။ လိမ္မော်သီးတစ်လုံးထက်ပိုကြီးသော အပျက်အစီးပေါင်း ၂၀,၀၀၀ ကျော်သည် ကမ္ဘာကိုလှည့်ပတ်နေပြီး ယင်းပစ္စည်းများအနက် အချို့မှာ တစ်နာရီလျှင် ကီလိုမီတာ ၂၈,၀၀၀ အမြန်နှုန်းဖြင့် လှည့်ပတ်နေသည်ဟု နာဆာက ခန့်မှန်းဖော်ပြသည်။

အာကာသထဲရှိ အပျက်အစီးများနှင့် ကြုံတွေ့ရသည်မှာ ပြဿနာအသစ်မဟုတ်ဟု ဥရောပအာကာသအေဂျင်စီ (ESA)မှဟိုလ်ဂျာကရက်ကပြောကြားသည်။ သို့သော် ၂၀၀၉ ခုနှစ်အတွင်းက အမေရိကန်စီးပွားရေးဆိုင်ရာ ဂြိုဟ်တုတစ်ခုနှင့် ရုရှားဂြိုဟ်တုပျက်တစ်ခု တိုက်မိပြီးနောက် အာကာသအတွင်း အပျက်အစီးသစ်ပေါင်း ၂,၀၀၀ ခန့်ပိုများလာသည်။ မကြာသေးမီနှစ်များအတွင်းက အာကာသအမှိုက်များအပေါ် အများ၏အာရုံစိုက်မှု ပိုများလာစေသည်။

—*Ref: Reuters*

## ကမ္ဘာ့အညစ်ပတ်ဆုံးလူသားရှာဖွေတွေ့ရှိ

**တီဟီရန်၊ ဇန်နဝါရီ-၁၈**

အီရန်နိုင်ငံတောင်ပိုင်းရှိ ကျေးရွာတစ်ရွာမှ အေမော်ဟာဂျီဆိုသူမှာ သန့်ရှင်းစွာနေထိုင်ပါက နေမကောင်းဖြစ်မည်ဟု တွေးထင်ထားသောကြောင့် နှစ်ပေါင်း ၆၀ အတွင်း လုံးဝဆေးကြောသန့်စင်မှုမပြုလုပ်ခဲ့ပေ။

သန့်ရှင်းသော အစားအသောက်များ စားရန်စေခိုင်းပါက ၎င်းမှာစိတ်ဆိုးလေ့ရှိကြောင်း UPI သတင်းဌာန၏ ဇန်နဝါရီ ၁၇ ရက်ထုတ် သတင်းအရသိရသည်။ ယခင်က အသက်(၆၆)နှစ်အရွယ် အိန္ဒိယနိုင်ငံသား ကိုင်လက်ရှ်ဆင်းဆိုသူမှာ ၃၈ နှစ်ကြာ ဆေးကြောသန့်စင်မှုမရှိဘဲ နေထိုင်ခဲ့သောကြောင့် စံချိန်တင်ထားခဲ့ရာ ယခု အီရန်နိုင်ငံသားဟာဂျီမှာ ကမ္ဘာ့အညစ်ပတ်ဆုံးလူတစ်ဦးအဖြစ်သတ်မှတ်ခံရဖွယ်ရှိသည်။

အေမော်ဟာဂျီမှာ ငယ်ဘဝက စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုနှေးကွေးခဲ့ခြင်းကြောင့် ၎င်း၏လက်ရှိလူနေမှုဘဝပုံစံသို့ ရောက်ရှိစေခဲ့သည်။ ဟာဂျီမှာ ဖြူအသေကောင်များ၏ ပုပ်ပွနေသော အသားများစားသောက်ရခြင်းကို နှစ်ခြိုက်ပြီး ယင်းကဲ့သို့ တိရစ္ဆာန်အသားများစားသုံးခြင်းအပြင် တိရစ္ဆာန်များ၏ မစင်ကိုလည်း ဆေးတံတွင်ထည့်ကာ သောက်ရခြင်းကို နှစ်ခြိုက်သည်။ ၎င်းသည် စီးကရက်အလိပ်ပေါင်းများစွာကို တစ်ပြိုင်တည်း ရှူသောက်ခြင်းဖြင့် ဆေးရွက်ကြီးသုံးစွဲလေ့ရှိသည်။

ငြိမ်သက်နေစေရန်နှင့် အစစ်အမှန်ဘဝနှင့် ထိတွေ့နေရန် အုတ်ဖြင့်ဆောက်လုပ်ထားသော အခန်းငယ်တစ်ခုနှင့် လူသေမြှုပ်သည့် ကျင်းနှင့်တူသည့် မြေကျင်းအတွင်း တစ်လှည့်စီ နေထိုင်ရသည်ကိုလည်း ဟာဂျီကနှစ်သက်သည်။

သို့သော် ဆံပင်များကို မီးရှို့ခြင်းဖြင့် ၎င်းက သပ်ရပ်စွာတိတိရိရိ ပိုင်းဖြတ်ထားတတ်ပြီး သံချေးတက်နေသော ဘူးတစ်ခုဖြင့် တစ်နေ့လျှင် ရေငါးလီတာခန့် သောက်လေ့ရှိသည်။

—*Ref: UPI*

## ယခုနှစ်အတွင်း ကမ္ဘာတစ်ဝန်း လုပ်သားအင်အား ငါးရာခိုင်နှုန်း Intel ကုမ္ပဏီ လျှော့ချမည်

**ဆီလီကွန်ဗယ်လီ၊ ဇန်နဝါရီ-၁၈**

တစ်ကိုယ်ရေသုံး ကွန်ပျူတာရောင်းအားကျဆင်းမှုကြောင့် ကြိုးစားရုန်းကန်နေရသည့် ကွန်ပျူတာချစ်စ်များ ထုတ်လုပ်သော Intel ကုမ္ပဏီသည် ကမ္ဘာလုံးဆိုင်ရာ လုပ်သားအင်အားကို ယခုနှစ်အတွင်း ၅ ရာခိုင်နှုန်း လျှော့ချရန် စီစဉ်ထားသည်ဟု Intel ကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိပုဂ္ဂိုလ်တစ်ဦးက ဇန်နဝါရီ ၁၇ ရက်တွင် ပြောသည်။

တစ်ကိုယ်ရေသုံးကွန်ပျူတာ အရောင်းထိုင်းမှုနှင့် ပတ်သက်သော စိုးရိမ်မှုများ အနည်းငယ်သာလျော့ပါးစေခဲ့သည့် စတုတ္ထမြောက်သုံးလပတ် အမြတ်ငွေစာရင်းကို Intel ကုမ္ပဏီက ကြေညာပြီးနောက် အလုပ်နေရာ ၅,၀၀၀ နှင့်ညီမျှသော လုပ်သားအင်အားများ လျှော့ချမည်ဟု ယင်းကုမ္ပဏီက ကြေညာလိုက်ခြင်းဖြစ်သည်။

အလုပ်အကိုင်လျှော့ချမှုတွင် အငြိမ်းစားပေးခြင်း၊ မိမိဆန္ဒအလျောက် အနားယူခြင်းနှင့် အခြားသော ရွေးချယ်စရာများလည်း ပါဝင်ဖွယ်ရှိသည်ဟု Intel ကုမ္ပဏီ၏ပြောရေးဆိုခွင့်ရှိပုဂ္ဂိုလ် ခရစ်ကရီယက်တာကပြောသည်။

ယင်းပြောင်းလဲမှုများ၏ အသေးစိတ်အခြေအနေများကို Intel ကုမ္ပဏီအတွင်း ကြေညာမည်၊ မကြေညာမည်နှင့်ပတ်သက်၍ ပြောကြားရန် ၎င်းကငြင်းဆိုသည်။ ယခုနှစ်အတွင်း လုပ်သားအင်အားလျှော့ချကာ သတင်းအချက်အလက်ဌာန နည်းပညာ၊ စွမ်းအားနိမ့်ချစ်ပ်များနှင့် သင်ပုန်းကွန်ပျူတာများကဲ့သို့ နယ်ပယ်များတွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်သွားမည်ဟု Intel ကုမ္ပဏီကပြောသည်။

Intel ကုမ္ပဏီမှာ တစ်ကိုယ်ရေသုံး ကွန်ပျူတာချစ်ပ်ဈေးကွက်ကို သိမ်းပိုက်ထားသော်လည်း သင်ပုန်းကွန်ပျူတာများနှင့် စမတ်ဖုန်းများအတွက် ပရိုဆက်ဆာဈေးကွက်များတွင် နောက်ကျနေသည်။

—*Ref: Reuters*

7 DAY NEWS JOURNAL
Vol.12, No.46 • JANUARY 22 , 2014




MAST IRHAM/EPA

# အင်ဒိုနီးရှားသမ္မတယုဒ္ဒိုယိုနို နိုင်ငံရေးအတွေ့အကြုံစာအုပ် ရေးသားထုတ်ဝေ

**ဂျကာတာ၊ ဇန်နဝါရီ-၁၈**

အင်ဒိုနီးရှားသမ္မတ ယုဒ္ဒိုယိုနိုသည် သမ္မတသက်တမ်းကုန်ဆုံးရန် ၁၀ လ အလိုတွင် အနာဂတ်နိုင်ငံရေး ခေါင်းဆောင်များအတွက် လမ်းညွှန်အဖြစ် အသုံးပြုရန် မျှော်လင့်ထားသည့် နိုင်ငံရေးအတွေ့အကြုံ စာအုပ်တစ်အုပ်ကို ထုတ်ဝေလိုက်သည်။

ယုဒ္ဒိုယိုနို၏ စာအုပ်အမည်မှာ "ရွေးချယ်စရာတစ်ခုတော့ အမြဲတမ်းရှိမှာ - ဒီမိုကရေစီပရိသတ်များနှင့် အင်ဒိုနီးရှား၏ အနာဂတ်ခေါင်းဆောင်များအတွက် (There Is Always A Choice: For Fans of Democracy And Indonesia's Next Leaders)"ဟု အမည်ပေးထားသည်။ အင်ဒိုနီးရှားဘာသာဖြင့် ရေးထားသောယင်းစာအုပ်ကို ရေးသားရန် တစ်နှစ်ကျော်အချိန်ယူခဲ့ပြီး iPad ဖြင့် မှတ်ထားသော မှတ်စုများကိုသုံးကာ ပြန်ရေးသားခဲ့ကြောင်း သမ္မတကပြောသည်။ စာအုပ်မှာ စာမျက်နှာ ၈၂၄ ရှိပြီး အခန်းလေးခန်းပါဝင်ကာ ၎င်း၏ နိုင်ငံရေးဘဝဖြတ်သန်းမှုကို ဖော်ပြထားသည်။ ထို့အပြင် ပြည်တွင်းနိုင်ငံရေးကိစ္စရပ်များ၊ ရာထူးယူစဉ် ရင်ဆိုင်ခဲ့ရသော အခက်အခဲများအကြောင်းလည်း ပါဝင်သည်။

စာအုပ်ဖြန့်ချိမှုနှင့်ပတ်သက်၍ သမ္မတက "ဒီစာအုပ်ဟာ မှတ်တမ်းစာအုပ်၊ အတ္ထုပ္ပတ္တိစာအုပ်မျိုးလည်း မဟုတ်ပါဘူး။ ပြဋ္ဌာန်းသဘောတရားစာအုပ်မဟုတ်သလို၊ နိုင်ငံရေးဒဿန၊ ဒီမိုကရေစီ၊ စီးပွားရေးတို့ကို ဝေဖန်ဆန်းစစ်တာလည်း မဟုတ်ပါဘူး။ ဒီစာအုပ်ဟာ ဖတ်တဲ့သူတွေအတွက် အကျိုးရှိစေမယ့် ကျွန်တော့်အသိဉာဏ်၊ အတွေ့အကြုံတွေကို စုပေါင်းထားတာပါ။ ဒီမိုကရေစီမြတ်နိုးသူတွေနဲ့ ခေါင်းဆောင်ဖြစ်ချင်သူ မည်သူမဆိုအတွက်ပါ"ဟု ပြောသည်။

*—Ref: The Straits Times*








WANG ZHAO/FILE/AFP

# တိန်အန်မင်ရင်ပြင်လှုပ်ရှားမှုတွင် ပါဝင်ခဲ့သူ တရုတ်ရော့ခ်ဂီတသမား ကွီကျန်း နိုင်ငံတော်ရုပ်သံ ကမ်းလှမ်းမှုကိုငြင်းပယ်

**ဘေဂျင်း၊ ဇန်နဝါရီ-၁၈**

၁၉၈၉ က တိန်အန်မင်ရင်ပြင် ဒီမိုကရေစီလှုပ်ရှားမှုကို ရှိုးဆော်ခဲ့သော တရုတ်ရော့ခ်ဂီတသမား ကွီကျန်းသည် နိုင်ငံတော်ရုပ်သံမှ ထုတ်လွှင့်မည့် တရုတ်နှစ်သစ်ကူး အခမ်းအနားတွင် ပါဝင်တော့မည် မဟုတ်ကြောင်း ၎င်း၏မန်နေဂျာက ထုတ်ပြန်လိုက်သည်။

ရော့ခ်အဆိုတော်ကွီကျန်းသည် နှစ်စဉ်ပြုလုပ်နေကျ နှစ်ကူးဖျော်ဖြေရေးဖြစ်သည့် ထိုပွဲသို့ ပါဝင်ဖျော်ဖြေပေးရန် အုံ့အားသင့်ဖွယ်ရာ ဖိတ်ကြားခံခဲ့ရသော်လည်း ငြင်းဆန်ခဲ့ခြင်းဖြစ်သည်။ ၎င်း၏မန်နေဂျာက "ကွီကျန်းဟာ နွှေဦးပွဲတော်မှာ ပါဝင်ဖျော်ဖြေမှာ မဟုတ်ပါဘူး။ အဲဒီပွဲတော်က အလုပ်မဖြစ်ပါဘူး"ဟုဆိုကာ သိရှိလိုသည်များကို ပွဲကျင်းပရေးကော်မတီသို့ မေးမြန်းရန်လမ်းညွှန်ခဲ့သည်။ ဘေဂျင်းနေ့စဉ်သတင်းက မေးမြန်းရာတွင် မန်နေဂျာက ၎င်း၏ရော့ခ်အဆိုတော်ကွီကျန်းသည် သီဆိုမည့်သီချင်းများမှ စကားလုံးများကိုပြင်ဆင်ပေးရန် ငြင်းဆန်ခဲ့ကြောင်းဆိုခဲ့ပြီး ပြင်ခိုင်းသူကိုမူ အမည်နာမထုတ်ပြောခြင်းမရှိခဲ့ပေ။

ရော့ခ်ကာကွီကျန်းသည် တရုတ်တွင် ရော့ခ်ဂီတဖခင်အဖြစ် သတ်မှတ်ခံရပြီး နိုင်ငံပိုင်ရုပ်သံစီစီတီဗီက ယခုနှစ် တရုတ်နှစ်ကူးပွဲတော်ဖျော်ဖြေပွဲအခမ်းအနားတွင် ပါဝင်ရန် ၎င်းအားဖိတ်ကြားခဲ့ခြင်းဖြစ်သည်။ ကွီကျန်း၏ Nothing to My Name သီချင်းသည် ၁၉၈၉ တိန်အန်မင်ရင်ပြင်ကျောင်းသားလှုပ်ရှားမှုများတွင် ဆန္ဒပြသူများ၏ နိုင်ငံတော်သီချင်းသဖွယ်ဖြစ်ခဲ့သည်။

၎င်းသည် ၁၉၈၀ ပြည့်နှစ်များမှစတင်ကာ ကျော်ကြားလာသည့် တရုတ်ရော့ခ်ဂီတသင်္ကေတတစ်ခုလည်းဖြစ်သည်။ ကွီကျန်းသည် တိန်အန်မင်ဆန္ဒပြပွဲများတွင် အတူပါဝင်ခဲ့ပြီးနောက် ဒီမိုကရေစီလှုပ်ရှားမှုဖြိုခွင်းခံရသော အခါပြည်မကြီးတွင်ဖျော်ဖြေပွဲကြီးများပြုလုပ်ခွင့်ပိတ်ပင်ခံခဲ့ရသည်။

*—Ref: ANN*

Entertainment

7DAY NEWS JOURNAL

Vol.12, No.46 • JANUARY 22 , 2014

# မြစ်ကြီးနားမှာ ဖျော်ဖြေဖို့ ရင်ခုန်နေတဲ့ ကျားပေါက်

**ဖွဲ့ညက်**

**ရန်ကုန်၊ ဇန်နဝါရီ- ၁၉**

ဖေဖော်ဝါရီတွင်သွားရောက်မည့် နယ်လှည့်ဖျော်ဖြေရေးခရီးစဉ်များတွင်မြစ်ကြီးနားမြို့၌ ဖျော်ဖြေရမည့်ပွဲကို ရင်ခုန်ကြောင်း အဆိုတော်ကျားပေါက်(ဟန်ထူးလွင်)ကပြောသည်။

"ပြီးခဲ့တဲ့လေးငါးနှစ်လောက်က ဖားကန့်ဖျော်ဖြေပွဲကို သွားရင်း မြစ်ကြီးနားမှာ အသွားနှစ်ရက်၊အပြန်နှစ်ရက်နေခဲ့တော့ အဲဒီမှာရှိတဲ့ ပရိသတ်တွေက သူတို့မြို့မှာမဆိုဘူးလားမေးလို့ ကျွန်တော်လာမှာဆိုပြီးပြောခဲ့ဖူးတာ ခုမှဆိုရမှာဆိုတော့ မြစ်ကြီးနားမှာဆိုရမယ့်ပွဲကိုပိုပြီးရင်ခုန်နေတယ်"ဟု ကျားပေါက်ကပြောသည်။

SIR အဖွဲ့၏ နယ်လှည့်ဖျော်ဖြေပွဲများအဖြစ် ဖေဖော်ဝါရီ ၁ ရက်နှင့် ၂ရက်တွင်မြစ်ကြီးနားမြို့ ငြိမ်းချမ်းသာယာဘောလုံးကွင်း၌လည်းကောင်း၊ ဖေဖော်ဝါရီ ၁၄ ရက်တွင် မန္တလေးမြို့ Mandalay Hill Resort၌ လည်းကောင်းဖျော်ဖြေပွဲ များပြုလုပ်သွားမည်ဖြစ်သည်။

မြစ်ကြီးနားမြို့မနောပွဲကျင်းပချိန်တွင် ပြုလုပ်ရန်စီစဉ်ထားသော်လည်း ယခုနှစ်တွင် မနောပွဲမကျင်းပဖြစ်၍ ဖေဖော်ဝါရီ ၁ ရက်နှင့် ၂ရက်တွင် စီစဉ်ခြင်းဖြစ်သည်ဟု ပွဲစီစဉ်သည့်ဦးရှမ်းမကပြောသည်။

ဖေဖော်ဝါရီ၁ရက်တွင်ကျင်းပမည့် မုံရွာဖျော်ဖြေပွဲကိုလည်း ကျင်းပရန်စီစဉ်ထားသည့် မြို့မအားကစားကွင်း၌ ပြုလုပ်ရန်အဆင်မပြေပါက ရက်ရွှေ့မည်ဟုဆိုသည်။

SIRအဖွဲ့၏ နယ်လှည့်ဖျော်ဖြေရေးခရီးစဉ်များကို High Class နှင့် ပူးပေါင်းပြုလုပ်ခြင်းဖြစ်ပြီး ယင်းကဲ့သို့ နယ်ဖျော်ဖြေရေးခရီးစဉ်များကိုသေသေချာချာစီစဉ်ပေးပါက SIRအနေဖြင့် ယခုထက်ပို၍ ခရီးများထွက်ချင်ကြောင်း ဟန်ထူးလွင်ကပြောသည်။



နယ်လှည့်ဖျော်ဖြေပွဲများ၏ ဝင်ကြေးကို ကျပ်ခြောက်ထောင် သတ်မှတ်ထားပြီး ဖျော်ဖြေပွဲများ မကျင်းပမီ တစ်ပတ်ခန့်စော၍ ဖျော်ဖြေပွဲ ကျင်းပမည့်မြို့နယ်များ၌ ရောင်းချပေးသွားမည်ဟု ပွဲစီစဉ်သည့် ဦးရှမ်းမက ပြောသည်။



# "အင်တာနက်က ဓာတ်ပုံကိစ္စ ထပ်ခါထပ်ခါ ရှင်းမပြချင်တော့ပါဘူး"

## ယုသန္တာတင်နှင့်တွေ့ဆုံခြင်း

**ကြူကြူဟန်**

သရုပ်ဆောင် ယုသန္တာတင်သည် အနုပညာလောကသို့ မော်ဒယ်တစ်ဦးအဖြစ် စတင်ဝင်ရောက်လာပြီး အမျိုးသားသရုပ်ဆောင်များဖြင့် ဖွဲ့စည်းထားသော အနုပညာပျိုးခင်းက ရွေးချယ်မြေတောင်မြှောက်ပေးလိုက်သည့်သုံးဦးတွင် တစ်ဦးအပါအဝင်ဖြစ်သည်။ ပရိသတ်အများစုက ၎င်း၏ မြန်မာဆန်စွာဝတ်စားဆင်ယင်မှုကို နှစ်သက်အားပေးသည်။ လတ်တလောအွန်လိုင်းတွင်ပျံ့နှံ့နေသော အတွင်းခံဖြင့်ရိုက်ကူးထားသည့် ဓာတ်ပုံကြောင့် ပရိသတ်များအကြား ငြင်းခုံသံသယဖြစ်စေခဲ့မှုကို ၎င်း၏ အမာခံပရိသတ်များက ဖြေရှင်းပေးခဲ့ရသည့်အကြောင်းနှင့် လတ်တလောအနုပညာလှုပ်ရှားမှုများ၊ အကြိုက်တွေ့နေသည်များနှင့် ဖက်ရှင်အကြောင်းများကို တွေ့ဆုံမေးမြန်းထားပါသည်။

**လတ်တလော အနုပညာလှုပ်ရှားမှုဘာတွေလုပ်ဖြစ်နေလဲ။**

အခုရက်ထဲမှာတော့ တီဗီကြော်ငြာအသစ်လေးတွေရိုက်ဖြစ်တယ်။ တီဗီကြော်ငြာတွေပဲ ဆက်တိုက်ရိုက်သွားဖို့ရှိတယ်။ ကားရိုက်ကတော့ ဇန်နဝါရီ ၂၀ ကျော်မှာ အန်ကယ်လေး(လူမင်း)နဲ့ ကားရိုက်ပြန်စမယ်။

**ဆံပင်ပုံစံပြောင်းလေ့မရှိဘဲ အမြဲဆံပင်အရှည်နဲ့ပဲတွေ့နေရာကနေ ဆံပင်အတိုကုပ်ဝဲလေးညှပ်လိုက်တာဘာဖြစ်လို့လဲ။**

ဆံပင်က အပြောင်းအလဲလေးဖြစ်သွားအောင်လို့ပါ။ ဒီအလုပ်စလုပ်တည်းက ဆံပင်အရှည်နဲ့ဆိုတော့ ပရိသတ်လည်းအမြင်တမျိုးလေးပြောင်းသွားအောင်လို့ဆိုပြီးတော့ အတိုလေးညှပ်လိုက်တာပါ။ တချို့ကျတော့လည်း ညှပ်လိုက်တဲ့အချိန်မှာ နှမြောကြတယ်။ အရှည်တော့ပြန်ထားဖြစ်မှာပါ။

**အနုပညာပျိုးခင်းနဲ့စာချုပ်ပြည့်သွားပြီဆိုတော့ ပျိုးခင်းက အစ်ကိုတွေနဲ့ ရှေ့ဆက်ပြီးလက်တွဲသွားဖို့ရှိလား။**

စာချုပ်ပြည့်သွားပေမယ့်လည်း သူတို့နဲ့ပဲဆက်ပြီးရိုက်ဖြစ်တယ်။ တခြားလူတွေနဲ့လည်းရိုက်တယ်။ အနုပညာပျိုးခင်းကတော့ အနုပညာပျိုးခင်းပဲပေါ့။ စာချုပ်ပြည့်သွားပေမယ့် ကားတွေဆက်ရိုက်ဖြစ်တယ်။ အရင်ပုံစံပါပဲ။ စာချုပ်ပြီးသွားတာနဲ့ မပြီးသွားတာပဲကွာတယ်။

**အရင်ကဆို ကိုယ်ရိုက်မယ့် ဇာတ်လမ်းကို ပျိုးခင်းကအစ်ကိုတွေကရွေးပေးတာဆိုတော့ အခုရော ဘယ်လိုရွေးဖြစ်လဲ။**

အခုဆိုကားနည်းနည်းရိုက်လာရပြီဆိုတော့ ကိုယ်နဲ့လိုက်မယ့် ဇာတ်မျိုးလေး၊ အဆင်ပြေမယ့် ဇာတ်မျိုးလေးတွေရွေးပြီး ရိုက်တတ်လာတယ်။

**အခုဆို ပရိသတ်အခိုင်အမာရှိနေတဲ့ သရုပ်ဆောင်တစ်ယောက်အဖြစ် ရပ်တည်နေတဲ့ ယုအနေနဲ့ ကိုယ့်ရဲ့ အနုပညာလုပ်ဆောင်ချက်တွေအပေါ် ကျေနပ်အားရမှုရှိလား။**

အားရကျေနပ်မှုဆိုတာထက် ယုကိုနေရာတစ်ခုရအောင် အားပေးတဲ့ပရိသတ်တွေရှိတာအရမ်းဝမ်းသာပါတယ်။ သူတို့တွေသတ်မှတ်တဲ့နေရာတစ်ခုမှာပဲ နေခွင့်ရတာလေ။

**အခုနောက်ပိုင်း ဇာတ်ကားရိုက်တာထက် တီဗီကြော်ငြာတို့၊ ဗီစီဒီတို့ ပိုရိုက်ဖြစ်နေတယ်နော်။**

ဇာတ်ကားကတော့ အနည်းဆုံးတစ်လကို တစ်ကားနှစ်ကားလောက်တော့ ပုံမှန်ရိုက်ဖြစ်တယ်။ကြော်ငြာကျတော့ ယုတို့စလာတည်းက ကြော်ငြာလိုင်းကလာတာဆိုတော့တီဗီကြော်ငြာတွေက များသောအားဖြင့် ရိုက်ဖြစ်တယ်။

**စာမျက်နှာ ၄၁ »**



7DAY NEWS JOURNAL
Vol.12, No.46 • JANUARY 22 , 2014



## FUSE ရုပ်သံလိုင်းအထူးအစီအစဉ်မှာ အသားပေးဖော်ပြခံရတဲ့ T.O.P

**ဆိုးလ်၊ ဇန်နဝါရီ-၁၈**

တောင်ကိုရီးယား Big Bang အဖွဲ့ဝင် T.O.P သည် အမေရိကန် FUSE ရုပ်သံလိုင်း၏ “ FUSE LOVE SEOUL: From K-pop to Hip Hop”အထူးအစီအစဉ်တွင် အသားပေးဖော်ပြခြင်းခံရသည်။

“အမေ ရိကန်နိုင်ငံမှာ ဟစ်ဟော့အဖွဲ့တွေ အများကြီးရှိသလိုပဲ။ ကိုရီးယားမှာ လည်း Big Bang ဆိုတဲ့အဖွဲ့ရှိပါတယ်။ ကိုရီးယားရဲ့ အတော်ဆုံးရက်ပါပ်ကို ပြပါဆိုရင်တော့ T.O.P ပဲဖြစ်လိမ့်မယ်။ T.O.Pဟာ သူရဲ့ ရုပ်ရည်ကြောင့်လည်းလူသိများပါတယ်။FUSEရုပ်သံလိုင်းရဲ့ ၂၀၁၃ ခုနှစ်ဆွဲဆောင်မှုအရှိဆုံး အမျိုးသားအဆိုရှင်အနေနဲ့ရော ဆွဲဆောင်မှုအရှိဆုံးအနုပညာရှင်အနေနဲ့ပါ ရွေးချယ်ခံခဲ့ရပါတယ်”ဟု FUSE ရုပ်သံလိုင်းကပြောကြားခဲ့သည်။

အမေရိကန် FUSE ရုပ်သံလိုင်းက T.O.P ၏အဖွဲ့ Big Bang ကိုလည်း အနောက်နိုင်ငံများအတွက် ကေပေါ့ပ်ပြယုဂ်ဖြစ်သည်ဟု ပြောကြားခဲ့ပြီး လူမှုကွန်ရက်မီဒီယာများတွင် အလွန်ရေပန်းစားသော ကေပေါ့ပ်အဖွဲ့ဟုလည်း ဖော်ပြခဲ့သည်။ Big Bang အဖွဲ့၏ အေဂျင်စီ YG Entertainment သည်လည်း ယင်းအဖွဲ့အောင်မြင်ရခြင်း၏ ပင်မကျောရိုးဖြစ်သည်ဟု FUSe ရုပ်သံလိုင်းက ပြောကြားသည်။ FUSE ရုပ်သံလိုင်းသည် ဇန်နဝါရီ ၂၁ နှင့် ၂၂ ရက်တို့တွင် Epik High ကေပေါ့ပ်အဖွဲ့နှင့် ကေပေါ့ပ်အဆိုတော်လီဟိုင်းတို့အကြောင်း အသားပေးဖော်ပြမည်ဟု ကြေညာထားသည်။

*—Ref: Kpop Starz*



## ဇွန်လမှာ ကမ္ဘာလှည့်ဖျော်ဖြေပွဲ စတင်မယ့် ကေတီပယ်ရီ

**နယူးယောက်၊ ဇန်နဝါရီ-၁၈**

အမေရိကန်ပေါ့ပ်စတားကေတီပယ်ရီသည် ဇွန်လ ၂၂ ရက်တွင် “ Prismatic”အမည်ရ ကမ္ဘာလှည့်ဖျော်ဖြေပွဲကိုမြောက်အမေရိကတိုက်၌ စတင်မည်ဟု ကြေညာခဲ့သည်။

ကေတီပယ်ရီသည် အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနား ပြည်နယ်ရယ်လေးမြို့မှစ၍ မြို့ပေါင်း ၄၆ မြို့တွင် ဖျော်ဖြေပွဲများ ပြုလုပ်သွားမည်ဖြစ်သည်။ ယင်းဖျော်ဖြေပွဲတွင် Tegan and Sara ကနေဒါရော့ခ်အဖွဲ့၊ Capital Cities အမေရိကန်ရော့ခ်အဖွဲ့နှင့် အမေရိကန်အဆိုတော် ကေစီမက်စ်ဂရေဗ်တို့လည်းပါဝင်မည်ဟု ကေတီပယ်ရီကပြောကြားသည်။

“Prismatic ကမ္ဘာလှည့်ဖျော်ဖြေပွဲကိုလာမယ့်နွေရာသီမှာ ကျွန်မအနှစ်သက်ဆုံးမြောက်အမေရိကမြို့ကြီးတွေမှာ စတင်ကျင်းပမှာပါ။ ပရိသတ်တွေတောင်းဆိုထားတဲ့ မြို့တွေမှာလည်း ကျင်းပပေးသွားမှာပါ။ အဲဒီဖျော်ဖြေပွဲမှာ ပရိသတ်တွေသိပြီးသားသီချင်းတွေပါ ဖျော်ဖြေတင်ဆက်သွားမှာပါ။ လာမယ့်ဖျော်ဖြေပွဲမှာ ကျွန်မ အကြိုက်ဆုံးအနုပညာရှင်တချို့ကို ရွေးချယ်ဖိတ်ကြားထားပါတယ်။ ကျွန်မသဘောကျသလိုပရိသတ်တွေလည်း သဘောကျလိမ့်မယ်လို့ မျှော်လင့်ပါတယ်”ဟု အဆိုတော်ကေတီပယ်ရီက ပြောကြားသည်။

*—Ref: UPI*


အာရှတွင် သားအိမ်ခေါင်းကင်ဆာကြောင့်
(၄) မိနစ်တိုင်း အမျိုးသမီးတစ်ဦး သေဆုံးနေရပါတယ်



ကျွန်မတို့အားလုံး
သားအိမ်ခေါင်းကင်ဆာ
ကို ကာကွယ်ထားကြပါတယ်

သားအိမ်ခေါင်းကင်ဆာကာကွယ်ရန်မှာ မိန်းကလေးတိုင်း အတွက်ပါ

သားအိမ်ခေါင်းကင်ဆာ ကာကွယ်ရန် နီးစပ်ရာဆရာဝန်နှင့် တိုင်ပင်ပါ။

Reference :
GLOBOCAN 2008(IARC), Section of Cancer Information
Vx2014-1
gsk do more feel better live longer



FARFALLA
စင်ကာပူနိုင်ငံမှ တိုက်ရိုက်တင်သွင်းသော အိမ်သုံးလျှပ်စစ်ပစ္စည်းများ




New product





ကံစမ်းမဲအစီအစဉ်များစတင်နေပါပြီ
ဒီဇင်ဘာလ ၂၀၁၃ခုနှစ်မှ မတ်လ ၂၀၁၄ ခုနှစ်အထိ
ပထမဆု (၁၀)သိန်း
ဒုတိယဆု (၅)သိန်း
တတိယဆု (၂.၅)သိန်း နှင့်တခြားဆုမဲများစွာ

Dry Iron
Model No -FEI sw-80
78 Anniversary
8 Pcs of Dry Iron
8,000 Ks special price
8 Days only

Head Office : အမှတ်(၂၂)အောင်ဇေယျလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်။ ph:01-562929,569900,09 73119894
Showroom : အမှတ်(၁၁၃)ဦးချစ်မောင်လမ်း၊ဗဟန်းမြို့နယ်။ ph:01-548670



7DAY SHOPPING GUIDE
Since 2010
Save Money, Save Time
With 7 Day Shopping Guide

- ဖေါက်သည်းချစ်သူ ရွေးချယ်ဝယ်ယူ
- ဝင့်ဝင့်ကြွားကြွား ခြေလှမ်းပိုင်ရှင်များ
- ဈေးနှုန်းသက်သာပြီး လှပသည့် ကလေးဖက်ရှင်
- မီးဖိုဆောင်မှာရှိထား အသုံးအဆောင်ပစ္စည်းများ

ဈေးဝယ်စင်တာများအကြောင်း တစ်ပတ်အတွင်း ဈေးဝယ်လမ်းညွှန်နှင့် ဈေးနှုန်းများ Promotion နှင့် အထူးလျှော့ဈေး သတင်းအချက်အလက်ပေါင်းများစွာပါဝင်သည်။

Hot Line 09 730 53320
သို့ဆက်သွယ်မှာကြားလျှင်
သောကြာနေ့ နံနက်တိုင်း အိမ်အရောက်ပို့ပေးမည် . . . .

အမှတ် (၄၉၇)၊ ပထမထပ်၊ တိုက်(E)၊ Diamond Centre၊ ပြည်လမ်းနှင့် နာနတ်တောလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၅၁၂၈၈၇၊ ၅၁၃၅၁၅-၉, Fax: ၅၁၃၅၁၉၊ www.7dayshoppingguide.com

စာ(၃၉)မှ

# ယုသန္တာတင်နှင့်တွေ့ဆုံခြင်း

ကားရိုက်တာကျတော့ ဇာတ်ရုပ်တွေကို ကိုယ့်ပရိသတ်တွေကိုပြခွင့်ရှိတယ်။ တီဗီကြော်ငြာကတော့ ကိုယ့်ရဲ့ ဖက်ရှင်လေးတွေနဲ့ ကုမ္ပဏီတွေက ထုတ်ကုန်တွေကိုကြော်ငြာပေးရတာမျိုးပါ။

**၂၀၁၄ခုနှစ်ထဲမှာ ပရိသတ်တွေအတွက် ထူးထူးခြားခြားဖြစ်သွားအောင် ဘယ်လိုအစီအစဉ်တွေရှိလဲ။**

၂၀၁၄ခုနှစ်ထဲမှာ ပရိသတ်တွေအတွက်ထူးထူးခြားခြားအနေနဲ့တီဗီကြော်ငြာအသစ်လေးတွေမှာ ဖက်ရှင်ပုံစံအသစ်လေးတွေပြောင်းသွားဖို့ရှိတယ်။ ဇာတ်လမ်းဆိုလည်း ဇာတ်အိမ်ဆန်းဆန်းလေးတွေရိုက်ပြဖို့ရှိတယ်။ ပရိသတ်အတွက် အရသာတစ်ခုခုကျန်မယ့် ဟာမျိုး၊ ကြည့်လို့ကောင်းမယ့် ဇာတ်မျိုးတွေရိုက်ပြချင်ပါတယ်။

**တရုတ်ပြည်မှာ ကွန်ဒိုအဆောက်အအုံကြော်ငြာကိုဟောင်ကောင်မင်းသားနဲ့ရိုက်ခဲ့ရတော့ ပြည်ပအနုပညာရှင်နဲ့အလုပ်တွဲလုပ်ရတာ ဘယ်လိုအတွေ့အကြုံတွေရခဲ့လဲ။**

ကြော်ငြာကုမ္ပဏီက ဒီကပဲ ဟောင်ကောင်က ဒါရိုက်တာတွေက မြန်မာပြည်ရောက်တုန်းကပုံတွေရွေးရင်းနဲ့ ယုကို သဘောကျတယ်ဆိုပြီး ရိုက်ဖြစ်သွားတာ။ သူတို့နဲ့ ရိုက်တာသိပ်မကြာဘူး။ သူတို့က အစောကြီးကတည်းက ကြိုတင်ပြင်ဆင်ပြီးသား။ ကြော်ငြာရိုက်မယ်ဆို ပထမတစ်ရက်အချိန်ပေးပြီး မိတ်ကပ်၊ ဆံပင်၊ အဝတ်အစားအတွက်ကိုကြိုပြီး ပြင်ဆင်ပေးတယ်။ နောက်နေ့ကျရိုက်တယ်။ သူတို့နဲ့တွေ့တာအချိန်ပိုင်းပဲဆိုတော့ အလုပ်လုပ်တဲ့အချိန်မှာ ကိုယ့်ကြောင့် သူတို့နှောင့်နှေးမှာစိုးတော့အတတ်နိုင်ဆုံးကြိုးစားပြီး သရုပ်ဆောင်ခဲ့ပါတယ်။

**အခုရက်ပိုင်းမှာ အတွင်းခံနဲ့ရိုက်ထားတဲ့ ပုံတစ်ပုံက အွန်လိုင်းပေါ်တက်လာပြီး ယုလို့ပြောတဲ့သူတွေရှိနေတယ်။ အဲဒီအကြောင်းကို ရှင်းပြပေးပါဦး။**

ယုလည်းဒီကိစ္စနဲ့ပတ်သက်ပြီးအကျယ်ချဲ့ပြီး မပြောချင်ပါဘူး။ ကိုယ်မဟုတ်တဲ့အကြောင်းပြောပြီးတာကို ထပ်ခါထပ်ခါလည်းမရှင်းပြချင်ဘူး။ ယုနဲ့ ရင်းနှီးတဲ့သူတွေ၊ ပတ်သက်နေတဲ့သူငယ်ချင်းအသိုင်းအဝိုင်းကသူတွေအကုန်လုံးကလည်းမဟုတ်ဘူးဆိုတာ သိတယ်။ မူလပိုင်ရှင် မိန်းကလေးပုံကိုလည်း ပြပြီးပြီ။ ဒီလိုဖြစ်လာတဲ့အခါ ယုမှာအားတက်ခဲ့တာက ယုကိုအားပေးတဲ့ ပရိသတ်အစစ်အမှန်ပေါ်လာတယ်။ ကိုယ်က ကာယကံရှင်ဖြစ်တဲ့အတွက် မဟုတ်ဘူးဆိုတာသိတယ်။ ကိုယ်ကဘာသက်သေမှမရှိဘဲနဲ့ မဟုတ်ပါဘူးလို့ သူများကိုပြောရင် ယုံချင်မှ ယုံမှာ။ အဲဒီအချိန်မှာ ယုရဲ့ဖေ့စ်ဘွတ်ခ်ထဲမှာရှိတဲ့ ဖန်တွေအကုန်လုံးက အဲဒီပုံရဲ့မူရင်းလင့်ခ်ကို တကူးတကဘယ်ကသွားရှာလဲမသိဘူး။ ပရိသတ်အများကြီးက မက်ဆေ့ချ်ပို့ပြီး အဲဒီလင့်ခ်အမှန်ကိုဝင်ကြည့်ပြီးစစ်ကြည့်လိုက်လို့ရေးလာတယ်။ ယု ဘာမှ ရှင်းစရာမလိုလိုက်ပါဘူး။ ယုရဲ့ ဖန်တွေက သူတို့ဘာသာရှင်းသွားတယ်။ အဲအချိန်မှာ ကိုယ့်ကိုပေါ်ပင်မို့အားပေးတဲ့ပရိသတ်လား။ တကယ်အားပေးတဲ့ ပရိသတ်လားဆိုတာသိခွင့်ရတယ်။ အဲဒီအတွက် အရမ်းပျော်တယ်။

**ယုရဲ့ဝတ်စားဆင်ယင်မှုနဲ့ပတ်သက်လို့ ပရိသတ်အများစုကလည်း ကောင်းတဲ့မှတ်ချက်ပြုကြတယ်။ အဝတ်အစားဆင်ယင်မှုနဲ့ အနေအထိုင်ကို ဘယ်လိုထိန်းသိမ်းမလဲ။**

ပရိသတ်တွေအမှတ်ပေးထားတဲ့အတိုင်းပဲ ယုကို မြန်မာဝတ်စုံနဲ့သဘောကျတဲ့အချိန်မှာ အဝတ်အအစားဝတ်တာနည်းနည်းဆင်ခြင်ဖြစ်တယ်။ ယုတို့ အနုပညာရှင်တွေက ပရိသတ်ပေးတဲ့နေရာပဲရတာဆိုတော့ သဘောမကျဘူးဆိုရင် ဒီလိုရပ်တည်လို့မရဘူးလေ။ ယုက များသောအားဖြင့် ရိုးရိုးယဉ်ယဉ်လေးတွေကိုပိုကြိုက်တာများတယ်။ ၂၀၁၄မှာကျတော့ တစ်မျိုးတည်းသွားရင် ရိုးသွားမှာစိုးလို့ နည်းနည်းပုံစံကွဲထွက်တဲ့ ဖက်ရှင် ဒီဇိုင်းလေးတွေပြောင်းသွားဖို့ရှိတယ်။

**ရိုက်ကူးပြီးတဲ့ ရုပ်ရှင်ကားတွေထဲမှာ ပရိသတ်ရင်ထဲမှာမှတ်ကျောက်တင်စေမယ့် ဇာတ်ကားမျိုးရှိပါသလား။**

ဗီဒီယိုတွေကတော့ တောက်လျှောက်ရိုက်ထားတယ်။ ရုပ်ရှင်ကားကြီးကတော့ ရှိတယ်။ ရုံမတင်သေးဘူး။ သရုပ်ဆောင်အသစ်ဖြစ်တဲ့အတွက် ပရိသတ်ပိုပြီးလက်ခံနိုင်မယ့် ဇာတ်ရုပ်ကိုပိုပြီးရိုက်ဖြစ်တယ်။ ဥပမာ ကားတွေအများကြီးရိုက်တယ်ဆိုတာထက် တစ်ကားဆို ဆိုသလောက်ပရိသတ်လက်ခံနိုင်မယ့်ကားမျိုး၊ အသစ်တစ်ယောက်ဖြစ်တဲ့အတွက် လိုအပ်ချက်ရှိမှာပဲ။ အဲဒီလိုအပ်ချက်ကိုဖြည့်ပြီးကြည့်ပေးနိုင်မယ့်ကားမျိုးပေ့ါ။

**ဖေ့စ်ဘွတ်ခ်က ယုနဲ့ပရိသတ်ကြားမှာဘယ်လောက်အတိုင်းအတာအထိ ချိတ်ဆက်ပေးတယ်လို့ထင်လဲ။**

အခုဆိုအရမ်းအရေးကြီးပါတယ်။ ယုဘာပဲတင်တင် အားလုံးရဲ့ Commet တွေဖတ်လို့ရတယ်။ အခုပြဿနာဖြစ်လာတော့ အမှန်တကယ်ဆိုရင် သူတို့အားပေးတဲ့ အနုပညာရှင်ဖြစ်တယ်ဆိုပေမယ့် သွေးမတော်၊ သားမစပ်တဲ့သူတစ်ယောက်ကိုဘာမှကူညီပေးစရာအကြောင်းမရှိဘူး။ ဒါပေမဲ့ ပရိသတ်တစ်ယောက်တည်းမဟုတ်ဘူး။ ဖန်တော်တော်များများက အဲဒီလင့်ခ်ကိုသွားရှာပြီး ယုကိုပို့ပေးကြတယ်။ အဲဒီအတွက်အကုန်လုံးကို ကျေးဇူးတင်တယ်။

**ဖေ့စ်ဘွတ်ခ်ကို အချိန်ဘယ်လောက်ပေးပြီးသုံးဖြစ်လဲ။**

သုံးဖြစ်တယ်။ အားတဲ့အချိန်တော်တော်များများကြည့်ဖြစ်တယ်။ ဖေ့စ်ဘွတ်ခ်ကတက်လာတဲ့သတင်းလေးတွေကြည့်ဖြစ်တယ်။ နောက်ပြီးတော့ မိတ်ကပ်၊ ဖက်ရှင်ဒီဇိုင်းလေးတွေကြည့်ဖြစ်တယ်။

**ပရိသတ်ကို ဒီကနေဘာများပြောချင်ပါသလဲ။**

အခုထိ ချစ်ခင်အားပေးတဲ့ ပရိသတ်တွေအကုန်လုံးကိုပြောချင်တာက အရင်ကထက်စာရင် ပိုပြီးကြိုးစားနေပါတယ်။ အရင်ကထက်ပိုပြီးချစ်ခင်အားပေးပါဦးလို့။

**ကျေးဇူးတင်ပါတယ်။ ။**

ကျော်ကျော်နိုင်မိသားစု နည်းပညာဝန်ဆောင်မှုများ ကုမ္ပဏီလီမိတက်
**အောင်ချမ်းမြေ့**
**ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း**
အမှတ်(၂၄၉)၊ 2B,5B, 6B,7B ထပ်၊ ဗားဂရာလမ်းမကြီး၊
မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ (မြေနီကုန်း-ဂမုန်းပွင့်ကုန်တိုက်အနီး)
ဖုန်း-၀၁-၅၀၄၇၅၀၊ ၀၁-၅၀၄၀၇၉၊ ၀၉-၅၁၅၉၈၇၀၊ ၀၉-၃၁၀၆၀၃၁၅
(Open 7:00 am To 7:00 pm) ပိတ်ရက်မရှိပါ။ www.acmmyanmar.com
**– ပြည်တွင်း၊ ပြည်ပ အတွေ့အကြုံရှိ ဝါရင့်ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ ဝါရင့်ဆရာဝန်များ၊ ဝါရင့်သူနာပြုဆရာမကြီးများ ဦးစီးသည်။ နိုင်ငံခြားဆေးပစ္စည်းဆိုင် ဖွင့်နိုင်ရန်နှင့် ကျွမ်းကျင်သော သူနာပြုအကူဖြစ်စေရန် သီအိုရီနှင့် လက်တွေ့တွဲ၍ သင်ကြားမည်။ စီးပွားရေးသက်သက်ကို ရှေ့မရှုပါ။ ဝန်ဆောင်ခ ပေးစရာမလိုဘဲ ပြည်တွင်း၊ ပြည်ပအလုပ်ရရှိရန် ကူညီမည်။ ပြည်တွင်း/ပြည်ပ အသိအမှတ်ပြု အောင်လက်မှတ်ထုတ်ပေးမည်။ နိုင်ငံတကာအဆင့်မီ Air-Con အခန်းများတွင် တစ်ယောက်ထိုင်ခုံများဖြင့် သင်ကြားသည်။ ဘော်ဒါဆောင်ရှိပါသည်။ တယ်လီဖုန်းဖြင့် နာမည် စာရင်းကြိုတင်သွင်းထားပြီး တက်ရောက်မည့်နေ့မှ ငွေသွင်းလျှင်လည်း ဖြစ်ပါသည်။ ဓါတ်လှေခါးဖြင့် အဆင်းအတက်ပြုလုပ်နိုင်ပြီး၊ အမှတ်(၂၄၉)2B အထပ်တွင် စုံစမ်းစာရင်းသွင်းနိုင်သည်။**
"**အောင်**" ပြီး "**ချမ်းမြေ့**" မှုတွေ့ရရှိရန် "**အောင်ချမ်းမြေ့**" ကိုလာခဲ့ပါ။
◆ တစ်လ(တနင်္လာနေ့ မှ သောကြာနေ့အထိ)ဆေးဝါး/သူနာပြု
စဉ် (၃၂၂၉) ၂၈-၁-၁၄ စဉ် (၃၂၃၀) ၄-၂-၁၄ စမည်။
ဆေးဝါးကျွမ်းကျင်တက်ရောက်နိုင်သည့် အချိန်များ
(I) 07:00 am to 09:00 am (III) 01:00 pm to 04:00 pm
(II) 09:00 am to 12:00 pm (IV) 05:30 pm to 07:30 pm
သူနာပြုတက်ရောက်နိုင်သည့်အချိန်
09:00 am to 04:00 pm (break 1 hr)
◆ နှစ်လ(ဆေးဝါး/သူနာပြု)
စဉ် (၃၂၃၁) ၁-၂-၁၄ (SAT & SUN) စဉ် (၃၂၃၂) ၈-၂-၁၄ (SAT & SUN)
ဆေးဝါး/သူနာပြုတက်ရောက်နိုင်သည့်အချိန်
09:00 am to 04:00 pm (break 1 hr)
◆ သုံးလ(ဆေးဝါး/သူနာပြု)
စဉ် (၃၂၃၃) ၁-၂-၁၄ (Sat Only) စဉ် (၃၂၃၄) ၂-၂-၁၄ (Sun Only))
စဉ် (၃၂၃၅) ၈-၂-၁၄ (Sat Only) စဉ် (၃၂၃၆) ၉-၂-၁၄ (Sun Only))
ဆေးဝါး/သူနာပြုတက်ရောက်နိုင်သည့်အချိန်
09:00 am to 04:00 pm (break 1 hr)
◆ နိုင်ငံတကာ အဆင့်မီ ဒီပလိုမာသင်တန်းများ (ဆေးဝါး/သူနာပြု)
သုံးလ၊ ခြောက်လ၊ တစ်နှစ်၊ နှစ်နှစ်
တနင်္လာနေ့ မှ သောကြာနေ့အထိ (တစ်ပတ်ငါးရက်သင်)
စဉ် (၃၂၃၇) ၃၀-၁-၁၄ စမည်။ စဉ် (၃၂၃၈) ၆-၁-၁၄ စမည်။
ဆေးဝါးဒီပလိုမာ တက်ရောက်နိုင်သည့်အချိန် - 09:00 am to 12:00 pm
သူနာပြုဒီပလိုမာတက်ရောက်နိုင်သည့်အချိန်- - 01:00 pm to 04:00 pm

နေပြည်တော်မြို့တွင်း၊ နေပြည်တော်အမြန်လမ်းတလျှောက်၊
ရန်ကုန်မြို့မန္တလေးမြို့၊ မော်လမြိုင်မြို့နှင့်နယ်မြို့ကြီးများတွင်
**15' x 45'** ကြော်ငြာ **Billboard** ကြီးများတွင်
ကြော်ငြာလိုပါက ဆက်သွယ်နိုင်ပါသည်။
09 420 276 999 • 09 4211 588 22 • 09 730 33 784 • 09 730 33 783

## စီးပွားရေးအခွင့်အလမ်းသစ်

CLEAR sunsilk LUX Fair & Lovely POND'S Knorr Signal

ကမ္ဘာ့နိုင်ငံပေါင်း (၁၈၀)နိုင်ငံတွင် အောင်မြင်စွာရပ်တည်နေသည့် လူသုံးကုန်နှင့်စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်သောကုမ္ပဏီမှစျေးကွက်တိုးချဲ့လုပ်ကိုင်နိုင်ရန်အတွက် အောက်ဖော်ပြပါမြို့အသီးသီးတွင် ဖြန့်ချိရေးကိုယ်စားလှယ် (Distributors)များ လိုအပ်နေပါ၍ ဖိတ်ခေါ်အပ်ပါသည်။

| အောက်မြန်မာပြည် | | |
|---|---|---|
| သထုံ | သံဖြူဇရပ် | မြဝတီ |
| ကျုံပျော် | ပန်းတနော် | အောင်လံ |

| အထက်မြန်မာပြည် | | | |
|---|---|---|---|
| ကျိုင်းတုံ | တာချီလိတ် | လွိုင်လင် | |
| တန့်ရမ်း | ဖားကန့် | ကသာ | ရေနံချောင်း |

ကုမ္ပဏီမှ အောက်ပါအချက်အလက်များကို အခြေခံ၍
လျှောက်ထားသူများကိုရွေးချယ်သွားမည် ဖြစ်ပါသည်။
(၁) ငွေကြေးအင်အား၊ (၂) လုပ်ငန်းခွင်တွင် ပါဝင်ဦးဆောင်နိုင်ခြင်း၊
(၃) နယ်မြေခံဖြစ်ခြင်း၊ (၄) စိတ်ဓာတ်ပြည့်ဝ၍ အကျင့်စာရိတ္တကောင်းမွန်ခြင်း

**စိတ်ပါဝင်စားသူများသည် အောက်ပါလိပ်စာသို့ ဆက်သွယ်စုံစမ်းမေးမြန်းလျှောက်ထားနိုင်ပါသည်။**
**အမှတ်(၁၅၀) ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၁ ၄၃၀၀၂၄၊ ၀၁ ၅၄၅၁၆၇၊ ၅၅၆၅၄၄၊ ၄၃၀၈၇၇**
E-mail : SoeSandy.Lin@unilever.com, KhinMin.Thu@unilever.com
ရန်ကုန် - ၀၉-၄၃၀ ၂၅၀ ၇၂၊ အောက်မြန်မာပြည် - ၀၉-၄၃၀ ၂၇၂ ၃၁၊
အထက်မြန်မာပြည် - ၀၉-၄၃၁ ၆၉၁၁၄၊ ၀၉-၄၉၃ ၈၄၃၅၂

Sports
7DAY NEWS JOURNAL
Vol.12, No.46 • JANUARY 22 , 2014




*အမျိုးသားထိုင်လျက်ဘော်လီဘောပြိုင်ပွဲတွင် ရွှေတံဆိပ်ရခဲ့သည့်မြန်မာအသင်းကစားသမားများအောင်ပွဲခံနေစဉ်* ဓာတ်ပုံ - ချစ်ဝိုင်း

# အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် အင်ဒိုနီးရှားပထမဆုံးအကြိမ်ဗိုလ်စွဲ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ဇန်နဝါရီ- ၂၀**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့်(၇)ကြိမ်မြောက်အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ (ASEAN Para Games) တွင် အင်ဒိုနီးရှားမသန်စွမ်းအားကစားအဖွဲ့က နိုင်ငံအလိုက်ရွှေတံဆိပ်အများဆုံးရရှိကာ ပြိုင်ပွဲသမိုင်းတစ်လျှောက်ပထမဆုံးအကြိမ်ဗိုလ်စွဲသွားသည်။

နေပြည်တော်၊ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ရုံများတွင် ဇန်နဝါရီ ၁၅ရက်မှ ၁၉ရက်အထိကျင်းပခဲ့သည့် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ၌ အင်ဒိုနီးရှားအားကစားအဖွဲ့သည် ရွှေတံဆိပ် ၉၉ခုအပါအဝင် ဆုတံဆိပ်ပေါင်း ၂၁၇ခုရရှိကာ ရေပန်းစားနေသည့်ထိုင်းအသင်းအား ကျော်ဖြတ်ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲသမိုင်းတစ်လျှောက်ငါးကြိမ်ဗိုလ်စွဲထားသည့် ထိုင်းမသန်စွမ်းအားကစားအဖွဲ့သည်ရွှေတံဆိပ်၉၆ခုအပါအဝင်ဆုတံဆိပ်ပေါင်း ၂၄၈ခုဖြင့် ဒုတိယနေရာရရှိခဲ့ပြီး မလေးရှားအသင်းက ရွှေတံဆိပ်၅၀ခုအပါအဝင်ဆုတံဆိပ်ပေါင်း၁၄၀ဖြင့်တတိယနေရာတွင် ရပ်တည်ခဲ့သည်။

ဗီယက်နမ်အသင်းက ရွှေတံဆိပ် ၄၈ခုအပါအဝင် ဆုတံဆိပ်ပေါင်း၁၈၅ခုဖြင့်အဆင့်၄နေရာ၌ ရပ်တည်ခဲ့ပြီး အိမ်ရှင်မြန်မာမသန်စွမ်းအားကစားအဖွဲ့က ရွှေတံဆိပ် ၃၄ခုအပါအဝင် ဆုတံဆိပ်ပေါင်း ၉၆ခုရရှိကာ အဆင့် ၅နေရာတွင် ရပ်တည်ခဲ့သည်။ မြန်မာအသင်းနောက်တွင် ဖိလစ်ပိုင်၊ စင်ကာပူ၊ ကမ္ဘောဒီးယား၊ ဘရူနိုင်း၊ လာအိုမသန်စွမ်းအားကစားအဖွဲ့များက နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှုစာရင်းတွင် အစဉ်လိုက်ရပ်တည်နိုင်ခဲ့ကြသည်။

နေပြည်တော်တွင် ပြုလုပ်ခဲ့သည့် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ၌ အားကစားနည်း ၁၂ မျိုးထည့်သွင်းကျင်းပခဲ့ပြီး မြန်မာအားကစားအဖွဲ့အနေဖြင့် ရေကူးအားကစားနည်းမှ ရွှေတံဆိပ် ၁၂ခု၊ ပြေးခုန်ပစ်အားကစားနည်းမှ ရွှေ ၁၂ခု၊ မျက်မမြင်စစ်တုရင်အားကစားနည်းမှ ရွှေ၆ခု၊ မြားပစ်၊ ဘိုစီယာ၊ ခုနစ်ယောက်တစ်ဖက်ဘောလုံး၊ထိုင်လျက်ဘော်လီဘောအားကစားနည်းတို့မှ ရွှေတံဆိပ် တစ်ခုစီ ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

မှတ်တမ်းများအရ မြန်မာမသန်စွမ်းအားကစားအဖွဲ့အနေဖြင့် ပထမအကြိမ်အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ၃၁ခုအပါအဝင် ဆုတံဆိပ်ပေါင်း ၇၅ခုရရှိကာ နိုင်ငံအလိုက် တတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး ပြိုင်ပွဲတစ်လျှောက် ၎င်းပြိုင်ပွဲသည် အအောင်မြင်ဆုံးအဖြစ်ရပ်တည်ထားသည်။

ပြိုင်ပွဲဝင် တစ်ထောင်ကျော်ပါဝင်ယှဉ်ပြိုင်ခဲ့သည့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့မှကစားသမား ၂၁၂ဦးနှင့် ရွှေတံဆိပ် ၃၅ခုရရှိခြင်းသည်ပြိုင်ပွဲသမိုင်းတစ်လျှောက် ကစားသမားဦးရေအများဆုံးနှင့်ရွှေတံဆိပ်အရေအတွက် အများဆုံးရရှိခြင်းဖြစ်သည်။

အင်ဒိုနီးရှားအားကစားအဖွဲ့သည် ၂၀၁၁ အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ဒုတိယနေရာရရှိခဲ့ပြီး ယခုနှစ်ပြိုင်ပွဲတွင် ပထမနေရာကို ရယူနိုင်ခြင်းဖြစ်သည်။

# တက္ကသိုလ်များဘောလုံးပြိုင်ပွဲ ဇုန်အလိုက်ခြေစစ်ပွဲစဉ်များ ဖေဖော်ဝါရီတွင် ကျင်းပမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇန်နဝါရီ- ၂၀**

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြန်လည်ကျင်းပမည့် တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲ၏ သက်ဆိုင်ရာဇုန်အလိုက် ခြေစစ်ပွဲစဉ်များကို လာမည့် ဖေဖော်ဝါရီတွင် ကျင်းပရန် စီစဉ်ထားကြောင်း သတင်းရရှိသည်။

အဆိုပါပြိုင်ပွဲတွင် တစ်နိုင်ငံလုံးရှိ တက္ကသိုလ်၊ ကောလိပ် ၁၃၉ ခုအား ဖိတ်ကြားသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင် အသင်းများအနေဖြင့် ဇုန်အလိုက်ခြေစစ်ပွဲစဉ်များကို ပထမအဆင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီမှ တာဝန်ရှိသူက ပြောကြားသည်။

“ပြိုင်ပွဲရဲ့ အသေးစိတ်စီမံချက်ကိုတော့ ပညာရေးဝန်ကြီးဌာနက ရေးဆွဲနေတုန်းပဲရှိပါသေးတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ဆိုတော့ ပြိုင်ပွဲဝင်အသင်းတွေများမှာဖြစ်တဲ့အတွက် သက်ဆိုင်ရာဇုန်အလိုက် ခြေစစ်ပွဲစဉ်တွေကို ဖေဖော်ဝါရီအတွင်းမှာ စတင်ကျင်းပဖို့စီစဉ်နေပါတယ်”ဟု အဆိုပါတာဝန်ရှိသူက ပြောသည်။

ခြေစစ်ပွဲအောင်မြင်သည့် ၃၂ သင်းကို တက္ကသိုလ်များချန်ပီယံလိဂ်ပြိုင်ပွဲနောက်ဆုံးအဆင့်အဖြစ် ရန်ကုန်မြို့တွင်လာမည့်မေလအတွင်း ကျင်းပရန်စီစဉ်ထားကြောင်းလည်း ပြိုင်ပွဲကျင်းပရေးကော်မတီမှ သတင်းရရှိသည်။

မြန်မာတက္ကသိုလ်ဘောလုံးအသင်းသည် ပြီးခဲ့သည့် ၂၀၁၀ ပြည့်နှစ်က ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် (၁၅)ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် တတိယဆုနှင့် ၂၀၁၂ ခုနှစ် လာအိုနိုင်ငံတွင် ကျင်းပခဲ့သည့် (၁၆)ကြိမ်မြောက် ပြိုင်ပွဲတွင် စတုတ္ထဆုရရှိခဲ့သည်။

ဘောလုံးအားကစားနည်းကို မြန်မာပြည်သူအများစု စိတ်ဝင်စားပြီး တစ်ချိန်က အာရှနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် ဗိုလ်စွဲခဲ့သည့် မြန်မာ့ဘောလုံးရွှေခေတ်ကို အားလုံးက မျှော်လင့်တောင့်တလျက်ရှိပါကြောင်း၊ ယင်းမျှော်လင့်ချက်ကို ဖြည့်ဆည်းနိုင်ရန် ဉာဏ်ရည်မြင့် တက္ကသိုလ်ဘောလုံးအားကစားသမားများ မြန်မာ့ဘောလုံးလောကတွင်ဦးဆောင်ပါဝင်ရန် လိုအပ်လျက်ရှိပါကြောင်း ဇန်နဝါရီ ၁၄ ရက်က နေပြည်တော်တွင်ကျင်းပခဲ့သည့် တက္ကသိုလ်များဘောလုံးပြိုင်ပွဲ ကျင်းပရေးအစည်းအဝေး၌ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းက ပြောကြားခဲ့သည်။

“တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကျင်းပမယ်ဆိုတော့ ရွှေပုန်းသီးအားကစားသမားတွေ ထွက်ပေါ်လာဖို့ အခွင့်အလမ်းပိုဖြစ်လာတာပေါ့။ ဆရာတို့ကျောင်းမှာ လာမယ့်ပြိုင်ပွဲအတွက် လူရွေးပွဲလုပ်တာ ကျောင်းသားသုံးရာလောက် အရွေးခံကြပါတယ်။ မနှစ်က လက်ရွေးစင်ကစားသမားတွေထက် ပိုကောင်းတဲ့ကစားသမားတွေလည်း တွေ့ရပါတယ်။ သေချာစနစ်တကျအချိန်ပေးလုပ်နိုင်လေ ပိုကောင်းလာလေဖြစ်မှာပါ”ဟု ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်အသင်းမှ တာဝန်ရှိသူက ပြောသည်။

ပြိုင်ပွဲဝင် ၁၆ သင်းပါဝင်သည့်ပထမအကြိမ်တက္ကသိုလ်များချန်ပီယံလိဂ်ပြိုင်ပွဲကို ၂၀၁၃ ခုနှစ် အောက်တိုဘာအတွင်းက ရန်ကုန်မြို့၌ ကျင်းပခဲ့ပြီး ဆေးတက္ကသိုလ်(၂)အသင်းက ဗိုလ်စွဲခဲ့သည်။

# လက်ရွေးစင်ဘောလုံးအသင်းနည်းပြခန့်ရန် နိုင်ငံခြားနည်းပြဆယ်ဦးကျော်နှင့်ဆက်သွယ်နေ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ဇန်နဝါရီ- ၂၀**

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနည်းပြချုပ်နေရာအတွက် နိုင်ငံခြားနည်းပြဆယ်ဦးကျော်နှင့် ဆက်သွယ်လျက်ရှိပြီး ယခုလအတွင်း ခန့်အပ်နိုင်ရန် စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။

“လက်ရွေးစင် အသင်းနည်းပြအတွက် ဆက်သွယ်ဆောင်ရွက်နေတာ နိုင်ငံခြားနည်းပြ ၁၄ဦးလောက်ရှိပါတယ်။ သူတို့ဘက်က ကမ်းလှမ်းတာရှိသလို အဖွဲ့ချုပ်ဘက်က ဆက်သွယ်တာလည်းရှိပါတယ်။ နည်းပြတွေထဲမှာ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်အသင်းကို ကိုင်တွယ်ဖူးတဲ့ နည်းပြအပါအဝင် စင်ကာပူအသင်းနည်းပြဟောင်းအေဗရာဗိုဗစ်လည်းပါဝင်ပါတယ်”ဟု ဘောလုံးအဖွဲ့ချုပ်မှတာဝန်ရှိသူက ပြောသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် လာမည့်မေလတွင် AFC Challenge Cup ပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်ရန်ရှိနေသည်။ ထို့အပြင် ဒေသတွင်းအဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်သည့် ဆူဇူကီးဖလားခြေစစ်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြီးခဲ့သည့်နှစ် စက်တင်ဘာ ၆ရက်က ဟောင်ကောင်လက်ရွေးစင်အသင်းနှင့် တစ်ဂိုးစီသရေကျခဲ့သည့် ခြေစမ်းပွဲစဉ်သည် မြန်မာ့လက်ရွေးစင်အသင်း၏ ၂၀၁၃ခုနှစ်အတွင်း နောက်ဆုံးကစားခဲ့သည့် ပွဲစဉ်ဖြစ်ပြီး ၂၀၁၄နှစ်ဆန်းပိုင်းအထိ လက်ရွေးစင်အသင်းကို ပြန်လည်ဖွဲ့စည်းနိုင်ခြင်းမရှိသေးပေ။ နည်းပြခန့်အပ်ပြီးပါက လက်ရွေးစင်ဘောလုံးအသင်းအား အမြန်ဆုံးဖွဲ့စည်းရန် စီစဉ်သွားမည်ဖြစ်ကြောင်း အဖွဲ့ချုပ်တာဝန်ရှိသူကပြောသည်။ မြန်မာ့လက်ရွေးစင်အသင်းကိုပြီးခဲ့သည့် ၂နှစ်အတွင်းက တောင်ကိုရီးယားနည်းပြပတ်ဆောင်ဟွာက မြန်မာယူ-၂၂အသင်းနှင့် ပူးတွဲကိုင်တွယ်ခဲ့သည်။

ပတ်ဆောင်ဟွာသည် အိမ်ရှင်ပြုလုပ်ခဲ့သည့် ၂၀၁၃ဆီးဂိမ်းပြိုင်ပွဲဝင်မြန်မာယူ-၂၃အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲတွင် အုပ်စုအဆင့်မှ ထွက်ခဲ့ရသည့်အတွက် နည်းပြချုပ်ရာထူးမှ ထုတ်ပယ်ခြင်းခံခဲ့ရသည်။

# လာဇီယို – ဂျူဗင်တပ်၊ ဘာစီလိုနာ – မာလာဂါ ထိပ်တိုက်တွေ့ဆုံမှုများနဲ့ ဒီတစ်ပတ် ဥရောပလိဂ်ပွဲစဉ်များ

**ကိုအေးမြတ်**

ဒီတစ်ပတ် ဥရောပထိပ်တန်းလိဂ်ပွဲစဉ်တွေမှာ အင်္ဂလန်ပရီးမီးယားလိဂ်ပွဲစဉ်(၂၃)ကတော့ နောက်တစ်ပတ်မှကစားမှာကြောင့် အီတလီ စီးရီးအေနဲ့ စပိန်လာလီဂါ၊ ပြင်သစ်လိဂ်လီဂူးဝမ်းရဲ့ ပီအက်စ်ဂျီ၊ မိုနာကိုတို့ရဲ့ ပွဲတွေကို ထည့်သွင်းခန့်မှန်းလိုက်ပါတယ်။

**စီးရီးအေ**

**၂၆၊ ဇန်နဝါရီ၊ တနင်္ဂနွေ**

**လာဇီယို-ဂျူဗင်တပ်**

**(နံနက် ၂း၁၅ နာရီ)**

**ပကျော့ရလဒ် ၁-၄**

လာဇီယိုတို့ အိမ်ကွင်းရလဒ်ပိုင်းကောင်းတတ်တာကို သတိထားရပါမယ်။ ဂျူဗင်တပ်ဇယားထိပ်က အမှတ်ဖြတ်ထားနိုင်ပေမယ့် မထင်မှတ်ဘဲ သရေကျနိုင်ခြေလည်းရှိတယ်။ ပုံမှန်ခြေစွမ်းအရတော့ ဂျူဗီတို့ ဂိုးအနည်းနဲ့ ကပ်နိုင်ခြေရှိပါတယ်။

**ဗီရိုနာ-ရိုးမား**

**(ညနေ ၆း၀၀ နာရီ)**

**ပကျော့ရလဒ် ၀-၃**

ဒီရာသီခြေစွမ်းအကောင်းဆုံးဖြစ်နေတဲ့ ညှိ့သည်ရိုးမားကို ဗီရိုနာတို့ နိုင်ခြေမရှိသလောက်ဖြစ်နေတယ်။ ဗီရိုနာအိမ်ကွင်းခြေစွမ်းမဆိုးပေမယ့် ရိုးမားက ဂိုးအရင်သွင်းပြီး နှစ်ဂိုးလောက်နဲ့ပွဲဖြတ်သွားနိုင်တယ်။

**အင်တာမီလန်-ကာတာနီးယား**

**(ည ၈း၃၀ နာရီ)**

**ပကျော့ရလဒ် ၃-၀**

အင်တာတို့ သွင်းဂိုးများနိုင်တယ်။ ဇယားအောက်ဆုံးနားက ကာတာနီးယားတို့ လိဂ်မှာ ပေးဂိုးအများဆုံးဖြစ်နေသလို အင်တာတို့ အရင်လိဂ်ပွဲတွေမှာ နာပိုလီ၊ မီလန်တို့နဲ့ အကြိတ်အနယ်ကစားသလို ကစားရဖို့မရှိဘဲ အေးဆေးအနိုင်ရသွားပါလိမ့်မယ်။

**ကတ်ဂလီယာရီ-မီလန်**

**(ည ၈း၃၀ နာရီ)**

**ပကျော့ရလဒ် ၁-၃**

မီလန်တို့ နည်းပြသစ်ဆီးဒေါ့ဖ်လက်ထဲမှာ ပထမဆုံးရင်ဆိုင်ရတဲ့ အဝေးကွင်းပွဲပါပဲ။ မီလန်တို့ပြီးခဲ့တဲ့အဝေးကွင်းငါးပွဲမှာ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးနဲ့ တစ်ပွဲပဲနိုင်ထားတယ်။ ကတ်ဂလီယာရီလည်း သရေပွဲများနေတဲ့အသင်းပါ။ မီလန်ဂိုးအနည်းနဲ့ပဲ ကပ်နိုင်ပါတယ်။

**လာလီဂါ**

**၂၅၊ ဇန်နဝါရီ၊ စနေ**

**ရီးရဲလ်မက်ဒရစ်-ဂရင်းနေဒါ**

**(ည ၉း၃၀ နာရီ)**

**ပကျော့ရလဒ် ၁-၀**

ရီးရဲလ်တို့ ဂရင်းနေဒါကို ဂိုးပြတ်မနိုင်တာကြာပါပြီ။ သတိထားရမယ့် အိမ်ကွင်းပွဲဖြစ်ပါတယ်။ ဒါပေမဲ့ ဆက်တိုက်နိုင်ပွဲဆက်နေတဲ့ရီးရဲလ်ပဲ အနိုင်သေချာတယ်။ နှစ်ဂိုးလောက်ရနိုင်ခြေရှိပါမယ်။

**၂၆၊ ဇန်နဝါရီ၊ တနင်္ဂနွေ**

**ဗလင်စီယာ-အက်စ်ပန်ညို**

**(နံနက် ၁း၃၀ နာရီ)**

**ပကျော့ရလဒ် ၁-၃**

ဗလင်စီယာ နိုင်ပွဲပျောက်တာ အချိန်ကြာနေပြီး အက်စ်ပန်ညိုကလည်း အဝေးကွင်းနိုင်ပွဲနဲ့ သရေတော်တော်နည်းတယ်လို့ ပြောနိုင်တဲ့ အသင်းပါ။ ဗလင်စီယာဘက်ကပဲ အိမ်ရှင်အစွဲနဲ့ နေသင့်တယ်။ ပထမအကျော့တုန်းကလို ဂိုးမများနိုင်ဘူး။

**၂၇၊ ဇန်နဝါရီ၊ တနင်္လာ**

**ဗယ်လီကာနို-အက်သလက်တီကိုမက်ဒရစ်**

**(နံနက် ၀၀း၃၀ နာရီ)**

**ပကျော့ရလဒ် ၀-၅**

ပထမအကျော့ရလဒ်အတိုင်းမဖြစ်ပေမယ့် လာလီဂါမှာ ပေးဂိုးအများဆုံး ဗယ်လီကာနိုကို ဇယားထိပ်ပိုင်းက အက်သလက်တီကိုမက်ဒရစ်တို့ အနိုင်ရနိုင်ခြေများတယ်။ သွင်းဂိုးနှစ်ဂိုးနဲ့အထက်ဖြစ်နိုင်တဲ့ပွဲပါ။

**ဘာစီလိုနာ-မာလာဂါ**

**(နံနက် ၂း၃၀ နာရီ)**

**ပကျော့ရလဒ် ၁-၀**

ဘာကာတို့ အိမ်ကွင်းမှာ ကျိန်းသေနီးပါးနိုင်ဖို့ရှိတယ်။ အက်သလက်တီကိုနဲ့ ဂိုးမရှိသရေကျပြီး နောက်ပိုင်းတစ်ပွဲကို လေးဂိုးနဲ့အထက်စီသွင်းထားတဲ့ ဘာကာတိုက်စစ် ဒီပွဲမှာလည်း နှစ်ဂိုးနဲ့အထက်ရနိုင်ခြေရှိပါတယ်။

**လီဂူးဝမ်း**

**၂၅၊ ဇန်နဝါရီ၊ စနေ**

**ဂူအင်ဂမ့်-ပီအက်စ်ဂျီ**

**(ည ၁၀း၃၀ နာရီ)**

**ပကျော့ရလဒ် ၀-၂**

ပီအက်စ်ဂျီဇယားမှာ အမှတ်ဖြတ်ထားပြီး ဆက်လက်ဦးဆောင်ဖို့ကြိုးစားမယ့်ပွဲပါ။ အဝေးကွင်းရှုံးပွဲတစ်ပွဲသာရှိသေးတဲ့ ပီအက်စ်ဂျီ အနည်းဆုံး ၂-၀၊ ၂-၁ ဂိုး ရလဒ်တွေနဲ့ နိုင်သွားမယ့်ပွဲပါ။ မိုဇစ်၊ ကာဗာနီတို့ရဲ့ သွင်းဂိုးတွေကို ထပ်မြင်ရပါလိမ့်မယ်။

**၂၇၊ ဇန်နဝါရီ၊ တနင်္လာ**

**မိုနာကို-မာဆေးလ်**

**(နံနက် ၂း၃၀ နာရီ)**

**ပကျော့ရလဒ် ၂-၁**

မိုနာကိုတို့ပထမအကျော့က အကြိတ်အနယ်ကစားပြီး ကပ်နိုင်ခဲ့သလို အဝေးကွင်းနှစ်ပွဲဆက်တိုက် ပြန်နိုင်ထားလို့ သတိထားရမယ့်ခြေစွမ်းရှိနေဆဲပါ။ မာဆေးလ်ရဲ့ အာရူး၊ ဂစ်ညက်တို့ထက် မိုနာကိုရဲ့ ဖယ်ကာအိုက ဂိုးသွင်းစွမ်းရည် ပိုပြသွားနိုင်တဲ့ပွဲပါ။ မိုနာကိုနိုင်ပါလိမ့်မယ်။






HUAWEI
MAKE it POSSIBLE
NEW YEAR NEW DREAM
၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့ မှ ၃၁ ရက်နေ့ အထိ
HUAWEI ဟန်းဆက် မည်သည့်အမျိုးအစားကိုမဆို ဝယ်ယူ၍
ချက်ချင်းခြစ်ပြီး အောက်ပါဆုများကို ရယူပါ။
အထူးဆု
၁၀ ဦး
ပေလီကမ်းခြေ အပန်းဖြေ ခရီးသွားခွင့်
အလုံး ၂၀
Huawei Ascend P6
အလုံး ၂၀
Huawei Ascend Mate
၂၂ လုံး
Huawei G610
အလုံး ၂၀
Huawei G700
၁၀ ဦး
နာမည်ကြီးအနုပညာရှင်
နှင့်အတူ ညစာစားခွင့်
Grand Final ပွဲကြီးကို ၂.၂.၂၀၁၄ တွင် Traders Hotel ၌ခမ်းနားစွာကျင်းပမည်ဖြစ်ပါသည်။
မှတ်ချက် –
● အပန်းဖြေခရီးသွားခွင့် ကံထူးရှင်များအား နေ့ရက်ကို အကြောင်းကြားပေးပါမည်၊
● Handset ကံထူးရှင်များအား Grand Final ပွဲတွင် ဆုချီးမြှင့်ပေးပါမည်၊
● ညစာစားခွင့်ကံထူးရှင်များသည် Grand Final ပွဲသို့ တက်ရောက်ခွင့်ရမည် ဖြစ်ပါသည်၊
ဝယ်ယူနိုင်သည့်နေရာများ
● New Year အရောင်းမြှင့်တင်ရေး ပြုလုပ်ထားသော HUAWEI ဖုန်းအရောင်းဆိုင်များ
● Roadshow ကျင်းပပြုလုပ်သည့်နေရာများ
ထူးခြားပျော်ရွှင် Roadshow အစီအစဉ်
နံနက် ၁၁:၀၀ မှ ည ၉:၀၀ အထိ
နေ့ရက် နေရာ
၁၂.၁.၂၀၁၄ (တနင်္ဂနွေနေ့) Junction Square
၁၉.၁.၂၀၁၄ (တနင်္ဂနွေနေ့) တော်ဝင်စင်တာ
၂၆.၁.၂၀၁၄ (တနင်္ဂနွေနေ့) ဒဂုံစင်တာ II
နာမည်ကြီး အဆိုတော်များ၏ သီဆိုဖျော်ဖြေမှု
Magic Show
ဂိမ်း ကစားနည်း အမျိုးမျိုး

# မက္ကဆီကိုနိုင်ငံတွင် ဒုက္ခကြုံတွေ့နေသော ပြည်နယ်မှ ထိပ်တန်းလုံခြုံရေးအရာရှိများ အစားထိုးလဲလှယ်

**မက္ကဆီကိုစီးတီး၊ ဇန်နဝါရီ-၁၈**

အင်အားကြီးမားသော မူးယစ်ဆေးဝါးဂိုဏ်းနှင့် လက်နက်ကိုင်ထားသော မိမိဒေသကို ကိုယ်တိုင်စောင့်ရှောက်သူများကြား ပဋိပက္ခကြောင့် အကျပ်ရိုက်နေသည့် နိုင်ငံအနောက်ပိုင်းပြည်နယ်တွင် ထိပ်သီးလုံခြုံရေးအရာရှိများနှင့် အစားထိုးလဲလှယ်သွားမည်ဖြစ်ကြောင်း မက္ကဆီကိုအရာရှိများက ပြောကြားသည်။

မီချိုအာကန်ပြည်နယ် ရှေ့နေချုပ်အသစ်ခန့်အပ်လိုက်ပြီး ဒေသဆိုင်ရာအစိုးရရှေ့နေရုံး ထိပ်သီးအရာရှိများကိုလည်း အစားထိုးခန့်အပ်လိုက်သည်ဟု ပြည်နယ်အုပ်ချုပ်ရေးမှူး ဖော်စတိုဗီလာဟိုကပြောကြားသည်။ ထို့ပြင် အဆင့်မြင့်ရဲအရာရှိကြီးများကိုလည်း လဲလှယ်လိုက်သည်။

ဆင်းရဲသော၊ ကျေးလက်ဒေသပြည်နယ်တွင် တည်ငြိမ်အေးချမ်းမှုပြန်ရရေး အစိုးရက ယခုသီတင်းပတ်အတွင်း ပိုမိုကြိုးပမ်းလာခဲ့သည်။ ယင်းပြည်နယ်တွင် သွေးထွက်သံယိုအကြမ်းဖက်မှုများဖြစ်ပေါ်ခဲ့၍ ၂၀၀၉ ခုနှစ်မှစ၍ နိုင်ငံ့အာဏာရယူခဲ့သော သမ္မတပင်ညာနီယက်တို၏ မှတ်တမ်းတွင်အမည်းစက်ထင်ခဲ့ရသည်။

မီချိုအာကန်ပြည်နယ်အရေးကြောင့် တည်ငြိမ်အေးချမ်းမှုထိန်းသိမ်းနိုင်ရေး သမ္မတ၏အရည်အချင်းအပေါ် စိုးရိမ်မှုများရှိခဲ့ပြီး မက္ကဆီကိုနိုင်ငံသုံးငွေ ပီဆိုမှာ သုံးလခွဲအတွင်း တန်ဖိုးအနိမ့်ဆုံးသို့ ကျဆင်းခဲ့သည်။ မီချိုအာကန်ပြည်နယ်တွင် အင်အားကြီးသော Khights Templar မူးယစ်ဂိုဏ်းကို မိမိဘာသာ လက်နက်ကိုင်လုံခြုံရေးလုပ်သော ဒေသခံများက တိုက်ထုတ်ပြီး ဂိုဏ်းအဖွဲ့၏ အမာခံနယ်မြေများကိုပါဝင်ရောက်နေရာယူနေသည်။ *—Ref: Reuters*



*မက္ကဆီကိုနိုင်ငံ မီချိုယာကန်ပြည်နယ်တွင် မူးယစ်ဆေးမှောင်ခိုဂိုဏ်းအဖွဲ့ဝင်များထံမှ သိမ်းဆည်းရမိသည့် လက်နက်များကို ကြည့်နေသည့် ကိုယ်ထူကိုယ်ထကာကွယ်ရေးအဖွဲ့ဝင်များ။ ယင်းဒေသတွင် မက္ကဆီကို ဖက်ဒရယ်စစ်တပ်က ပြည်နယ်တွင်း မြို့ပေါင်း ၂၀ ခန့်တွင် ရဲတပ်ဖွဲ့တာဝန်များကို လွှဲပြောင်းရယူထားပြီး ကိုယ်ထူကိုယ်ထ ပြည်သူ့ကာကွယ်ရေးအဖွဲ့များမှာလည်း မူးယစ်ဂိုဏ်းများနှင့် တိုက်ခိုက်နေသည်။*

HECTOR GUERRERO/AFP

# မက်ဒါဂါစကာနိုင်ငံသမ္မတရွေးကောက်ပွဲ အာဏာသိမ်းခေါင်းဆောင်က ထောက်ခံခဲ့သူအနိုင်ရ

**မက်ဒါဂါစကာ၊ ဇန်နဝါရီ-၁၈**

မက်ဒါဂါစကာနိုင်ငံ၏ ဒီမိုကရေစီပြန်လည်ထူထောင်ရေး ရည်ရွယ်ကျင်းပသော သမ္မတရွေးကောက်ပွဲတွင် ရာဂျာအိုနာရီမန်ပီယာနီနာမှာ သမ္မတအဖြစ်ရွေးကောက်တင်မြှောက်ခံရသည်။ ကနေဒါနိုင်ငံတွင် ပညာသင်ကြားခဲ့သော ဘဏ္ဍာရေးဝန်ကြီးဟောင်းအား ၂၀၀၉ ခုနှစ်တွင် နိုင်ငံကို အာဏာသိမ်းခဲ့သော အန်ဒရီရာဂျိုလီနာက ထောက်ခံခဲ့သည်။

မဲအရေအတွက် ၅၃ ရာခိုင်နှုန်းကျော်ဖြင့် ရာဂျာအိုနာရီမန်ပီယာနီနာ(၅၅)နှစ်အား မက်ဒါဂါစကာသမ္မတနိုင်ငံ၏ သမ္မတအဖြစ် တရားဝင်ကြေညာလိုက်သည်ဟု ရွေးကောက်ပွဲတရားရုံးဥက္ကဋ္ဌ ဖရန်ဆွာရာကိုတိုဖာဇီကပြောကြားသည်။

ရွေးကောက်ခံသမ္မတသစ်ကလည်း အိန္ဒိယသမုဒ္ဒရာအတွင်းမှ ကျွန်းနိုင်ငံကြီးပွားတိုးတက်ရေးအတွက် အတိုက်အခံများနှင့် ပူးတွဲလုပ်ကိုင်သွားမည်ဟု ပြောကြားသည်။

"ခွဲခြားမှုမရှိဘဲ ခင်ဗျားတို့အားလုံးရဲ့သမ္မတဖြစ်စေရပါမယ်။ နိုင်ငံကိုဖွံ့ဖြိုးတိုးတက်အောင်လုပ်ဖို့ခင်ဗျားတို့ကို အကူအညီတောင်းပါတယ်"ဟု တရားရုံးကြေညာချက်ထွက်ပေါ်လာပြီးနောက် မြို့တော်မာလာဂါစီတွင် ရွေးကောက်ခံသမ္မတကပြောကြားသည်။

၎င်းအားထောက်ခံခဲ့သော သြဇာကြီးသူရာဂျိုလီနာသည်လွန်ခဲ့သည့်ငါးနှစ်က ထိုစဉ်က သမ္မတရာဗာလိုမာနာနာထံမှ အာဏာသိမ်းယူခဲ့ပြီး မက်ဒါဂါစကာနိုင်ငံကို စီးပွားရေးနှင့် နိုင်ငံရေးအကျပ်အတည်းဖြစ်ပေါ်စေခဲ့သည်။

*—Ref: AFP*



7DAY NEWS JOURNAL
Vol.12, No.46 • JANUARY 22 , 2014

# အယ်လ်ကိုင်ဒါအဖွဲ့ကို ထိုးစစ်ဆင်ပြီဟု အီရတ်အစိုးရကြေညာ

**ဘဂ္ဂဒက်၊ ဇန်နဝါရီ-၂၀**

ခရိုင်မြို့တော်တစ်ခုမှ အယ်လ်ကိုင်ဒါစစ်သွေးကြွများကို အီရတ်အစိုးရတပ်ဖွဲ့များနှင့် မဟာမိတ်လူမျိုးစု ပြည်သူ့စစ်တပ်ဖွဲ့များက ဇန်နဝါရီ ၁၉ ရက်တွင် အင်အားအလုံးအရင်းဖြင့် တိုက်ခိုက်မှုစတင်လိုက်ကြောင်း အရာရှိများက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုတွင် ရဲတပ်ဖွဲ့ဝင်များ၊ အစိုးရနှင့် မဟာမိတ်ဖွဲ့ထားသည့် လူမျိုးစုဝင် ၂၀ ခန့်သေဆုံး(သို့မဟုတ်)ဒဏ်ရာရရှိခဲ့သည်။

အီရတ်နိုင်ငံအနောက်ပိုင်း အန်ဘာခရိုင် မြို့တော်ရာမာဒီကို အယ်လ်ကိုင်ဒါအဖွဲ့၏ အဖွဲ့ခွဲတစ်ခုဖြစ်သော အီရတ်အစ္စလာမ်မစ်နိုင်ငံတော် ISIL အဖွဲ့က ဒီဇင်ဘာလမှစ၍ ထိန်းချုပ်ထားခဲ့သည်။

ရာမာဒီမြို့တွင် ဇန်နဝါရီ ၁၉ ရက် ညက ပြင်းထန်သော တိုက်ပွဲများဖြစ်ပွားခဲ့သည်ဟု စစ်ဘက်ဆိုင်ရာအရာရှိတစ်ဦးနှင့် ဒေသခံအရာရှိနှစ်ဦးက ပြောကြားသော်လည်း အသေးစိတ်ကို ပြောကြားခြင်းမရှိပေ။

ပြင်းထန်သောတိုက်ခိုက်မှုများအပြီးတွင် စစ်သွေးကြွများထံမှ အယ်လ်ဘူဘာလီကျေးရွာကို အစိုးရအထူးတပ်ဖွဲ့များက ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်ဟု အန်ဘာခရိုင်စစ်ဆင်ရေးတပ်မှူး ဒုဗိုလ်ချုပ်ကြီးရာရှိဖလိက ပြောသည်။

အယ်လ်ဘူဘာလီမြို့မှာ ရာမာဒီနှင့် ဖော်လူဂျာမြို့သို့ သွားရာလမ်းပေါ်တွင် တည်ရှိသည်။

သေနတ်သမားများသည် ယင်းကျေးရွာမှမထွက်ခွာမီ လူနေအိမ်များစွာတွင် ထောင်ချောက်ဆင်ထားခဲ့ကြောင်း ၎င်းကပြောကြားသော်လည်း သေဆုံးသူအရေအတွက်ကိုမူ ပြောကြားခဲ့ခြင်းမရှိပေ။

ယင်းစီးနင်းတိုက်ခိုက်မှုအတွင်း ရဲတပ်ဖွဲ့ဝင်နှင့် လူမျိုးစုဝင် ၂၀ ဦးသေဆုံး(သို့မဟုတ်)ဒဏ်ရာရရှိခဲ့သည်ဟု အန်ဘာခရိုင်မှ အရာရှိနှစ်ဦးကပြောကြားသည်။

ထိုးစစ်ဆင်တိုက်ခိုက်ကြောင်း ကြေညာပြီး နာရီများစွာအကြာတွင် အကြမ်းဖက်သမားများကို ဆက်လက်တိုက်ခိုက်သွားမည်ဟု အီရတ်ဝန်ကြီးချုပ်မာလီကီက ကြုံးဝါးလိုက်သည်။

သို့သော် နိုင်ငံရေးအရဖြေရှင်းရန် တံခါးဖွင့်ထားသည်ဟုလည်း ၎င်းကပြောသည်။

အီရတ်နိုင်ငံတွင် ဆူပူအုံကြွမှု အပြင်းထန်ဆုံးအချိန်၌ အမေရိကန်တပ်များက ဖွဲ့စည်းပေးခဲ့သော ဆွန်နီမွတ်ဆလင် ပြည်သူ့စစ်အဖွဲ့ကို အယ်လ်ကိုင်ဒါအဖွဲ့နှင့် ဆက်နွယ်သည့် ဒေသဆိုင်ရာ အဖွဲ့ခွဲနှင့် အခြားသော စစ်သွေးကြွများက သစ္စာဖောက်များအဖြစ် ရှုမြင်ကြသည်။

အီရတ်နိုင်ငံရှိ အယ်လ်ကိုင်ဒါအဖွဲ့ခေါင်းဆောင် အဘူဘာကာအယ်လ်ဘာဒါဒီက အီရတ်နိုင်ငံ၏ ဆွန်နီမွတ်ဆလင်များအနေဖြင့် စစ်သွေးကြွအဖွဲ့များနှင့် ပူးပေါင်းကြရန် စစ်သွေးကြွများ သုံးစွဲသည့်ဝက်ဘ်ဆိုက်တစ်ခုတွင် ဇန်နဝါရီ ၁၉ ရက်က တိုက်တွန်းထားသည်။

*—Ref: AP*

# ထောက်လှမ်းမှုမလုပ်နိုင်သော စကားဝှက်ဖုန်းသစ်များ ဖေဖော်ဝါရီလတွင် စတင်ရောင်းချမည်

**ဝါရှင်တန်၊ ဇန်နဝါရီ-၂၀**

အစိုးရ၏ကြားဖြတ်နားထောင်မှုများ၊ ပြိုင်ဘက်များနှင့် ဟက်ကာများက ချိုးဖောက်ဝင်ရောက်ခြင်းမပြုနိုင်သော စကားဝှက်စနစ်အသုံးပြု ဖုန်းများကို ဖေဖော်ဝါရီလတွင် စတင်ရောင်းချတော့မည်ဖြစ်သည်။

Blackphone ဟုခေါ်သော ဖုန်းကို လုံခြုံသော ဆက်သွယ်ရေးနည်းပညာကုမ္ပဏီ Silent Circle နှင့်စပိန်နိုင်ငံအခြေစိုက် ဖုန်းထုတ်လုပ်သည့် Geeksphone ကုမ္ပဏီတို့က ပူးပေါင်းဖော်ထုတ်ပြီး ရောင်းချမည်ဖြစ်သည်။

Silent Circle ကုမ္ပဏီကို ၂၀၁၁ ခုနှစ်တွင်စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၃ မှစတင်၍ စမတ်ဖုန်းများ၌ စကားဝှက်ဖြင့်ရေးသားထားသော မက်ဆေ့ချ်များ၊ ဗီဒီယိုများပေးပို့နိုင်သည့် app များနှင့် အခြားဝန်ဆောင်မှုများကို စတင်ဖော်ထုတ်ခဲ့သည်။

Blackphone မှာ ယင်းဝန်ဆောင်မှုများကို ချဲ့ထွင်မှုဖြစ်သည်ဟု Silent Circle ကုမ္ပဏီအမှုဆောင်အရာရှိချုပ် မိုက်ဂျန်ကီက ပြောကြားသည်။ မိုက်ဂျန်ကီသည် အမေရိကန်ရေတပ် (SEAL)အထူးတပ်ဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်ပြီး အခြားအထူးတပ်ဖွဲ့ဟောင်းများနှင့် ဆီလီကွန်တောင်ကြားမှ စကားဝှက်စနစ် ကျွမ်းကျင်သူများဖြင့် Silent Circle ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

အက်ဒဝပ်စနိုးဒန် ပေါက်ကြားစေခဲ့သော ကန်အမျိုးသားထောက်လှမ်းရေးအစီအစဉ်၏ ဖုန်းကြားဖြတ်နားထောင်မှုအကြောင်းများ ထွက်ပေါ်မလာမီကပင် ၎င်းတို့ကုမ္ပဏီက စကားဝှက်ဖုန်းစနစ်ကို စတင်လုပ်ကိုင်နေခဲ့သည်ဟု မိုက်ဂျန်ကီကပြောသည်။

Blackphone အား ဖော်ထုတ်ရောင်းချခြင်းမပြုမီ ဖုန်း၏ အသေးစိတ်အချက်အလက်များနှင့် ဈေးနှုန်းသတ်မှတ်ချက်ကို SilentCircle က ပြောကြားရန်ငြင်းဆန်သည်။ သို့သော် ဖုန်းမှာအိပ်ကပ်ထဲ၌ထည့်သွင်းနိုင်သော အရွယ်ရှိပြီး သူငယ်ချင်းမိတ်ဆွေများကြား ဝင်ဆံ့အံ့ဩစေနိုင်သည်ဟု မိုက်ကပြောသည်။ ယင်းဖုန်းများကို ကမ္ဘာတစ်ဝန်းတွင် ရောင်းချသွားမည်ဖြစ်ပြီး iPhone 5S နှင့် ဆမ်ဆောင်း Galaxy S4 ထက်ဈေးလျှော့မည်ဟု အမှုဆောင်အရာရှိချုပ်မိုက်ဂျန်ကီကပြောသည်။

*—Ref: AFP*



7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.12, No.46 • JANUARY 22 , 2014



# အီဂျစ်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် မဲပေးသူ ရာနှုန်းပြည့်နီးပါး ထောက်ခံမဲပေး

**ကိုင်ရို၊ ဇန်နဝါရီ-၁၉**

လူထုဆန္ဒခံယူပွဲအတွင်း မဲပေးသူ စုစုပေါင်း၏ ၉၈ ဒသမ ၁ ရာခိုင်နှုန်းက အီဂျစ်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ထောက်ခံမဲပေးခဲ့ကြကြောင်း အာဏာပိုင်များကပြောသည်။

မဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း ၅၃ သန်း၏ ၃၈ ဒသမ ၆ ရာခိုင်နှုန်းက ယင်းဖွဲ့စည်းပုံအခြေခံဥပဒေကို ထောက်ခံခဲ့ကြကြောင်း ရွေးကောက်ပွဲကော်မတီကပြောသည်။ သမ္မတမော်စီ ရာထူးမှဖြုတ်ချမခံရမီ ဝင်းပြဋ္ဌာန်းခဲ့သောဖွဲ့စည်းပုံအခြေခံဥပဒေနေရာတွင် ယခုဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြင့် အစားထိုးမည်ဖြစ်သည်။



ဇန်နဝါရီ ၁၅ ရက်က အီဂျစ်နိုင်ငံ မြို့တော်ကိုင်ရိုတွင် မဲများရေတွက်နေစဉ်

KHALED DESOUKI/AFP

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လူထုဆန္ဒခံယူပွဲကို မော်စီ၏ မွတ်ဆလင်ဘရားသားဟုဒ်အဖွဲ့က သပိတ်မှောက်ခဲ့သည်။ ပြီးခဲ့သည့်ဇူလိုင်လအတွင်း စစ်တပ်က မော်စီကိုရာထူးမှဖြုတ်ချမှုအပေါ် သဘောထားခံယူခြင်းအဖြစ် ယင်းဆန္ဒခံယူပွဲကို အများကရှုမြင်ကြသည်။

လူထုဆန္ဒခံယူပွဲစတင်ကျင်းပသည့် ပထမနေ့တွင် မော်စီထောက်ခံသူများ ပါဝင်သည့် အကြမ်းဖက်မှုအတွင်း လူများစွာသေဆုံးခဲ့သည်။ ဇန်နဝါရီ ၁၇ ရက်ကလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပဋိပက္ခဖြစ်ပွားပြီး လူလေးဦးသေဆုံးသွားကြောင်း ကျန်းမာရေးဝန်ကြီးဌာနကပြောသည်။

ယင်းလူထုဆန္ဒခံယူပွဲရလဒ်ကို မကြုံစဖူးရလဒ်နှင့် ပြိုင်ဘက်မရှိအောင်မြင်ခြင်းဟု ရွေးကောက်ပွဲကော်မရှင်က ပြောကြားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တွင် အာမခံထားသော လွတ်လပ်ခွင့်နှင့် လူ့အခွင့်အရေးများ အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်ရန် ကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက အီဂျစ်နိုင်ငံကိုတိုက်တွန်းထားသည်။

ယင်းဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို အစ္စလာမ်မစ်ပါတီများမှ ကိုယ်စားလှယ်နှစ်ဦးတည်းသာ ပါဝင်သည့် အဖွဲ့ဝင် ၅၀ ဦး ပါဝင်သော ကော်မတီက ရေးဆွဲထားခြင်းဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေသစ် အရသမ္မတမှာလေးနှစ်သက်တမ်း နှစ်ကြိမ်တာဝန်ထမ်းဆောင်လိုက ထမ်းဆောင်နိုင်ပြီး လွှတ်တော်က သမ္မတကို စွဲချက်တင်နိုင်သည်။ အစ္စလာမ်ဘာသာကို နိုင်ငံတော်ဘာသာအဖြစ် သတ်မှတ်သော်လည်း လွတ်လပ်စွာကိုးကွယ်ခွင့်ပြုကာ လူနည်းစုများကို ကာကွယ်ခွင့်အချို့ပေးထားသည်။ နိုင်ငံရေးပါတီများကို ဘာသာရေး၊ လူမျိုးရေး၊လိင်ကွဲပြားမှု(သို့မဟုတ်)ပထဝီအနေအထားအရဖွဲ့စည်း၍မရပေ။

*—Ref: BBC*

# ရုရှားနှင့်တရုတ် ရေတပ်ဖွဲ့ဝင်များ မြေထဲပင်လယ်တွင် ပူးတွဲစစ်ရေးလေ့ကျင့်မည်

**မော်စကို၊ ဇန်နဝါရီ-၁၉**

ဆီးရီးယားဓာတုလက်နက်များ ဘေးကင်းလုံခြုံစွာသယ်ယူပို့ဆောင်ရေး နိုင်ငံတကာလုပ်ငန်းတွင် ပါဝင်ကူညီနေသော ရုရှားနှင့် တရုတ်ရေတပ်ဖွဲ့များသည် မြေထဲပင်လယ်၌ပူးတွဲနည်းဗျူဟာလေ့ကျင့်မှုတစ်ရပ် လုပ်ဆောင်ဖွယ်ရှိကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

မြေထဲပင်လယ်တွင် အမြဲတမ်းတပ်စွဲထားသော ချူကလီးယားစွမ်းအင်သုံး ဒုံးကျည်တင်သင်္ဘော ပရိုတာဗီလီကီမှ ရုရှားတပ်မှူးများသည် တရုတ်ကင်းလှည့်သင်္ဘော ယန်ချန်းသို့ လည်ပတ်ခဲ့သည်။ ယင်းသို့ လည်ပတ်ချိန်တွင် မြေထဲပင်လယ်၌ နှစ်ဖက်နည်းဗျူဟာလေ့ကျင့်မှုများလုပ်ရန် သဘောတူခဲ့ကြပြီး ရုရှားနှင့်တရုတ်သင်္ဘောများ စစ်ဆင်ရေးပုံစံချိတ်ဆက်မှုများတိုးမြှင့်နိုင်ရေး မကြာမီမှာပင် လေ့ကျင့်ရေးလုပ်သင့်သည်ဟု နှစ်ဖက်သဘောတူခဲ့ကြသည်။

ယင်းလေ့ကျင့်မှုများတွင် စစ်ဆင်ရေးဆိုင်ရာ အဖွဲ့လိုက်လေ့ကျင့်မှု၊ လက်ရှိ အကြမ်းဖက်ခြိမ်းခြောက်မှုကို တိုက်ဖျက်ခြင်း၊ ပင်လယ်ပြင်ကယ်ဆယ်ရေးလုပ်ငန်းများ လေ့ကျင့်ရေးပုံစံများ ပါဝင်သည်ဟု ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ရုရှားနှင့်တရုတ်စစ်သင်္ဘောများသည် ဆီးရီးယားဓာတုလက်နက်များပို့ဆောင်မှု လုံခြုံရေးဆောင်ရွက်ရာတွင်လည်း ပူးပေါင်းလုပ်ဆောင်ခဲ့ကြသည်။

*—Ref: Ria Novosti*



7DAY NEWS JOURNAL

# International

Vol.12, No.46 • JANUARY 22 , 2014



MADAREE TOHLALA/AFP

ထိုင်းနိုင်ငံတောင်ပိုင်း နာရာသီဝပ်ပြည်နယ် ခွဲထွက်ရေးဝါဒီ စစ်သွေးကြွများ၏လက်ချက်ဟု သံသယရှိသည့် စာသင်ကျောင်းဗုံးပေါက်ကွဲမှုတွင် ထိုင်းအထူးတပ်ဖွဲ့ဝင်ငါးဦး ဒဏ်ရာရခဲ့ရာ ကျောင်းအတွင်း ပေါက်ကွဲမှုဖြစ်သည့်နေရာကို ဗုံးရှာဖွေရေး တပ်ဖွဲ့ဝင်များ စစ်ဆေးနေစဉ်

## မလေးရှားပီနန် အကျဉ်းထောင်တွင် အကျဉ်းသား ခြောက်ရာကျော် အစာအဆိပ်သင့်

**ကျော့ချ်တောင်း၊ ဇန်နဝါရီ-၂၀**

မလေးရှားနိုင်ငံ ပီနန်အကျဉ်းထောင်ရှိ ထောင်သား ၆၄၄ ဦး၏ အစာအဆိပ်သင့်မှုကိုစုံစမ်းနိုင်ရန် နမူနာများကို ဓာတ်ခွဲခန်းသို့ ပေးပို့လိုက်ပြီဖြစ်သည်။

မလေးရှားကျန်းမာရေးဌာန လက်ထောက်အထွေထွေအတွင်းရေးမှူး ဒါတွတ်ဟာကင်မ်ဆူလေမန်က ထောင်တွင်းအကျဉ်းသားများနှင့် အစားအသောက်များထဲမှ နမူနာများကိုရယူကာ ဓာတ်ခွဲခန်း ပေးပို့လိုက်ပြီဖြစ်ကြောင်း၊ ရလဒ်များကို ငါးရက်ခန့်အတွင်း သိရှိရမည်ဖြစ်ကြောင်းဆိုသည်။ အစာအဆိပ်သင့်မှုဖြစ်ခဲ့သော အကျဉ်းသားများသည် ကြက်သားခရမ်းချဉ်သီးချက်ဟင်းကို သောကြာနေ့က နေ့လယ်စာစားခဲ့ရာမှဖြစ်ကြောင်းဆိုသည်။

ထိုအစားအစာများကို စားဖိုမှူးလေးဦးက ပြင်ဆင်ပေးခဲ့ပြီး အကူချက်ပေးသူ အကျဉ်းသား ၂၉ ဦး ပါဝင်ကြောင်း ၎င်းကပြောသည်။ ထိုနေ့ညတွင် အကျဉ်းသားနှစ်ဦးမှာ အစာအဆိပ်သင့်ခဲ့ပြီး ဝမ်းလျှောအော့အန်ခဲ့ကာ ညလယ်တွင် နောက်ထပ်လူ ၂၀ ထပ်မံဖြစ်ပွားခဲ့သည်။ နောက်တစ်နေ့နံနက်တွင်မူ အကျဉ်းသား ၆၂၂ ဦးမှာလည်း ရောဂါလက္ခဏာများ ပြသခဲ့ကြောင်း ဆိုသည်။

—*Ref: Asiaone/The Star*

## ရုရှားအစ္စလာမ်မစ်အဖွဲ့ ဆိုချီအိုလံပစ်ပွဲကို ခြိမ်းခြောက်သည့်ဗီဒီယိုထွက်ပေါ်

**မော်စကို၊ ဇန်နဝါရီ-၂၀**

ရုရှားနိုင်ငံ မြောက်ကော့ကေးဆပ်ဒေသရှိအစ္စလာမ်မစ်စစ်သွေးကြွအဖွဲ့တစ်ဖွဲ့က ပြီးခဲ့သည့်လတွင် ဗော်ဂိုဂရက်မြို့၌ဖြစ်ပွားသော အသေခံဗုံးခွဲမှုနှစ်ခုမှာ ၎င်းတို့၏ လက်ချက်ဖြစ်သည်ဟု ဇန်နဝါရီ ၁၉ ရက်တွင် ဝန်ခံလိုက်ပြီး ၂၀၁၄ ဖေဖော်ဝါရီ ဆောင်းရာသီအိုလံပစ်အားကစားပွဲကိုတိုက်ခိုက်သွားမည်ဟု ခြိမ်းခြောက်ထားသော ဗီဒီယိုဖိုင်ကို အွန်လိုင်းစာမျက်နှာတွင် တင်လိုက်သည်။

အဆိုပါဗီဒီယိုဖိုင်တွင် ရုရှားဘာသာစကားပြောသည့် အမျိုးသားနှစ်ဦးက "ဒီအိုလံပစ်အားကစားပွဲတွေကို ကျင်းပမယ်ဆိုရင် ကမ္ဘာတစ်ဝန်းမှာ သွေးမြေကျခဲ့ရတဲ့ အပြစ်မဲ့မွတ်ဆလင်တွေအတွက် ခင်ဗျားတို့ကို လက်ဆောင်တစ်ခုပြန်ပေးမယ်။ အဲဒီပွဲကိုလာတဲ့ လူတွေအတွက်လည်း လက်ဆောင်တစ်ခုရှိလိမ့်မယ်"ဟု ရုရှားသမ္မတပူတင်အား ခြိမ်းခြောက်သည်။

ဗီလာယက် ဒါဂက်စတန် စစ်သွေးကြွအဖွဲ့သည် ပြီးခဲ့သည့် ဒီဇင်ဘာလက လူ ၃၄ ဦး အသက်ဆုံးရှုံးစေသည့် အသေခံဗုံးခွဲမှုများမှာ ၎င်းတို့၏လက်ချက်ဖြစ်သည်ဟုလည်း ယင်းဗီဒီယိုဖိုင်တွင် ဝန်ခံထားသည်။

ဗီလာယက်ဒါဂက်စတန်စစ်သွေးကြွအဖွဲ့၏ အွန်လိုင်းဝက်ဘ်ဆိုက်စာမျက်နှာတွင် တင်ထားသော ဗီဒီယိုဖိုင်မှာ ၄၉ မိနစ်ကြာသည့်ဖိုင်တစ်ခုဖြစ်သည်။ ယင်းဗီဒီယိုဖိုင်နှင့်ပတ်သက်၍ ရုရှားလုံခြုံရေးအဖွဲ့များအနေဖြင့် မည်သည့်တုံ့ပြန်မှုမျှမရှိသေးပေ။

ဗီလာယက် ဒါဂက်စတန် အစ္စလာမ်မစ်စစ်သွေးကြွအဖွဲ့သည် မြောက်ကော့ကေးဆပ်ဒေသတွင် လွတ်လပ်သောအစ္စလာမ်နိုင်ငံတော် 'ကော့ကေးဆပ်စော်ဘွားနိုင်ငံ'ကိုထူထောင်ရန်ဖွဲ့စည်းထားသော အဖွဲ့တစ်ဖွဲ့ဖြစ်သည်။ ယင်းဒေသသည် အိုလံပစ်ပွဲကျင်းပမည့် ဆိုချီမြို့၏ အရှေ့ဘက်တွင်ရှိသည်။ ရုရှားအစိုးရသည် အကြမ်းဖက်အန္တရာယ် ကြိုတင်ကာကွယ်ရာတွင် ဆိုချီအိုလံပစ်အားကစားပွဲများအတွက် လုံခြုံရေးစီမံချက်များ တိုးမြှင့်လုပ်ဆောင်ထားပြီဖြစ်သည်။

—*Ref: AP*



MADAREE TOHLALA/AFP

ဒီဇင်ဘာ ၃၀ ရက်က ရုရှားနိုင်ငံတောင်ပိုင်း ဗိုလ်ဂိုဂရက်တွင် ထရော်လီဘတ်စ်ကားအတွင်း အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီး တွေ့ရစဉ်



# တစ်ပတ်အတွင်း သတင်းကောက်နုတ်ချက်

## နိုင်ငံတော်သမ္မတ မကွေးခရီးစဉ်တွင် အမျိုးသမီးတစ်ဦး အော်ဟစ်တိုင်ကြား

နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ မကွေးမြို့ခရီးစဉ်တွင် အမျိုးသမီးတစ်ဦးက တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအရာရှိများမှာ ပြည်သူများ၏ တိုင်ကြားမှုကို လျစ်လျူရှုထားကြောင်း အော်ဟစ်တိုင်ကြားခဲ့သည်။ ဇန်နဝါရီ၁၆ ရက်က မကွေးမြို့တွင် သမဝါယမဝန်ကြီးဌာနကကျင်းပသည့် အခမ်းအနားသို့ သမ္မတဦးသိန်းစိန်တက်ရောက်ပြီး ပြန်လည်ထွက်ခွာလာစဉ်တွင် အော်ဟစ် တိုင်ကြားခဲ့ခြင်းဖြစ်သည်။ အဆိုပါအမျိုးသမီးအော်ဟစ်ချိန်အစပိုင်းတွင် လုံခြုံရေးအရာရှိများက တားမြစ်ခဲ့သော်လည်း သမ္မတက ကားတန်းကိုရပ်ခိုင်းပြီး တိုင်ကြားမှုကို ဥပဒေဘောင်အတွင်းမှ အရေးယူဆောင်ရွက်ပေးရန် ဒေသခံအာဏာပိုင်များကို ညွှန်ကြားခဲ့သည်။

## အရွယ်မရောက်သေးသော ကလေးစစ်သည် ၉၆ ဦး မိဘထံ ပြန်လည်အပ်နံ

တပ်မတော်မှ အရွယ်မရောက်သေးသော ကလေးစစ်သည် ပြန်လည်အပ်နှံမှုပဉ္စမအကြိမ်မြောက်အဖြစ် ဇန်နဝါရီ ၁၈ ရက်တွင် ကလေးစစ်သည် ၉၆ ဦးကို မိဘများထံ ပြန်လည်အပ်နှံခဲ့သည်။ ၂၀၀၄ ခုနှစ် မြန်မာစစ်တပ်နှင့် ကုလသမဂ္ဂတို့အကြား ရေးထိုးထားသော ကလေးစစ်သားများမရှိစေရေး၊ ရှိပြီးသား ကလေးစစ်သားပြန်လည်နုတ်ထွက်ခွင့်ပေးရေး သဘောတူစာချုပ်အရလက်ရှိအချိန်ထိ ကလေးစစ်သား ၈၀၅ ဦး မိဘများထံ ပြန်လည်အပ်နှံခဲ့ပြီးဖြစ်သည်။ အဆိုပါ အသက်မပြည့်သော ကလေးသူငယ်များကို ကိုးနှစ်တာကာလအတွင်း စစ်သည်အဖြစ်စုဆောင်းခဲ့သော တပ်မတော်အရာရှိ၄၀ဦးနှင့် စစ်သည် ၂၂၉ ဦးစုစုပေါင်း ၂၆၉ဦးတို့ကို တပ်မတော်စစ်စည်းကမ်းနှင့် အညီ အရေးယူ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

## ခွင့်ပြုချက်လိုင်စင်မရှိဘဲ ရန်ကုန်မြို့လယ်တွင် ဆေးခန်းဖွင့်သော တရုတ်နိုင်ငံသားနှင့် ဆေးခန်းပိုင်ရှင်တို့ကို အရေးယူ

ခွင့်ပြုချက်လိုင်စင်မရှိဘဲ ရန်ကုန်မြို့လယ်တွင် ဆေးခန်းဖွင့် ကုသနေသော တရုတ်နိုင်ငံသားနှင့် ဆေးခန်းပိုင်ရှင်တို့ကို ပထမဆုံးအကြိမ် အရေးယူလိုက်သည်။ လမ်းမတော်မြို့နယ် အမှတ် ၆ ရပ်ကွက်၊ ၁၄ လမ်းတွင် ဖွင့်လှစ်ထားသောအောင်ဇေယျာမင်းဆေးခန်းကို ဇန်နဝါရီ ၁၄ရက်တွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့် အဖွဲ့က စစ်ဆေးခဲ့ရာလိုင်စင်ခွင့်ပြုချက်မဲ့ဖြင့် ဆေးခန်းဖွင့်ကုသနေသောကြောင့် အရေးယူဆောင်ရွက်ရန်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ သို့သော် တိုင်းဒေသကြီးအစိုးရက အရေးယူမည်ဟု ပြောကြားထားသည့် မြန်မာနိုင်ငံသားအမည်ခံ လိုင်စင်မရှိဘဲ ဆေးကုသနေသော နာမည်ကြီးတရုတ်တိုင်းရင်းဆေးခန်းများကို အရေးယူနိုင်မှုမရှိသေးကြောင်း တွေ့ရှိရသည်။

## ဘင်္ဂါလီတစ်ထောင်ခန့် ဝိုင်းဝန်းတိုက်ခိုက်ခဲ့ပြီး ပျောက်ဆုံးနေသည့် ရဲတပ်ကြပ်ကြီး ရှာမတွေ့သေး

မောင်တောမြို့နယ်တွင် လှည့်ကင်းလှည့်နေသော ရဲတပ်ဖွဲ့ဝင်များကို ဘင်္ဂါလီတစ်ထောင်ခန့်က ဝိုင်းဝန်းတိုက်ခိုက်မှုကြောင့် ရဲတပ်ကြပ်တစ်ဦး လက်နက်နှင့် အတူပျောက်ဆုံးနေသည်။ ဇန်နဝါရီ ၁၃ရက်ည၁၀ နာရီကျော်က မောင်တောမြို့နယ် ဒုချီးရားတန်းကျေးရွာ၌ နယ်မြေခံရဲတပ်ဖွဲ့ဝင်လေးဦး ကင်းလှည့်နေချိန် ဘင်္ဂါလီများက ဝိုင်းဝန်းတိုက်ခိုက်ခြင်းဖြစ်သည်။ ထိုသို့တိုက်ခိုက်မှုကြောင့် ထိုကျေးရွာရှိ ဘင်္ဂါလီကိုးဦးကို ရဲတပ်ဖွဲ့မှ ခေါ်ယူစစ်ဆေးနေသည်။



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## ဒီချုပ်ဥက္ကဋ္ဌ ကရင်ပြည်နယ်ခရီးစဉ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး အလေးထားပြောကြား

အင်န်အယ်ဒီပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် ကရင်ပြည်နယ်ခရီးစဉ်အတွင်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကိစ္စရပ်ကို အထူးအလေးထားဟောပြောမှုများ ပြုလုပ်ခဲ့သည်။ ခရီးစဉ်အတွင်း ဒေါ် အောင်ဆန်းစုကြည်သည် လွန်ခဲ့သည့် ၆၇ နှစ်က သူ၏ ဖခင်ဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်း ကရင်ပြည်နယ်၊လှိုင်းဘွဲမြို့နယ်ရှိ ကပလီကျေးရွာသို့ ရောက်ရှိစဉ်အကူအညီ ပေးခဲ့သည့်အသက် (၉၄) နှစ်အရွယ် ကရင်လူမျိုး အဘွားအိုနော်ဒါးထံသို့လည်း သွားရောက် လည်ပတ်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်သည် ကရင်ပြည်နယ် သို့ဇန်နဝါရီ ၁၈ နှင့် ၁၉ ရက်က သွားရောက်ခဲ့သည်။

## ခေတ်ကာလနှင့် မကိုက်ညီ၍ အခွန်စနစ်ပြုပြင်ရန် စီစဉ်

အခွန်စည်းကြပ်ကောက်ခံမှုစနစ်၊ အခွန်ဆိုင်ရာ ဥပဒေများနှင့် ပြည်တွင်းအခွန်များ ဦးစီးဌာန ဝန်ထမ်းဖွဲ့စည်းပုံများ အပါအဝင် ခေတ်ကာလနှင့်မကိုက်ညီသည့် အခွန်စနစ်ကို လာမည့် ဘဏ္ဍာနှစ်တွင် ပြုပြင်ပြောင်းလဲသွားမည်ဖြစ်သည်။ ထို့အပြင် အခွန်စည်းကြပ်ကောက်ခံရန် အခွန်နှုန်းထားသတ်မှတ်ခြင်းကို ၂၀၁၄-၁၅ ဘဏ္ဍာနှစ်မှစတင်၍ ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူကာ ဆောင်ရွက်သွားမည်ဟု ဆိုသည်။

## တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ကြက်ခြေနီတပ်ဖွဲ့ဝင်များ အရန်အင်အားအဖြစ် မပါဝင်သင့်

ယခင်အစိုးရလက်ထက်က ကြက်ခြေနီတပ်ဖွဲ့ဝင်များကို နိုင်ငံတော်၏ အရန်အင်အားဟု သတ်မှတ်ပြီး တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနား၌ ထည့်သွင်းထားခြင်းမှာ ယခု ဒီမိုကရေစီအစိုးရလက်ထက်တွင် မရှိသင့်တော့သည့်အပြင်မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အခြေခံမူများနှင့်လည်း မကိုက်ညီသောကြောင့်ပယ်ဖျက်ပေးရန် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းထံသို့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးမှ တစ်ဆင့် အဆိုတင်သွင်းထားသည်။ နိုင်ငံတော်စစ်ရေးပြ အခမ်းအနားများတွင် ကြက်ခြေနီအဖွဲ့ဝင်များ ပါဝင်ရန် သက်ဆိုင်ရာမြို့နယ်အသီးသီးတွင် လူစုခြင်းများ ပြုလုပ်နေရပြီး သုံးလကြာလေ့ကျင့်ရသည့်အတွက် တပ်မတော်စစ်ရေးပြအခမ်းအနားတွင် ပါဝင်လိုသူမရှိသဖြင့် သတ်မှတ်ထားသည့် လူမလွှတ်နိုင်သည့် မြို့နယ်များတွင် လူအရေအတွက်ပြည့်မီစေရန် လူငှား၍ ထည့်သွင်းမှုများပြုလုပ်ပေးနေခဲ့ရသည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေ မပြင်လိုသူများ အကြောင်းရင်းထုတ်ပြောရန် ဒေါ် အောင်ဆန်းစုကြည်စိန်ခေါ်

ဖွဲ့စည်းပုံအခြေခံဥပဒေမပြင်လိုသည့်ပုဂ္ဂိုလ်များ အနေဖြင့် မပြင်လိုသည့် အကြောင်းရင်းကို ပြည်သူလူထုရှေ့ထွက်ပြီး ရှင်းလင်းရန် စိန်ခေါ်ကြောင်း ဇန်နဝါရီ ၁၈ ရက် ကရင်ပြည်နယ် ဘားအံမြို့၌ ပြုလုပ်သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ရှင်းလင်းဟောပြောပွဲတွင် ဒေါ်အောင်ဆန်းစုကြည်က ပြောသည်။ ၂၀၁၀ ရွေးကောက်ပွဲတွင် ရွေးချယ်တင်မြှောက်ခံခဲ့ရသည့် ကိုယ်စားလှယ်များအားလုံး အင်န်အယ်လ်ဒီပါတီ နည်းတူ ပြည်သူလူထုရှေ့ထွက်ပြီး ဘာကြောင့် မပြင်ချင်လဲဆိုသည်ကို မေးလိုကြောင်း မိန့်ခွန်းမှတစ်ဆင့် မေးခွန်းထုတ်ခဲ့သည်။

## ဘာသာရေး၊ လူမျိုးရေး အခြေခံပြီး ပဋိပက္ခဖြစ်ပွားမှု ကမ္ဘာ့ထိပ်ဆုံး ငါးနိုင်ငံတွင် မြန်မာပါဝင်

ဘာသာရေး၊ လူမျိုးရေးကို အခြေခံ၍ ပဋိပက္ခဖြစ်ပွားမှု ကမ္ဘာ့ထိပ်ဆုံးငါးနိုင်ငံစာရင်းတွင် မြန်မာပါဝင်သည်ဟု အမေရိကန်အခြေစိုက် The Pew Charitable Trusts သုတေသနအဖွဲ့က သတင်းထုတ်ပြန်သည်။ ဘာသာရေး၊ လူမျိုးရေး ပဋိပက္ခဖြစ်ပွားမှုအများဆုံး ၂၅ နိုင်ငံစာရင်းကိုထုတ်ပြန်ခဲ့ရာ အီဂျစ်၊ ရုရှား၊ အင်ဒိုနီးရှား၊ ပါကစ္စတန်တို့လည်း ထိပ်ဆုံးငါးနိုင်ငံစာရင်းတွင် ပါဝင်နေခြင်းဖြစ်သည်။ ထို့အပြင် ပြီးခဲ့သည့် ခြောက်နှစ်အတွင်း ဖြစ်ပွားခဲ့သော ပဋိပက္ခများကိုလေ့လာရာတွင် ၂၀၁၂ခုနှစ်သည်ဘာသာရေးလူမျိုးရေးဆိုင်ရာ ပဋိပက္ခ အများဆုံးဖြစ်ပွားခဲ့သည့် နိုင်ငံပေါင်း ၁၉၈ နိုင်ငံကို စာရင်းပြုစုခဲ့ရာ ၂၀၁၀ တွင် ၂၀ ရာခိုင်နှုန်း၊ ၂၀၁၁ တွင် ၂၉ ရာခိုင်နှုန်းနှင့် ၂၀၁၂ တွင် ၃၂ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သည်ဟု ထုတ်ပြန်ခဲ့သည်။

## မန္တလေးအိမ်ခြံမြေစံနှုန်းသတ်မှတ်ချက်များ ကာလပေါက်ဈေးနှင့်ကိုက်ညီအောင်ပြင်မည်

ပြီးခဲ့သည့်နိုဝင်ဘာကစတင်သတ်မှတ်ခဲ့သည့် မန္တလေးမြို့ အိမ်ခြံမြေတန်ဖိုး စံနှုန်းသတ်မှတ်ချက်များမှာ ပြင်ပကာလပေါက်ဈေးထက် များနေသဖြင့် အခွန်ဆောင်ရန် အခက်တွေ့ကြောင်း တင်ပြမှုကြောင့် အိမ်ခြံမြေတစ်ဧကစံနှုန်းများ ပြန်လည်ပြင်ဆင်ညှိနှိုင်းပေးမည်ဖြစ်သည်။ အိမ်ခြံမြေတန်ဖိုးမှာ ကာလပေါက်ဈေး တစ်နှစ်နှင့် တစ်နှစ်မတူညီသည့်အတွက် လာမည့်ဘဏ္ဍာနှစ်တွင် စံနှုန်းကို ကာလပေါက်ဈေးနှင့် ကိုက်ညီအောင် ပြန်ပြီး ပြင်ဆင်မည်ဟု မန္တလေးတိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဒေါက်တာမြင့်ကြူက ပြောသည်။

## ယခင်အစိုးရလက်ထက်က စီးပွားရေးစာချုပ်နှင့် သဘောတူချက်စာချုပ်များ ခေတ်နှင့်အညီ ပြင်ဆင်ချုပ်ဆိုမည်

တပ်မတော်အစိုးရလက်ထက် ချုပ်ဆိုခဲ့သော မူဘောင် သဘောတူညီချက် စာချုပ်များ၊ ငွေချေးစာချုပ်များ၊ အကူအညီပေးရေးသဘောတူ စာချုပ်များ၊ နားလည်မှုစာချွန်လွှာများစသည်တို့ကို ပြည်ပနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ခေတ်စနစ်နှင့်ကိုက်ညီအောင် ပြန်လည်ပြင်ဆင်ညှိနှိုင်း ချုပ်ဆိုနိုင်ရန် ဆောင်ရွက်မည်ဟု အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာဒေါ် ခင်စန်းရီက ပြောသည်။ စာချုပ်ချုပ်ဆိုစဉ်က နိုင်ငံတွင် ငွေကြေးမပြည့်စုံခြင်း၊ နည်းပညာချို့တဲ့ခြင်း၊ အနောက်နိုင်ငံများမှ စီးပွားရေးပိတ်ဆို့ထားခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေမရှိခြင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးကဲ့သို့ အရေးကြီး ဥပဒေများမရှိခြင်းအတွက်လက်ရှိအခြေအနေနှင့်ကိုက်ညီမှုမရှိတော့ပေ။

7DAY NEWS JOURNAL
Vol.12, No.46 • JANUARY 22 , 2014

# ၂၀၁၄ သန်းခေါင်စာရင်းနှင့် မကျေလည်သေးသည့် မျိုးနွယ်စု ပြဿနာ

**နန်းအောင်၊ရန်မျိုးနိုင်၊ထွန်းခိုင်**


ဇေခိုလူမျိုး


ဂေဘားလူမျိုး

မကြာမီရက်ပိုင်းအတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားများအဖို့ အကျပ်ရိုက်နိုင်လောက်သည့် မေးခွန်းတစ်ခုကို ဖြေကြားရတော့မည်ဖြစ်သည်။

မေးခွန်းက "သင်မည်သည့် လူမျိုးဖြစ်သနည်း"ပင်ဖြစ်သည်။

လာမည့်မတ်လ ၃၀ ရက်မှ စတင်ပြီး နှစ်ပတ်ကြာကောက်ယူမည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းတွင် အထက်ပါမေးခွန်းကိုဖြေကြရမည်ဖြစ်သည်။

"ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း"စသည့် တိုင်းရင်းသားမျိုးနွယ်စုကြီးများထဲမှ တစ်ခုခုကိုဖြေပြီး မေးခွန်းကလွယ်လွန်းသည်ဟု ထင်သူများအတွက် ဦးနှောက်ခြောက်စေမည့် နောက်ထပ်မေးခွန်းတစ်ခုရှိသေးသည်။

ဥပမာ- သင်က ဗမာဟုဖြေလိုက်သည်ထားတော့။ နောက်ဆက်တွဲမေးခွန်းက "ဗမာမျိုးနွယ်စုဝင်အဖြစ် သတ်မှတ်ထားသည့် ဗမာ၊ ထားဝယ်၊ မြိတ်၊ ဆော(ယော)၊ ရဘိန်း၊ ကဒူး (ဒုံကူး)၊ ဂဏန်း၊ ဆလုံ၊ ဖုန်း(ဖွန်)" ကိုးမျိုးထဲမှ တစ်ခုကို ရွေးချယ်ရဦးမည်ဖြစ်သည်။

"ကချင်"ပါဟု ဖြေကြားသူများအတွက်လည်း"ကချင်၊ ထရုမ်း၊ ဒလောင်၊ ဂျိန်းဖော၊ ဂေါ်ရီ၊ ခခု၊ ဒူးလန်း၊ မရူ(လော်ဂေါ်)၊ ရဝမ်၊ လရှီ၊ အဇီး၊ လီဆူး"မျိုးနွယ်စုများထဲမှ တစ်ခုကို ရွေးချယ်ရဦးမည်ဖြစ်သည်။

ယခင်အစိုးရများလက်ထက်က တိုင်းရင်းသားလူမျိုးစု ၁၃၅ မျိုး သတ်မှတ်ရာတွင် အငြင်းပွားစရာဆုံးဖြတ်ချက်များ ရှိခဲ့ကြောင်း တိုင်းရင်းသားမျိုးနွယ်စုများက အစဉ်တစိုက်ဝေဖန်ခဲ့ကြသည်။

ဂဏန်းနံပါတ်အစွဲ အလမ်းကြီးလွန်းသည့် အစိုးရအရာရှိများ၏ စနက်ကြောင့် ၁+၃+၅=၉ ဖြင့် ၁၃၅ဖြစ်လာသည်ဟုလည်း စွပ်စွဲမှုများလည်း ရှိခဲ့သည်။

၁၉၃၁ ခုနှစ် သန်းခေါင်စာရင်းကို အခြေခံပြီး ၁၉၉၀ စက်တင်ဘာ ၂၆ ရက်ထုတ် အစိုးရသတင်းစာများ၏ လူမျိုး ၁၃၅ မျိုးသတ်မှတ်ချက်မှစတင်သည်ဟုလည်း ပြောလေ့ရှိသည်။

အစိုးရဘက်ကတော့ သမိုင်းပညာရှင်များ၊ သမိုင်းကြောင်းအချက်အလက်များကို လေ့လာသုတေသနပြုရာမှ ထွက်ပေါ်ခဲ့သည့် စာရင်းဟု တုံ့ပြန်ခဲ့သည်။

နှစ်ပေါင်း ၃၀ ကျော်အတွင်း ပထမဆုံးအကြိမ် ပြန်လည်ကောက်ခံမည့်ပြည်လုံးကျွတ်သန်းခေါင်စာရင်း စတင်ချိန်တွင် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုး သတ်မှတ်မှုနှင့် ပတ်သက်ပြီး အငြင်းပွားမှု အရှိန်သည် အမြင့်ဆုံးသို့ ရောက်လာနိုင်ကြောင်း တိုင်းရင်းသား မျိုးနွယ်စု ခေါင်းဆောင်အချို့က ပြောသည်။

သန်းခေါင်စာရင်းကောက်ယူရာတွင် နိုင်ငံတော်က သတ်မှတ်ထားသည့်တိုင်းရင်းသား၁၃၅ မျိုးကို အခြေခံပြီး ကောက်ခံသွားမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားစာရင်းထဲတွင် မပါဝင်သူများအားသီးခြားစာရင်းခွဲကာ ကောက်ခံသွားမည်ဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန(လဝက)ပြည်ထောင်စုဝန်ကြီးဦးခင်ရီက ပြောကြားထားသည်။

ကယန်းပြည်သစ်ပါတီ၏ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးစောလွင်က ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အချက်အလက်များရရှိရန် သန်းခေါင်စာရင်းကောက်ခံခြင်းအပေါ် ထောက်ခံသော်လည်းတိုင်းရင်းသားများ၏ ခံစားချက် ထည့်သွင်းစဉ်းစားရန် အစိုးရက ပျက်ကွက်ခြင်းကို ကန့်ကွက်ကြောင်း ပြောသည်။

"တိုင်းရင်းသားတွေရဲ့ သဘောထားအမြင်ကိုမယူဘဲနဲ့ အစိုးရရဲ့ တစ်ဖက်သတ် သတ်မှတ်ချက်တွေအပေါ် အခြေခံပြီးလုပ်တဲ့အခါကျတော့ ဆိုးကျိုးတွေဖြစ်လာမှာ သေချာပါတယ်။ တိုင်းရင်းသားတစ်မျိုးနဲ့တစ်မျိုးကြား အထင်အမြင်လွဲမှားမှုတွေ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပျက်ပြားစေတဲ့ဆိုးကျိုးတွေ ဖြစ်လာနိုင်တယ်"ဟုဗိုလ်မှူးစောလွင်ကပြောသည်။

အစိုးရသတ်မှတ်ချက်များအရ စာရင်းကောက်ခံမည်ဆိုပါက ၎င်းတို့သည် "ကယား၊ ဇယိမ်း၊ ကယမ်း (ပဒေါင်)၊ ကဲ့ခို၊ ဂေဘား၊ ပရဲ (ကယော်)၊ မနုမနော၊ ယင်းတလဲ၊ ယင်းဘော်"အဖြစ် သတ်မှတ်ထားသည့် ကယားမျိုးနွယ်စု ကိုးစုအောက်တွင် စာရင်းရောက်ရှိမည်ဖြစ်သည်။

ယင်းကဲ့သို့သတ်မှတ်ချက်ကို ကယန်းလူမျိုးများက အပြင်းအထန်ကန့်ကွက်မှုများရှိနေသည်။ သီးခြားမျိုးနွယ်စုအဖြစ် အသိအမှတ်ပြုရန် "ကယန်း(ပဒေါင်)" အမည်တွင် "ပဒေါင်"သည် နှိမ့်ချသည့် အသုံးအနှုန်းဖြစ်သောကြောင့် ပယ်ဖျက်ပေးရန် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည့် Kayun အစား Kayan ဟုသုံးနှုန်းရန် စသည့်အချက်များကိုလည်း ကယန်းတိုင်းရင်းသားများအရေးလှုပ်ရှားသူများက အပြင်းအထန်တောင်းဆိုလျက်ရှိသည်။

အစိုးရသတ်မှတ်စာရင်းတွင် မျိုးနွယ်စု ၅၃ စုထိ သတ်မှတ်ထည့်သွင်းကာ ချင်းတိုင်းရင်းသားမျိုးနွယ်စုခေါင်းစဉ် အောက်တွင် ကောက်ခံခဲ့ပါကလည်း အဆိုပါမျိုးနွယ်စုဝင်များအကြား စည်းလုံးညီညွတ်မှုများ ပျက်ပြားမည်ကို စိုးရိမ်မိကြောင်း ချင်းအမျိုးသားတပ်ဦး၏ ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာရွှေခါးကပြောသည်။

"နောက်တစ်ချက်က ဥပမာ လူဦးရေ ၀ ဒသမ ၀၁ ရာခိုင်နှုန်း ရှိတယ်ဆိုရင် ပြည်နယ်တစ်ခုမှာလား။ တိုင်းဒေသကြီးတစ်ခုမှာလား။ တိုင်းရင်းသားရေးရာဝန်ကြီးတွေရှိရမယ်ဆိုတာ ဖြစ်လာတော့ ၁၃၅ မျိုး တစ်ခုချင်းဆီကို အခြေခံမှာလား။ ဒါမှမဟုတ် အရင်တုန်းကလို ချင်း၊ ရှမ်း၊ ကချင် အဲလိုဟာမျိုးကို အခြေခံမှာလား ဆိုတာက မေးခွန်းမေးစရာဖြစ်လာတယ်"ဟု ဒေါက်တာရွှေခါးက ပြောသည်။

အထက်ပါ တိုင်းရင်းသားခေါင်းဆောင်များ စိုးရိမ်သလို အခြားတိုင်းရင်းသားများလည်း အဆိုပါ ၁၃၅ မျိုးကိစ္စအပေါ် စိုးရိမ်စိတ်ကိုယ်စီရှိနေကြသည်။

မြန်မာနိုင်ငံ၏ အနောက်ဘက်တံခါးဟု ဆိုနေကြသည့် ရခိုင်ပြည်နယ်တွင်လည်း "ရခိုင်၊ ကမန်၊ ခမွီး၊ ဒိုင်းနက်၊ မရမာကြီး၊ မြို၊ သက်"ဟု သတ်မှတ်ထားသည့် သတ်မှတ်ချက်များအတွက် စိုးရိမ်စိတ်မကင်းဖြစ်လျက်ရှိသည်။

ရခိုင်မျိုးနွယ်စုအောက်သတ်မှတ်ချက်ထဲထည့်သွင်းပြီး "ကမန်" လူမျိုးများကို တိုင်းရင်းသားအဖြစ် သတ်မှတ်ထားရှိမှုသည်ကမန်များနှင့် ဘာသာတူဘင်္ဂါလီများ အခွင့်အရေးအဖြစ် အသုံးချမည်ကို ရခိုင်တိုင်းရင်းသားများက စိုးရိမ်မကင်းဖြစ်လျက်ရှိသည်။

လက်ရှိအချိန်တွင်ပင် ကမန်အမည်ခံဘင်္ဂါလီ အများအပြားနိုင်ငံသားလက်မှတ် လက်ဝယ်ရရှိနေပြီဖြစ်ကြောင်း ရခိုင်တိုင်းရင်းသားများကဆိုသည်။

မျိုးနွယ်စုအမည်ထည့်သွင်းသတ်မှတ်ရာတွင် တစ်မျိုးတည်းကိုထပ်ခါထပ်ခါရေတွက်ခြင်းများလည်းရှိကြောင်း၊ အပြင်လောကတွင် အမှန်တကယ်မရှိသည့် မျိုးနွယ်စုဝင်များ စာရင်းပေါက်နေသည်များလည်းရှိကြောင်း တိုင်းရင်းသားများက ထောက်ပြသည်။

"ကရင်ပြည်နယ်မှာတော့ စကော ကရင်ရယ်၊ ပိုးကရင်ရယ် ဆိုပြီးတော့ပဲရှိတယ်။ အဲဒီတော့ မျိုးနွယ်စုကိစ္စတော့ ပြဿနာသိပ်မရှိဘူး။ ဒါပေမဲ့စာဖြူကရင်ဆိုတာကို လူမျိုးနာမည်ထဲမှာ ထည့်မယ်ဆိုလို့တော့ ကြားထားတယ်။ ဒါကလူမျိုးနာမည်တော့ မဟုတ်ဘူး။ ခရစ်ယာန်ကိုးကွယ်ကြတဲ့ကရင်လူမျိုးတွေကို ခေါ်ကြတာပါ"ဟု ဖလုံစခေါ်ဒီမိုကရက်တစ်ပါတီ(ဥက္ကဋ္ဌ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသိန်းအောင်ကပြောသည်။

အစိုးရစာရင်းများအရကရင်မျိုးနွယ်စု ၁၁ စုရှိပြီး အသေးစိတ်အနေဖြင့် ကရင်၊ ကရင်ဖြူ၊ ပလေကီး၊ မွန်ကရင်(စာဖြူ)၊ စကော(ကရင်)၊ တလေ့ပွား၊ ပကူး၊ ဘွဲ၊ မောနေပွား၊ မိုးပွား၊ ပိုး(ကရင်)တို့ဖြစ်သည်။

ကချင်တိုင်းရင်းသား စာရင်းတွင် မျိုးနွယ်စုတစ်ခုအဖြစ် "ကချင်"ကို ပြန်လည်ထည့်သွင်းထားခြင်းကြောင့် ပြည်နယ်အတွင်းတိုင်းရင်းသားများအကြား ဝေဖန်မှုများရှိနေကြောင်းပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်ဒွဲဘူကပြောသည်။

"အားလုံးက စိုးရိမ်ပူပန်ပြီး ကချင်ပျောက်မှ စိုးလို့ ကချင်မှာပဲ အားလုံးထည့်ပါပြောတော့ အားလုံးထည့်ရင် ကျန်တဲ့ လဝေါ်တို့၊ လချိပ်တို့၊ ဂျိန်းဖောတို့ ဆိုတာ ပျောက်သွားမှာပေါ့နော်"ဟုပြည်သူ့လွှတ်တော်တိုင်းရင်းသား ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီ၏အတွင်းရေးမှူးလည်းဖြစ်သူ ဒေါ်ဒွဲဘူက ပြောသည်။

၁၃၅ စာရင်းတွင်ထူးခြားမှုအနေဖြင့် မျိုးနွယ်စုတစ်စုတည်းသာ အစိုးရသတ်မှတ်ခဲ့သည့်တိုင်းရင်းသားလူမျိုးစုတစ်စုလည်းရှိသည်။ "မွန်"သည် ထပ်မံခွဲခြားစိတ်ဖြာခြင်းမခံရသည့် တစ်ခုတည်းသော တိုင်းရင်းသား ဖြစ်သည်။

သို့သော်လည်း သူတို့တွင်လည်း စိန်ခေါ်မှုအများအပြားရှိနေဆဲဖြစ်သည်။ မွန်တိုင်းရင်းသားများသည် ယခင်ကာလများက အကြောင်းအမျိုးမျိုးကြောင့် မှတ်ပုံတင်(သို့) သန်းခေါင်စာရင်းတွင် "မွန်"အဖြစ်သတ်မှတ်ခြင်းမခံခဲ့ရသောကြောင့် လူမျိုးပျောက်ကွယ်မည့်အရေးကြုံတွေ့နေရကြောင်း မွန်တိုင်းရင်းသားများကဆိုသည်။

သန်းခေါင်စာရင်းကောက်ယူသည့်အချိန်မတိုင်မီ မွန်သံဃာတော်များနှင့် မွန်ခေါင်းဆောင်များက အဆိုပါအချက်ကိုအစဉ်အမြဲထောက်ပြကာ မွန်လူမျိုးစာရင်းကောက်ယူရေးအတွက် ကြိုးစားလျက်ရှိသည်။

**အချပ်ပို စာမျက်နှာ (III)သို့**

7DAY NEWS JOURNAL
Vol.12, No.46 • JANUARY 22 , 2014



# အလုပ်နေရာပါမလာသော ရင်းနှီးမြှုပ်နှံမှုများ




လှိုင်သာယာတွင်ကျင်းပသည့် အလုပ်အကိုင်ပြပွဲ

■ပြည်သိမ်း၊ အေးမြတ်သူ

သမ္မတ ဦးသိန်းစိန်အစိုးရလက်ထက်တွင်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တစ်နှစ်ထက်တစ်နှစ်အားကောင်းလာသည်။ အထူးစီးပွားရေးဇုန်စီမံကိန်းများ ရေနံပိုက်လိုင်းစီမံကိန်းများ၊ ဟိုတယ်တည်ဆောက်ရေးနှင့်အခြားတည်ဆောက်ရေးစီမံကိန်းများ ဝင်ရောက်လာခြင်းဖြစ်သည်။

သို့သော်လည်း နိုင်ငံသားများမှာအောက်ခြေလုပ်ငန်းများမှာပင် အလုပ်အကိုင်အခွင့်အလမ်းရရှိမှု လွန်စွာနည်းပါးနေသေးသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေမည်သို့ပင်ပြဋ္ဌာန်းထားစေကာမူမြန်မာအလုပ်သမားများနိုင်ငံခြားကုမ္ပဏီများတွင် အလုပ်ရရှိမှုမှာ လွန်စွာနည်းပါးနေသည်။

မြန်မာနိုင်ငံတွင် တရုတ်နိုင်ငံ၏ အထင်ကရစီမံကိန်းကြီးတစ်ခုဖြစ်သော ကျောက်ဖြူ-ကူမင်းဂက်စ်ပိုက်လိုင်း၊ ရေနံပိုက်လိုင်းတည်ဆောက်ရေးလုပ်ငန်းများ၌ တရုတ်နိုင်ငံမှ အလုပ်သမားရှစ်သောင်းကျော်ခေါ်သွင်းပြီး အလုပ်ပေးခဲ့သည်။ တည်ဆောက်ရေးကုမ္ပဏီက မြန်မာနိုင်ငံသားများကို အခြေခံဝန်ထမ်းများဖြစ်သည့်ပန်းရန်၊လက်သမားလုပ်ငန်းများကိုပင်ခန့်ထားခြင်းမရှိပေ။

“အဓိကအခက်အခဲကလက်မှတ်ပဲ။ ပန်းရန်၊ လက်သမားတွေမှာဒါတွေမရှိတော့ သူတို့က ခန့်လို့မရဘူးဖြစ်နေတယ်”ဟု မန္တလေးမြို့မှစီးပွားရေးလုပ်ငန်းရှင် ဦးရဲမြတ်သူက မှတ်ချက်ပြုသည်။

မြန်မာနိုင်ငံ၌တည်ဆောက်ရေးလုပ်ငန်းများတွင်အခြေခံအလုပ်သမားများဖြစ်သည့် လက်သမား၊ ပန်းရန်၊ သံချည်သံကွေးအလုပ်သမားများကို အသိအမှတ်ပြုလက်မှတ်ထုတ်ပေးမှု မရှိသလောက်ပင်ဖြစ်နေသည်။ သက်ဆိုင်ရာအလုပ်သမားဝန်ကြီးဌာနက အသိအမှတ်ပြုလက်မှတ်များပေးနေသော်လည်း ကျယ်ကျယ်ပြန့်ပြန့်မရှိခြင်းကြောင့် မြန်မာအလုပ်သမားများအတွက် အလုပ်အကိုင်ရရှိရန် အခက်အခဲဖြစ်နေကြောင်းမြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်ကပြောသည်။

“တရုတ်နိုင်ငံက အလုပ်သမားပေါ်တော့လုပ်ခပိုပေးရသော်လည်း သူ့နိုင်ငံသားပဲခန့်တာပေ့ါ။ အစပိုင်းဆိုတော့ အစိုးရဘက်ကလည်း နည်းနည်းလျှော့ပေးထားတာပါ”ဟု လှိုင်သာယာစက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြတ်သင်းအောင်ကဆိုသည်။

မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေတွင် အမှုထမ်းအလုပ်သမားများခန့်ထားရာ၌ အတတ်ပညာရှင်များနှင့် ဝန်ထမ်းများကို လုပ်ငန်းစတင်သည့်နှစ်မှ ပထမ ၂နှစ်အတွင်း နိုင်ငံသားအနည်းဆုံး ၂၅ရာခိုင်နှုန်း၊ ဒုတိယနှစ်တွင် ၅၀ရာခိုင်နှုန်း၊တတိယနှစ်တွင် အနည်းဆုံး ၇၅ရာခိုင်နှုန်းခန့်ထားရမည်ဟုပါရှိသည်။ သို့သော် အသိပညာအခြေခံသောဝန်ထမ်းများအတွက် ကော်မရှင်ကသင့်လျော်သောအချိန်ကန့်သတ်ချက်ကို တိုးမြှင့်ပြောင်းလဲနိုင်သည်ဟု ပါရှိသည်။

“ပန်းရန်၊ လက်သမားလိုအခြေခံအလုပ်သမားတွေကိုတော့ နိုင်ငံခြားကလုံးဝခေါ်လာခွင့်ပေးမထားဘူး”ဟု မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးကပြောကြားသည်။

သို့သော် ရန်ကုန်မြို့၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် တည်ဆောက်နေသော ဟိုတယ်စီမံကိန်းဆောက်လုပ်ရေးစီမံကိန်းများတွင် မြန်မာနိုင်ငံမှ ပန်းရန်၊ လက်သမားများကိုအသုံးပြုမှုလွန်စွာနည်းပါးနေသည်။ ၎င်းတို့နိုင်ငံသားများကိုသာ လုပ်သားများအဖြစ်ခေါ်ယူလာပြီးအလုပ်ပေးထားခြင်းဖြစ်သည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို မျက်ကွယ်ပြုပြီး ရင်းနှီးမြှုပ်နှံမှုများကို ရေရှည်မပြုလုပ်လိုသူများက လက်တစ်လုံးခြားလုပ်နေကြခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်ကပြောကြားသည်။

ဝန်ထမ်းခန့်ထားရာ၌လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေပြဋ္ဌာန်းချက်ကို လိုက်နာမှုမရှိသည့်လုပ်ငန်းများကိုမြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ထိထိရောက်ရောက် အရေးယူသင့်ကြောင်း ဦးရဲမင်းအောင်ကအကြံပြုသည်။

၂၀၁၁-၁၂ဘဏ္ဍာနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း၉၄ခုမှ အလုပ်အကိုင်နေရာငါးသောင်းကျော်နှင့် ၂၀၁၃-၁၄ဒီဇင်ဘာ ၃၁ရက်ထိနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၇၁ခုမှ အလုပ်အကိုင်နေရာ ငါးသောင်းကျော်ကို ဖန်တီးပေးနိုင်ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်စာရင်းများက ဖော်ပြထားသည်။

အထက်ပါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှာ လစာဝင်ငွေနည်းပါးပြီး လုပ်သားအခြေပြုလုပ်ငန်းများဖြစ်သော အထည်ချုပ်စက်ရုံ၊ ဖိနပ်စက်ရုံ၊ အအေးခန်းစက်ရုံအများစုတွင်ဖြစ်သည်။ စီမံကိန်းကြီးများဖြစ်သော တည်ဆောက်ရေးလုပ်ငန်းများတွင်ပါဝင်မှုအနည်းငယ်သာရှိသည်။

ထိုင်း၊ မြန်မာ၊ ဂျပန်သုံးနိုင်ငံပူးတွဲအကောင်အထည်ဖော်နေသည့် ထားဝယ်အထူးစီးပွားရေးဇုန်မှာ မူလက အီတာလျံထိုင်းကုမ္ပဏီက မြေပြင်ပြုပြင်မှုကိုလုပ်ကိုင်ခဲ့သည်။ ၎င်းကုမ္ပဏီ၏ လုပ်ငန်းများတွင် မြေတူး၊ မြေသယ်၊ ယာဥ်မောင်းလုပ်ငန်းများကိုဒေသခံမြန်မာလူမျိုးများအနည်းငယ်ခန့်ထားပြီး ထိုင်းလူမျိုးများကိုသာ အဓိကအလုပ်အကိုင်ပေးခဲ့သည်။

“အလုပ်ရဖို့က သူတို့သတ်မှတ်တဲ့ စည်းကမ်းတွေနဲ့အလုပ်လုပ်နိုင်သူပဲခေါ်ကြတယ်။ သူတို့သတ်မှတ်တဲ့ စံနှုန်းတွေနဲ့က ဒီကလူတွေမကိုက်တာများတယ်”ဟု ကောင်းမြတ်သူပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှ မန်နေဂျင်းဒါရိုက်တာဦးစိုးမင်းကဆိုသည်။

ထို့အပြင် ပြည်တွင်းသို့လာရောက်လုပ်ကိုင်သည့် နိုင်ငံခြားလုပ်ငန်းများမှာလူများစွာကိုအင်တာဗျူးပြီးမှအနည်းငယ်ကိုသာ အလုပ်ခန့်အပ်လေ့ရှိသည်။

“လူနှစ်ထောင်လောက်လျှောက်တာလူနှစ်ရာအင်တာဗျူးပြီး ၁၇ဦးပဲခန့်တယ်”ဟုပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီတစ်ခုမှ ဒါရိုက်တာတစ်ဦးကဆိုသည်။

ပြည်တွင်း၌ ပညာရေးခြေခံအားနည်းခြင်း၊ လုပ်နိုင်စွမ်းရည်ရှိသော်လည်း အထောက်အထားလက်မှတ်များမရှိခြင်းတို့ကြောင့် အလုပ်အကိုင်ရမှုနည်းပါးနေသည့်အပြင် ရာထူးနှင့်တာဝန်ချင်းတူသော်လည်းသတ်မှတ်သည့်လစာနှုန်းထားအတိုင်းမရဘဲခေါင်းပုံဖြတ်မှုများရှိနေကြောင်းပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများက ပြောသည်။

မြန်မာနိုင်ငံတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများဝင်ရောက်လာပါက အလုပ်အကိုင်အခွင့်အလမ်းများစွာရရှိမည်ဟု လူအများကမျှော်လင့်ထားကြသည်။သို့သော် အချိန်ကာလတစ်ခုကြာမြင့်လာသည့်အခါ အခြေခံလူတန်းစားအလုပ်သမားများအတွက် မေးခွန်းထုတ်စရာဖြစ်လာသည်။ ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည့်အတွက် ပြည်ပတွင်သွားရောက်လုပ်ကိုင်နေသူ သုံးသန်းခန့်ရှိကြောင်း နိုင်ငံတော်သမ္မတဦးသိန်းစိန်က မကွေးမြို့တွင်ပြောကြားသော မိန့်ခွန်း၌ထည့်သွင်းပြောကြားခဲ့သည်။

ပြည်တွင်း၌ ကျွမ်းကျင်လုပ်သားများ အဆင်သင့်မဖြစ်သေးချိန်တွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများဝင်ရောက်လာခဲ့ခြင်းကြောင့် ပေးကားပေး၏ မရဆိုသည့်ကိန်းဆိုက်ရ၏။

မြန်မာနိုင်ငံတွင် ယနေ့ထိအများဆုံးရင်းနှီးမြှုပ်နှံထားသည့်နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီး ၂၀၁၃ခုနှစ် ဒီဇင်ဘာလကုန်ထိ အမေရိကန်ဒေါ်လာ ၁၄ဘီလီယံကျော်ရင်းနှီးမြှုပ်နှံထားသည်။ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့်ပေါင်း ၃၃နိုင်ငံတွင် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမှာ ၃၂ရာခိုင်နှုန်းရှိနေသည်။

အချုပ်ပို စာမျက်နှာ (II)မှ

## ၂၀၁၄ သန်းခေါင်စာရင်းနှင့် မကျေလည်သေးသည့် မျိုးနွယ်စု ပြဿနာ

“ကျွန်တော်တို့က ပအိုဝ်းလူမျိုးက ကရင်ပြည်နယ်မှာ လူနည်းစုပါ။ ဒါပေမဲ့သန်းခေါင်စာရင်းမှာ လူမျိုးနာမည်ဖြည့်မယ်ဆိုရင်တော့ ပအိုဝ်းလူမျိုးဆိုပြီး ဖြည့်မှာပါ။ လူကြီးတွေကလည်း ကိုယ့်လူမျိုးနာမည်ပဲ ဖြည့်လို့ပြောထားတယ်။အဲလိုဖြည့်လို့လည်းပြဿနာမဖြစ်လောက်ပါဘူး။ ကိုယ့်လူမျိုးနာမည်ဖြည့်မှ ဘာလူမျိုးလဲဆိုတာကို သိကြမှာလေ။ ရပ်ကွက်ထဲက လူကြီးတွေကတော့ သန်းခေါင်စာရင်းမှာ ဘယ်လိုဖြည့်ရမလဲဆိုတာတော့ပြောထားတာရှိပါတယ်။ ဘာပဲပြောပြော ကျွန်တော်တို့ကတော့ ကိုယ်လူမျိုးနာမည်ပဲ ဖြည့်မှာပါ”ဟု ကရင်ပြည်နယ်၊ နောင်သင့်ကျေးရွာမှ ပအိုဝ်းတိုင်းရင်းသားခွန်မျိုးလွင်ကပြောသည်။

သန်းခေါင်စာရင်းကောက်ယူရာတွင် ပုံစံနှင့် လူမျိုးအမည်ကုတ်သတ်မှတ်ချက်များသည် သက်ဆိုင်ရာလူမျိုးစုများအကြားရှုပ်ထွေးနေပြီး အငြင်းပွားမှုများရှိနေ၍ ကချင်ပြည်နယ် လူထုအခြေပြုအဖွဲ့အစည်းများက သန်းခေါင်စာရင်းကောက်ယူမှုကို အချိန်ရွှေ့ဆိုင်းနောက်ဆုတ်ပေးရန် ဇန်နဝါရီ ၁၂ ရက်ကအစိုးရထံတောင်းဆိုထားသည်။

“ကချင်တိုင်းရင်းသားတွေရဲ့လိုလားချက်က ဘာလဲဆိုတာကို အရင်ဆွေးနွေးပြီးမှ သူတို့ကုတ်သတ်မှတ်ရမှာ။ အဲဒီလိုမဆွေးနွေးဘဲနဲ့ အပေါ်ကနေ ဗဟိုဦးစီးစနစ်နဲ့ချပေးတော့ အောက်ခြေမှာ မကျေမလည်တွေ အများကြီးဖြစ်တာပေ့ါ”ဟု ဒေါ်ဒွဲဘူကပြောသည်။

နှစ်ပေါင်း ၃၀ ကျော်ကြာမှ တစ်ကျော့ပြန်လာသည့် သန်းခေါင်စာရင်းကောက်ယူမှုမှာ ယခင်အစိုးရများလက်ထက်သတ်မှတ်ခဲ့သည့် တိုင်းရင်းသား လူမျိုးစု ၁၃၅ မျိုးအရေးနှင့် မကြာမီအချိန်အတွင်း သန်း ၆၀ သောနိုင်ငံသားများကြုံတွေ့ရတော့မည်ဖြစ်သည်။

အချို့အတွက်တော့ “သင်မည်သည့်လူမျိုးဖြစ်သနည်း”ဆိုသည့်မေးခွန်းသည် ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေပါသမ္မတဖြစ်ရေးကန့်သတ်ချက် ၅၉(စ)ကိုပြင်ရေး၊ မပြင်ရေး(သို့မဟုတ်) လွှတ်တော်တွင်း ပုံမှန်ခွဲတမ်းရနေမည့် ၂၅ ရာခိုင်နှုန်းသော တပ်မတော်သားကိုယ်စားလှယ်များစစ်တန်းလျားပြန်ရေး၊မပြန်ရေးကိစ္စထက်လည်းပိုအရေးကြီးလေးနက်သည့်ကိစ္စတစ်ခုလည်းဖြစ်နိုင်ပေသည်။

7DAY NEWS JOURNAL
Vol.12, No.46 • JANUARY 22 , 2014

# ဗိုလ်ဗထူးအိမ်ရာနှင့် တိုက်ခန်းအိပ်မက် မက်သူများ

မိုးညို

ရန်ကုန်မြို့တော်နေ သာမန်လူလတ်တန်းစားတစ်ဦးအနေဖြင့် တိုက်ခန်းတစ်ခန်းအပိုင်ဝယ်ယူရန် မကြာခဏအိပ်မက်မက်ဖူးကြမည်ဖြစ်သည်။

ထိုအိပ်မက်များစွာကို အရှိန်မြှင့်ပေးမည့်(သို့မဟုတ်) ကျောတစ်ခင်းစာ ရောဂါကို ကုစားပေးမည့် အိမ်ရာစီမံကိန်းများ အသီးသီးကို အစိုးရကစတင်တည်ဆောက်နေပြီဖြစ်သည်။ သို့သော် အစိုးရက ရောင်းချပေးမည့် တန်ဖိုးသင့်တင့်၊ တန်ဖိုးမျှတအိမ်ရာများ၏ ဈေးနှုန်းများမှာ လက်လှမ်းမမီနိုင်သောဈေးနှုန်းများဖြစ်နေခြင်းနှင့် ရောင်းချမည့်ပုံစံပွင့်လင်းမြင်သာမှုက အိပ်မက်များကို လွင့်ပြယ်စေမည်ဖြစ်သည်။

၂ နှစ်ခွဲအတွင်း အိမ်ခန်းပေါင်း သုံးသောင်းခွဲအပြီးတည်ဆောက်ပေးမည်ဟု ဆောက်လုပ်ရေးဝန်ကြီးက ယခုပြုလုပ်နေသည့် ပြည်ထောင်စုလွှတ်တော်တွင် ပြောကြားထားသည်။ အမှန်တကယ်ရန်ကုန်တွင် အိမ်ရာလိုအပ်ချက်မှာ သုံးသိန်းကျော်နေပြီဖြစ်သည်။

ထို့ကြောင့် အစိုးရက မကြာခင်တည်ဆောက်ရောင်းချပေးမည့် အိမ်ရာစီမံကိန်းများကိုလက်ဦးမှုရယူထားမှ သင့်တော်နိုင်မည်ဖြစ်သည်။ ယခုလအတွင်း ကျယ်လောင်စွာ ထွက်ပေါ်လာသည့် တန်ဖိုးမျှတအိမ်ရာစီမံကိန်းတစ်ခုကို မြောက်ဒဂုံမြို့နယ်တွင် စတင်ရောင်းချရန်အစိုးရက စီစဉ်လာသည်။

ဦးသိန်းစိန်အစိုးရလက်ထက်အိမ်ရာစီမံကိန်းများထဲမှ ပထမဆုံးရောင်းချသည့် အိမ်ရာစီမံကိန်းတစ်ခုဖြစ်သည့် အဆိုပါအိမ်ရာစီမံကိန်းကိုစတင်ရောင်းချတာထွက်ခဲ့သည့်ဌာနမှာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဖြစ်သည်။

ဗိုလ်ဗထူးအိမ်ရာ တိုက်ခန်းလျှောက်လွှာကိစ္စက ရန်ကုန်မြို့ရှိ ဆိုက်ကားဂိတ်၊ ကားဂိတ်၊ လက်ဖက်ရည်ဆိုင်၊ မိသားစု ထမင်းဝိုင်း၊ ကုမ္ပဏီရုံးခန်း၊ အစိုးရရုံးခန်းများမှာ မပါမပြီးဆွေးနွေးစရာခေါင်းစဉ်ကြီးတစ်ခုလို ဖြစ်နေသည်။

လျှောက်လွှာစနစ်ဖြင့် မိမိကိုယ်ပိုင်လက်ရေးမူဖြင့် တင်ပြလျှောက်ထားရသည့် အဆိုပါအိမ်ရာစီမံကိန်းမှာ တန်ဖိုးအားဖြင့် ကျပ်သိန်း ၂၃၀ ကျော်မှ ကျပ်သိန်း ၃၀၀ အထိ ပေါက်ဈေးရှိခြင်းကြောင့် ရန်ကုန်က အိမ်ပိုင်ဆိုင်လိုသူ အိပ်မက်မက်သူတို့လက် လျှော့ရမည့် အနေအထားရှိလာသည်။

အစိုးရက ရောင်းချမည့်ယင်းဈေးနှုန်းမှာ သာကေတ၊ ရွှေပေါက်ကံ၊ ဒေါပုံမြို့နယ်တို့တွင် ခြံကျယ်ကျယ်နှင့် ပင်ဝယ်ယူနေထိုင်နိုင်ပြီဖြစ်သောကြောင့် အများစုက ဈေးနှုန်းအားဖြင့် ကြီးမြင့်သည်ဟု ဝေဖန်နေကြသည်။

နှစ် ၃၀ ကျော်ကြာတာဝန်ထမ်းဆောင်ခဲ့သည့် အငြိမ်းစား အစိုးရဝန်ထမ်းများ၊ သာမန်လက်လုပ်လက်စားများ တစ်လလျှင်ဝင်ငွေကျပ်တစ်သိန်းဝန်းကျင်သာရရှိသည့် ပုဂ္ဂလိကဝန်ထမ်းများအတွက် အဆိုပါအိမ်ရာစီမံကိန်းက မဖြစ်နိုင်တော့ပေ။

"တစ်လကို လင်မယားနှစ်ယောက်ပေါင်းမှ ပင်စင်လေးနဲ့ဆို ခုနစ်သောင်းစွန်းစွန်းရတာ။ ခု အစိုးရက လျှောက်လို့ရပြီဆိုတဲ့ မြောက်ဒဂုံ အိမ်ရာစီမံကိန်းက တစ်လကို ငါးသိန်းကနေ ခုနစ်သိန်းလောက်ထိ သွင်းရမယ်လို့ ပြောလိုက်တော့ မလျှောက်ဖြစ်တော့ဘူး"ဟု ကမာရွတ်မြို့နယ်တွင် အိမ်ငှားနေထိုင်နေသူ တပ်မတော်၌ စာရေးအဖြစ် ပါဝင်လုပ်ကိုင်ခဲ့သူ စစ်မှုထမ်းဟောင်း ဦးစိုးဝင်းကပြောသည်။

ပြီးခဲ့သည့် အစိုးရတစ်ခေတ်ကကာလရှည်တာဝန်ထမ်းဆောင်ခဲ့သည့် အငြိမ်းစားအရာထမ်းတို့အတွက် ယခုအစိုးရသစ်က နားခိုရန် နေရာထိုင်ခင်းတစ်ခုဖန်တီးပေးရန်လိုအပ်နေပြီဖြစ်သည်။

"ရမှာပေါ့။ သူတို့ထဲက ရာထူးကြီးကြီးနဲ့ ပင်စင်စားအရာရှိတွေပဲ ရမှာ။ အရင်ဝန်ထမ်းဘဝတုန်းက မြေကွက်တွေ ချပေးတုန်းကလည်း အတူတူပဲ။ ရပြီးသူတွေထပ်ရနေဦးမှာပဲ"ဟု အငြိမ်းစားအထက်တန်းပြကျောင်းဆရာမတစ်ဦးဖြစ်သူ ယခုလက်ရှိတွင် စမ်းချောင်းမြို့နယ်မဂ္ဂဇင်းတွင် ဆောင်းပါးများရေးသားနေသူ ဒေါ်ခင်အုံးက ဝေဖန်သည်။

လက်ရှိအစိုးရက ရောင်းချပေးတော့မည့် တန်ဖိုးမျှတအိမ်ရာမှာ လက်ရှိရန်ကုန်မြို့မှ ကန်ထရိုက်တိုက်ခန်းများတွင် ရောင်းချပေးနေသော ကြိုပွိုင့်စနစ်ဖြင့်များ စွာတူညီပြီး ဈေးကစား၍ မရခြင်းတစ်ခုသာ ကွာခြားသွားခြင်းဖြစ်ကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးကဆိုသည်။

ရန်ကုန်၏ ကြီးမြင့်သော မြေဈေးနှင့် ဆောက်လုပ်မှုကုန်ကျစရိတ်ရှိနေသည်မှာ မှန်သော်လဲ အစိုးရအနေဖြင့် ၎င်း၏ ကိုယ်ပိုင်မြေတွင်တည်ဆောက်ရခြင်းဖြစ်သောကြောင့် အခန်းခန့်မှန်းထားများမှာ သိန်း ၁၀၀ ကျော်ခန့်သာဖြစ်သင့်ကြောင်း အထက်ပါလုပ်ငန်းရှင်ကပြောသည်။

"အခန်းကို မဲဖောက်ပြီး ရောင်းချတယ်ဆိုကတည်းက ပွင့်လင်းမြင်သာမှုရှိတယ်ဆိုတာပြချင်တာ။ တန်ဖိုးကတော့အားလုံး စုစည်းသတ်မှတ်တွက်ချက်ထားတဲ့ဈေးနှုန်းပါ။ ပြန်ပြင်ဆင်ဖို့တော့ မရှိပါဘူး"ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာနှင့်အဆောက်အအုံဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လေးနှစ်အားဖြင့် အရစ်ကျပေးထားခြင်း၊ လက်လွှဲရောင်းချမှု မရှိရန် စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ပေးခြင်းအပါအဝင် အိမ်ရာလိုအပ်နေသူများအတွက်သာ အဆိုပါအိမ်ရာစီမံကိန်းက ရောင်းချပေးသွားမည် ဖြစ်ကြောင်း အထက်ပါတာဝန်ရှိသူကဆိုသည်။

ယခုနှစ်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက စီစဉ်ဆောင်ရွက်လျက်ရှိသော ဗိုလ်ဗထူးအိမ်ရာနှင့် ဗိုလ်မင်းရောင်အိမ်ရာများက စိတ်ဝင်စားသူ အလွန်များပြားနေသဖြင့် လျှောက်လွှာများ ဆက်လက်လက်ခံလျက်ရှိပြီး ယခုဇန်နဝါရီလကုန်အထိပင်လက်ခံသွားမည်ဖြစ်ကြောင်း အထက်ပါတာဝန်ရှိသူကဆိုသည်။

ဘဏ်တိုးနှုန်းနှင့်ဝယ်ယူမည့်သူများမှာ မူလဈေးနှုန်းထက်ကျပ်သိန်း ၅၀ ကျော်မှ သိန်း ၆၀ ကျော်အထိ ကွာခြားနေသေးကြောင်း သိရသည်။ မည်သည့်ဘဏ်နှင့် ချိတ်ဆက်ဝယ်ယူရမည်ကိုမူ မြို့တော်စည်ပင်သာယာရေးကော်မတီက မဆွေးနွေးရသေးကြောင်း သိရသည်။

စည်ပင်ကအခန်းပေါင်း၄၀၀ ကျော်ရောင်းချမည့် တန်ဖိုးမျှတအိမ်ရာစီမံကိန်းများအတွက် အများစုကစောင့်ကြည့်ကြမည်ဟု ဆိုသည်။

"တကယ်လိုတဲ့သူလက်ထဲရောက်မှာစောင့်ကြည့်ချင်တယ်"ဟု ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးကျော်က ပြောသည်။

အဆိုပါ အိမ်ရာများမှာ အမှန်တကယ်အိမ်ရာလိုအပ်သူများအတွက်သက်သာချောင်ချိနိုင်မည်မဟုတ်ဘဲ ပြည်သူအတွက်ဝန်ထုပ်ဝန်ပိုးတစ်ခုသာဖြစ်စေနိုင်ကြောင်း အထက်ပါလွှတ်တော်ကိုယ်စားလှယ်ကဆိုသည်။ ယခုအစိုးရက ဖော်ဆောင်နေသည့် အိမ်ရာများမှာ အမှန်တကယ်အားဖြင့် ရန်ကုန်မြို့ထဲပိုင်းနှင့် လွန်စွာဝေးကွာနေပြီး ကျောင်း၊ ဆေးရုံ လမ်းပန်းဆက်သွယ်ရေးအားဖြင့် ခက်ခဲနေသေးသည်မြို့စွန်မြို့နယ်များပင်ဖြစ်သောကြောင့် ဝေဖန်မှုများရှိနေသည်။

ပြည်သူများအတွက် အမှန်တကယ်အကျိုးရှိစေမည့် ရောင်းချနိုင်သည့် ဈေးနှုန်းကိုမလုပ်ဆောင်ဘဲ ဆောက်လုပ်ရေး လုပ်ငန်းရှင်များက မိမိ၏ အကျိုးစီးပွားအတွက်သာ ဆောင်ရွက်ခြင်းကြောင့် ယခုလိုဈေးနှုန်းများ ကြီးမြင့်နေခြင်းဖြစ်သည်ဟု ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အငြိမ်းစားညွှန်ကြားရေးမှူးက ဝေဖန်သည်။

နိုင်ငံတကာတွင်မူ တန်ဖိုးနည်း၊ တန်ဖိုးမျှတအိမ်ရာစီမံကိန်းများမှာ အထပ်မြင့်အဆောက်အအုံများမဟုတ်ဘဲ အများစုမှာ လေးထပ်မှ ငါးထပ်အထိ သာရှိသဖြင့် တည်ဆောက်မှုပုံစံမှားယွင်းနေကြောင်း မြို့ပြပညာရှင်ဒေါက်တာကျော်လတ်ကပြောသည်။

"ကျွန်တော်တို့ ရန်ကုန်မှာ ဆောက်နေတဲ့ အိမ်ရာစီမံကိန်းတွေက အထပ်မြင့်တွေဖြစ်နေတယ်။ ဒါကလုံးဝကို မဖြစ်သင့်တာ"ဟု အထက်ပါပညာရှင်က ဆိုသည်။ စီမံခန့်ခွဲမှုများကြားက ရောင်းချမှုပုံစံအားနည်းနေသည့် ရန်ကုန်မှ တန်ဖိုးသင့်တင့်၊ တန်ဖိုးမျှတအိမ်ရာစီမံကိန်းများမှာ တစ်ခုပြီး တစ်ခုဆက်တိုက်ရောင်းချတော့မည်ဖြစ်သည်။

"အိုးအိမ်ကလုပ်တဲ့ အိမ်ရာတွေရောင်းချမှုပုံစံကို ဘယ်လိုလုပ်ရင်ကောင်းမလဲဆိုပြီးဆွေးနွေးနေတုန်းပဲ။ အသေးစိတ် မပြင်ဆင်ရသေးဘူး"ဟု မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးဒေါ်မိမိတင်ကပြောသည်။

ယခုနှစ်တွင် အစိုးရက ဒဂုံဆိပ်ကမ်းမြို့နယ်မှ ၁၈ ထပ်ရှိသော အဆောက်အအုံ ၄၉ လုံး၊ အခန်းပေါင်း နှစ်သောင်းကျော်ကို ပုဂ္ဂလိက ကုမ္ပဏီ ၂၀ ကျော် တည်ဆောက်နေပြီဖြစ်သည်။

ထို့အပြင် လှိုင်သာယာမြို့နယ်တွင် အခန်းပေါင်း ၆၀၀ကျော်ပါဝင်သော ထီးလှိုင်ရှင်အိမ်ရာ၊ အခန်း ၃,၀၀၀ ကျော်ပါဝင်သော ကျန်စစ်သားအိမ်ရာနှင့် အခန်း ၉၀၀ ပါဝင်သော ကျီးစုအိမ်ရာတို့မှာ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနက တာဝန်ယူတည်ဆောက်နေသည့် အိမ်ရာများဖြစ်သည်။

ထို့ကြောင့် အဆိုပါအိမ်ရာများတည်ဆောက်ပြီးစီး၍ စတင်ရောင်းချပါက အမှန်တကယ်အိမ်ရာလိုအပ်သူများလက်ထဲသို့သက်သာသည့် နှုန်းထားများဖြင့်သာ အစိုးရအနေဖြင့် ရောင်းချသင့်ကြောင်း အများစုက ဆန္ဒရှိကြသည်။



*ရန်ကုန်မြို့လယ်ရှိ အထပ်မြင့်ကန်ထရိုက်တိုက်ခန်းများ*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)